

www.burmeseclassic.com
BURMESE CLASSIC .com
ဆုမြတ်မွန်မွန်
နတ်ရထားစီးတဲ့ သတို့သမီး
www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# ဆုမြတ်ပွင့်ပွင့်


## နတ်ရထားစီးတဲ့ သတို့သမီး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







Man begins by loving love and ends by loving a woman.
Woman begins by loving a man and ends by loving love.


Remy De Gourmont

ယောက်ျားတွေက အစမှာ အချစ်ကိုချစ်တယ်။ အဆုံးကျတော့ မိန်းမတစ်ယောက်ကို ချစ်သွားတယ်။
မိန်းမက အစမှာ ယောက်ျားတစ်ယောက်ကို ချစ်တယ်။ အဆုံးမှာတော့ အချစ်ကို ချစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com







# အဖွင့်

"အဲ … ကောင်မလေး၊ ယမ်းယမ်းချဉ်စပ်နဲ့ ဆန်ပြားခေါက်ဆွဲက နောက်တစ်ခါဆို ထပ်ထည့်ပေဦး …

ပါမောလစ်ရှန်ပူထုပ်က အဖြူရောင်သုံးဒါဇင်နော်၊ ဒေး … အဖြူပဲ၊ အဖြူရောင် ပုလဲလုံးပုံနဲ့အထုပ်တွေ ပိုရောင်းရတယ်။ အင်း … စာရင်းထဲမပါဘဲ ငါ့စိတ်ထဲမှာ မှတ်ထားတာ ဘာရှိမလဲ"

ဘွဲ့က နားထင်ကို လက်ညှိုးနှင့် အသာကုတ်ကာ စဉ်းစားနေပုံကို ကုန်စုံဆိုင် လက်ကားဖြန့်ဖြူးသည့် ဆိုင်ပိုင်ရှင်သူဌေး အန်တီမြင့်က နုသာဖြူယပ်တောင်ကို အသာခတ်ရင်း ပြုံးကြည့်နေသည်။ ဘာမှမလိမ်းခြယ်ထားသော်ငြား ချွေးစလေးတွေစို့နေသော "မိုးဘွဲ့ကိုကို" ဆိုသည့် ကောင်မလေးရဲ့အလှက ရင်အေးစရာကောင်းလှသည်ဟု လူကြီးပီပီ အမှတ်ပေးနေမိသည်။ တော်

www.burmeseclassic.com

www.burmeseclassic.com



ပါသည့် ကောင်မလေး။ သမီးက တော်သလောက် အမေလုပ်သူကတော့ သမီးနှင့် ပြောင်းပြန်ဟု တွေးနေမိသေးသည်။

"ဪ ... သိပြီ။ တက်တူးရုပ်ကပ်လို့ရတဲ့ ပီကေလေးတွေ၊ အဲဒါရယ် ... ရေညှိမုန့်က အစပ်သုံးဘူး အချိုသုံးဘူး ထပ်ထည့်ပေး"

"ဒီတစ်ခေါက်ဝယ်တာ ရှေ့တစ်ခေါက်ထက် ပိုများပါလား ဘွဲ့ရဲ့၊ ဈေးကောင်းတယ်နဲ့တူတယ်"

ဘွဲ့က အထုပ်တွေလည်းစစ်ရင်း စကားလှမ်းပြောနေသည့် အန်တီမြင့်ကိုလည်း ဟဲခနဲ ရယ်ပြရင်း ...

"ဟုတ်တယ် အန်တီမြင့်၊ ထင်မထားပဲ ပိုအရောင်းသွက်နေတယ်။ ဘွဲ့တို့နားမှာက စတိုးဆိုင်တို့၊ မီနီမတ်ထ်တို့ မရှိဘူးလေ ...

ရှိတဲ့နေရာကလည်း နည်းနည်းလှမ်းတော့ ကားနဲ့သွားရင်တော့ ရတာပေါ့။ ဒါပေမဲ့ နီးနီးနားနားမှာ ဘွဲ့က ဖွင့်လိုက်တော့ အဆင်ပြေသွားတယ်။ စရောင်းတုန်းကတော့ ဝယ်သူတွေရဲ့လိုအပ်ချက်က ဘာလဲဆိုတာ သိပ်မသိသေးဘူးပေါ့။ နောက်မှ သူတို့မေးတာလေးတွေ စမ်းတင်ရင်း ဝယ်လိုအားနဲ့ ရောင်းလိုအား မျှလာတာ"

"အေး ... ဝမ်းသာပါတယ်ကွယ်။ ဘွဲ့က တော်ပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း တိုးတက်လာမှာပါ ...



မမေရော နေကောင်းတယ် မဟုတ်လား"

"ဟုတ် ... ကောင်းပါတယ်"

"အရင်လိုပဲပေါ့"

"အရင်လိုပါပဲ အန်တီမြင့်ရယ်"

အဲဒီစကားကိုတော့ ဘွဲ့က ရှုံ့ရှုံ့မဲ့မဲ့လေးနှင့် ရယ်ရင်း ဖြေလိုက်တာဖြစ်သည်။ ပစ္စည်းတွေစစ် ပိုက်ဆံရှင်းပြီးတာနဲ့ ဘွဲ့က အန်တီမြင့်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ အလုပ်သမားလေးတစ်ယောက်နဲ့အတူ ပစ္စည်းထုပ်တွေ နိုင်သလောက်သယ်သွားသော ဘွဲ့ရဲ့နောက်ပိုင်းမြင်ကွင်းကိုကြည့်ရင်း အန်တီမြင့်နှင့် ဝန်ထမ်းတစ်ရကတော့ ဘွဲ့အကြောင်းပြောကာ ကျန်ခဲ့ကြသည်။

"အစ်မလေးက ချောချောလေးနော် အန်တီမြင့်၊ တကယ့်ကို ဖြူဖြူဥဥ သူဌေးသမီးပုံစံမျိုးလေး"

"တကယ်လည်း သူဌေးသမီးလေးပဲလေကွယ်။ ဒါပေမဲ့ လောကဓံအနေအထားအရ နချိန်မှာတော့ အထည်ကြီးပျက် သူဌေးသမီးပေါ့ ...

ဟန်ပဲရှိတော့တာလေ။ သူက သိတတ်လိမ္မာရှာပါတယ်။ သူ့အမေကသာ ဆိုးနေတာ။ ကောင်မလေးခမျာ မိသားစုအခြေအနေ မဟန်မှန်းသိတော့ အိမ်ဆိုင်လေးဖွင့်ပြီး မီးဖိုချောင်စရိတ်လေးပဲရရဆိုပြီး ကြံဖန်ရှာတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးရပ်ကွက်မှာ နေတာမဟုတ်လား။ အဲဒီခြံနဲ့ အိမ်နဲ့ကိုပဲ ရောင်းစားပြီး တစ်ခုခုလုပ်လို့ ရတာပဲဟာ။ ဒါမှမဟုတ် ငှားစားရင်ကော"

"ဪ ... သူ့အမေက တော်ပြီးသေရင် သေပလေ့စေ၊ အဲဒါမျိုးတော့ တစ်သက်လုံး မလုပ်ဘူးတဲ့လေ။ မရှိလို့ အိမ်နဲ့ခြံကို ရောင်းသွားပြီး တခြားမှာနေရမှာကို သေမလောက်ရက်တာတဲ့။ အခု အိမ်မှာ ဒီလိုအိမ်ဆိုင်လေးဖွင့်တာတောင် သူ့သမီးနဲ့ တကျက်ကျက်ဖြစ်နေတာ ...

အရင်တုန်းက မင်းကတော်ဆိုတော့ သုံးမယ် ဖြုန်းမယ် ဆိုတာပဲသိပြီး ဘာစီးပွားမှလဲ မရှာတတ်တော့ဘူးလေ။ ရှိတာလေးတွေပဲ ထုခွဲရောင်းစားပြီး အခု အိမ်နဲ့ခြံပဲ အခွံလိုက် ကျန်နေတော့တာ ...

ဒါလည်း အခုထိ အသိတရား မရှိသေးပါဘူး။ အပေါင်းအသင်းတွေနဲ့ နေ့တိုင်းလိုလို ဗိုကာဆွဲတုန်းတဲ့လေ"

"ဪ ... မဘွဲ့က သနားပါတယ်နော်"

"ဟုတ်ပါ့။ ရုပ်ရည်လေးက တကယ့်ကို ဒိမ်နဲ့နေရမယ့် သူဌေးသမီးပုံစံမျိုးလေးလေ။ ပစ္စည်းကောင်းတွေသုံးပြီး ပျံနေ လန်နေအောင် နေရမယ့် ရုပ်မျိုးလေး ...



ခုတော့ ဘဝနာနေတဲ့ ပုံစံမျိုးလေးဆိုတော့ သူ့ပုံက တောက်ပသင့်သလောက် မတောက်ပတော့ဘူး ဖြစ်နေတာပေါ့။ ဒါပေမဲ့ မိုးဘွဲ့ကိုကိုက တော်ရှာပါတယ်။ ကြိုးစားချင်စိတ်ရှိတယ်၊ လုပ်ချင်ကိုင်ချင်စိတ်ရှိတယ် ...

ပိုက်ဆံမရှိတော့တဲ့ကြားထဲကကို သူ့တစ်ကိုယ်ရည်စာလေးတော့ အဆင့်မြင့်အောင်တော့ နေတတ်သေးတယ်လေ၊ ဒါကြောင့် ဗောက်စ်ဝက်ဂွန်လေးတစ်စီးတော့ ခြစ်ခြုတ်ပြီး ကျန်အောင် လုပ်ထားသေးတာပေါ့ ...

သူ့အမေ ကိန်းခန်းကြီးမကြီးကတော့ ဒီဗောက်စ်ဝက်ဂွန်စီးတာကိုက အပြစ်ကြီးတစ်ခုတဲ့လေ။ ကဲ ... ကဲ သူများအကြောင်း ဒီလောက် စပ်စုရရင် တော်ရောပေါ့။ ဟိုမှာ တောင်ဒဂုံက ဦးလေးကြီး လာတယ်၊ ဘာတွေလိုသလဲမေး"

အန်တီမြင့်က လှစုနဲ့လိုက်လျှင် အရောင်းဝန်ထမ်းတွေက လက်ရှိဘဝထဲသို့ အာရုံပြန်လည် ဝင်စားသွားကြသည်။ သူတို့ဆိုင်သို့ တစ်ပတ်တစ်ခါလောက် ပစ္စည်းတွေ လာရောက်ဝယ်ယူလေ့ရှိသည့် မိုးဘွဲ့ ဆိုသော ကောင်မလေးတစ်ယောက်အကြောင်းကို ခေတ္တတော့ မေ့လျော့သွားကြသည်။ လုံးဝအလုမပြင်ထားသော်လည်း၊ သူဌေးသမီး လူချမ်းသာဆိုသည့် အသိမျိုးလည်း ကိုယ်တိုင်မှာ မရှိတော့တာတောင်မှ မာန်လေးတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ထင်ဟပ်နေသော မိုးဘွဲ့ရဲ့ထူးခြားသောအလှနှင့် ဟန်ပန်ကိုတော့ နောက်တစ်ခေါက် ရောက်လာလျှင် နောက်တစ်ခါ ထပ်ပြောမှာ တော့ အသေအချာပဲ ဖြစ်တော့သည်။

* * *





၁

"ယမင်းရေ ... ထမင်းစားရင် စားတော့လေ၊ ကိုလည်း ထမင်းခဏသွားစားလိုက်ဦးမယ်။ ဒီအချိန်က လူပါးပါ တယ် ...

တစ်ခုခုဆိုရင် အင်တာကွန်းသာ နှိပ်လိုက်တော့"

"ဟုတ် မဘွဲ့။ ရတယ် ... စိတ်ချလက်ချသာ သွားပါ။ ရပါတယ်"

ဘွဲ့က ဆိုင်မှာ ဈေးကူရောင်းပေးဖို့ ခေါ်ထားသော ခန်ထမ်းကောင်မလေးကို ထမင်းစားဖို့ပြောပြီး ကိုယ်ပါ ဆုလယ် စားစားဖို့ အိမ်ထဲသို့ ကူးလာခဲ့သည်။ အရင်တုန်းက ဘွဲ့တို့မြို့ထဲ မှာ ဒီအိမ်ဆိုင်ငယ်လေးက မရှိသေးပါ။ ရှိလာလိမ့်မယ်လို့လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးဘူး။ သို့သော်ငြားလည်း ပြောင်းလဲ တတ်သော လောကကြီးရဲ့ အလှည့်အပြောင်းအရ ဘွဲ့တစ်ယောက် ဒီလိုဆိုင်လေး ဖွင့်လာခဲ့ဖို့ အကြောင်းတွေက ပေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေရှိစဉ်တုန်းကတော့ ဘွဲ့တို့ဘဝဟာ တကယ်ကို ရွှေထီးဆောင်းကာလတွေပဲ ဆိုပါတော့။ ရုတ်တရက်ကြီးပဲ မေမေက ဆုံးပါးသွားခဲ့သောအခါ တစ်သက်လုံးက သုံးဖြုန်းတဲ့အလုပ်ပဲ လုပ်လာခဲ့သော မေမေသည် ဒါကို သံဝေဂရ ကြောက်ရွံ့ထိတ်လန့်ရမည့်အစား လူ့ဘဝဆိုတာ တိုတိုလေး၊ သေသွားရင်ဘာမှ ယူမသွားနိုင်ဘူး၊ ရှိတာသုံးထားမှပဲ သဘောထားလိုက်လားတော့ မသိပါ။ မေမေရှိစဉ် ဝင်ငွေကောင်းတုန်းကလိုပဲ အသုံးအဖြုန်းကား လုံးဝမလျော့ခဲ့။

ရှိတာလေးကို ကျစ်ကျစ်ပါအောင်စုပြီး ဘယ်လိုတိုးပွားအောင် လုပ်ရမလဲတော့ မစဉ်းစားဘဲ ယောက်ျားသေသွားလို့ မွဲသွားပြီ၊ မသုံးနိုင်တော့ဘူး၊ မစားနိုင် မဝတ်နိုင်တော့ဘူးဟု သူများအထင်သေးမှာကိုပဲ စိုးရိမ်ကာ၊ စနစ်တကျလည်း မချွေတာ။ မေမေရှိတုန်းကလိုပဲ သုံးဆဲ ဖြုန်းဆဲ၊ ဘာအလုပ်မှကို မယ်မယ်ရရလုပ်ဖို့ စိတ်မကူးဘဲ တစ်နေ့ တစ်နေ့ ဝင်ငွေမရှိဘဲ ထွက်ငွေသာများနေသောအခါ မမွဲဘယ်မှာရှိအံ့မည်နည်းဟု ဘွဲ့ကတော့ ခပ်ရိုင်းရိုင်းပဲ တွေးပစ်လိုက်မိသည်။

ဘွဲ့ ဆယ်တန်းဖြေပြီးစအချိန် ဖေဖေဆယ်လောက်မှာပဲ ဖေဖေက ဦးနှောက်သွေးကြောပြတ်ကာ ဆုံးပါးသည်မှ အဲဒီအချိန်က စတင်ပြီး ထိုင်စားလာကြတာ ဘွဲ့တစ်ယောက် ကျောင်းပြီးလို့ ဘွဲ့ရသည့်အထိလည်း မေမေက မပြောင်းလဲခဲ့။ ဘွဲ့ကသာ





တဖြည်းဖြည်းနှင့် ယိုယွင်းလာသော အိမ်ရဲ့အခြေအနေကို သိရှိပြီး ရှေ့ရေးအတွက် စိုးရိမ်ပူပင်လာရတာလေ။ တကယ်ဆို မေမေ ရှာထားပေးခဲ့သော ပစ္စည်းဥစ္စာတို့ဟာ ဒီအတိုင်း ငြိမ်ငြိမ်လေး ထိုင်စားနေရင်တောင် တော်ရုံအလုံးအထည်ပျက်သေးမှာ မဟုတ်သေးပါ။

လေး၊ငါး၊ဆယ်နှစ်လောက်ကတော့ ဘွဲ့တို့သားအမိနှစ်ယောက် အေးအေးဆေးဆေး ထိုင်စားလို့ ရနိုင်သေးသည်၊ အခုလို ရှိတာတွေ လုံးပါးပါးပြီး ကုန်လာရတာက သုံးရုံ ဖြုန်းရုံတင် အားမရဘဲ လောင်းကစားပါ ပါလာသောကြောင့် ဖြစ်တယ် ဆိုတာ အထူးပြောဖို့မလိုပါ။ မေမေ ရှိစဉ်တည်းက မေမေ မသိအောင် ပိုကာလေးဘာလေး ဝိုင်းဖွဲ့တတ်သော မေမေဟာ နောက်ကြီးထိတော့ အခြေအနေ မဆိုးသေးချေ။ မေမေ့ကိုရှိန်သေးတာကြောင့် ပေါ်ပေါ်ထင်ထင် မဟုတ်ဘဲ နိုးကြောင်နိုးဝှက်သာပါပဲ။

မေမေ မရှိတော့မှ ဒါကို စီးပွားဖြစ် သဘောမျိုးနဲ့ကို လုပ်ကိုင်လာတာဟု ဘွဲ့ကတော့ သတ်မှတ်ချင်လေသည်။ မေမေ့စကားအရတော့ စီးပွားဖြစ် လုပ်တာတဲ့။ လောင်းကစားကို စီးပွားရေးလုပ်ငန်းတစ်ခုပမာ သဘောထားမှတော့ ဘွဲ့တို့အိမ်ရဲ့ အခြေအနေ ယိမ်းယိုင်လာတာ မဆန်းတော့ပါ။ ဘွဲ့တို့အိမ်မှာ ဘွဲ့တို့သားအမိနှစ်ယောက်အပြင် မေမေရဲ့အဒေါ်တော်သူ ဒေါ်ကြီး ရွှေရယ်သာပဲ ရှိသည်။ အပိုကုန်ကျစရာ ဘာမှမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီနေတ်ကြီးထဲမှာ နေ့စဉ်ဝင်ငွေမရှိဘဲနဲ့ ရပ်တည်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူမှန်း သိလာသော ဘွဲ့က ဒေါ်ကြီးရွှေနှင့် တိုင်ပင်ကာ ဒီအိမ်ဆိုင်လေးကိုဖွင့်ဖို့ စိတ်ကူးခဲ့သည်။ အထည်ကြီးပျက် မေမေဟာ ဒီအကြောင်းကို သိရစဉ်က ဘယ်လိုမှ သဘောမတူခဲ့ချေ။ ဝက်ဝက်ကွဲအောင်တောင် သောင်းကျန်းခဲ့သေးသည်။ မင်းကတော်တစ်ယောက်က အိမ်ဆိုင်ဖွင့်ရမလားဟုဆိုကာ သူကတောင် မျက်ရည်ကျပြသေးသည်။

ဒီထက်ကောင်းသည့် စီးပွားရေးတစ်ခုခုလုပ်ဖို့ ဥပမာ မုန့်ဆိုင်လေး ဘာလေး ဖွင့်ဖို့လောက်ထိတောင် အရင်းအနှီး မရှိတော့တဲ့ ကိုယ့်ဘဝကိုယ့်အခြေအနေကို ဘွဲ့က အသိဆုံးမို့ ရင်နာရတာကိုတော့ မေမေက နားမလည်ချေ။ အပျိုလေးတန်မယ် လုပ်ရဲသော ဘွဲ့က မရှက်ရဘဲ မေမေက သွေးတွေတိုးကာ ရှက်ပြသည်။ ဒါဖြင့်ရင် အရင်းအနှီး ထွက်လာစေဖို့ အိမ်နဲ့ခြံကို ရောင်းပြီး တော်သင့်ရုံ တိုက်ခန်းတစ်ခန်း ဝယ်မယ်ဆိုတော့လည်း လုံးဝလက်မခံပြန်။ ဝါးဝါးသီးသီးကို ငြင်းဆန်ကာ ဘွဲ့ကိုရန်လုပ်သည်။

ဒီအိမ်ကြီးပေါ်မှာ တက်နေရသေးလည်း ချွတ်ချုံပြောင်မပြောင် ဖစ်းပေါင်ပေါင် ဖြစ်နေရတာကို ဘွဲ့ကအသိဆုံးမို့ ကိုယ့်ဘဝကိုယ် နားလည်ကျောင်းရှိနိုင်တာတောင်မှ မေမေက မာန် မချနိုင်သေးပေ။ တကယ်ဆို မေမေ ဖွားမိခဲ့သော စည်းစိမ်ဥစ္စာ



များသာ လောင်းကစားဒဏ်ကြောင့် မလျော့ပါးခဲ့ဘူးဆိုလျှင် ခုချိန်မှာ ဘွဲ့ဟာ ဖက်ရှင်ဆိုင်လေးတစ်ဆိုင် ဒါမှမဟုတ် အလှပြင်ဆိုင်လေးတစ်ဆိုင်လောက်တော့ ဣန္ဒြေရရ သားသားနားနား လေး ဖွင့်နိုင်သေးသည်။ စူပါဆလွန်းဖြစ်ဖြစ်၊ စူပါရုပ်အလတ်စားလေး တစ်စီးလောက်ပဲဖြစ်ဖြစ် ကိုယ်တိုင်မောင်းနှင်ကာ တင့်တင့်တယ်တယ်လေး ရှိနေနိုင်သေးသည်။

ဒါပေမဲ့ ဖေဖေ ဆုံးကာစမှာ ဘွဲ့ကလည်း ဆယ်တန်းအောင်ကာစ ကလေးသာသာ ဘာမှနားမလည်သေးသော အရွယ်မို့ ဘာတွေကို ဘယ်လိုထိန်းသိမ်းရမယ် ဆိုတာလည်း မသိခဲ့ပါ။ ကိုယ့်အမေကို အဲဒီလောက်ကြီး ဆိုးလိမ့်မယ်လို့ မထင်ခဲ့တာလည်း ပါမည်။ ကိုယ့်အမေရဲ့အခြေအနေက မဟန်တော့ဘူးလို့ သိစဉ်မှာတော့ လက်ထဲမှာက ဘာမှမကျန်တော့ပြီ။ ကားတောင် ဖေဖေရှိစဉ်က နှစ်စီးလုံး မရှိတော့ဘဲ ဒီဘောက်စ်ဝက်ဂွန်လေးတောင် ဘွဲ့က ကုတ်ကတ်ဝယ်ထားခဲ့၍ သွားစရာလာစရာလေး အဆင်ပြေနေခဲ့တာဖြစ်သည်။

ဘောက်စ်ဝက်ဂွန်စီးခြင်း၊ အိမ်ဆိုင်လေးဖွင့်ခြင်းတို့ကို မေမေက အထူးတလည် မနှစ်မြို့နေချိန်ဝယ် ဘွဲ့နှင့် ဒေါ်ကြီးရွှေတို့ကတော့ ကိုယ့်ဘဝကိုယ် နားလည်နေခဲ့သည်။ အိမ်ဆိုင်ဖွင့်ခြင်းအစား အပြင်ကုမ္ပဏီတစ်ခုခုမှာ ဝင်မလုပ်သော ဘွဲ့ကို မေမေက မြည်တွန်တောက်တီးခဲ့ပေမယ့် ဘွဲ့က အပြင်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မလုပ်လို့ချေ။ ဘာကြောင့်မှန်းမသိ သူများရဲ့လခစားဝန်ထမ်းလည်း မဖြစ်လိုသောကြောင့် အိုးမကွာ အိမ်မကွာ ဒီအလုပ်ကိုသာ အောင်မြင်အောင်လုပ်ဖို့ စိတ်ကူးထားသည်။ ဘာပဲဖြစ်ဖြစ် ဘဲ့ရဲ့အိမ်ဆိုင်လေးဟာ ဘဲ့နှင့်အကျိုးပေးတာတော့အမှန်ပဲဖြစ်သည်။

အိမ်ဆိုင်ဆိုပေမယ့် တော်ရုံလျော်ရီ ဖွင့်ထားတာမျိုးမဟုတ်ဘဲ မိနီစတိုးသေးသေးလေးပုံစံမျိုး၊ ချစ်စရာကောင်းအောင်ပြင်ဆင်ထားသိုတာဖြစ်သောကြောင့် ဈေးဝယ်သူလေးတွေ တစ်စတစ်စ များပြားလာတာလည်း အမှန်ပဲဖြစ်တော့သည်။ ဘဲ့တို့ရပ်ကွက်ဟာ သူဌေးရပ်ကွက်မို့ ဒီလို စတိုးပီစီလေးမျိုးလည်း ဘယ်နေရာမှ ရှိမနေသောကြောင့် အလုပ်မဖြစ်ပါဘူးဟု မေမေက ထင်ထားသမျှ အလုပ်ကဖြစ်ခဲ့ပြီ။

ကလေးကြိုက်မုန့်များ၊ မိန်းကလေးကြိုက် အစားအသောက်များ၊ တိုလီထွာလီ အသုံးအဆောင်များ၊ ရေခဲထုပ်၊ အအေးဘူး စသဖြင့် လူသုံးများသော ပစ္စည်းလေးတွေ၊ လူတွေလိုအပ်မည့်ထင်ရသော ပစ္စည်းလေးတွေ ရှာဖွေစုစမ်းပြီး တင်ထားသောကြောင့် ဘဲ့ရဲ့မိနီစတိုး အိမ်ဆိုင်လေးဟာ အိမ်စရိတ်ကိုတော့ ဖာမိလာသည်ဟု ပြောရမည်ဖြစ်သည်။ သူဌေးရပ်ကွက်မို့ မကောင်းရဘူး မထင်လေနှင့်။ သူဌေးအိမ်မှာနေသော သူဌေးမဟုတ်သည့်လူများအတွက်လည်း နီးဘဲ့ရဲ့အိမ်ဆိုင်လေးက အဆင်ပြေစေခဲ့သည်။





ဒီဆိုင်လေးနှင့် ဆက်နွှယ်ပြီး နောက်ထပ် ဘာလုပ်ရမလဲ ဆိုတာကိုလည်း ဘဲ့ရဲ့ခေါင်းထဲမှာ အစီအစဉ် ဆွဲပြီးသားဖြစ်လေသည်။

"ဟော ... ဘဲ့တောင် ကူးလာပြီပဲ။ ထမင်းစားတော့မယ်မဟုတ်လား ဘဲ့လေး"

ဒေါ်ကြီးရွှေက ညှိခန်းထဲမှာ ပန်းအိုးထိုးနေရင်းမှ ကြည့်ကာ မေးလိုက်လျှင် ဘဲ့က တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

"သွားစားလေ၊ နောက်ထဲမှာ သမီးအမေလည်းစားနေတယ်"

"ဟုတ်လား။ ပြန်ရောက်နေပြီလား စောသားပဲနော်"

ဘဲ့ရဲ့စကားကို ဒေါ်ကြီးရွှေက နှုတ်ခမ်းမဲ့ကာ ...

"ခဏနေ ပြန်ထွက်မှာတဲ့ဟော့၊ ခုဟာက လမ်းကြုံလို့ထမင်းဝင်စားတာ၊ သွားစားချည် သွားစားချည်၊ သမီးအကြိုက်မုန့်လာဥချဉ်ရည်လေးလည်း နွှေးပြီးသား"

"ဟုတ် ... စားလိုက်ဦးမယ်"

ဘဲ့က ထမင်းစားခန်းထဲသို့ ဝင်လာလိုက်လျှင် အမေကို ထမင်းစားနေတာ တွေ့လိုက်ရသည်။ ဘဲ့ ဝင်လာတာမြင်တာနှင့် မေမေက တစ်ချက်မော့ကြည့်ကာ ဘာမှမပြောဘဲ ထမင်းကိုသာ ဆက်စားနေသည်။ ဘဲ့ကလည်း ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်ပန်းကန်ကိုသာ အသာခူးရင်း စားပွဲမှာဝင်ထိုင်စားဖို့ ပြင်သည်။

မေမေ့ကို မသိမသာ အကဲခတ်ကြည့်တော့ အပြင်သွားမည့် အဝတ်အစားမျိုးအတိုင်းပဲ ဝတ်ထားကာ အဝတ်အစားမလဲပုံထောက်တော့ ဒေါ်ကြီးရွှေ ပြောသလို ထမင်းစားပြီးတာနဲ့ တောင် ချက်ချင်းပဲ အပြင်ပြန်ထွက်မည့် သဘောမျိုးရှိလေသည်။ အင်းလေ ... မေမေရဲ့အိမ်နေရင်း အဝတ်အစားနဲ့ အပြင်ထွက်မည့် အဝတ်အစားတို့ကလည်း ဘွဲ့တို့လို သီးခြားဆီကြီး ကွဲထွက်နေတာမှ မဟုတ်တာပဲ။ ဘွဲ့ကသာ အိမ်နေရင်း ဈေးရောင်းတာတောင် တီရှပ်တစ်ပတ်နွမ်း ဒါမှမဟုတ် ရှပ်အင်္ကျီလေးတွေနှင့် ပေါ့ပေါ့ပါးပါးရှိမည့် ဂျင်း(န်)တစ်ထည်လောက်ပဲ ကြည့်ကောင်းရုံ တွဲဖက်ဝတ်ဆင်ထားတတ်တာ ဖြစ်သော်လည်း ဘွဲ့ရဲ့အမေကတော့ အဲဒီလိုမဟုတ်ချေ။ အိမ်နေရင်းတောင်မှ မင်းသမီးတစ်ယောက်လို ကြော့မော့အောင် ပြင်ဆင်ထားတတ်သည်။

မေမေ့ရဲ့ Trade Mark မှာ အမည်းရောင် Eye liner ထူထူများပဲဖြစ်ပြီး ခုချိန်ထိလည်း ဆွဲဆောင်မှုရှိစွာ လှပနေတုန်းပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါ။ ဖေဖေနဲ့မေမေက အသက်ဆယ့်နှစ်နှစ် ကွာသည်မို့ ခုချိန်မှာ လေးဆယ့်နှစ်နှစ်သာရှိသေးသော မေမေသည် မသိလျှင်တောင် ဘွဲ့နှင့် ညီအစ်မလား





ဟု ထင်ရအောင်လည်း နုပျိုသေးသူဖြစ်သည်။ မေမေက သေးသေးသွယ်သွယ်ဖြစ်ကာ ဘွဲ့ကတော့ အဖေတူသမီးမို့ အရပ်မြင့်မြင့် မွဲ့မွဲ့ထွားထွားဖြစ်သည်။

"ဘွဲ့"

ဘွဲ့က အတွေးနှင့်အတူ ကြက်သားဟင်းတစ်တုံးကို ခပ်ထည့်ရင်းမှ ခေါ်သံကြောင့် မော့ကြည့်လိုက်လျှင် မေမေက ဘွဲ့ကို ကြည့်နေတာနှင့် ဆုံရသည်။ မေမေက ခေါ်တာမို့ ဘွဲ့က ခေါင်းတစ်ချက်ဆတ်ကာ ...

"ပြောလေ မေမေ"

"နင် ဒီတစ်ပတ် စနေနေ့လောက် အားလားလို့"

"ဘွဲ့က ဘာလုပ်နေတာမို့လို့လဲ၊ ဒီလိုပဲလေ ဆိုင်တော့ ကြည့်နေရတာပေါ့၊ ဘာဖြစ်လို့လဲ မေမေ"

ဘွဲ့ရဲ့ဆိုင်ဆိုတဲ့ စကားအရောက်မှာ မေမေက မသိမသာ နှာခေါင်းရှုံ့လိုက်တာကို ဘွဲ့က မြင်ဖြစ်အောင်မြင်လိုက်ရသည်။

"စနေနေ့ကျရင် ဘွဲ့ကို အပြင်ခေါ်သွားမလို့"

"ဘာအတွက်လဲ၊ ဘယ်ကိုလဲ"

"လူတစ်ယောက်နဲ့ တွေ့ပေးမလို့ပါ"

"ဘယ်ကလူလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင် အရင်ဆုံး နားလည်အောင် ပြောရရင်တော့ နင်ကြည့်နေတဲ့ ကိုရီးယားကားထဲကလို အိမ်ထောင်ဖက်နဲ့ တွေ့နိုင်းမလို့ဟော ...

ရှင်းပြီလား"

မေမေ့စကားကြောင့် ဘွဲ့က အံ့အားသင့်စွာဖြင့် မေမေ့ကို စိုက်ကြည့်မိသည်။ အံ့ဩလွန်းသဖြင့် ပါးစပ်ထဲထည့်မည့် ထမင်းလုပ်တောင် မထည့်ဖြစ်သေးချေ။

"အဲဒါ စနေနေ့ကို နေ့ခင်းဘက်လောက် ရယ်ဒီလုပ်ထားလိုက် ! "

"နေပါဦး မေမေ။ ဘွဲ့ မရှင်းလို့ မေးပါရစေဦး၊ ဘာကိစ္စနဲ့ ဘွဲ့က အဲဒီလူနဲ့ တွေ့ရမှာလဲ"

"ဟဲ့ ... နင် အိမ်ထောင်ပြုရမယ်လေ။ မိန်းမတစ်ယောက်ဟာ အရွယ်ရောက်လာရင် အိမ်ထောင်ပြုရမှာ ထုံးစံပဲ မဟုတ်လား ...

ကိုယ်နဲ့သင့်တော်တဲ့ ကိုယ့်ကို တင့်တောင့်တင့်တယ်ထားနိုင်တဲ့ ယောကျ်ားမျိုးကို ယူရမယ်လေ။ ငါလည်း ဒီလိုလုပ်ခဲ့တာပဲ။ နင်လည်း အခု အရွယ်ရောက်လာပြီ။ အသက်နှစ်ဆယ့်တစ်နှစ်ဆိုတာ အရမ်းငယ်တဲ့ အရွယ်မှ မဟုတ်တော့တာ။ အိမ်ထောင်ပြုလို့ ရနေပြီပဲ။ အဲဒီတော့"

"တော်ပြီ မေမေ။ ဆက်မပြောပါနဲ့တော့"





ဘွဲ့က လုံးဝဆက်ပြောချင်စိတ်ရော၊ နားထောင်ချင်စိတ်ရော မရှိစွာဖြင့် စကားစကို ဖြတ်ဖြတ်ပစ်မိသည်။ မေမေကသူ့ရဲ့စကားကို အဲဒီလို အရေးမပါပုံဖြင့် ဖြတ်ပစ်လျှင် အင်မတန်မုန်းတာကို သိသော်လည်း မတတ်နိုင်တော့ချေ။ ဘွဲ့မကြိုက်တာတွေချည်းလုပ်နေသော၊ အထူးသဖြင့် ဘွဲ့ကို အိမ်ထောင်ချပေးဖို့အထိပါ ရည်ရွယ်ခြေလှမ်းသွက်လာပြီဖြစ်သော မေမေ့ကို ဘွဲ့ကတော့ တရားလွန်လာပြီဟု ထင်မြင်မိလေသည်။

"ဟဲ့ ... ဘာကိစ္စ ငါက ဆက်မပြောရမှာလဲ။ ငါပြောနေတာတွေက အလကားပြောနေတာ မို့လို့လား။ ငါ နောက်နေတာ မဟုတ်ဘူးနော် ဘွဲ့ ...

တကယ်ပြောနေတာ အတည်ပြောနေတာ"

ဘွဲ့က ကြက်သားတုံးကို ဖဲ့ရင်းမှ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းမိသည်။

"အတည်ပဲပြောပြော ဘယ်လိုပဲပြောပြော ဘွဲ့ စိတ်မဝင်စားသေးဘူး မေမေ၊ ဘွဲ့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်"

"ဟဲ့ ... ယောကျ်ားရရင်ရော အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် မနေရဘူးလို့ နင့်ကို ဘယ်သူက ပြောထားလို့လဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီအမေက နင့်ကို ပေါက်ကရလေးဆယ် ဖွတ်စုတ်ကောင်မျိုးနဲ့ ပေးစားမှာလား။ နင့်တစ်သက်လုံး သုံးချင်ရာသုံး ဖြုန်းချင်ရာဖြုန်း စိတ်ထင်တိုင်းနေလို့ရတဲ့ ယောကျ်ားမျိုးနဲ့ ပေးစားမှာမို့လို့ပေါ့ဟဲ့"

"တော်ပြီ မေမေ၊ အဲဒီလို ယောကျ်ားမျိုး လိုချင်ပါတယ်လို့ ဘွဲ့က မေမေ့ကို ပြောထားလို့လား။ ဘွဲ့ယောကျ်ားလည်း မလိုချင်ဘူး။ ပစ္စည်းဥစ္စာတွေလည်း မလိုချင်ဘူး"

"ဟဲ့ ... ပစ္စည်းဥစ္စာမလိုချင်ရင် နင် ဘာဖြစ်လို့ ဒီအိမ်ဆိုင်အစုတ်နုတ်ကို ငါ့ကို သိက္ခာကျခံပြီး ဖွင့်ထားသေးလဲ"

"မေမေ အဲဒီလို မပြောပါနဲ့၊ အခု မေမေစားနေတဲ့ထမင်းဟင်းတွေက ဒီဆိုင်လေးကရတဲ့ ဝင်ငွေတွေနဲ့ပါ"

"အောင်မယ်လေး ... ငါ အခု ပြန်အန်ထုတ်ပေးလိုက်ရမလား။ ဒီမှာ ... မိဘွဲ့၊ ညည်း ပိုက်ဆံမမက်ဘူးဆိုရင် ဘာလို့ ဒီဆိုင်ကို မရမက ဖွင့်သလဲ ... ဟမ် ? ...

ဒါကိုက ညည်း ဝင်ငွေရှာဖွေနေတာ မဟုတ်ဘူးလား။ ညည်း ပိုက်ဆံလိုလို့ ရှာနေတာ မဟုတ်ဘူးလား။ အေး ... ညည်း ပိုက်ဆံရှာတယ် ဆိုရင်လည်း အိမ်ထောင်ပြုပြီးသွားရင် ရှာလို့ရတာပဲ ...

ညည်းကြိုက်တဲ့ စီးပွားရေးကို လုပ်လို့ရတယ်။ ညည်း ဖြစ်ချင်တာတွေအားလုံး ဖြစ်ခွင့်ရှိတယ်။ ဒါ စဉ်းစားရမယ့်ကိစ္စ မဟုတ်ဘူးလား"





ဘွဲ့သည် မေမေ့ကို စိုက်ကြည့်ရင်း ရင်ထဲမှာ နာကျင်လာသည်။ ကိုယ်ကြိုက်တဲ့စီးပွားရေးကို လုပ်ခွင့်မရအောင် ရှိတာတွေ သုံးဖြုန်းပစ်ခဲ့တာ ဘယ်သူလဲ။

အခုလို ရိုးရိုးသားသားနဲ့ ရှိတာလေးကို ရအောင်တည်ထောင်ပြီး ကြိုးစားရပ်တည်နေတော့လည်း ယောကျ်ားပေးစားဖို့ စဉ်းစားနေပြန်သည်။

ဘွဲ့ရဲ့နောက်ရေး စိတ်အားချင်တာထက် ငွေတွင်းတစ်တွင်းကို ပိုမက်မောတာဟုဆိုလျှင် ဘွဲ့ကို ဆဲဦးမလား မပြောတတ်ချေ။

"ငါ့ကို ဘာစိုက်ကြည့်နေတာလဲ"

"မေမေ ... ဘွဲ့ တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီးတော့ ဘွဲ့ကို Pressure မပေးပါနဲ့။ ဘွဲ့ ယောကျ်ားလည်းမယူချင်ဘူး ...

ပိုက်ဆံလည်း မမက်ဘူး။ ယောကျ်ားတစ်ယောက်ကို မှီခိုအားပြုပြီးမှ စိန်နားကပ်ရောင်နဲ့ ပါးပြောင်ရမယ့် ဘဝမျိုးကိုလည်း ဘွဲ့ မလိုချင်ဘူး ...

ဘွဲ့ ကိုယ့်အရည်အချင်းနဲ့ကိုယ်ပဲ အောင်မြင်အောင် ကြိုးစားမယ်။ ဘွဲ့ အပျိုကြီးလုပ်မယ်လို့လည်း ကတိမပေးဘူး။ ဘွဲ့ချစ်တဲ့သူတွေ့ရင် ယူမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခုလောလောဆယ်မှာ အချစ်ရေးရော၊ အိမ်ထောင်ရေးရော ဘာကိုမှ ဘွဲ့ စိတ်မဝင်စားသေးဘူး မေမေ ...

ဘွဲ့ကို ဘာမှ အတင်းအကျပ် မလုပ်ပါနဲ့။ ဘွဲ့ မေမေနဲ့ စကားမများချင်ပါဘူး"

နောက်ဆုံးစကားကို ဘွဲ့က တိုးတိတ်စွာ ပြောလိုက်လျှင် မေမေကတော့ ဒေါသအိုးပေါက်ကွဲသွားဟန်ဖြင့် ထမင်းစားပွဲမှ ဝုန်းခနဲ ထရပ်သည်။

"မိဘွဲ့ ... ညည်းက ဘာအချိုးလဲ။ အရွယ်လေးရောက်လာပြီဆိုတော့ ညည်းတို့က ငါ့ကို ပုန်ကန်ချင်၊ ပုန်းချင်ယှဉ်ချင် ခြေရာတိုင်းချင်လာတာပေါ့၊ ဟုတ်လား ...

ညည်း ပြောတဲ့ပုံစံက ငါကပဲ အသုံးမကျတဲ့မိန်းမ၊ ငွေမက်လို့ ညည်းကို ယောက်ျားပေးစားချင်နေတာလို့ ညည်း ပြောချင်တာ မဟုတ်လား ...

ညည်းက မအေကို စော်ကားဆိုးဆပ်နေတာပေါ့လေ၊ ဟုတ်လား"

"ဘွဲ့ မေမေ့ကို အပြစ်တင်စကား တစ်ခွန်းမပြောဘူး။ ဒါပေမဲ့ ဘွဲ့ မကြိုက်တာကိုတော့ မကြိုက်တဲ့အကြောင်း၊ မလုပ်ချင်တာကိုတော့ မလုပ်ချင်တဲ့အကြောင်း ပြောလို့ရတယ် မဟုတ်လား ...





မေမေ့သမီး ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း အေးအေးဆေးဆေး နေ,နေတာ မကြည့်ချင်ဘူးလား။ သူများအမေတွေဆို ကိုယ့်သမီးကိုယ် ယောက်ျားပေးစားရမှာ နှမြောလွန်းလို့"

ဘွဲ့က စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်လျှင် မေမေ့ဒေါသတွေက နည်းနည်းတော့ အရောင်လျော့သွားသလို ခံစားရသည်။

"ဟဲ့ ... အဲဒါက တစ်ရာမှာ တစ်ယောက် နှစ်ယောက်ပဲ ရှိမယ့်အမေမျိုးဟဲ့။ ပြီးတော့ သူတို့သမီးတွေကလည်း လှုမ်းလှုမ်းတောက် ထိတ်ထိတ်ကြဲ ဆိုတဲ့ဟာမျိုး ...

ဥပမာ ... ရုပ်ရှင်မင်းသမီး အဆိုတော်လိုဟာမျိုး၊ ဒါမျိုးကိုတော့ ဘယ်အမေက ယောက်ျားစောစောစီးစီး ပေးစားချင်မှာလဲ ...

နင်က ဘာမို့လို့လဲ။ နင်က ဘာတွေများ ထူးထွေပြောင်မြောက်အောင်မြင်နေတဲ့ သမီးမျိုးမို့လို့လဲ။ မိန်းမတစ်ယောက်ဟာ ရုပ်ရည်လည်း ချောမောလှပမယ်။ ထိုက်သင့်တဲ့ ပညာအရည်အချင်းလည်း ရှိမယ်ဆိုရင် တန်ဖိုးထားပြီး တောင်းရမ်းလက်ထပ်လိုတဲ့ ယောက်ျားဆိုတာ ရှိမှာပဲ ...

အဲဒီအထဲကမှ ကိုယ့်အပေါ် တကယ်ဖြည့်ဆည်းပြီးမားလည်ပေးနိုင်တဲ့ ယောက်ျားမျိုးကို လက်ထပ်ပြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့ အိမ်ထောင်ရေးတစ်ခုကို ထူထောင်ထားနိုင်တာ အဲဒီမိန်းမရဲ့ အကြီးမားဆုံး အရည်အချင်းပဲ ...

နင့်အမေနဲ့ ငါ့ရဲ့အိမ်ထောင်ရေးကိုပဲကြည့်။ နင့်အမေဟာ သေသာသွားတယ် သူ့ကိုယ်သူ မိန်းမရတာကံအကောင်းဆုံးလို့ မှတ်သွားတာ"

အင်းလေ ... အဲဒါကလည်း စောစောစီးစီးသေသွားလို့ ကံကောင်းသွားတာဟူသော စကားကိုတော့ ဘွဲ့က စိတ်ထဲကပဲ တိတ်တိတ်လေး ကျိတ်ပြောနေမိတော့သည်။

အခုလက်ရှိ အခြေအနေနဲ့သာ ပေါင်းသင်းနေရရင်လည်း ဖေဖေတစ်ယောက် သက်ဆိုးရှည်နိုင်ဦးမည် မဟုတ်ပါ။

"ငါပြောတာတွေ နင်နားထဲ ဝင်ရဲ့လား ဘွဲ့"

ဘွဲ့က တစ်စုံတစ်ရာ ပြန်ပြောဖို့ ကြိုးစားတုန်းမှာပဲ ကြားထဲကနေ၍ သည်းမခံနိုင်တော့သော ဒေါ်ကြီးရွှေက ထမင်းဝိုင်းသို့ ဝင်ရောက်လာတော့ကာ ...

"သူ့နားထဲ ဝင်,မဝင်တော့ မသိဘူး။ ငါ့နားထဲမှာတော့ တော်တော်ကို ထော်လော်ကန့်လန့် ဖြစ်နေပြီ ...

မိသူဇာ ဒီအကြောင်းကို ဆက်မပြောရင် ကောင်းမယ်"

"ဒေါ်ဒေါ် ဝင်မပါစမ်းပါနဲ့။ ဒါ ကျွန်မတို့သားအမိကိစ္စပါ"





"ပါရမယ်အေ့။ ညည်း ပြောနေတာတွေက တရားမှမတရားတာ။ ဒီမှာ မိသူဇာ။ ညည်း ဘာဖြစ်ချင်နေတယ်ဆိုတာ ငါ သိတယ် ...

ညည်းဖြစ်ချင် နေရှင်နေတဲ့ ဘဝမျိုးအတွက် ကလေးကိုတော့ သူ စိတ်မပါဘဲ ယောက်ျားမပေးစားပါနဲ့အေ။ ညည်းကိုယ်တိုင်လည်း ခုထိလှတုန်းပါပဲ။ လိုချင်သူတွေလည်း ရှိမှာပါ။ ဒီတော့ ညည်းပဲ ယောက်ျားယူလိုက်တော့"

"ဒေါ်ဒေါ်"

မေမေက တကယ်ဒေါသထွက်လာဟန်ဖြင့် ခပ်ဆောင့်ဆောင့်အော်ကာ စားလက်စဇွန်းနှင့် ခက်ရင်းကို ချပြီးနောက် ထမင်းစားပွဲမှ ထထွက်သွားတော့သည်။

ဘွဲ့သည် စိတ်ရှုပ်ရသည့်ကြားမှ ဒေါ်ကြီးရွှေ၏ စကားကို ရယ်လည်းရယ်ချင်ကာ ရယ်လည်း မရယ်ရက်ပါချေ။

မေမေဟာ ဘာဖြစ်လို့များ အေးချမ်းတဲ့ဘဝမျိုးကို မဖန်တီးမနေထိုင်ရတာလဲဟူသော ဉာဏ်မမီသည့် ပုစ္ဆာတစ်ပုဒ်ကိုပဲ ထပ်ခါတလဲလဲ အဖြေထုတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

မျက်လုံးနှစ်လုံးကို ပိတ်ထားပေမယ့် တစ်စုံတစ်ရာကို မြင်နေရတာမျိုး လူတိုင်းဖြစ်ဖူးကြလိမ့်မည်။ အကျော်ဇေယျကတော့ မျက်လုံးမှိတ်ထားပေမယ့် သူ့မျက်လုံးထဲမှာ ဘာကိုမှ မမြင်ရချေ။ သူ့မျက်လုံးထဲမှာ လင်းချင်းနေသော အဖြူရောင်လွင်ပြင်တစ်ခုကိုသာ မြင်နေရသည်။ အဲဒီ အဖြူရောင်လွင်ပြင်ထဲမှာ အဖြူရောင် အနိုးအငွေ့တွေကပဲ လွင့်မျောနေသလိုလို။ ခဏကြာတော့ သူပါ အဲဒီအနိုးအငွေ့ထဲသို့ လွင့်မျောသွားသလို ပေါ့ပါးသွားသလို ခံစားသွားရသည်။

အဲဒီအဖြစ်အပျက်ဟာ အကြာကြီးဆိုမှ အကြာကြီးပဲဖြစ်ကာ အဲဒီတစ်ခဏတွင်း၌ သူ့ရဲ့စိတ်မှာ ငြိမ်းချမ်းရေးတို့ကြီးစိုးနေသည်။ တစ်ကိုယ်လုံး အေးမြနေသလို အေးချမ်းနေသလိုလို





အဲဒီစိတ်ကလည်း လွတ်ထွက်မသွားဘဲ အေးချမ်းတာကိုလည်း အေးချမ်းတဲ့အလျောက် သူ သိနေသည်။ ကျင့်သားရသော စိတ်တွေက အချိန်ကြာလာသောအခါ တစ်နာရီပြည့်ပြီဟု သိချိန်ဝယ် သူ့မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာသည်။ နာရီကိုကြည့်လိုက်သောအခါ တကယ်ကိုပဲ သူ့ရဲ့တရားထိုင်ချိန်ဟာ တစ်နာရီအတိရှိခဲ့ပြီ။

အရပ်စကားပြောသလို သူက တရားထိုင်တယ်ဟု အလွယ်တကူ သုံးနှုန်းရပေမယ့် ဒါကိုတော့ သူက တရားထိုင်တယ်ဟု မသုံးနှုန်းချင်ပေ။ သူ့ကိုယ်သူ တရားထိုင်တယ်ဟု မသတ်မှတ်ချင်ပါ။ သူသည် စိတ်တည်ငြိမ်မှု ရချင်သည်။ စိတ်အေးချမ်းမှု ရချင်သည်။ အဲဒီအတွက် Meditation ဟုခေါ်သော စိတ်ကို တစ်နေရာတည်းမှာ တည်ငြိမ်အောင်ထားသော အလေ့အကျင့်ကို နေ့စဉ်နဲ့အမျှ လေ့ကျင့်ကြံဆောင်ခဲ့သည်။

သူဟာ ဘာသာရေးသမားလည်း မဟုတ်ပါ။ မဟုတ်ဆို တစ်နေ့တစ်ခါတောင် ဘုရားမရှိခိုးဖြစ်ချေ။ မှတ်ပုံတင်ထဲမှာ ကိုးကွယ်သည့်ဘာသာ၌ ဗုဒ္ဓဘာသာဟု ထည့်ထားပေမယ့် သူဟာ အဲဒီဘာသာအကြောင်းကိုလည်း ဘာမှနားမလည်ခဲ့ချေ။ သူလုပ်ကိုင်နေသော အလုပ်အကိုင်ကတောင် ဘာသာရေးနဲ့ကင်းလွတ်ရဲ့လားဆိုတာ သေချာမဆန်းစစ်မိပေ။ သေချာတာကတော့ သူလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့ရဲ့ပင်မစီးပွားရေး အလုပ်အကိုင်ကြီးဟာ ဥပဒေနဲ့ မလွတ်ကင်း ဆိုတာတော့ သူ သိသည်။ ဒါပေမဲ့လည်း သူကိုယ်တိုင်က ဒီအလုပ်ကို ငွေရလွယ်၍ သဘောကျနှစ်ခြိုက်သည်။

သူနဲ့ပတ်သက်သည့် လူတွေကလည်း လောဘစိတ်နှင့် ဆက်နွှယ်ကာ ဒီအလုပ်ကို ဝါသနာပါကြသည်။ တချို့ဆိုလျှင် ရှုးရှုးမှူးမှူးကို စွဲလမ်းကြသေးသည်။ ငယ်ငယ်တုန်းက ကျောင်းသင်ခန်းစာတွေမှာ ဂဏန်းသင်္ချာတွက်ရတာ ဝါသနာမပါသော သူတွေတောင် အသက်ကြီးလာတော့မှ ဂဏန်းတွက်ရတာ ဝါသနာပါလာကြသည်။ ပဲပြုတ်သည်ကအစ ရွှေကုန်သည်အဆုံး၊ ဆိုက်ကားသမားမှစ၍ ဆရာဝန်အထိ ခြွင်းချက်အားဖြင့်ဆိုလျှင် ပြည်သူချစ်သော တချို့အနုပညာရှင်များတောင် ဂဏန်းတွက်ရတာ စိတ်ဝင်စားကြသောအခါ သူ့စီးပွားရေးသည် ဒီအရေအလား တိုးတက်ခဲ့တာ အဆန်းတော့ မဟုတ်ခဲ့ပါ။

တစ်လုံး၊ နှစ်လုံး၊ သုံးလုံး စသော ဂဏန်းတွေကြားမှာ ပျော်မွေ့ရင်း သူ့ဘဝက ဒီထဲမှာပဲ လုံးချာလည် လိုက်ခဲ့သည်။ ငွေပြီးရင် ငွေနေသော ဘဝထဲတွင် သူ့အတွက်ကလည်း ငွေက လွဲ၍ ဘာမှတန်ဖိုးထားစရာ မက်မောစရာ မရှိခဲ့ပါ။ အရင်တုန်းကတော့ ဘာဆိုဘာမှ မရှိသော ဘဝထဲတွင် အခုချိန်မှာတော့ ငွေကလွဲ၍ အားလုံးပြည့်စုံနေပြီဟု ပြောရမည်ဖြစ်သည်။



သူက တင်ပျဉ်ခွေထိုင်နေရာမှ တွေးတောခြင်းကို ခဏရပ်ကာ ထိုင်ရာမှ ထလိုက်သည်။ အဲဒီနောက် နံနက်စာ စားသောက်ဖို့ရာ အိမ်အပေါ်ထပ်မှ အောက်ထပ်သို့ဆင်းရန်အတွက် သူ့ရဲ့အိပ်ခန်းဆောင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ သူ Meditation ပြုလုပ်သောနေရာမှာ သူ့အိပ်ခန်းဘေး၌ ဝရန်တာထုတ်ထားသော နေရာ၌ဖြစ်သည်။ အဲဒီနေရာတွင် အပင်မျိုးစုံကို စဥ့်ပန်းအိုးများဖြင့် လှပစွာ စိုက်ထားကာ ခြံထဲကလည်း အပင်တွေကလည်း ရိုင်းမိုးပြီးထားသဖြင့် သူ Meditation ပြုလုပ်သောနေရာလေးမှာ အနေအထားအရကို စိတ်အေးချမ်းမှု ရစေသည်။

အခန်းထဲရောက်လျှင် သူက ဝတ်ထားသောအင်္ကျီ အဖြူနှင့် ဘောင်းဘီအဖြူကို လဲလှယ်လိုက်သည်။ စိတ်အားဖြည့်လေ့ကျင့်နေသည့် အချိန်မှာတော့ ချည်သားအင်္ကျီနှင့် ချည်သားဘောင်းဘီကို လွတ်လွတ်လပ်လပ် ဝတ်ဆင်ထားလေ့ရှိပြီး ပြီးတာနှင့် သူဝတ်နေကျ အခြားအဝတ်အစားများကို လဲပစ်လေ့ရှိသည်။ အခုလည်း သူက အပြာရောင်ကွမ်းရိုးစင်း Alter Shirt အကျႌကို လက်ခေါက်ဝတ်ကာ ဂျင်း(န်)အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်က ထမင်းစားပွဲတွင် သူ့ပါတနာများဖြစ်သော ဘိုချမ်းနှင့် ဆန်းသစ်စတို့က အဆင်သင့်စောင့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောနင်း"

သူ ဆင်းလာတာမြင်တာနှင့် ဘိုချမ်းက လက်တစ်ဖက်ထောင်ကာ နှုတ်ဆက်သည်။ သူက ခေါင်းတစ်ချက် ဆတ်ပြ ရင်းမှ "မောနင်း"ဟု ပြန်လည်ပြောဆိုလိုက်ပြီး ထိပ်ကခုံမှာ ဝင်ထိုင်လိုက်သည်။ သိပ်မကြာမီမှာပဲ သူ အကြိုက်ဆုံးနံနက်စာဖြစ်သော ထမင်းကြော်ပူပူနွေးနွေးက ရောက်ရှိလို့လာသည်၊ ပြီးတော့ သဘာဝနှပ်ကော်ဖီစစ်စစ်။

"ဒေယျ ... တခြား Group တွေ (...)ကို ပိတ်ထားတယ်ကွ၊ နယ်စပ်ကို ငါ လှမ်းမေးထားတော့လည်း နည်းနည်းလောက်ပဲ ဖွင့်ပေးထားတယ်တဲ့ ...

အဲဒါ မင်း ဘယ်လိုသဘောရလဲ"

"ဖွင့်ထားလိုက်။ ကြိုက်သလောက် တင်ပစေ"

"ဒေယျ"

အဲဒီအသံက ဆန်းသစ်စထံမှ ထွက်လာတာဖြစ်သည်။ ဆန်းသစ်ထံမှ ထိတ်လန့်တကြား ထွက်ပေါ်လာသော အသံရဲ့အဓိပ္ပာယ်ကိုသိပေမယ့် သူက ဘာမှပြန်မပြောဘဲ ထမင်းကြော်တစ်ဇွန်းကိုသာ စတင် စားလိုက်သည်။

"နင် ဘာလုပ်တာလဲ။ ဖွင့်ထားပေးရင် ပြီးပြီး ဝိုင်းတင်ကြမှာနော်။ နင့်မှာရှိသမျှ စီးပွားတွေ ပြုတ်သွားမယ်ဆိုတာ နားလည်လား"





ဆန်းသစ်စရဲ့အသံက ခပ်ဆတ်ဆတ် ထွက်ပေါ်လာသည်။ သူက ဝက်အူချောင်းရယ်၊ ပဲပြုတ်ရယ် သမစွာပါဝင်နေသော ထမင်းကြော်ကို ပါးစပ်ထဲမှာ ခပ်ဖြည်းဖြည်းချင်း အရသာခံဝါးကာ ဆန်းသစ်စကို စိမ်ပြေနပြေပင် ငေးပြီးပြုံးကြည့်နေလိုက်သည်။

ဘာအရောင်ဟု ခေါ်ရမှန်းမသိသော လှပဆန်းပြားသည့် ဆံပင်အရောင်တွေကို အလိပ်အခွေနဲ့နဲ့ကြီးတွေဖြစ်အောင် လှပစွာ ပုံဖော်ကောက်ထားသည့် ဆန်းသစ်စသည် အင်မတန်မှ မိန်းမဆန်သော အတွေးအခေါ်ကို ပိုင်ဆိုင်ထားသည်ဟု သူ ထင်သည်။

မိန်းမဆိုမှတော့ မိန်းမဆန်မှာပေါ့ ဟုတော့ မပြောကြပါနဲ့လေ။ တချို့မိန်းမတွေသည် မိန်းမဖြစ်ပြီး မိန်းမသိပ်မဆန်တာတွေ အများကြီးတွေ့ဖူးသည်။ တချို့ကျတော့လည်း မိန်းမဆန်တာမှ တော်တော်ကြီးကို ဆန်တာတွေ တွေ့ဖူးလေသည်။ ဆန်းသစ်စသည် မိန်းမတွေများစွာထဲကမှ တော်တော်မိန်းမဆန်သူဖြစ်သည်။ အလှပြင်ခြင်းကို ဝါသနာပါသည်။ ငွေဖြုန်းရတာကို ကြိုက်သည်။ လူများလာလျှင် ပဲများလာတတ်သည်။ အဆိုးဆုံးကတော့ အကြောင်းအရာတစ်ခုကို ကိုယ့်ဘက်ကပဲ တစ်ဖက်သတ်ယူတတ်သည်ပြီး ကြည့်တတ်တာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြွတ်သွားတော့ရော ဘာဖြစ်လဲ။ ငါက ဘာမှမဟုတ်တဲ့ သုညဘဝက လာခဲ့တဲ့ကောင်ပဲလေ။ ဘာမှမရှိအောင် ရွဲ့သွားလည်း ဒီလိုဘဝမျိုးကို တစ်နှစ်အတွင်း ပြန်ရအောင် လုပ်နိုင်တယ်ဆိုတာ နင် မယုံဘူးလား"

ဆန်းသစ်စက သူ့ကို ဘာမှမပြောဘဲ စူးစိုက်ကာ ကြည့်နေသည်။ သူကလည်း ဆန်းသစ်စရဲ့မျက်နှာကို စိမ်ပြေနပြေ ပြန်ပြီးကြည့်နေမိသည်။ ဆန်းသစ်စရဲ့စိတ်ထဲမှာတော့ သူ့ကို ဘယ်လိုတွေးနေလဲ မသိပေမယ့် သူ့အတွေးထဲမှာတော့ ဆန်းသစ်စရဲ့မိတ်ကပ်တွေ နည်းနည်းလျှော့လိုက်ရင် ဒီထက်ပိုကြည့်ကောင်းသွားမယ်လို့ တွေးနေမိသည်။

"ယုံတာ မယုံတာထက် နင် ဒီလောက် မမိုက်မဲသင့်ဘူးလေ"

"မိုက်မဲတယ်ဆိုတာ ဘာကိုပြောတာလဲ။ နင့်ကို အဲဒီဂဏန်းထွက်သွားမယ်လို့ ဘယ်ဘိုးတော်က ပြောထားလဲ ...

ဘယ်သူမှ မပြောနိုင်ဘူး။ လူတွေက သူများဆီက ရရင်သာ ယူချင်ကြတာ။ ကိုယ့်ဆီက ပေးရမှာကျတော့ သေမလောက် ကြောက်ကြတယ်။ အယူကြမ်းပြီး အပေ နေးရင် ဒီလောကမှာ ကြာရှည်မရပ်တည်နိုင်ဘူး။ ငါက တော့ Don't Care ပဲ ...

မွှင့်ပေးငှက် ဘိုချမ်း"



ဘိုချမ်းကတော့ သူ့ကို တစ်စုံတစ်ရာ မပြောဆိုဘဲ ဆေးဗရိုက်ဖြစ်သော မုန့်ဟင်းခါးကိုသာငုံ့ပြီးစားနေသည်။ ယောက်ျား လေးချင်း ဖြစ်သောကြောင့် ဘိုချမ်းကတော့ သူနဲ့ရင်ဘတ်ချင်း နီးသည်ဟုပဲ ပြောရမလားမသိ။ စီးပွားရေးဆိုင်တာ သဘောထား များကို သူနဲ့ စိတ်ထားချင်း နီးနီးစပ်စပ် တူလေ့ရှိတတ်သည်။ နွံနစ်တတ်သော သဘောထားချင်းလည်း တူသည်။

ဆန်းသစ်စကတော့ မိန်းကလေးပီပီ မိန်းမတွေးပဲ တွေးကာ အကွက်တွေ ဘာတွေမြင်ပြီး ထိုးကျွေးတတ်ဖို့လည်း မစဉ်းစား။ ရယူဖို့ တစ်ခုတည်းသာ သိသောလူဟာ လောကရဲ့ ခမိုက်မဲဆုံးလူဟု သူကတော့ သတ်မှတ်ချင်လေသည်။

"ဒေယျ ... နင်ဟာလေ သိပ်ကို အဆန်းထွင်ချင်တယ်"

သူမက ဆင်းဒဝချိုကို လက်နဲ့ပယ်ပယ်နယ်နယ် ကိုက်စားပြီး သူ့ကို ပျစ်ပျစ်နစ်နစ်ပြောသည်။ အကျော်ဒေယျဟု သော သူ၊ ဘိုချမ်းနှင့် ဆန်းသစ်စတို့မှာ ဆွေမျိုးတော်စပ်ကြတဲ့ သူတွေ မဟုတ်ကြချေ။ သို့သော် တစ်အိမ်တည်းမှာ အတူနေသည့် ခဲသော်ရဲဘက်တွေ ဖြစ်ကြသည်။ သူတို့မှာ မိဘတွေမရှိကြတော့။ ဆွေမျိုးသားချင်းတွေ ဆိုတာလည်း သူတို့နှမ်းပါးစဉ်က အဖက် လုပ်ခဲ့ကြ၊ တာဝန်မယူခဲ့ကြသူတွေမို့ ခုချိန်မှာ သူတို့ကလည်း အဆက်အသွယ်၊ အပတ်အသက် မရှိကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ခြောက်နှစ် ခုနစ်နှစ်လောက်တည်းက တွေ့ဆုံသိကျွမ်းခဲ့ကြသည့် သူတို့သုံးဦးသည် လုပ်ငန်းတစ်ခု၏ လက်ခွဲလေးတွေအဖြစ် ဆောင်ရွက်ခဲ့ရင်းမှ ရွယ်တူချင်းတွေမို့ ပေါင်းမိလာခဲ့ကာ အဲဒီနောက်မှာတော့ စွန့်စားရဲ၊ ဖောက်ထွက်ရဲသည့် သူ့ဦးဆောင်မှုနောက်သို့ ဘိုချမ်းနှင့် ဆန်းသစ်စက အလိုလို ပါဝင်လာခဲ့သည်။ အဲဒီနောက် သူတို့သုံးဦးပူးပေါင်းကာ ဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများဖြစ်သည့် လောင်းကစားကို ထဲထဲဝင်ဝင် လုပ်ကိုင်ခဲ့ကြသည်။ သူ့အတ္တဟာ လောင်းကစားနဲ့ တကယ်ပဲ အကျိုးဆုံးသလားတော့ မပြောတတ်ပါ။ စီးပွားရေးက တစ်နေ့တခြား တိုးတက်လာခဲ့သည်။ ဒီစွမ်းဆောင်မှုများထဲတွင် ဘိုချမ်းနှင့် ဆန်းသစ်စတို့၏ အရည်အချင်းကလည်း ထိုက်သင့်သလောက် ပါဝင်ပါသည်။

နောက်ပိုင်းတွင် သူက တခြားစီးပွားရေးတွေကိုပါ ချဲ့ထွင်ဖို့ စိတ်ကူးခဲ့တာကြောင့် ဘိုချမ်းရော ဆန်းသစ်စရောရဲ့ စီအီးအိုနေရာသို့ သူက ရောက်မှန်းမသိ ရောက်ခဲ့ရသည်။ ဘာမှမရှိခင် အစုတ်အနုပ်ဘဝထဲက အလုပ်အတူလုပ်ခဲ့ကြသူတွေမို့ အိမ်တစ်လုံးဝယ်နိုင်သည့် အခြေအနေအရောက်မှာတော့ သူက လက်ရှိအိမ်နဲ့ခြံကို ဘုံပိုင်အဖြစ် သတ်မှတ်ကာ အတူနေစေခဲ့သည်။ ဆန်းသစ်စကလည်း မငြင်းခဲ့ပါ။ ဘယ်သူ့ကိုမှမမှု၊ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်သော ဆန်းသစ်စသည် ဒီအိမ်ထဲမှာပဲ အတူပေါင်းနေဖို့ကို လက်ခံခဲ့သည်။ ဒီတော့ လက်ရှိအိမ်တွင် သူ၊ ဘိုချမ်းနှင့် ဆန်းသစ်စတို့အပြင် အိမ်အကူမိန်းကလေးနှစ်ယောက်၊ ခြံစောင့်တစ်ယောက်တို့သာ ရှိလေသည်။ ဒရိုင်ဘာတော့ မရှိဘဲ အားလုံး ကိုယ့်ကားကိုယ်မောင်းကြသည်။





"ဝိုင်းက ပွဲစားကျော်ကြီးက သူ့ကားကို အပေါင်ထားချင်လို့တဲ့ကွ၊ ငါ့ကိုပြောနေတယ်၊ အဲဒါ ..."

ဘိုချမ်းက သူ့ကိုပြောတာ ဖြစ်သော်လည်း သူတောင် ဘာမှမပြောရသေး။ ဆန်းသစ်စက ဝင်ပြောသည်။

"သူ့ကားက ဘာကားလဲ။ ကွက်ပျောက်ကားကြီး မဟုတ်လား။ စုတ်ကလည်း စုတ်သေးတယ်။ ဘယ်လောက်နဲ့ ထားမှာတဲ့လဲ၊ များနေရင်တော့ မယူနဲ့"

သူနဲ့ဘိုချမ်းက တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ကြပြီး အထာပေါက်စွာ ပြုံးလိုက်ကြသည်။ ဆန်းသစ်စရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် တစ်စင်ထောင်သော စီးပွားရေးကို သူက ခွဲပေးလိုက်ချင်သည်။ သူ တွေ့ဖူးသော အတွေ့အကြုံတွေအရ ကိုယ့်ကိုယ်ကိုယ် တော်တယ် တတ်တယ် ထင်ပြီး မတော်မတတ်သော မိန်းမတွေက ပို၍စိတ်ပျက်ဖို့ ကောင်းတယ်ဆိုတာပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဒေယျ"

"သူ့ကားကို ငါ သိချင်တယ်၊ ဂျာမနီကား အမည်းအမြင့်ကြီးမဟုတ်လား။ နည်းနည်းတော့ ရွဲ့မယ်လေ"

"ဟုတ်တယ်။ သ,လိုက်ရင်တော့ ကောင်းကောင်းကြီးရုပ်ထွက်လာမှာပဲ။ အင်္ဂလိပ်လည်း နည်းနည်းတော့ကျနေပြီ။ တို့ဆီမှာရှိတဲ့ ဂျပန်နဲ့ အလုံးချိန်းလိုက်လို့ကတော့ ဘာပြောကောင်းမလဲ ချက်ကြီးရာပဲ"

"အိုခဲလေ ... ငါလည်း ဒီလိုပဲ တွေးမိပါတယ်။ တချို့ခပ်ပိန်းပိန်းမိန်းမတွေကတော့ အပေါ်ယံလေးပဲ ရုပ်တွေးပြီး မတန်ဘူးလို့ တွေးမှာပေါ့ကွာ"

"ဒေယျ ... နင် ငါ့ကို စောင်းပြောနေတာလား"

"မပြောပါဘူး၊ တချို့မိန်းမတွေဆိုတာ နင် အပါအဝင် နင့်လို မိန်းမမျိုးတွေကို ဆိုလိုနေတာပဲလေ"

"အောင်မာ ... နင် ငါ့ကို အဲလိုမပြောနဲ့။ နင် မတတ်နိုင်တဲ့ မစွမ်းဆောင်နိုင်တဲ့ ကိစ္စမျိုးတွေမှာ ငါ စွမ်းဆောင်ပေးခဲ့တာတွေ နင် မေ့သွားပြီလား ... ဟမ် ? ..

ကျော်နီ ကိစ္စတုန်းကပဲကြည့်။ ငါသာမပါရင် နင် ပွဲပြတ်မှာလား ပြော၊ နင့်ဟာတွေ ပါသွားမှာပဲ မဟုတ်လား"





အဲဒီစကားကိုတော့ သူက အသာအယာပြုံးမိသည်။ ခေါင်းဆောင်ကောင်းတို့မည်သည် တစ်ခါတစ်ရံမှာ လက်အောက်ငယ်သားတို့ လုံးဝတတ်နိုင်မည်ဖြစ်သော ကိစ္စတို့၌ အာဏာ့ကုန်လွှဲအပ်လုပ်ပိုင်ခွင့်ပေးကာ အောင်မြင်မှုတစ်ခုကို ကိုယ်တိုင်ဆွတ်ခူးကြည့်ဖို့ ချိုမြိန်သည့် အခွင့်အရေး ပေးတတ်သော ဗျူဟာတစ်မျိုး ရှိတတ်သည်ကို ဆန်းသစ် မသိနိုင်ပါ။ အဲဒီလိုနည်းဖြင့် လုပ်ချင်ကိုင်ချင်စိတ် စွန့်စားချင်စိတ်တွေ တိုးပွားလာစေသည်ဟူသော စီမံခန့်ခွဲမှုပညာကို သူ အောက်စ်ဖို့တက္ကသိုလ်မှ ယူမထားခဲ့ပါ။ ဘဝပေးအတွေ့အကြုံပဲ ဖြစ်ပါမည်။

"ဟုတ်ပါတယ်၊ နင့်မှာ အရည်အချင်းရှိတာကို ငါ မငြင်းလိုပါဘူး။ ဒါပေမဲ့ တစ်ခါတလေမှာ နင် တွေးခေါ်တာတွေက သာမန်လူပြိန်းဆန်နေတယ် ...

စီးပွားရေးမှာ ဒီလိုအတွေးအခေါ်နဲ့ ဘယ်လိုမှ ထိပ်ဆုံးမရောက်နိုင်ဘူး၊ စီးပွားရေးလုပ်တယ်ဆိုတာ တစ်ကျပ်ဖိုးလောက်ရင်းပြီး တစ်ရာဖိုးလောက်မြတ်အောင် ကြံရဖန်ရတာလေ။ တကယ်ချမ်းသာဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပ်နိုင်းစရာမလိုဘူး။ ဦးနှောက်ကစားတတ်ဖို့ပဲ လိုတာ ...

အဲဒီလို အရည်အချင်းမျိုး နင့်မှာ နည်းနေသေးတာပဲ"

"ဟွန်း ... ဘယ်လိုပဲဖြစ်ဖြစ်လေ နင့်အတွက် ငါ့ကို လိုအပ်နေတာတော့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကိုတော့ သူက ဘာမှပြန်မဖြေတော့ဘဲ ပရုံးတစ်ချက်သာ တွန့်မိတော့သည်။ ဘိုချမ်းကပဲ ဆုံးဖြတ်ချက် ချရမည့် မေးခွန်းတွေ ထပ်မေးသည်။

"ဒါဆိုရင်(...)ကိုလည်း ဖွင့်ပေးမယ်။ ကိုကျော်ကြီးရဲ့ကား ကိုလည်း အပေါင်ခံမယ်ပေါ့။ အိုခေနော်"

"ခေလိုက်တော့"

သူ့စကားအဆုံးတွင် ဘိုချမ်းက သူ့ ထောင်ပေးသော လက်ဝါးကို ဖြောင်းခနဲ လာရိုက်သည်။ ဆန်းသစ်စကတော့ သူတို့နှစ်ယောက်ကို မရှုမချဉ်ပြုံးကြည့်ကာ စားပွဲမှ ထထွက်သွားလေသည်။ မိန်းမတွေက အဲဒါပဲကွ ဟူသော အကြည့်မျိုးဖြင့် သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

မိန်းမတွေအကြောင်းကိုသိဖို့ မိန်းမတွေ့အများကြီးနှင့် ပတ်သက်စရာမလိုဟု သူကတော့ ထင်သည်။ ဥပမာ ... ဆန်းသစ်စလို မိန်းမတစ်ယောက်နှင့် အပေါင်းအသင်း လုပ်ကြည့်တာနဲ့တင် မိန်းမတော်တော်များများရဲ့အကြောင်းကို သိနိုင်သည်ဟု ထင်ပါသည်။

* * *





## ၃

"ကျွတ် ... ကျွတ် ... ကျွတ် ... မွှေမဖောက်ပါနဲ့ဦး သားလေးရယ်၊ Please , Please အိမ်နားရောက်ခါနီးမှ ဖောက်ချင်ဖောက်ပါ ...

ခုလောလောဆယ်တော့ ဒုက္ခရောက်အောင် မလုပ် သေးပါနဲ့ဦးနော်"

ဘွဲ့သည် ကားမောင်းရင်းမှနေ၍ အထက်ပါစကား တွေကို ဂါထာရွတ်သလို တတွတ်တွတ် ရွတ်နေမိသည်။ ခုတလော ဘွဲ့ရဲ့ ဖောက်စ်ဝက်ဂွန်လေးမှာ သိပ်နေမကောင်းချင်ပဲ ချူချာနေသည်။ နဂိုတည်းကမှ ရှိတာလေးနှင့် ဖျစ်ညှစ်ဝယ်ထားသော မောင်းဖြစ်ရုံ ရွှေ့ရုံကားလေးမို့ ဒီလိုချူချာတာဟာလည်း မဆန်း ချေ။ ရွှေထီးဆောင်းကာ ရွှေဖွန်းကိုက်ပြီး မွေးဖွားခဲ့သူမို့ ခုချိန် မှာ ဘယ်လောက်ပဲ အောက်သက်ကျေနေပြီပြောပြော ဘတ်စ်ကား



www.burmeseclassic.com

www.burmeseclassic.com



တော့ တိုးမစီးချင်သေး။ Taxi အမိုးအခတွေကိုလည်း နှမြောမိတာကြောင့် ဒီဖွတ်ချက်ကားလေးကိုသာ တယုတယနှင့် ဖေးဖေးမမ စီးနေရခြင်းဖြစ်သည်။

အခုလည်း မေမေက မရှိသုံ့,သုံးကာ သူဝိုင်းဖွဲ့ထိုင်မည့်အိမ်သို့ လိုက်ပို့နိုင်းတာကြောင့် ဘွဲ့မှာ ငြင်းရခက်စွာပဲ လိုက်ပို့ရသည်။ သီးသန့်နေထိုင်သော ခြံဝင်းတွေရှိသည့် ရပ်ကွက်တစ်ခုမို့ လူသွားလူလာလည်း ပြတ်လှကာ ကားသာ တစ်ခုခု ဖြစ်သွားပါက ကူညီပေးမည့်သူ ရှိမှာမဟုတ်ချေ။ ဘွဲ့က ဘုရားတ,ရင်း မောင်းနေရာမှ ကားတစ်စီးက ဘွဲ့ရဲ့ကားကို ဟွန်းသံပေးပြီး ဖွတ်ကျော်တက်သည်။ လမ်းသွယ်ထဲမှာမို့ မရမက ဖွတ်ကျော်တက်သွားခြင်းဖြစ်ကာ ကားအသေးမို့လည်း ကျော်တက်သွားနိုင်ခြင်းဖြစ်သည်။

ဘွဲ့က တက်တစ်ချက်ခေါက်ကာ ကျိန်ဆဲမိမလို ဖြစ်တုန်းမှာပဲ နောက်ထပ်ကားတစ်စီးကပါ တရမကြမ်း ကျော်တက်ဖို့ ပြင်ပြန်သည်။ ဒီတစ်ခါ ကားကတော့ ကားအမြင့်ဖြစ်သည်မို့ ရုတ်တရက် ကျော်၍မရဘဲ ဘွဲ့ကိုသာ ဟွမ်းတပွမ်ပွမ်တီး၍ ဖွတ်ပဲလမ်းတောင်းနေပြန်သဖြင့် စိတ်က တိုလာရတော့သည်။

ကြည့်ရတာ ရှေ့ကကားနောက်ပဲ လိုက်မလို့လား မသိချေ။





"တောက် ... ဘယ်လိုဖြစ်နေလဲ မသိဘူး၊ ဒီလမ်းကြားထဲလာပြီးတော့"

"တီ ... တီ ... တီ ... တီ"

ဒီလောက် ကပ်နိုင်သမျှ ကပ်ပေးတဲ့ကြားကတောင် ဘေးသို့ရောက်ချိန်အား မစောင့်တော့ဘဲ ဖွတ်ကြီးကျော်တက်လေသောအခါ မလွတ်မကင်းဖြစ်စွာဖြင့် ဘွဲ့ရဲ့ကားရှေ့ဘေးဘက်ကို တစ်ဖက်ကားရဲ့နောက်မြီးနှင့် ရိုက်မိလေတော့သည်။ ကျော်တက်သွားသည့် အရှိန်ကလည်း မနည်းတာမို့ ဘွဲ့ရဲ့ကားလေးမှာ လွင့်ချင်သလိုတောင် ဖြစ်သွားသည်။ ပြီးတော့ အိမ်တစ်အိမ်က အုတ်ခုံနှင့် သွားဆောင့်မိတော့သည်။

ဘွဲ့ပင်လျှင် စင်တီရာတိုင်နှင့် နဖူးနှင့်ဆောင့်မိကာ နဂိုတည်းက အမောဖောက်နေသောကားကလည်း အော်တိုရပ်တန့်သွားတော့သည်။

"တောက်"

ဒေါသဖြစ်လိုက်သည် ဆိုရာဝယ် ပြောစရာစကားမရှိပေ။ သူတို့ကိုယ်သူတို့ ပိုက်ဆံတတ်နိုင်သည်။ ကားကောင်းကောင်းစီးနိုင်သည်ဟူသော အတွေးမာန်တွေဖြင့် စိတ်ထင်တိုင်းလုပ်နေခြင်းကို ဘွဲ့တို့လို မျက်နှာမွဲကားစုတ်လေးတွေစီးပြီး သည်းခံနေရမတဲ့လား။ ဘွဲ့ဟာ ကားပေါ်မှ ချက်ချင်းဆင်းသည်။ အဲဒီကားနောက်ကို ပြေးလိုက်ခြင်းမှာ မီဖို့မဟုတ်ဘဲ ကားနံပါတ်ကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



ရရှိသက်သက်ဖြစ်သည်။ ကားနံပါတ်ကိုသိရလျှင် ကျန်တာက နောက်ပိုင်းဆက်လုပ်၍ရပြီ။

မျက်စိလျင်သော ဘွဲ့သည် တစ်ခဏတွင်းမှာပဲ ကားနံပါတ်ကို အသည်းထဲစွဲအောင် မှတ်မိလိုက်လေသည်။ ထိုကားကတော့ ဘွဲ့ကို လှည့်တောင် လှည့်မကြည့်ဘဲ ထွက်ခွာသွားလိုက်သည်မှာ သူနှင့်မဆိုင်လေသည့်အတိုင်းပင်။ သူ မဟုတ်တာ မတရားတာ လုပ်မိသွားသည့်အတိုင်း ...။

"တောက်"

ဘွဲ့က တောက်တစ်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်မိကာ ကိုယ့်ကားဆီသို့ ပြန်လှည့်ထွက်လာခဲ့သည်။ ဘွဲ့ရဲ့ကားဖလေးမှာ ရှေ့ရဲ့ဘေးဘက်၌ ချိုင့်သွားကာ မီးခွက်ကလည်း အက်သွားသည်။ မကြာခင်တောင် တစ်စစီပဲ့ကျလာတော့မည့်အတိုင်းပဲဖြစ်သည်။ ကားရဲ့စက်ကလည်း လုံးဝပြန်နိုး၍ မရတော့။ ဘွဲ့ရဲ့နဖူးကလည်း အချိန်ကြာလာလေလေ ပိုပြီးနာလာလေလေပဲဖြစ်သည်။ နေရင်း ထိုင်ရင်းကို အကုသိုလ်ဝင်ကာ ငွေကုန်ကြိမ်းဖြစ်လာပြီမို့ ဘွဲ့ကတော့ ဒီအတိုင်း ငြိမ်ခံနေမှာ မဟုတ်တော့ချေ။

ဘွဲ့ အသည်းထဲအထိ စွဲမြဲစွာ မှတ်မိနေသော ကားနံပါတ်ကို ထပ်ခါတလဲလဲ ရေရွတ်ရင်း ဒီကားကို ရှာဖွေဖို့ ဆုံးဖြတ်ခဲ့သည်။

✱ ✱ ✱





ရှုကယ်တမ်းတော့ ထိုကားကို ဘွဲ့တစ်ယောက် ခက်ခက်ခဲခဲ မ ှာဖွေခဲ့ရချေ။ ဘွဲ့ ထင်ထားတာက ကညနရုံးတွေ မော်တော်ယာဉ်ရုံး ရှိရာတွေ စသဖြင့်သွားကာ အကျိုးအကြောင်းရှင်းပြပြီး အလုပ်ရှုပ်ခံကာ ရှာဖွေရလိမ့်မည်ဟု ထင်ထားသော်လည်း ဒိုထက်လွယ်ကူနေခဲ့သည်။ ဘွဲ့တစ်ယောက် ကားပျက်တစ်စီးနှင့် တိုင်ပတ်နေတုန်းမှာပဲ အနားသို့ ကားတစ်စီးက ထိုးရပ်လာကာ လူကြီးလူကောင်းပုံစံရှိသော အသက်ကြီးကြီးလူတစ်ယောက်က အခက်အခဲကို မေးမြန်းတာဖြစ်သည်။ တစ်လက်စတည်းမှာပဲ ဘွဲ့ ပြောပြသော ကားနံပါတ်ကိုလည်း သိနေသည်။

"သြော် ... အဲဒီကားက ဟိုဘက်ထိပ်နားကပဲကွယ့်။ မိန်းကလေးသွားပြောရင်တော့ အဖော်လေး ဘာလေးခေါ်သွား ... ခြံနံပါတ်(၆)တဲ့။ မိန်းကလေးရဲ့ကားကတော့ ဝပ်ရှော့ကိုပဲ ပို့မှဖြစ်တော့မယ်နဲ့တူတယ်၊ ဖုန်းဆက်ပြီးလှမ်းခေါ်မှပဲ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှာတာ ... ဟုတ်ကဲ့၊ ကျွန်မ ပြင်နေကျဝပ်ရှော့ ရှိပါတယ်။ ကျွန်မ ဖုန်းဆက်လိုက်ပါမယ်။ ရတယ် ဦးလေး၊ ခုလိုပြောပြပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ် ...

ခြံနံပါတ်(၈)ဆိုတာတော့ သေချာပါတယ်နော်၊ အိမ်ရှင်တွေ နာမည်ကရောဟင်"

"အင်း ... အိမ်ရှင်ကတော့ အကျော်ဒေဝယျ လို့ပဲထင်တယ် ကွယ့်။ သူတို့က ပြောင်းလာတာ သိပ်မကြာသေးဘူး။ တစ်နှစ်ကျော်လောက်ပဲ ရှိသေးတာ ...

သိနေတာလည်း တစ်ခြားတော့ မဟုတ်ဘူး။ ဦးက ဒီရပ်ကွက်မှာ ရပ်ကွက်လူကြီးမို့လို့ပဲ။ ဧည့်စာရင်းတိုင်ထားတာတော့ အိမ်ရှင်နာမည်ဟာ အကျော်ဒေဝယျပဲ ...

မိန်းကလေးက ကားမောင်းတဲ့လူကို မြင်လိုက်ရလို့လား"

"အသေအချာတော့ မမြင်လိုက်ပါဘူး ဦး။ ဒါပေမဲ့ မောင်းတဲ့လူက ယောကျ်ားဆိုတာတော့ သေချာပါတယ်"

"အင်း ... ဖြစ်နိုင်ပါတယ်။ နောက်ရက် နံနက်စောစော အဲဒီကားရှိမယ့်အချိန် သွားမေးကြည့်ပေါ့။ တကယ်လို့ အကူအညီလိုအပ်တာရှိရင်လည်း ဦးကိုပြော၊ ဦးနာမည် ဦးဝင်းရှိန်တဲ့၊ ဒီရပ်ကွက်ရဲ့ရယကပေါ့ ... ဟုတ်ပြီလား"





ဘွဲ့သည် ထိုလူကြီးကို အင်မတန် ကျေးဇူးတင်စွာဖြင့် ခေါင်းတွေအထပ်ထပ်ညိတ်သည်။ ကျေးဇူးတင်စကားတွေလည်း ဘယ်နခါလောက် ပြောဖြစ်မှန်းတောင် မသိပေ။ လောကကြီးမှာ ဒီလိုစာနာထောက်ထား ကူညီတတ်သည့် လူမျိုးတွေလည်း ရှိသေးပါလားဟု တွေးကာ ဝမ်းသာမိ၍ပင်။

ထိုဦးလေးကြီးထွက် သွားပြီးတော့မှ ဘွဲ့ဟာ ပြင်နေကျဝပ်ရှော့သို့ ဖုန်းဆက်ရသည်။ ဝပ်ရှော့ပိုင်ရှင် ဦးလေးကြီးကလည်း မေမေရှိစဉ်ထဲက မေမေ့တပည့်လိုပင် ဖြစ်နေသောကြောင့်သာ တော်တော့သည်။

ဘွဲ့ရဲ့ကားကို လာဆွဲပေးသွားကာ ဘွဲ့လည်း ဝပ်ရှော့သို့ရောက် အလုပ်များသွားသည်။ နောက်တစ်ရက်မှာတော့ နံနက်စောစောပင် ဘွဲ့က ခြံနံပါတ်(၈)သို့ ထွက်လာခဲ့လေသည်။ ဘွဲ့ရောက်သွားတာက နံနက်ရှစ်နာရီခန့်မို့ ကားရော၊ လူရော အိမ်ထဲမှာ ရှိဦးမည်ဟုထင်၍ဖြစ်သည်။ မကျဉ်းမကျယ်ရှိသော ခြံထဲတွင် နှစ်ထပ်တိုက်လုံးရှိကာ ယောင်ကောင်ပုံစံဖြစ်၍ ဒီဘက်ခေတ်မှ ဒီဇိုင်းမျိုးမဟုတ်သဖြင့် အိမ်ပိုင်ရှင်ဟာ ဘိုးဘွားပိုင်မြေဟု ထင်စရာရှိသော်လည်း ရပ်ကွက်လူကြီး ပြောပုံအရတော့ ပြောင်းလာတာ တစ်နှစ်ပဲ ရှိသေးသည်ဆိုသဖြင့် အနုမှ ပိုက်ဆံရှိလာသဖြင့် ဝယ်တာဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... ဒါကြောင့်လည်း ရမ်းရမ်းကားကား တွေ လျှောက်လုပ်ခဲ့တာပေါ့။ ဘွဲ့က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခြံဝကဘဲလ်ကို နှိပ်လိုက်သည်။ ခဏနေသောအခါ လူတစ်ယောက်က ရောက်လာကာ တံခါးမဖွင့်သေးဘဲ ဘွဲ့ကိုမေးသည်။

"ဘာကိစ္စလဲ"

မေးတာကိုက ခပ်ပြတ်ပြတ်မို့ ဘွဲ့ကတော့ သတိကိုဆွဲထားလိုက်သည်။ အင်း ... ဟို ရယကလူကြီးကတော့ ပြောသား။ အဖော်တစ်ယောက်လောက်တော့ ခေါ်သွားပါတဲ့။ ခက်တာက ဘွဲ့မှာ အဲဒီလိုခေါ်စရာ အဖော်သဟဲမှ မရှိတာပဲလေ။

"ဒီအိမ်မှာ အကျော်ဒေယျ ဆိုတာ ရှိလား"

"ရှိတယ်။ သူနဲ့ တွေ့ချင်တာလား။ ဘယ်သူလဲ ... ဘာကိစ္စလဲ"

"ကျွန်မနာမည် မိုးဘွဲ့ကိုကိုပါ။ လာရင်းကိစ္စကတော့ မနေ့က ဒီအိမ်ကကားက ကျွန်မကားကို ဆောင့်ကနေပွတ်ဆွဲပြီး ဖင်နဲ့ရိုက်သွားလို့ အုတ်ခုံကို တိုက်မိတဲ့ကိစ္စပဲ ...

အဲဒီပြဿနာကိုရှင်းဖို့ ရောက်လာတာ။ ဒီအိမ်ရဲ့ ပိုင်ရှင် အကျော်ဒေယျနဲ့ တွေ့ချင်တယ်"

ခြံစောင့်ရဲ့ မျက်နှာက တစ်မျိုးဖြစ်သွားကာ ဘွဲ့ကို ခြေဆုံးခေါင်းဆုံး သေ... ချာချာ အကဲခတ်နေတာကို ဘွဲ့က လည်း ထိမထင်မျက်နှာထားဖြင့် ပြန်ကြည့်ပေးနေလိုက်သည်။ ကြည့်ရတာ အိမ်လာတဲ့ဧည့်သည်တွေကို ကိုယ်ပိုင်ကားနဲ့လာတဲ့သူ၊ Taxi နဲ့လာတဲ့သူ၊ ခြေလျင်လာတဲ့သူ စသဖြင့် ခွဲခြားဆက်ဆံတတ်ပုံမျိုးဖြစ်သည်။

"ခဏစောင့်"

ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွားသဖြင့် ဘွဲ့က ခံပြင်းစွာဖြင့် ကျန်ရစ်ခဲ့သည်။ ခြံစောင့်ကတောင် ဒီလိုဆက်ဆံသဖြင့် ငါ့ပုံစံဟာ သိပ်စုတ်နုပ်နေသလားဟု ကိုယ်ကိုယ်ကိုယ် ပြန်ဆန်းစစ်မိသောအခါလည်း ဘွဲ့ပုံစံက သာမန်မိန်းကလေးတစ်ယောက်ရဲ့ပုံစံပါပဲ။ အင်္ကျီချုပ်စတွေက ဈေးကြီးတာမို့ မြန်မာဝတ်စုံတွေကို ဝတ်ချင်လှသော်လည်း ထည်လဲဝတ်ဖို့ မတတ်နိုင်သည်မို့ ဘွဲ့က ဘယ်တော့မှမရိုးသည့် ဂျင်း(န်)ကိုသာ တော်သင့်ရုံ ဘလောက်စ်လေးတွေ၊ တီရှပ်လေးတွေနှင့် တွဲဖက်ဝတ်ဖြစ်သည်။

အခုလည်း ဘလောက်အနက် ခါးရှည်ကို ဂျင်း(န်) အပြာတစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ကာ ခါးထိလုလု ဘွဲ့ရဲ့ဆံနွယ်ဖြောင့်ရှည်ရှည်တွေကိုတော့ အားလုံးကို စုစည်းကာ နမ္မးကိုပါ အပြောင်သိမ်းထားတာဖြစ်သည်။ သားရည်ကြိုးအနက်နှင့် နာရီတစ်လုံးကလွဲလို့ ဘာလက်ဝတ်တန်ဆာမှ ဝတ်ဆင်မထားသော ဘွဲ့ရဲ့ပုံစံကို ခြံစောင့်ကတောင် အထင်မကြီးဘူးလား မပြောတတ်ပါ။

www.burmeseclassic.com



ခဏနေသောအခါ ခြံစောင့်က ပြန်ရောက်လာကာ ဘွဲ့ကို တံခါးဖွင့်ပေးသည်။ ပြီးတော့ ရှေ့ကဦးဆောင်ပြီး ခေါ်သွားကာ ဘွဲ့ကို ဧည့်ခန်းတစ်ခုထဲ၌ နေရာချထားပေးခဲ့လေသည်။ လူတစ်ယောက်မှ မရှိသော ဧည့်ခန်းထဲတွင် ဘွဲ့သည် ဟိုဟိုဒီဒီ ကြည့်ရင်း ကြောင်စီစီ ကျန်ရစ်ခဲ့သည်။ တခြားဧည့်ခန်းတွေလို အိမ်ရှင်တွေရဲ့ဓာတ်ပုံ ဘာညာ စတာတွေကို ချိတ်ထားတာလည်း မတွေ့ရ၊ ပန်းချီကားနှင့် အင်းလေးကန်ရှုခင်းဓာတ်ပုံကိုသာ တွေ့ရပြီး ရှင်းလင်းနေသော ဧည့်ခန်းထက်ဝယ် ဘွဲ့သည် ဘယ်သူမှန်းမသိသော လူတစ်ယောက်ကို စောင့်နေရသည်။

"ငါ့ကိုတွေ့ချင်တာ မင်းလား"

ခေါင်းငုံ့က ကြမ်းပြင်ကို စိုက်ကြည့်နေမိသော ဘွဲ့သည် ကိုယ်အားနားက အသံကြားတော့မှပဲ ဆတ်ခနဲ ဖြစ်သွားကာ ခေါင်းမော့ပြီး ကြည့်မိသည်။ ဘွဲ့မြင်လိုက်ရတာက စူးရှအေးစက်သော မျက်လုံးတစ်စုံနှင့် ဘွဲ့ထက် သုံးလေးနှစ်တော့ ကြီးနိုင်မည်ဖြစ်သော ယောကျ်ားတစ်ယောက်ပဲဖြစ်သည်။ နယူးပေါ်ဝါးနားရွက်ပေါ်ဖုံး၊ ကုပ်မှာထောက်တန်ရုံထောက်နေသော ခပ်ရှည်ရှည် ခပ်ဖွာဖွာ ဆံပင်တွေကြားမှ ကျောက်သားပြင်လို အေးစက်စက်မျက်နှာနှင့်လူသည် ချည်သားပန်းထိုးအကျႌပွပွကိုလည်း ဝတ်ဆင်ထားသေးသည်မို့ သူ့ ကြည့်ရတာ ထိုင်းရိုးရာလက်ဖွဲ့သမား





…ိုလို၊ ယာကူဇာဂိုဏ်းက ခေါင်းဆောင်လိုလို၊ တစ်ယောက်ယောက်…င် တူနေသည်။ ဘွဲ့သည် ကိုယ့်ကို စူးစိုက်ကြည့်နေသည့်မျက်လုံး…တစ်စုံအောက်မှာ အညှို့ခံနေရသူလို ကြောင်နေပြီး ရုတ်တရက်…စကားမှ မထွက်နိုင်သေးချေ။ အဲဒီလူမှ ပါဝါတစ်မျိုးရှိနေပြီး ကိုယ့်ကိုလာ၍ လွှမ်းခြုံထားသလိုလည်း ခံစားရသည်။

"ဘာကိစ္စလဲ ... ပြော"

"ဟို ... ကားနံပါတ်(.....)က ရှင့်ကားလား"

သူက မျက်ခုံးတစ်ချက် ပင့်သွားကာ ဟုတ်တယ် …သော သဘောမျိုးဖြင့် ခေါင်းဆတ်ပြသည်။ ဘွဲ့က နှုတ်ခမ်းကို …င်းတင်းစေ့လိုက်ရင်း ဒေါသတွေက ခုမှနိုးထလာသလို ရင်ကိုပါ …သိမသာ ဖွင့်လိုက်လျက် ...

"ဒါဆို မနေ့ကညနေက ဆယ်နာရီခွဲလောက်မှာ အဲဒီကားနဲ့ ရှင် ကားတစ်စီးကို ပွတ်ဆွဲခဲ့တာကို မှတ်မိဦးမှာပေါ့။ ရှင့်ကြောင့် ကျွန်မကား အုတ်ခုံနဲ့ဝင်တိုက်မိတယ်၊ ကားပိန့်သွားတယ်၊ မီးရွက်ကွဲသွားတယ် ...

ကားတစ်စီးလုံး အုတ်ခုံနဲ့တိုက်မိတာတောင် ရှင် လုံးဝလှည့်မကြည့်ခဲ့ဘူး၊ ဘယ်လောက်ထိအောင် တာဝန်သိစိတ် ကင်းမဲ့သလဲဆိုတာ !၊ အခု ရှင်လုပ်သွားတဲ့ကိစ္စအတွက် ရှင် ဘယ်လိုတာဝန်ယူမှာလဲ၊ အဲဒါပြော"



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရဲ့စကားတွေကို အဲဒီလူက သေချာစွာ စူးစိုက်နားထောင်ရင်းမှ ဘွဲ့ကိုလည်း စူးစူးစိုက်စိုက် ပြန်ကြည့်နေသည်။

"နေပါဦး ... မင်း ဆိုလိုတာက အဲဒီကားကို ငါမောင်းသွားတယ်လို့ ပြောချင်တာလား"

"ရှင် မောင်းလား မမောင်းလား ကျွန်မ မသိဘူး။ ကျွန်မကို သေလုအောင် ကျော်တက်သွားပြီး အရှိန်ပြင်းတဲ့ကားပေါ်မှာ ဘယ်သူမောင်းသွားလဲဆိုတာ ကျွန်မ မြင်လိုက်စရာအကြောင်းလည်း မရှိဘူး ...

ကျွန်မ သေချာလိုက်မှတ်ထားတာက ကားနံပါတ်ပဲ"

"ဘာဆိုင်လဲ။ ကားနံပါတ်ပြောတိုင်း ဟုတ်ပါတယ် တိုက်မိပါတယ်လို့ ဝန်ခံရမှာလား။ အဓိပ္ပာယ်မရှိတာ ၊"

အဲဒီစကားသည် ယာဉ်ဗာထဲက ထွက်လာတာမဟုတ်ဘဲ အောက်ထွက်လာသော အသံတစ်သံဖြစ်သည်။ ဘွဲ့ကလည်းကြည့်လိုက်လျှင် ဘွဲ့ကို ခါးထောက်ပြီး မတူသလို မတန်သလို ကြည့်နေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ မြင်လိုက်တာနဲ့ကို ပူလောင်ကျွမ်းရှသွားစေမည့် မီးတောက်နဲ့တူသော အလှမျိုးကို ပိုင်ဆိုင်ထားသည့် မိန်းမတစ်ယောက်က ဘွဲ့ကို မနှစ်မြို့သည့် မျက်လုံးများဖြင့် ကြည့်နေသည်။ ကြည့်ရတာ ဘွဲ့ကို ယုံကြည်ပုံ မပေါ်ချေ။ သက်သက်ပဲ အကြံအဖန်လာလုပ်သည်ဟု ထင်နေပုံရလေသည်။





အဲဒီအကြည့်၊ အဲဒီအပြောတွေကြောင့် ဘွဲ့ကဆတ်ဆတ်ခါအောင်ပင် ပိုမိုဒေါသထွက်သွားရသည်။

"ဘာဖြစ်လို့ အဓိပ္ပာယ်မရှိရမှာလဲ။ ရှင်က ဘာသိလို့ဝင်ပြောနေရတာလဲ။ (၉ခ/xxxx)စိမ်းပြာရောင် Surf ဟာ ရှင်တို့အိမ်ကကား ဟုတ်တယ်ဆိုရင် ကျွန်မကားကို ပွတ်ဆွဲသွားတာ အမှန်အကန်ပဲ ..."

မနေ့က ဆယ်နာရီခွဲအချိန် ကျွန်မ မဥ္ဇူလမ်းထဲမှာ ကားမောင်းနေတယ်၊ အဲဒီမှာ ဘေးကနေ ဆလွန်းတစ်စီးက ဖြတ်ကျော်တယ်။ အဲဒီဆလွန်းနဲ့အပြိုင် နောက်ကကားက အဲဒီစိမ်းပြာရောင် Surf ပဲ။ သူကပါ မရမက ဖြတ်ကျော်တက်တာ ...

မလွတ်တော့ ဖင်နဲ့ယမ်းပစ်ခဲ့တယ်၊ အဲဒီမှာ မြန်နံပါတ် (xx)ရဲ့အုတ်ခုံကို သွားတိုက်ပြီး ကားကရပ်သွားတော့တာပဲ ...

ကျွန်မပြောနေတာ အားလုံးအမှန်ပဲ။ ဒါတွေကိုမယုံကြည်ဘူးဆိုရင်လည်း ရပ်ကွက်လူကြီးနဲ့ပါ ဖြေရှင်းဖို့ရှိတယ်"

"ဘာရယ် ... ဘာရယ် ...။ မင်းက ဘာပြောတယ်။ ငါတို့ကို အိမ်ပေါ်ထိလာပြီး စော်ကားနေတယ်ဆိုတဲ့ သဘောပေါ့လေ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောနေတဲ့စကားထဲမှာ စော်ကားတဲ့စကား တစ်ခွန်းမှမပါသေးဘူး။ ရှင်တို့မျက်နှာတွေကသာ ကျွန်မကို အသံတိတ် စော်ကားနေကြတာ ...

ကျွန်မကပဲ မဟုတ်တမ်းတရားတွေ စွပ်စွဲပြီး ပိုက်ဆံလိုချင်လို့ ဒီအိမ်ပေါ်တက်လာတဲ့ပုံမျိုး ရှင်တို့ဆက်ဆံနေတာ၊ ဒီမှာ ကျွန်မမွဲတေနေတဲ့လူ မဟုတ်ဘူး ...

အခုရောက်လာတာလည်း ပိုက်ဆံကိစ္စထက် တာဝန်သိစိတ်ဓာတ်မရှိတာကို မကျေနပ်လို့ လာပြောတာ။ ရှင်းပြီလား"

"အောင်မာ ... တောက် ... နင် ..."

အဲဒီမိန်းမက တစ်ခုခုပေါက်ကွဲဖို့အလား ရှေ့တစ်လှမ်းတိုးစဉ်မှာပဲ ယာကူဇာလူထံမှ လက်တစ်ဖက်ကာပြပြီး တားမြစ်သည့်အသံ ထွက်လာသည်။

"ဆန်းသစ် ... နင် ဆက်မပြောနဲ့တော့"

"အိုး ... ဘာလို့ဆက်မပြောရမှာလဲ။ သူက အိမ်တိုင်ရာရောက်လာပြီး စော်ကားနေတဲ့ကိစ္စကို ငါက ဘာကိစ္စ ငုံ့ခံနေရမှာလဲ ...

သူကလည်း အိမ်ပေါ်တက်လာသေးတယ်။ သူကပဲ တာပြန်စီးနဲ့၊ တောက် ... သူ့ကို ဘာဖြစ်လို့ အိမ်ထဲဝင်ခွင့်ပေးလိုက်ရတာလဲ၊ ကိုမြင့်ကျော်ကို သွားခေါ်စမ်း"





"ခေါ်နိုင်းမနေနဲ့၊ ငါ ဝင်ခွင့်ပေးလိုက်တာ၊ ဆန်းသစ် ... နင် ဘာမှဝင်မပြောနဲ့။ နင်ပါရင် ပိုပြီးရှုပ်ကုန်မယ် ...

မနေ့က အဲဒီကားကို အောင်အောင် မောင်းသွားတာ မဟုတ်လား"

အဲဒီစကားကြောင့် ဆန်းသစ်စရဲ့မျက်နှာမှာ တစ်မျိုးဖြစ်သွားသည်။ အောင်အောင်သည် ဆန်းသစ်စရဲ့မောင်တစ်ဝမ်းကွဲ တော်စပ်သူ ဖြစ်လေသည်။ အောင်အောင် တစ်ယောက် ဆိုးသွမ်းကြောင်းကိုလည်း ဆန်းသစ်စ သိပြီးဖြစ်လေသည်။ မနေ့က နက်ပိုင်းထိ ဆန်းသစ်စ အိမ်မှာမရှိချေ။ မြဝတီဘက်သို့ အလုပ်ကိစ္စဖြင့် သွားနေရာ မနေ့ကနေ့ခင်းဘက်မှ ပြန်ရောက်လာတာဖြစ်သည်။ ဒီမိန်းကလေးပြောတာတွေဟာ ဖြစ်နိုင်သော်လည်း ဆန်းသစ်စ၏ဆိုက်ကိုအရ ဒေယျရဲ့အနားမှာ ဘယ်မိန်းမတစ်ယောက်ကိုမှ မမြင်တွေ့ချင်ပေ။ ဒါကြောင့် အိမ်ဖော်တွေကိုတောင် ကမ္ဘာပေါ်မှာ ရုပ်အဆိုးဆုံးဟု ထင်ရလောက်သည့် မိန်းကလေးမျိုးတွေကို ရှာဖွေခေါ်ယူထားခြင်းဖြစ်သည်။

အခုလောလောဆယ်မှာလည်း ဒီမိန်းကလေးကို ရှေ့မှာ ကြာကြာမရှိစေချင်တော့။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းများစွာ တွဲလာသည့် အတွေ့အကြုံတွေအရ ဒေယျရဲ့မျက်လုံးတွေသည် ထိုမိန်းကလေးထံတွင် စူးနစ်စွာ ကပ်ဝင်နေကြောင်း ရိပ်မိသိရှိရ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မင်းလည်း ဒေါသလေးကို နည်းနည်းလျှော့လိုက်ပါဦး။ မင်းသိထားဖို့က အဲဒီနေ့က အဲဒီကားကို ငါမောင်းတာ မဟုတ်ဘူး။ ဒါပေမဲ့ ကားကတော့ ငါပိုင်တဲ့ကား။ ဒါကြောင့် ဖြစ်ပျက်သမျှကိစ္စအဝဝကို ငါ တာဝန်ယူဖြေရှင်းပေးမှာပါ ...

မင်း ဖြစ်ချင်တာတွေကိုသာ အေးအေးဆေးဆေး ပြောပါ။ ဆန်းသစ် ... ကိုဂျင်မီနဲ့ ငါ ဖုန်းချိန်းထားတာရှိတယ်။ လာနေပြီလား မသိဘူး၊ Missed Call ဖြစ်နေရင် ပြန်ခေါ်လိုက်။ သူ ပြောထားတဲ့ကိစ္စ လုပ်ဖြစ်မယ်လို့၊ ဈေးကတော့ နင်နဲ့အရင်ညှိလိုက်"

ဆန်းသစ်စက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဒေယျကို လှည့်ကြည့်လိုက်သည်။ ဒေယျမျက်လုံးတွေက ဆန်းသစ်ကို ဒီနားကထွက်သွားဖို့ အချက်ပြနေကြသည်။ အလုပ်ကိစ္စကို အကြောင်းပြပြီး ပ,ထုတ်မှန်း သိတာကြောင့် ရင်ခံနေသော်လည်း မသွားရင် ဆန်းသစ်စ ပိုအရှက်ကွဲမှာကို သိနေသည်။ ဒေယျဆိုတဲ့ကောင်ဟာ သူလုပ်ချင်တာ တစ်ခုခုရှိလျှင် ဘယ်သူ့မျက်နှာကိုမှ မထောက်တတ်ဘဲ လုပ်တတ်တယ်ဆိုတာ အကြောင်းသိပြီးသားမို့ ဆန်းသစ်စသည် သူများအိမ်သို့ အလိုက်ကန်းဆိုးမသိ စောစောစီးစီးရောက်လာသော မိန်းမကိုသာ စားတော့ဝါးတော့မလို စူးစူးရဲရဲကြည့်ပြီး ထွက်လာခဲ့သည်။





ဘဲ့ကလည်း အသားလွှတ်ယောက်စားလုပ်သွားသော မိန်းမကို ကြည့်မရခဲ့။ ထိုမိန်းမ ထွက်ခွာသွားတော့မှ ယာဂုစာ ဝိတ်းချုပ်ကို တည့်တည့်ကြည့်ကာ ...

"ကျွန်မကားကို စည်းမရှိ ကမ်းမရှိ ပွတ်တိုက်သွားတဲ့လူကို ကျွန်မ တွေ့ချင်တယ်။ အဲဒီလူကို ကျွန်မကို ခေါ်ပေးပါ"

သူ့မျက်လုံးအစုံက ပင့်တက်သွားပြီး နှုတ်ခမ်းထောင့်နှုန်းတစ်ဖက်တင် မသိမသာ ပြုံးသွားကာ ...

"ဘာလို့လဲ။ မင်းစကားကို ငါ ယုံပါတယ်"

"ရှင် ယုံတာ မယုံတာထက် အဲဒီလူကို ကျွန်မ တွေ့ချင်တာ။ သူလုပ်သွားတဲ့ပုံစံက သိပ်တာဝန်မဲ့လွန်းတယ်၊ ကျွန်မကားက ရှင်တို့ကားနဲ့ယှဉ်ရင် ဆီနဲ့ရေလို ကွာခြားပါတယ်။ ခပ်ယဲ့ယဲ့ပဲ ရှိတော့တဲ့ အစုတ်ပါ ...

ဒါပေမဲ့ အဲဒီလိုဖြစ်တိုင်း ဂရုစိုက်စရာမလိုဘူး။ လုပ်ချင်ရာလုပ်မယ်ဆိုတဲ့ ပုံစံမျိုးကိုတော့ ကျွန်မ လက်မခံနိုင်ဘူး။ သူလုပ်သွားတဲ့ တာဝန်မဲ့မှုကို ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်ဘူး။ ကျွန်မ အခုလာတာ လျော်ကြေးလိုချင်လို့ လာတာမဟုတ်ဘူး။ အဲဒီလူရဲ့တောင်းပန်တာကို ခံချင်လို့ လာတာ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့တာဝန်မသိတတ်တဲ့ စိတ်ဓာတ်အတွက် သူ ကျွန်မကို တောင်းပန်ရမယ်၊ ကျွန်မ လိုချင်တာ အဲဒါပဲ"

သူမရဲ့စကားအဆုံးတွင် ဇွည့်ခန်းတစ်ခုလုံး ဘာအသံမှ မကြားရအောင် တိတ်ဆိတ်သွားသည်ဟု ထင်ရလေသည်။ ဒေယျသည် ကိုယ့်ကိုမှ ဒီစကားမျိုးတွေ လာပြောရဲသော ကောင်မလေးကို သေချာစွာစိုက်ကြည့်ရင်းမှ သူ့ခန္ဓာကိုယ်ထဲရှိ တစ်စုံတစ်ရာက သူ့ကို လာရောက်တိုးဝှေ့နေသလို ခံစားနေရသည်။ ဘာဖြစ်တာလဲ ? ၊ အဲဒါ ဘာဖြစ်တာလဲ ? ။

သူက ကောင်မလေးကို မျက်လုံးမျှားမေ့းစင်းပြီး သေချာစိုက်ကြည့်မိသည်။ ဘာမိတ်ကပ်မှမပါသော ရှင်းလင်းဝင်းမွတ်နေသည့် မျက်နှာသည် ဒေါသသွေးကြောင့်လားတော့မသိ။ ပါးပြင်နှစ်ဖက်က Branded အလှပြင်ပစ္စည်းများ သုံးထားသလို ပန်းသွေးခြယ်ကာ ရဲရဲမို့နေသည်။ သူ့ထက်ငယ်မည်ဟု ထင်ရတာက နုနယ်လတ်ဆတ်ကာ ရိုးသားသော မျက်နှာသွင်ပြင်ကြောင့်ဖြစ်ပြီး လူကတော့ မြင့်မားနွားသူဖြစ်သည်။

သာမန်ဝတ်စားဆင်ယင်မှုမျိုးရှိသော်လည်း တစ်စုံတစ်ရာက ချစ်စရာကောင်းနေသလို ခံစားနေရသည့် မိန်းကလေးကို ဒေယျသည် ကြည့်ရင်း ကြည့်ရင်းမှ ရင်ထဲမှာ နှစ်လိုဖွယ်ခံစားနေရသည်။ ဒီမိန်းကလေးဟာ သူ့ကို ထူးခြားမှုတစ်ခုခုပေးနေသလိုပဲ။ ပြီးတော့ အိမ်မှာ အလုပ်ထဲမှာ ဘယ်သူကမှ သူ့ကို ဒီလိုလေ





သံနှင့် မျက်နှာပေးမျိုး အမိန့်ပေးဆန်သည့်စကားမျိုး မပြောဖူးကြ၊ မပြောရဲကြ။ သူက အမိန့်ထုတ်ထားတာမျိုး မဟုတ်ဘဲ သူတို့ကိုက မပြောရဲကြတာ ရှိန်ကြတာဖြစ်သည်။ အမြဲတမ်း မှူးမှူးမွတ်ခံနေရသော လူတစ်ယောက်ဟာ အခုလိုမျိုး တစ်စုံတစ်ယောက်က အမိန့်သံဆန်ဆန် ဒါမှမဟုတ် စကားမာမာနှင့် ပြောတဲ့အခါမှာ ကျေနပ်သလိုလို သဘောကျသလိုလို ဖီလင်မျိုးကလည်း ဆန်းတော့ဆန်းလေသည်။

"မင်း ဖြစ်ချင်တာ ဒါအကုန်ပဲလား"

တစ်ဖက်က တင်းမာနေသလောက် သူ့အသံက အေးဆေးနူးညံ့နေသောအခါ သူမရဲ့မျက်နှာထားတွေက နည်းနည်းတော့ အကြောလျှော့သွားသည်ဟု ထင်မိသည်။ သူ့ရဲ့မှုးနှစ်သက်ဝင်နေသော အကြည့်တွေကိုလည်း ခုမှရှိန်သွားဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်။ အခုနက ရှင် ပြောလိုက်တာ ကျွန်မကြားလိုက်တယ်။ အဲဒီကားကို မောင်းတာ အောင်အောင်ဆို။ သူ့ကို ခေါ်ပေးပါ"

"မင်း ခဏတော့ စောင့်ရလိမ့်မယ်နော်။ ခုလောလောဆယ် သူ ဒီမှာမရှိဘူး"

"ရတယ်၊ ဒီလောက် အသိစိတ်ဓာတ် မရှိတဲ့လူကို ကျွန်မ မြင်ဖူးချင်လို့ကို စောင့်ဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



အကျော်ဒေယျက သဘောကျစွာနှင့် ပြုံးလိုက်ကာ မလှမ်းမကမ်းမှာ အခြေအနေကို အကဲခတ်နေသည့် ဘိုချမ်းကို ခေါင်းတစ်ချက်ဆတ်ပြီး ခေါ်လိုက်သည်။ ဘိုချမ်းက အနားသို့ ရောက်လာလျှင် ...

"အောင်အောင့်ဆီကို ဖုန်းဆက်လိုက်စမ်းကွာ။ ရောက်တဲ့ နေရာက အမြန်ပြန်ကြွခဲ့ပါလို့။ ဒီမှာ သူ့ကိုတွေ့ချင်နေတဲ့ အထူးဧည့်သည် ရောက်နေတယ်ဆိုတာ ပြောလိုက် ...

ဪ ... လုမွန်ကို ပြောလိုက်။ ဧည့်သည်အတွက် တစ်ခုခု စီစဉ်ခဲ့ပေးပါလို့"

"နေပါ။ ကျွန်မ ဘာမှမစားချင်ပါဘူး"

သူက မိန်းကလေးကို တစ်ချက်လှည့်ကြည့်ကာ ပြုံးလိုက်သည်။ သူ့စိတ်ထဲမှာ ရောက်နိုင်ဖို့ခဲယဉ်းသော မိန်းကလေးဆိုတဲ့ အမျိုးအစားက သူ့အနားမှာ ဒီ့ထက်ကြာကြာ ရှိစေချင်ပါသေးသည်။

"မင်းစိတ်ကို ခဏလောက် အေးအေးချမ်းချမ်း ထားနိုင်မလား၊ ငါ မေတ္တာရပ်ခံနေတာပါ"

သူမက သူ့ကို ဘယ်လိုလုပါလိမ့် ဟူသော ပုံစံဖြင့် ငဲ့ကာ ကြည့်သည်။ သူက သူမနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်ရင်းမှ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ"





"ဘာဆိုင်လို့လဲ၊ ရှင့်ကို ကျွန်မနာမည် ပြောပြဖို့ လိုအပ်လို့လား"

"အင်း ... လိုအပ်တယ်"

ဘယ်လိုလူမှန်းလဲ မသိပါ။ ဘွဲ့ရဲ့မျက်နှာကို နီးနီးလေးမှာရှိရဲ့သားနဲ့ အဝေးကြီးက လှမ်းကြည့်နေရသူလို ငေးမောကြည့်နေပုံဟာ ဘွဲ့ရဲ့စိတ်ကို မနှစ်မြို့ဖြစ်စေသည်။ ဒီလူရဲ့အကြည့်တွေကို ဘွဲ့ မကြိုက်ပါ။ ဒီအိမ်ထဲမှာ နေရတာလည်း စိတ်မသန့်တော့ဘဲ ဒုစရိုက်ဂိုဏ်းတစ်ခုထဲသို့ ရောက်နေသလို ခံစားရသော ဗီလင်ကတော့ ဆိုးလှသည်။

"ကျွန်မနာမည် မိုးဘွဲ့ကိုကို"

"မိုးဘွဲ့ကိုကို !။ အိုခေ ... ကောင်းပြီလေ၊ ကဲ ... ကော်ဖီသောက်ပါဦး။ မင်းကားက အခု ဝပ်ရှော့မှာပေါ့"

"ဟုတ်တယ်"

"မင်းကားရဲ့ကုန်ကျစရိတ်တွေ အားလုံးကို ငါ တာဝန်ယူပါတယ်။ မင်းအပ်ထားတဲ့ ဝပ်ရှော့နာမည်ကိုသာ ပြောလိုက်ပါ။ ကျသမျှတွေအားလုံး လာရှင်းပေးမယ်"

မလိုပါဘူးဟု ပြောချင်သော်လည်း အဲဒီစကားက ရုတ်တရက် ထွက်မလာချေ။ မကျဘူးဆိုလျှင်တောင် အနည်းဆုံး ငါးသောင်းလောက်က ပြေးမလွတ်ဘူးဆိုတာ သိနေသဖြင့် ဘွဲ့သည် အဲဒီငွေကြေးကို နမြောလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝပ်ရှောက တာမွေက ရှိုင်းဝပ်ရှေ့မှာ။ ရှင် တာဝန်ယူမယ်ဆိုတော့လည်း ပြီးတာပဲလေ။ တကယ်တမ်းပြောရရင် ကျွန်မက အလျော်တောင်းဖို့ လာတာမဟုတ်ဘူး။ ဒါပေမဲ့ အဲဒီငွေကို သုံးရမှာတော့ နမြောတာအမှန်ပဲ ...

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ပယောဂမပါဘဲ ကုန်ထားတဲ့ငွေမို့ပဲ"

သူက ဘွဲ့ရဲ့စကားကို ဟုတ်ပါပြီဟူသော ပုံစံဖြင့် ခေါင်းညိတ်ပြသည်။ အဲဒီအချိန်မှာပဲ ဧည့်ခန်းထဲသို့ လူတစ်ယောက် ဝင်လာတာဖြစ်ပြီး ထိုသူဟာ ဘွဲ့နှင့်ရွယ်တူလောက်ပဲဖြစ်မည်။ ဘွဲ့ထင်တာ မမှားရင်တော့ အောင်အောင်ဆိုတဲ့လူ ဖြစ်ဖို့များပါသည်။

"မိုးဘွဲ့ကိုကို ... မနေ့က မင်းကားကို ပွတ်သွားတယ်လို့ ထင်ရတဲ့ တရားခံဟာ သူ့ပါပဲ။ မေးကြည့်ပါ"

"ရှင် မနေ့က ကျွန်မရဲ့ဟောက်စ်ဝက်ဂွန်ကို ဖွတ်ကျော်တက်ပြီး ဖင်နဲ့ယမ်းသွားတယ် မဟုတ်လား"

"ဟာ ... အဲ ... အဲဒါက ..."

"ရှင် ငြင်းဖို့မကြိုးစားပါနဲ့။ ရှင် ရှေ့က လိုင်စင်ကိုမီ အောင်လိုက်နေတာလေ။ ရှင်တို့တွေ ဘာပြဿနာတက်လဲ မသိရပေမယ့် ရှင်လုပ်သွားတဲ့ နောက်ဆက်တွဲအကျိုးက





တော့ ကျွန်မကားက အုတ်ခုံကို ဝင်တိုက်တယ်။ ဘော်ဒီ ပိန်တယ်၊ မီးခွက်ကွဲတယ် ...

အဲဒီလို တိုက်မှာကို သိသိရက်နဲ့ ရှင် တမင်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး လုပ်သွားတာ မဟုတ်လား။ အထူးသဖြင့် မိန်းကလေးမောင်းလာတဲ့ကားစုတ်တစ်စီးပဲဆိုပြီး ရှင် လုပ်ချင်ရာ လုပ်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူး။ ဆောရီးပါ ... ကျုပ်လည်း ကျုပ်ပြဿနာနဲ့ကျုပ်ဆိုတော့၊ အိုခေလေ ... အခု ခင်ဗျားလျော်ကြေးလာတောင်းတာ မဟုတ်လား ...

ပြီးရောလေ ... ဘယ်« ... ်လိုချင်လဲ၊ ဘယ်လောက်ပေးရမလဲ ပြော"

အဲဒီစကားကြောင့် လျော့ကျနေသော ဘွဲ့ရဲ့ဒေါသတွေသည် အလိပ်လိုက်ပဲ ပြန်ထွက်လာတော့က ၁င်နေရာမှ တောင် ဝုန်းခနဲ ထရပ်မိသား ဖြစ်သွားသည်။

"ရှင် ဘာစကားပြောတာလဲ။ အခု ကျွန်မလာတာ ရှင့်ရဲ့ တာဝန်မဲ့တဲ့ စိတ်ဓာတ်ကြောင့် ရောက်လာတာ ...

ရှင် အဲဒီလို လုပ်သွားပေမယ့် ရအောင်စုံစမ်းပြီး ရောက်လာတာ။ အလျော်လိုချင်လို့ မဟုတ်ဘူး။ ရှင် ကျွန်မကို တောင်းပန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ဘာဆိုင်လို့လဲ ... အမိုက်မှာယ် ..."

"အောင်အောင် ... မင်း သူ့ကို တောင်းပန်လိုက်ပါ"

အဲဒီစကားကြောင့် အောင်အောင်က ဒေယျကို အံ့သြသလို အသာငဲ့ကြည့်သည်။ ဒေယျက ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ် အောင်အောင်။ မင်း မှားတယ်လေ။ ကိုယ် မှားတာကို ရဲရဲဝန်ခံပြီး ကိုယ့်အမှားအတွက် တာဝန်ယူပြီး တောင်းပန်တာ ရှက်စရာအလုပ် မဟုတ်ပါဘူး ...

မင်း အဲဒီလို တကယ်ပဲ လုပ်ခဲ့တယ်ဆိုရင် မင်းမှားတာပေါ့။ အများကြီးမှားတယ်။ မင်း ပူရှုးနောက်ကို အမြန်လိုက်တယ်ဆိုတာ ငါ သိတယ်။ ဒါပေမဲ့ အခြေအနေအရ တခြားလူတစ်ယောက် အပေါ်မှာတော့ မင်း မှားသွားခဲ့တယ်။ သူ့ကို တောင်းပန်လိုက်ပါ"

အောင်အောင်က အတော်ကြီး စိတ်လျှော့လိုက်သော ပုံစံဖြင့် ခါးထောက်ကာ ခေါင်းမော့အသက်ပြင်းပြင်းရှူရင်း ...

"အိုခေ ... ဆောရီးဗျာ၊ အကြီးကြီး တောင်းပန်တယ်။ ဟုတ်ပြီလား"

ပြောသွားပုံကိုက တမင်ရွဲ့ပြီး ပြောသွားမှန်း သိသော်လည်း ရှင် မရွဲ့နဲ့၊ အတည်ပြော ရိရိသေသေပြော ဆိုရင်လည်း ထပ်ပြောသူကပဲ တမင်ရစ်နေတယ် ဖြစ်မှာစိုးသဖြင့် ဘွဲ့က စိတ်လျှော့ကာ နှုတ်ခမ်းကိုပဲ တင်းတင်းစေ့ရသည်။





"ကဲ ... ကျေနပ်ပြီလား"

"ကျွန်မ သွားတော့မယ်"

ဘွဲ့က ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်ဖို့ပြင်သည်။ သူ့ထံမှ စကားသံတစ်ခုက ချက်ချင်းထွက်ပေါ်လို့လာသည်။

"ခဏလေး ... မင်းရဲ့ကား အပ်ထားတဲ့ ဝပ်ရှော့ကို လိုက်ပို့ပေးရင်းနဲ့ အဲဒီတန်ဖိုးတွေကိုပါ ပေးပါရစေ"

ဘွဲ့သည် ဘာမှပြန်မပြောတော့ဘဲ အကျော်ဒေယျဆိုသော လူရဲ့မျက်နှာကိုပဲ စေ့စေ့ကြည့်ကာ ချာခနဲ လှည့်ထွက်သို့လာခဲ့တော့သည်။ တွေ့ချင်တဲ့လူကိုလည်း တွေ့ရပြီးပြီ၊ ပြောချင်တဲ့စကားတွေကိုလည်း ပြောခဲ့ပြီးပါရက်နှင့် တစ်ခုခုတော့ ကျန်နေသေးသလို ဖြစ်နေတာကိုတော့ ကိုယ်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ချေ။

ရင်ထဲမှာတော့ နရိုန်ထိ ဘာကိုမှ အစာမကြေသေး။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



## ၄

မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က ဘယ်လိုအချိန်တွေမှာ ချစ်မိသွားသလဲဆိုတာ သုတေသနပြုကြည့်လျှင် နည်းနည်းစိတ်ဝင်စားဖို့ကောင်းသော အဖြေကိုတွေ့ရသည်။ ကောက်ယူမှုစစ်တမ်းများအရတော့ ပထမဦးဆုံးအကြိမ် တွေ့တွေ့ချင်းမှာပဲ စိတ်ဝင်စားသွားကာ နောက်ထပ်ထပ်တွေ့ချင်စိတ်များ ဖြစ်ပေါ်လာတာက ယောကျ်ားလေးအများစုဆီမှာပါတဲ့။ ဆိုလိုတာကတော့ ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်ကို ပထမဦးဆုံး စတွေ့တွေ့ချင်းပဲ မချစ်ရုံတမယ်ကြိုက်သည်ပေါ့။

သူသည်လည်း ဒီလိုပဲ ဖြစ်ခဲ့သည်။ ဘာရယ်ကြောင့်မှန်းမသိဘဲ မိုးဘွဲ့ကိုကို ဆိုသော မိန်းကလေးကို စတွေ့လိုက်





တဲ့ အခိုက်မှာ သူ့စိတ်အာရုံတွေ တစ်ခုလုံး သူမထံမှာ နစ်မြှုပ်သွားခဲ့သည်။ သူမဟာ သိပ်ကိုစွဲမက်ဖွယ်ကောင်းသော အလှပိုင်ရှင်တစ်ယောက်လည်း မဟုတ်ပါ။ ဒါပေမဲ့ ဘာဖြစ်လို့လဲတော့ သိချေ။ နုထွားမြင့်မားသော ကိုယ်လုံးနှင့်အတူ ရဲရင့်ပြတ်သားကာ သူ့ကို မာန်နဲ့ ထန်နဲ့ ပြောနေသော ပုံစံကိုလည်း သဘောနှစ်ခြိုက်သွားတာလည်း ပါသည်။

လူ့စိတ်ဆိုတာလည်း ဆန်းတော့ အဆန်းသားပင်။ ကိုယ်ကချည်း သူများအပေါ်မှာ အမြဲတမ်း အမိန့်ပေးညွှန်ကြားနေရပြီး ကိုယ့်စကားတစ်ခွန်းကို ဦးထိပ်ပန်ဆင်နေသည့် လူတွေကြားမှာ နေရတော့လည်း ကိုယ့်ကိုအမိန့်ပေးသလိုလို ခပ်မာမာပြောသလို စကားတွေကိုပဲ ကျေနပ်စွာ နာခံယူချင်နေပြန်သည်။ သူ့မှာ ကိုးကွယ်ရာ ဘုရင်မတစ်ပါးလောက်ရှိရင် သိပ်ကောင်းမှာပဲ။

ပြောရလျှင်တော့ သူ့ဘဝတွင် အချစ်ဆိုတဲ့အရာကို ဘယ်တုန်းကမှ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ခဲ့ဖူးချေ။ ဘဝရဲ့ရုန်းကန်လှုပ်ရှားရသော အနေအထားအရ မိန်းကလေးတွေကို စိတ်ဝင်စားဖို့ အခွင့်အရေး မပေးခဲ့သလို သူကိုယ်တိုင်ကလည်း ဘယ်သူ့ကိုမှ ရင်မခုန်ခဲ့။ ရင်ခုန်တတ်ခြင်း၊ ကြည်နူးဆွတ်ပျံ့ရခြင်းဆိုသော အချစ်ရဲ့တစ်ပိုင်းတစ်စ ဖိလင်တွေဟာ ဒီလောက်တောင် ဆွတ်ပျံ့ဖို့ကောင်းတယ်ဆိုတာ အခုမှပဲ သိရတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီအတွက်လည်း သူဟာ အချိန်တွေ သိပ်ဆွဲမနေခဲ့ပါ။ လောကကြီးတွင် ကိုယ်ချစ်ခင်တွယ်တာရသူတွေနဲ့ နေရမယ့်အချိန်ဆိုတာ များတယ်မရှိဟု သတ်မှတ်ထားသဖြင့် သူကမိုးဘွဲ့ကိုကို ဆိုသော ကောင်မလေးနှင့် ပတ်သက်ပြီး ချက်ချင်းပဲလှုပ်ရှားခဲ့သည်။ အစ်ကို,ကတော့ သူ့ပါတနာ ဘိုချမ်းက အားကိုးရစွာ ကူညီပေးခဲ့တာဖြစ်သည်။ သူမရဲ့ကားကို ဝပ်ရှော့မှာလိုအပ်တာထက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးခဲ့ပြီး သူမရဲ့အကြောင်းတချို့တလေကိုလည်း သူ့ထံသို့ ဆောင်ကြဉ်းပေးခဲ့လေသည်။

"သူ့မှာ အဖေ မရှိတော့ဘူးကွ။ အမေပဲ ရှိတော့တာ။ သူ့အမေကလည်း သိပ်မကြီးသေးဘူး။ ခပ်ငယ်ငယ်ပဲ ...

သူတို့က (......)မှာ နေတာကွ။ သိလား"

"ဩော် ... ဟုတ်လား"

သူ့ငွေးရပ်ကွက်တစ်ခုမို့ သူက ဩော် ... ဟုတ်လားဟု ဖြစ်သွားစဉ်မှာပဲ၊ ဘိုချမ်းက ခေါင်းယမ်းပြီး ဆက်ပြောသည်။

"ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ သူတို့က အထည်ကြီးပျက်တွေကွ၊ ငါ ကြားတာတော့ ကောင်မလေးရဲ့အမေကလောင်းတစား သိပ်လုပ်တယ်တဲ့ ...

အဲဒီတော့ သူတို့အဘိုးကြီး ထားခဲ့တဲ့ပစ္စည်းတွေကအဲဒီထဲပဲ ပါသွားနေတော့တာတဲ့။ အခုဆို အိမ်နဲ့ခြံကလွဲပြီး ဘာမှမကျန်တော့သလောက် ဖြစ်နေပြီ။ ကောင်မလေးကတော့ အိမ်ရှေ့မှာ အိမ်ဆိုင်လိုမျိုးလေး စတိုးဆိုင်လေးတစ်ခု ဖွင့်ထားတယ်တဲ့ ...

ကောင်မလေးကတော့ အေးအေးဆေးဆေးပဲတဲ့။ လိမ္မာတယ်လို့လည်း အသံထွက်တယ်။ ကဲ ... ငါသိသလောက်ကတော့ အဲဒါပဲ။ ဩော် ... သူက အင်္ဂလိပ်စာအဓိကနဲ့လည်း ဘွဲ့ရပြီးသားတဲ့နော်။ ရည်းစားရှိတယ်လို့လည်း မကြားမိပါဘူးတဲ့"

"အင်း ... ဒီလောက်သိရရင်တော့ မဆိုးပါဘူး"

သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးနေလျှင် ဘိုချမ်းက သူ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုကာ ...

"မင်း သူ့ကို ကြွေနေပြီလား"

"အင်း ... ကြွေတယ်ဆိုတာ ကျတာကို ပြောတာမဟုတ်လား။ အေးပေါ့ကွာ၊ သူ့ကို သဘောကျတယ်လို့ ပြောလို့ရပါတယ်။ ဘိုချမ်း ... မင်းလည်း သိတာပဲကွာ။ ငါ့ဘဝမှာ ဘယ်တုန်းကများ မိန်းကလေးတစ်ယောက်အကြောင်းကို ငါ့ပါးစပ်က တခုတ်တရပြောတာ ကြားဖူးလို့လဲ ...

ငါတို့က ဆင်းရဲခဲ့တော့ ငွေတစ်ခုတည်းကိုပဲ ခေါင်းထဲထည့်ခဲ့တာ။ ငွေရှိရင် အရာအားလုံး ပြည့်စုံပြီလို့ ထင်ထားခဲ့တာလေ။ ဒါပေမဲ့ မဟုတ်ဘူးကွ အဲဒါကို သူ့ကို






www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီးမှ ငါ သိလာရတာ။ လူတစ်ယောက်ရဲ့ဘဝမှာ နွေးထွေးလိုက်ဖြာရတဲ့ ကြည်နူးမှုမျိုး၊ ရင်ခုန်မှုမျိုးလည်း ရှိသင့်တယ်။ ဒါက ငွေတွေအများကြီးရလို့ ပျော်ရတဲ့ခံစားမှုမျိုးနဲ့လည်း မတူဘူး ...

ခုချိန်မှာ ငါ့ဘဝကို တစ်စုံတစ်ယောက်လက်ထဲကို ထည့်ပေးချင်စိတ်တွေ ပေါက်နေတဲ့အထိ စိတ်တွေက လှုပ်ခတ်နေတယ်။ အဲဒီနေ့က ငါ့ကို အမိန့်ပေးသလို မာမာထန်ထန် ပြောသွားတဲ့ပုံကိုပဲ သဘောကျနေမိတယ်။ ငါ့ဘဝ ငါပိုင်ဆိုင်သမျှကို သူ့လက်ထဲ ထည့်ပေးပြီး သူစီမံသလို နေချင်စိတ်တွေတောင် ပေါက်နေတာ၊ ဒါ အချစ်လား ... ဟင် ? "

သူ့စကားအဆုံးတွင် စူးစူးစိုက်စိုက် နားထောင်နေသော ဘိုချမ်းက ပါးစပ်အဟောင်းသားကြီးဖြင့် အကြာကြီးငေးကြည့်နေလေသည်။ သူကတော့ သူမအကြောင်း ပြောနေရင်းမှ သူမကို မျက်စိနဲ့ မြင်ယောင်လာသည်။ ဆံနွယ်တွေကို အပြောင်သိမ်း စုစည်းထားသဖြင့် ရှင်းလင်းဝင်းမွတ်နေသော မျက်နှာလေးနှင့် နနယ်မြင့်မားသော ခန္ဓာကိုယ်ရဲ့ လှုပ်ရှားပြောဆိုပုံ၊ အားလုံးတို့ဟာ မျက်ဝန်းထဲမှာ ရုပ်ရှင်ပြကွက်တွေလို တစ်ကွက်ချင်း ပြန်မြင်ယောင်လာမိသည်။

"သတိထားဦး ဒေယျ။ မင်း ရူးသွားဦးမယ်"





"ရူးပါစေကွာ။ ငါမှ တစ်ခါမှ မရူးဖူးတာ။ ငါရူးရလောက်အောင်လည်း သူ့ကို တစ်ခါတည်း ကြွေသွားတာကိုး"

"ငါ မင်းကို အကောင်းပြောနေတာ။ ခုချိန်မှာ အဲဒီလောက်ကြီး ပစ်မကျသေးပါနဲ့ဦးကွာ။ မင်း ရှေ့ဆက်ဦးမှာ မဟုတ်လား ..."

ရှေ့ဆက်ပြီး ပစ်ကျစရာတွေ အများကြီးကျန်သေးတယ်။ အခြေအနေကို ကြည့်တွက်ပြီး လှုပ်ရှားပါ သူငယ်ချင်းရာ"

"အေးပါကွာ၊ ငါ မင်းပြောတာကို နားလည်ပါတယ်။ ဒါပေမဲ့ အဲဒီ ခံစားမှုတွေက သူ့အလိုလို ရင်ထဲကဖြစ်လာတဲ့ ဖီလင်တွေဆိုတော့ တားရတော့ ခက်တယ်ကွ"

"ဟူး ... ကဲ ... ဒါဆိုရင် မင်း ဘာဆက်လုပ်မှာလဲ"

"စောင့်ကြည့်လေကွာ"

သူ့နှလုံးသားကတော့ ရင်တွင်းတစ်နေရာမှနေ၍ အချက်ပေးနေခဲ့ပြီဖြစ်သည်။ ချစ်ခြင်း၏ငှက်တစ်ကောင်သည် သူမထံသို့ စည်းချက်ကျနစွာ ပျံသန်းသွားနေလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဟော ... မိုးဘွဲ့ ရောက်လာတာနဲ့ အတော်ပဲ။ ခုနကပဲ မဂ္ဂဇင်းတိုက်တွေက စာအုပ်အသစ်တွေ လာချသွားတာ။ သုံးအုပ်တောင်ရမယ်။ ဝတ္ထုကလည်း အသစ်တွေရောက်တယ်"

"အင်း ... ယူမှာပေါ့ မမညို။ သိတယ် ... ဒါကြောင့်မို့ ရောက်လိုရောက်ငြား လှည့်ဝင်လာတာ။ ဒီနေ့ အားသစ်နဲ့ Dream Flower က ကားသစ်တွေ ဖြန့်လို့လေ"

"မိုးဘွဲ့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော်လုပ်နိုင်တာပဲနော့်"

ဆိုင်ရှင် မမညို၏ ချီးကျူးစကားကို မိုးဘွဲ့က အသာ အယာပြုံးကာ အသစ်ထွက်သော မဂ္ဂဇင်းတစ်အုပ်ရဲ့ Cover က





ကျော်ခမ်းနီ အမျိုးအစားသစ် ကြော်ငြာကို ကြည့်ရှုနေမိသည်။ အင်း ... ဒီတံဆိပ်ကို မေမေသုံးနေတာ တွေ့တော့ တွေ့မိသားပဲ။ ဒါပေမဲ့ မေမေသုံးတာက ရိုးရိုး Colour Stay ဖြစ်ပြီး ဒါကတော့ ပဲ့ဖော်တွဲ့တို့လို လူငယ်အကြိုက် ကိုရီးယားစတိုင်လ် အကြည်ရောင် ချွဲလေးတွေ ထပ်ထုတ်တာဖြစ်သည်။

အင်း ... ဒါမျိုးတွေအနားလည်း မကပ်နိုင်ခဲ့တာ ကြာလှပေါ့။

ပင်ကိုဓာတ်ခံက ကောင်းလွန်းလို့သာ ကြည်လင်လှပသော အသားအရေကို ပိုင်ဆိုင်ထားနိုင်တာဖြစ်ပြီး ဒီခေတ်ပေါ် နာမည်ကြီး Skin Care အကောင်းစားတွေနားကိုလည်း ကပ်လို့တောင် မကပ်နိုင်ခဲ့ပါ။ တော်သင့်ရုံ ထောင်ကျော်တန် အလှပြင်ပစ္စည်းလေးတွေကိုသာ ချင့်ချိန်သုံးစွဲရင်း အသီးအရွက် ချားများစားကာ စိတ်ကိုရှင်နေအောင် ထားခြင်းဖြင့် ကျန်းမာလှပသော စိတ်နဲ့ခန္ဓာရဖို့ ဂရုစိုက်ရသည်။ ငယ်ငယ်တုန်းက ကိုယ့်လောက်တောင် မနေနိုင်သည့် သူငယ်ချင်းတွေ ခုချိန်မှာ ကိုယ့်ထက်မြင့်မားစွာ နေရတာကိုလည်း ဘယ်လိုမှ မခံစားရပါ။ မိုးဘွဲ့သည် ကိုယ့်ဘဝကိုယ် အရှိအတိုင်း နားလည်လက်ခံထားပြီး ရိုးသားစွာ ရပ်တည်နေနိုင်ခြင်းအတွက်လည်း ဘယ်တော့မှ မရှက်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အခုလည်းပဲ စာအုပ်အငှားဆိုင်နှင့် အခွေဆိုင်ကို ထပ်မံတိုးချဲ့ပြီး ဖွင့်ထားတာဖြစ်သည်။ မိုးဘွဲ့တို့ရပ်ကွက်ထဲမှာ စာအုပ်ဆိုင်ရော အခွေငှားဆိုင်ရောက မရှိချေ။ ငှားချင်လည်း ရပ်ကွက်နဲ့အနီးဆုံးဖြစ်သည့် တခြားမြို့နယ်ဘက် ရောက်လုလု ဆိုင်တစ်ဆိုင်မှာ သွားငှားရသည်။ စာအုပ်တစ်ခါငှားရဖို့ နာရီဝက်လောက် လမ်းလျှောက်ရသလို ကားနဲ့ပါ သွားချင်သွားရတတ်သည်။ ဒါကြောင့် ဒီအကွက်အကွင်းကိုမြင်သော ဘွဲ့ဟာ အဲဒီအလုပ်လေးနှစ်ခုကိုပါ တွဲဖက်ဖွင့်လိုက်တော့ အခြေအနေကမဆိုးပေ။

သူ့ဒွေးရပ်ကွက် ဆိုသော်လည်း လုစဥ်ထုတ်မဂ္ဂဇင်း၊ ဝတ္ထုများကို ဝယ်ဖတ်တတ်သူဆိုတာ ရှားလှသည်။ နိုင်ငံခြားအခွေတွေ အရမ်းပေါကာ နေရာတိုင်းမှာ ဝင်လို့ရနေသော်လည်း မြန်မာဗီဒီယိုဇာတ်ကားများကတော့ ဖြန့်ချိရေးမှ တရားဝင်ဝယ်ယူရသည်မို့ မိုးဘွဲ့ရဲ့ဆိုင်လေးက လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်သလို အဆင်ပြေသွားသည်။ ညနေဘက်ဆိုလျှင် မိုးဘွဲ့ရဲ့ New Face စာအုပ်ငှားဆိုင်နှင့် ခွေငှားဆိုင်လေးထဲတွင် လူငယ်လူရွယ်များဖြင့် စည်ကားနေလေ့ရှိလေသည်။ စာဖတ်အားကမသေးကြသောကြောင့် အဖတ်များသည့် မဂ္ဂဇင်းတွေ ဝတ္ထုတွေဆိုလျှင် သုံးလေးအုပ် ဝယ်တင်ရသည်။

"(......)ရော မယူတော့ဘူးလား။ အဲဒါလည်း မနေ့ကမှ ထွက်ထားတာ"





"အင် ... ယူမယ်၊ အဲဒါက တစ်အုပ်ပဲ။ မိုးဘွဲ့လည်း ဖတ်ချင်လို့။ သူက လိုင်းစာအုပ်ဆိုတော့ တော်တော်များများက ဝယ်ဖတ်ကြတာများတယ် မမညိုရဲ့။ မိုးဘွဲ့တို့ရပ်ကွက်က စာတော့ တော်တော်ဖတ်ကြတယ် ...

လိုင်းစာအုပ်တွေ တချို့ ရသစာအုပ်တွေကျတော့ အပိုင်ဝယ်ဖတ်ကြတာများတယ်။ အပျော်ဖတ်လေးတွေ ဟာသစာအုပ်လေးတွေသာ ဆိုင်ကနေ ငှားဖတ်တာ ...

စာအုပ်ဆိုင်က မိုးဘွဲ့လည်း စာဖတ်တာဝါသနာပါနေလို့သာ ဖွင့်ဖြစ်တာပါ။ ကိုယ်ဖတ်ရတာ အမြတ်ပဲဆိုပြီးတော့။ စာအုပ်တွေက ဈေးကြီးတော့ သိပ်အမြတ်ကြီးတော့ မဟုတ်ဘူး မမညိုရဲ့"

"အမယ်လေး ... သူက ညည်းပြနေပြန်ပြီ။ အင်း ... ဒီခေတ်က လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်နဲ့ အတော်လေးကွာသွားတာတော့ အမှန်ပဲလေ ...

အရင်တုန်းကတော့ စာရေးဆရာတွေ၊ စာအုပ်ဆိုင်တွေရဲ့ ရွှေခေတ်ပေါ့၊ အခုတော့ ဖျော်ဖြေရေးတွေက အရမ်းများနေတော့ စာအုပ်ဈေးကွက်ကလည်း သိပ်မကောင်းတော့တာ။ ဒါပေမဲ့ စာဖတ်တဲ့ ပရိသတ်စစ်စစ်တွေတော့ ကျန်သေးတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ အဲဒါလေးတွေပဲ အားကိုးနေရတာ။ အဲဒွေ တွေကလည်း ကိုရီးယားစီးရီးစ်တွေ ဘယ်လောက်ပေါက် ပေါက် မြန်မာကားကိုပဲ ကြည့်ချင်တဲ့ပရိသတ်က ရှိသေးတော့ အလုပ်ဖြစ်သေးတာပေါ့ ...

မမညို တွက်ပေးပါဦး၊ ဘယ်လောက်ကျသလဲလို့"

မိုးဘွဲ့က စကားစကိုဖြတ်ကာ ငွေရှင်းဖို့ လှမ်းဆော်လိုက်သည်။ ကိုယ်က ရိုးသားပွင့်လင်းစွာ ရယ်တည်နေထိုင်လို့လားတော့ မသိ။ လူတွေကလည်း မိုးဘွဲ့ဆိုလျှင် ခင်မင်စာနာ ကူညီချင်သူတွေ များသည်။ ဒီစာအုပ်ဆိုင်လေး ဖွင့်မယ်ဆိုတော့လည်း ဖေဖေ့ရဲ့ကျေးဇူးမကင်းခဲ့ဖူးသူ မညိုပြာ အကူအညီတွေ အများကြီးပေးခဲ့သေးသည်။ မေမေကတော့ တစ်ချိန်တုန်းက ရွှေထီးဆောင်းဘဝကိုပဲ တမ်းတကာ ဒီလူတွေနဲ့ အပတ်အသက်ကို မလုပ်ပေ။ အကူအညီ ယူရမှာတောင် အောက်ကျတယ်ဟု သတ်မှတ်ထားသူဖြစ်သည်။

စာအုပ်မိုး ပိုက်ဆံရှင်းပြီး သွားသောအခါ မိုးဘွဲ့သည် ဆိုင်ရှင်အစ်မကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။ ပြန်အထွက်မှာပဲ ရုတ်တရက် နေရောင်ပျောက်ကာ မှိုင်းညို့လာသော ကောင်းကင်ဟာ မိုးစက်တွေ တဖောက်ဖောက်နှင့် ကျဆင်းလာတော့တာဖြစ်သည်။ မြို့ထဲ စာအုပ်တန်းတို့၏ ထုံးစံအတိုင်း ကားရပ်စရာနေရာမရှိသဖြင့် တစ်လမ်းကျော်မှာ ပါကင်ထိုးထားရသော မိုးဘွဲ့





ရဲ့ကားလေးရှိရာသို့ မပြေးရုံတမယ် ခြေလှမ်းရသည်။ ခုမှဝယ်လာသော စာအုပ်အသစ်တွေ စိုမှာစိုးရသေးသည်လေ။

အဲဒီအချိန်မှာပဲ မိုးဘွဲ့ရဲ့ကိုယ်ပေါ်သို့ လုံခြုံစွာရိပ်မိုးလာသော ထီးအကြီးကြီးတစ်ခုကို တွေ့လိုက်ရသည်။ ငုံ၍ကြည့်လိုက်လျှင် ဟင်ခနဲ မြည်သံက ရင်ထဲမှာပဲ ဖြစ်ထွန်းသွားကာ ပါးစပ်ကတော့ အသံထွက်မလာခဲ့ချေ။ ထီးမိုးပေးသူကတော့ မိုးဘွဲ့ကို ရင်းနှီးသော မျက်လုံးများဖြင့် ချိုရီစွာ ပြုံးကြည့်လာကာ ...

"မင်း ကိုယ့်ကိုမှတ်မိတယ် မဟုတ်လား"

ဘွဲ့က မျက်မှောင်တစ်ချက်ကြုတ်ကာ နှုတ်ခမ်းကို တင်းတင်းစေ့မိသွားသည်။ ခေါင်းထဲမှာလည်း အဲ့ဩ ရယ်အချက်ပေးခေါင်းလောင်းသံတွေ မြည်လာသည်ဟု ထင်သည်။ ဒီလူ ဘာလဲ ? ? ။ ဒီနေရာကို ဘာ့အတွက်ကြောင့် ရောက်လာရတာလဲ။ ဒီနေရာဟာ ဒီလူနဲ့ ဘာမှဆိုင်သောနေရာ မဟုတ်ဟုလည်း ထင်နေမိသည်။ ခြေလှမ်းတွေတောင် အနေနကထက် ပိုမြန်သွားသလိုပင်။

"အရမ်းမြန်မြန်ကြီး မလျှောက်ပါနဲ့။ မိုးက အဲဒီလောက်ကြီး မသည်းပါဘူး။ ကိုယ်လည်း ထီးမိုးပေးထားတာပဲဟာ"

"ရှင်က ဘာကိစ္စ ကျွန်မကိုလာပြီး ထီးမိုးပေးနေတာလဲ။ ဖယ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရဲ့ခပ်ဆတ်ဆတ်အသံကို သူက ပန်းတောင်းတွန့်ပြီး ပြုံးလိုက်သေးကာ ...

"မိုးရွာလို့ မိုးပေးထားတာပေါ့။ မင်း ကားအနားအထိ ကိုယ်လိုက်ပို့ပေးမှာမို့ မိုးရွာနေတာကို ခေါင်းထဲမထည့်ဘဲ ဖြည်းဖြည်းလျှောက်ပါ"

"ကျွတ်"

ဘွဲ့က စိတ်မရှည်စွာ ... ပြီးတော့ စိတ်တိုလာစွာနှင့် ခြေစုံကိုရပ်ကာ အဲဒီလူကို တည့်တည့်စိုက်ကြည့်လိုက်သည်။ အနည်းငယ်ရှည်သည်ဟု ပြောရမည်ဖြစ်သော ခပ်မွှာမွှာဆံပင်တွေကြားမှ မေးရိုးကျကျ မျက်နှာတစ်ခုက ဘွဲ့ကို ရဲတင်းပိုင်နိုင်စွာ စိုက်ကြည့်နေပုံကို အမုန်းဆုံးပဲ ဖြစ်တော့သည်။ ရှည်လျားလွန်းသောအရပ်မှာ ငါးပေခုနစ်လက်မရှိသော ဘွဲ့ထက်တောင် ခေါင်းတစ်လုံးစာ မြင့်သေးသဖြင့် သူ့ကို မော့ကြည့်နေရသေးသည်။

အဖြူရောင်ဖျင်ကြမ်းသားလိုမျိုး ရိုးရာဆန်ဆန်အင်္ကျီကို Body fit ဝတ်ထားကာ ဂျင်း(န်)တစ်ထည်ဖြင့် ဒီလူသည် သူ့ကိုမြင်ရတာ တကယ်ပဲ ဂိုဏ်းခေါင်းဆောင်တစ်ယောက်ယောက်နှင့် တူနေသည်ဟု ထင်မိသည်။

"ဒီမှာ ... ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့။ ရှင့်ဟာရှင် အေးအေးဆေးဆေးသွား။ ရှင့်ထီးကိုလည်း ဖယ်လိုက်တော့ ...





ကျွန်မအတွက် မလိုအပ်ဘူး"

"ကောင်းပြီလေ။ မင်းဆန္ဒအတိုင်း ဖြစ်စေရပါ့မယ်"

သူက ပြောပြီးတာနှင့် ထီးကိုပိတ်ချလိုက်သည်။ ဒါပေမဲ့ ဘွဲ့ရဲ့အနားကနေ၍တော့ ထွက်ခွာမသွားသေးချေ။ ထီးပိတ်ပြီးနောက် ဘွဲ့ရဲ့ဘေးကပဲ လိုက်ပါလာကာ အလွန်ကိုသက်သောင့်သက်သာရှိနေသောပုံစံဖြင့် ...

"မင်းရဲ့ကား မောင်းလို့ကောင်းလား၊ အဆင်ပြေရဲ့လား၊ အဲဒီနေ့က တခြားလိုတာတွေပါ လုပ်ပေးလိုက်တယ်လို့ ပြောတယ်"

"ကျွန်မ အဲဒါတွေ စိတ်မဝင်စားဘူး။ ရှင် ကျွန်မဘေးက ဆက်မလိုက်ရင် ကောင်းမယ်"

"ကိုယ်ကလည်း ဒီလိုမျိုး ဆယ့်ခြောက်နှစ်သားပိုးနည်းမျိုးနဲ့ ဘေးကနေ တကပ်ကပ် လိုက်မနေချင်ပါဘူး ...

မင်းနဲ့ နားလည်မှုရှိရှိ မိတ်ဆွေဖြစ်ချင်ပါတယ်။ ခွင့်ပြုပေးမလား"

ကျွတ် ... ဒီလူဟာ ရဲတင်းလိုက်တာနော်။ တစ်ခါလေး တွေ့ဖူးတာနဲ့ နောက်ထပ် တစ်ပတ်လောက်အကြာမှာ ဘွဲ့တစ်ယောက် သွားတတ် လာတတ်သော နေရာတွေကို ခြေရာခံနိုင်တယ်ဆိုတော့ သူ့အရည်အချင်းက တကယ်ပဲ စိတ်ပျက်စရာဖြစ်သည်။ ဘွဲ့က စိတ်ပျက်လွန်းသဖြင့် စကားတောင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောတော့ဘဲ မျက်နှာတင်းတင်းနဲ့သာ ဆက်လျှောက်လာမိသည်။ ယောကျ်ားတွေဟာ ကိုယ့်ထက်နှမ်းပါးသော မိန်းကလေးတွေမြင်လျှင် အပိုင်ပဲ၊ လက်ခံမှာပဲ ဟူသော အထင်ဖြင့် ဘာ့ကြောင့်များ နှတ်ကြီးပဲ ချဉ်းကပ်ချင်ကြသလဲတော့ မသိပါ။

"မိုးဘွဲ့ကိုကို ... မင်း ကိုယ်ပြောတာ ကြားရဲ့လား"

ကြားလို့ လူလိုကောင်းကောင်းမွန်မွန် ပြန်ပြောတော့လည်း လူလိုမှ နားမလည်တာဟူသော စကားကိုတော့ မပြောဖြစ်တော့ချေ။ ကားနားရောက်တော့မှာမို့ ဘွဲ့က ခြေလှမ်းကိုပဲ ဒီ့ထက်သွက်သွက်လေး ပိုလှမ်းမိသည်။

"ဘာလဲ ? ။ မင်းက ကိုယ့်ကို စကားပြန်မပြောတော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား။ အိုခေလေ ... As u like ...

မင်းမပြောတော့လည်း မပြော,ပြောအောင် လုပ်ရမှာက ကိုယ့်တာဝန်ပဲပေါ့၊ ကောင်းသောနေ့ပါ မိုးဘွဲ့ကိုကို။ ဒီနေ့ တစ်နေ့လုံး ကိုယ့်ရဲ့သတိရစိတ်နဲ့ မင်း အဆင်ပြေနိုင်ပါစေ"

အဲဒီစကားကိုတော့ မိုးဘွဲ့က ကားတံခါးကို ဆွဲဖွင့်ရင်းမှ သူ့ကို ခပ်မဲ့မဲ့ပဲ ပြန်စိုက်ကြည့်ကာ စကားပြန်ပြောလိုက်သည်။

"ရှင့်ကို တွေ့လိုက်တည်းက ဒီနေ့က ကောင်းသောနေ့ မဟုတ်တော့ဘူးဆိုတာ ကျွန်မ သိပြီးသား ...





ဒီမှာ အကျော်ဒေယျ။ ရှင့်ကို ကျွန်မ တစ်ခုတော့ ပြောလိုက်မယ်။ ကျွန်မဟာ ရှင် ထင်သလို မိန်းမမျိုး မဟုတ်ဘူး ဆိုတာပဲ"

"ဟင့်အင်း ...။ ဟုတ်မှာပါ။ မင်းကို ကိုယ်ကအရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ထားတာလေ ...

အဲဒီအတိုင်းတော့ ခုထိ မလွဲသေးပါဘူး"

အဲဒီစကားတွေကို သူက ဘာမှမဖြစ်တဲ့အတိုင်း အေးအေးဆေးဆေး တစ်လုံးချင်းပြောကာ ဘွဲ့ရဲ့မျက်နှာကိုလည်း စိတ်ပြေနပြေလို ကြည့်နေတာမို့ ဘွဲ့က စိတ်ပျက်စွာဖြင့် မျက်နှာကို ချာခနဲလှည့်ကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ကားက လမ်းမပေါ်ရောက်လို့ မောင်းနှင်နေသော်လည်း နောက်ကြည့်မှန်ကတစ်ဆင့် တွေ့မြင်နေရတာက အဲဒီလူရဲ့ကားက...လည်း ဘွဲ့ရဲ့ကားနောက်မှ ထက်ကြပ်မကွာ ပါလာသည့် ဆိုတာပဲဖြစ်သည်။ ဘွဲ့သည် မသိမသာ အံကြိတ်ထားမိကာ ခါတိုင်း ဖြည်းဖြည်းမောင်းနေကြကားကိုတောင် မြန်မြန်မောင်းနေမိသည်။

သူ့ကားကလည်း လိုက်ပါလာလိုက်သည်မှာ ဘွဲ့ရဲ့အိမ်ရှေ့အထိပဲဖြစ်သည်။ ဘွဲ့က ကားပေါ်...ဆင်း၍ ပစ္စည်းတွေချနေတော့လည်း လမ်းထောင့်ကနေ၍ ကားကိုမှီပြီး လက်ပိုက်ကာ စိမ်ပြေနပြေ ပြုံးပြုံးကြီး ကြည့်နေသေးသည်။ ...ိုင်အကူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကတောင် သတိထားမိသွားဟန်ဖြင့် အဲဒီလူကိုတစ်လှည့်၊ ဘွဲ့ကိုတစ်လှည့်ကြည့်ကာ ...

"ဟိုလူက မမရဲ့အသိလား မသိဘူး။ ဒီဘက်ကိုပဲကြည့်နေတယ်"

"မဟုတ်ပါဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်လေ ယမင်း။ အာရုံစိုက်မနေနဲ့"

ဘွဲ့က မပြောစဖူး ယမင်းကိုတောင် ခပ်ဆတ်ဆတ်ပြောမိကာ အဲဒီလူကို တနုံ့နုံ့ဆေါ်သထွက်ရင်၊ အိမ်ထဲကိုပဲ ကူးလာခဲ့သည်။ အရင်လို ဒေါ်ကြီးရွှေနဲ့တောင် ဟက်ဟက်ပက်ပက် စကားမပြောနိုင်တော့ချေ။ လူကို တော်တော်အာရုံနှောက်အောင် လုပ်သည့်လူကို မကြည့်ချင်လောက်အောင် မနှစ်မြို့ဖြစ်နေပြီဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် သိလေသည်။

* * *





၆

ပုံရိပ်လေးတစ်ခုကို သူ စောင့်ကြည့်နေတာ ကြာခဲ့ပြီဖြစ်သည်။ သူမကတော့ သူ ကြည့်နေတာကို ရိပ်မိပုံမရဘဲလုပ်စရာရှိတာတွေကို သက်သောင့်သက်သာ အရှိဆုံး အနေအထားဖြင့် လုပ်နေတာကို မြတ်နိုးဖွယ် တွေ့မြင်နေရသည်။ ဘာအရောင်မှ ဆိုးမထားသော ပိတုန်းရောင်ဆံကေသာတွေက ကျောလယ်ထိရောက်အောင် ပျော့ပျောင်းနူးညံ့စွာ ဝဲဖြာနေကြသည်။ ဖလန်ထည်ကွက် ရှပ်အကျႌကို လက်ခေါက်ဝတ်ထားပြီး မိုးကွာတားဘောင်းဘီ ကာကီရောင်လေးကို ဝတ်ဆင်ထားသော ပုံစံမှာ တကယ့်ကိုပေါ့ပေါ့ပါးပါးနှင့် ခမ်းနားနေသည်။

သူမကို သူ အကြိုက်ဆုံး တစ်ချက်ကတော့ မိတ်ကပ်လုံးဝမလိမ်းသော သဘာဝမျက်နှာနှင့် နေထိုင်တတ်ခြင်းတို့ကြောင့်ပဲဖြစ်သည်။ သူမကို တွေ့လိုက်လျှင် သဘာဝအတိုင်း တင့်တယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်နေသော ဝင်းမွတ်နေသည့် မျက်နှာကိုပဲ တွေ့မြင်ရမည်ဖြစ်သည်။ သူက အဲဒီမျက်နှာလေးကို တရှိက်မက်မက်ငေးကာ ကားပေါ်မှ ဆင်းလိုက်သည်။ ကိုးနာရီထိုးတော့မည်မို့ သူမရဲ့စတိုးဆိုင်လေးရော၊ စာအုပ်ဆိုင်၊ အခွေဆိုင် စတာတွေပိတ်တော့မည်။ လူလည်းရှင်းသွားပြီမို့ ဒီအချိန်မှာ သူသွားဖို့ကောင်းသော အခြေအနေပဲ ဖြစ်တော့သည်။

သူက ကားထဲမှဆင်းကာ အသက်ဝဝရှုပြီးနောက် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ပြီး သူမရဲ့ဆိုင်လေးရှိရာသို့ ပြည်းပြည်းချင်း လျှောက်လာခဲ့သည်။ သူမရဲ့ဆိုင်နာမည်က New Face တဲ့။ နေရာတိုင်းမှာ New Face တွေ ရှိတတ်တာ၊ new Face တွေကနေ တကယ်အောင်မြင်သူတွေ ဖြစ်သွားတာကို သဘောကျပြီး ပေးထားတာ ဖြစ်နိုင်သည်။ ဒီလိုပဲ အချစ်ရဲ့မျက်နှာသစ် လူသားတစ်ယောက်ကိုလည်း နေရာမပေးချင်ဘူးလား မိုးဘွဲ့ကိုကိုရယ်။

သူ ဆိုင်ထဲသို့ ရောက်သွားချိန်ဝယ် သူမက သူ့ကို မမြင်သေးပါ။ စတိုးဆိုင်ဘက်မှာ တစ်ခုခု ညှန်ကြားနေတာတွေ့ရပြီး အကူကောင်မလေးက လှမ်းပြောလိုက်တော့မှ လှည့်ကြည့်လာတာဖြစ်သည်။ သူ့ကိုမြင်သွားသော မျက်လုံးတွေမှာ ချက်ချင်းပဲ အစိမ်းရောင်အရွေ့အသက်တွေ ပြောင်းလဲသွားတာကို တွေ့လိုက်ရသည်။





"ကိုယ် စာအုပ်ငှားချင်လို့ပါ"

"ရှင် အဓိပ္ပာယ်မရှိတာတွေ လာမလုပ်ပါနဲ့။ ဒါ ကျွန်မ အလုပ် လုပ်နေတဲ့နေရာ။ မနှောင့်ယှက်ပါနဲ့"

"ဘယ်လိုဖြစ်တာလဲ။ မင်းက စာအုပ်ငှားဆိုင် ဖွင့်ထားတာ မဟုတ်ဘူးလား"

"ဟုတ်တယ်။ ဒါပေမဲ့ ရှင် ကျွန်မကို နှောင့်ယှက်ချင်လို့ ဒီလိုရောက်လာတာလေ"

"မင်း မှားနေပြီ။ မင်းဆိုင်က စာအုပ်ကို တကယ်ပဲ ငှားဖတ်ချင်စိတ်နဲ့ ရောက်လာတာပါ။ ကိုယ့်ကို စာအုပ်ငှားပါ။ ဘာလဲ ... အသစ်ဆိုရင် စပေါ်တင်ရတာလား။ အဲဒါဆိုလည်း ကိုယ်တင်ပါ့မယ်"

သူ့အပြောကို သူမက စိတ်ပျက်သလို ကျစ်ခနဲ စုတ်သပ်ကာ မျက်နှာလွှဲသွားသည်။ သူ သတိထားမိသလောက် အဲဒီပုံစံကို သူနဲ့တွေ့လေတိုင်း မကြာခဏ သူမလုပ်တတ်သည်။ စိတ်ကုန်သည် စိတ်ပျက်သည်ဟူသော သဘောကိုဆောင်သော ပုံစံမို့ သူများလုပ်လျှင် သူ တော်တော်ဒေါသထွက်မိမှာဖြစ်သော်လည်း သူမကိုတော့ ဘာ့ကြောင့်မှန်းမသိ အပြစ်မမြင်ပါ။ ဒေါသ မဖြစ်ပါ။ ဒါဟာ အချစ်ကြောင့်ဆိုတာတော့ အထူးတလည်ရှင်းစရာ မလိုပါချေ။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို မကြည့်တော့ဘဲ စားပွဲပေါ်မှာ ထပ်တင်ထားသည့် အသစ်ဟု ယူဆရသော စာအုပ်များကိုသာ စိတ်ဝင်စားဟန်ဖြင့် လှန်လှောကြည့်ရှုနေလိုက်သည်။

“ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေး ခံစားရမယ့် အချစ်ဝတ္ထုမျိုး ဖတ်ချင်တယ်။ ဘယ်စာအုပ်ကို ဖတ်ရမလဲ”

သူ့ရဲ့အမေးကို သူမက ဘာမှပြန်မပြောဘဲ နှုတ်ပိတ်ကာ စုပုပ်နေသည်။ သူက ယောက်ျားစာရေးဆရာတစ်ယောက်၏ လုံးချင်းဝတ္ထုတစ်အုပ်၊ မဂ္ဂဇင်းအသစ်တစ်အုပ်ကို ကောက်ယူကာ ...

“ဒီနှစ်အုပ် ယူမယ်။ မှတ်ပေးပါ”

သူမက ခပ်ဆောင့်ဆောင့်ဖြင့် စာအုပ်နှစ်အုပ်ကို မှတ်သည်။ သူက အဲဒါကို လက်ပိုက်ပြီး ပြုံးကြည့်နေမိကာ ...

“ကိုယ့်နာမည်ကို မမေးတော့ဘူးလား”

စာကို ငုံ့ရေးနေရာမှ မျက်လုံးလှန်ကြည့်ပုံမှာ အသည်းယားချင်စရာဖြစ်သည်။ အနီးကပ်ကြည့်လေ သူမ၏ မျက်နှာလေး ရှင်းသန့်ဝင်းမွတ်နေတာကို ပိုမိုထင်ရှားစွာ တွေ့မြင်ရလေဖြစ်တာကြောင့် သူက အဲဒီမျက်နှာလေးကို ကြည့်မဝစွာဖြင့် တစိမ့်စိမ့် ကြည့်နေမိသည်။ ဒီမိန်းကလေးကို ဘာကြောင့်များ ရုတ်တရက်ကြီးကို စွဲလမ်းသွားမိတာပါလိမ့်။





သူမက ဖျတ်ခနဲ မော့ကြည့်လိုက်လျှင် သူ ကြည့်နေတာနှင့် တန်းဆုံသွားသောကြောင့် မျက်မှောင်တစ်ချက်ကျုံ့သွားကာ ...

“ဒီစာအုပ် နှစ်အုပ်အတွက် စပေါ်ငါးထောင် ပေးခဲ့ရလိမ့်မယ်”

“အိုခေ ... ရော့”

သူက ချက်ချင်းဆိုသလိုပင် Wallet ထဲမှ ငါးထောင်တန်တစ်ရွက်ကိုထုတ်ကာ သူမရှေ့သို့ ချပေးလိုက်သည်။ သူမက ငိုက်ဆံကို ကောက်သိမ်းကာ မှတ်ပြီးသားစာအုပ်နှစ်အုပ်ကို သူ့ရှေ့သို့ ချပေးသည်။

သူက စာအုပ်ကို ကောက်ယူပြီး ထွက်မသွားသေးဘဲ သူမရဲ့မျက်နှာကိုကြည့်ကာ ...

“မင်းနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောချင်တယ်၊ အဲဒါ ...”

သူ့စကားတောင် မဆုံးသေးချေ။ သူမထံမှ မြှားအစင်းတစ်ရာလို စူးရှသော မျက်လုံးတွေက သူ့ကိုလာစိုက်သည်။ သူ့ကို ထိမထင်သလို၊ မုန်းတီးသလို စိုက်ကြည့်နေသော မျက်လုံးများကို သူကလည်း တည့်တည့်ပြန်စိုက်ကြည့်ရင်းမှ ...

“မင်းဆီကို ကိုယ် ဖုန်းဆက်လို့ ရမလား”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ဖုန်းဆက်စရာ ဘာအကြောင်းမှမရှိဘူး။ ဒီမှာ … ရှင် အပိုစကားတွေ လာမပြောပါနဲ့။ ကျွန်မ အေးအေးဆေးဆေး အလုပ်လုပ်နေတဲ့နေရာမှာ ကျွန်မကို လာပြီး အနှောင့်အယှက် မပေးနဲ့ …

ရှင့်ကို ရလို စာအုပ်ငှားတယ်ဆိုတာကပဲ လွန်လှပြီ။ ရှင် ပြန်သင့်ပြီ"

အရမ်းကို ပြတ်သားသော မျက်နှာထားဖြင့် ပြတ်သားစွာပြောသော စကားများပဲဖြစ်သည်။ သူမဟာ ထင်ထားတာထက် ဘာကြောင့် စိမ်းကားပြတ်သားနေရသလဲဆိုတာ သူ နည်းနည်းတော့ နားမလည်ဖြစ်ရသည်။ သူမရဲ့ကားကို အောင်အောင်က ပွတ်ဆွဲသွားတယ်ဆိုပေမယ့် သူမရောက်လာခဲ့သည့်အခါမှာ သူက ပြေလည်အောင် ဖြေရှင်းပေးခဲ့တာပဲ မဟုတ်လား။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိရဘဲ သူမက သူ့ကို မြင်တာနှင့် မျက်မှောင်ကြီးကြုတ်ကြုတ်ပစ်ကာ ရန်သူတစ်ယောက်လိုဆက်ဆံပစ်တာတော့ ဆိုးလှသည်။ ဒါကလည်း သူ့ရဲ့နွေးထွေးမှုကို သူမက မျက်စိနောက်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်၊

"တစ်ဆိတ်လောက် … ကိုယ် မရှင်းလို့ မေးပါရစေ။ မင်းကိုယ့်ကို ဆက်ဆံတဲ့ပုံစံက အရမ်းပြတ်လွန်းအားကြီးတယ်၊ နောက် အရမ်းကို Against လုပ်လွန်းတယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲ … ကိုယ့်ကို ပြောပြနိုင်မလား"



"ကျွန်မ ရှင်တို့နဲ့ မပတ်သက်ချင်ဘူး"

"ဗိုး …။ အထူးအဆန်းပါပဲလား။ ဘာဖြစ်လို့ မပတ်သက်ချင်ရတာလဲ။ ကိုယ်က ဘာဖြစ်နေလို့လဲ။ သြော် … မင်းပြောတဲ့အထဲမှာ ရှင်တို့လို့ ပါတယ်နော်။ ဆိုလိုတာက ကိုယ့်အပြင် နောက်ထပ်ရှိသေးတယ်လို့ ပြောချင်တာလား"

သူမက မျက်နှာကို တင်းတင်းထားကာ ဆက်မပြောတော့ချေ။ စာအုပ်သိမ်းခြင်း၊ မီးတချို့ပိတ်ခြင်းများကို ပြုလုပ်ကာ သူ့ကို လှည့်တောင်မကြည့်တော့ပါ။ သူက စိတ်ကိုလျှော့လိုက်ရင်း သူမမျက်နှာကို လွမ်းဆွတ်စွာဖြင့် ကြည့်မိကာ …

"မိုးဘွဲ့ကိုကို"

သူက ဘာကြောင့်မှန်းမသိဘဲ သူမရဲ့နာမည်ကိုဆိုလျှင် အပြည့်အစုံခေါ်ရတာကိုက ဗီလင်တစ်ခုလို ဖြစ်နေသည်။ တစ်ချိန်ချိန်ကျရင်တော့ အဖျားဆွတ်ခေါ်ဖို့ စဉ်းစားထားသေးသည်။

"ကိုယ် ပြန်တော့မယ်၊ မနက်ဖြန် စာအုပ်ပြန်လာအပ်မယ်နော်"

သူမက သူ့ကို ကြည့်လည်းမကြည့်၊ ဘာမှလဲဘဲပြန်မပြောဆိုပါ။ သူက အဲဒီတုံ့ပြန်မှုအတွက် ပခုံးတစ်ချက်တွန့်ကာ သူမရဲ့ဆိုင်လေးထဲမှ ပြန်ထွက်လာခဲ့သည်။ သူ ကားဆီရောက်သောအခါ သူမက ဆိုင်တံခါးတွေကိုတောင် ပိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ။ သူက နှုတ်ဆက်သလို တစ်ချက်ကြည့်ကာ ကားကိုမောင်းလို့ ထွက်လာခဲ့သည်။

သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို မှတ်မှတ်ထင်ထင် မှတ်မှတ်ရရ ချစ်သွားခဲ့သော်လည်း အဲဒီမိန်းကလေးက ထူးခြားစွာပဲ သူ့ကိုမနှစ်သက်၊ မနူးညံ့သော မိန်းကလေးဖြစ်နေခဲ့သည်က ကံတရားက ကျီစားတာလားတော့ မပြောတတ်ပါ။ ကိစ္စမရှိချေ၊ ကိုယ်က မကြည်ဖြူသော မိန်းကလေးတစ်ယောက်က ကိုယ့်ကိုချစ်ခဲ့ပါက ဘယ်လိုပုံစံမျိုးနှင့် ချစ်မလဲဆိုတာက ပို စိတ်ဝင်စားဖို့ကောင်းမည်ဟု ထင်ပါသည်။

✻ ✻ ✻

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





၇

"သွားပြီနော် အစ်မ။ ကျေးဇူးပဲ"

ဘွဲ့က အကျီချုပ်သည့် အစ်မကို နှုတ်ဆက်ပြီး နောက် လှည့်ထွက်လာခဲ့သည်။ နည်းနည်းလမ်းလျှောက်လာကာ မိုးထည်ဆိုင်တစ်ဆိုင်ရှေ့မှ အဖြတ်တွင် ဆိုင်ထဲက မိုးထည်တွေကို နှစ်သက်သဘောကျစိတ်ဖြင့် ငေးရင်း လမ်းလျှောက်လာရာမှ တစ်စုံတစ်ယောက်က ဘွဲ့ရဲ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲထားတာနှင့် ကြံ့လိုက်ရသည်။ ရုတ်တရက်မို့ လန့်သလိုဖြစ်သွားရင်း လှည့်ကြည့်လိုက်လျှင် မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

"ဟဲ့ ... မယ်ဘွဲ့။ နင်က ငါ့ကိုတောင် မမှတ်မိတော့ဘူး လား"

"ဟယ် ... နှောင်နှောင်"



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့က တအံ့တသြကြီးပဲ အော်ရျမိလိုက်လေသည်။ ရုတ်တရက်မို့ ချက်ချင်းမခြေဒါနိုင်တာကလွဲလျှင် နောင်နောင်သည် ဘွဲ့၏သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဖြစ်သည်။ မတွေ့ရတာကြာတဲ့အချိန်အတွင်းမှာ အသားတွေ ပိုဖြူပြီး ပိုဝလာသော နောင်နောင့်ကို ရုတ်တရက်မို့ မမှတ်မိချင်ပဲ ဖြစ်တော့သည်။

"နင်က အသားတွေအရမ်းဖြူပြီး ဝလာတာကိုးဟဲ့။ ပြီးတော့ မတွေ့တာလည်း ကြာပြီဆိုတော့ ရုတ်တရက်ကြီး တွေ့လိုက်ရတော့ ဘယ်မှတ်မိတော့မလဲ"

"ဟား ဟား … လက်ဆွဲခေါ်လိုက်တော့ ရည်းစားဟောင်းများလားဆိုပြီး ရင်ခုန်သွားတာ မဟုတ်လား"

"သေပါလား။ နင်ဟာလေ အရင်ကလိုပဲ"

"ဘာလဲ … ချစ်ဖို့ကောင်းတုန်းပဲလား"

"ပေါတုန်းပဲလို့ ပြောတာ၊ ဘာလဲ ? အခု နင်က နင့်အမေကို လာပို့တာလား"

"အေးလေ … ပြန်ရောက်တာ တစ်ပတ်တောင်မပြည့်သေးဘူး။ ချော့ဆွဲခံနေရတာပေါ့။ ငါ နင့်ဆီ မနက်ဖြန်တောင် လာဦးမလို့ပဲဟ …

မလာခင် ဖုန်းအရင်ကြိုဆက်မလို့။ ဖုန်းနံပါတ်က မရှာရသေးတာနဲ့၊ ဟိုဒင်း … နင် အချိန်ရလား တစ်ခုခု





သွားစားရအောင်၊ ဆယ့်တစ်နာရီဆိုတော့ ဘာစားမလဲ၊ ဟဲဒီးပဲ ဆွဲမလား"

"မသိဘူး။ နင် အဆင်ပြေတဲ့ဆိုင်သွား"

"အင်း … ဒီနားက နီးတာဆို ဘာရှိမလဲ။ My Garden ကို သွားရင်ကောင်းမယ်ထင်တယ်။ အဲဒီမှာ အေးအေးဆေးဆေး ရှိမယ်"

"သွားလေ။ ငါ့မှာ ကားပါတယ်"

ဘွဲ့က ဦးဆောင်ရင်း ရပ်ထားသော ကားပါကင်ရှိရာသို့ ထွက်လာခဲ့သည်။ ဘွဲ့လာတာက ဗိုလ်ချုပ်ဈေးမှာရှိသော အင်္ကျီချုပ်ဆိုင်တစ်ဆိုင်မှာ မေမေ့အင်္ကျီတွေ လာရွေးပေးတာဖြစ်သည်။ အင်္ကျီဆိုလျှင် ရယ်ဒီမိတ်ကို လုံးဝမဝတ်တတ်ဘဲ ကိုယ်တိုင်းနှင့်မှ ချုပ်ဝတ်တတ်သော မေမေက အဝတ်အစားအသစ်လည်း အမြဲချုပ်ရမှ ကျေနပ်သူဖြစ်သည်။ ဘွဲ့ကတော့ ဘယ်တော့မှ ချုပ်မဝတ်တတ်ဘဲ ရုပ်တစ်ထည်နှင့် ဂျင်း(န်)တစ်ထည်ရှိလျှင် အဆင်ပြေသူတည်း။

ယောက်ျားလေးမို့ သွက်သွက်လက်လက် မောင်းတာရော၊ ကားကောင်းတာကြောင့်ရော နောင်နောင့်ရဲ့ကားက My Garden စားသောက်ဆိုင်လေးရှေ့မှာ အရင်ကြိုရောက်နေသည်။ ဆိုင်ထဲက စားပွဲတစ်ခုမှာ ထိုင်စောင့်နေသော နောင်နောင်က

"နင် ဘာစားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မစ်ခ်ရိုတ်ပဲ သောက်ပါမယ်"

"တစ်ခုခု စားဦးလေဟာ။ နင်ကလည်း ဆယ့်တစ်တောင် ခွဲတော့မှာပဲဆိုတော့ နေ့လယ်စာစားလို့ ရနေပါပြီ"

ဘွဲ့က မီနူးကိုတစ်ချက်လှန်ကြည့်ကာ ပင်လယ်စာ ထမင်းကြော်ကို မှာလိုက်သည်။

နောင်နောင်ကလည်း သူစားချင်ရာကို မှာပြီးနောက် တစ်ယောက်နဲ့တစ်ယောက် သတင်းအချက်အလက်တွေ ဖလှယ် ဖြစ်ကြလေသည်။

"နင် ဆယ်တန်းအောင်ပြီးတည်းက ထွက်သွားတာနော်။ ဟိုမှာ ကျောင်းပြီးပြီလား"

"မပြီးသေးဘူးဟ။ တစ်နှစ် ကျန်သေးတယ်။ အခု ကျောင်း သုံးလပိတ်တာနဲ့ ပြန်လာတာ"

"ဒါဆို နင် ကြာဦးမှာပေါ့"

"အေး ... ဒီမှာ နှစ်လကျော်လောက်တော့ နေလို့ရတာ ပေါ့။ ငါ နင့်ဆီကို ဆက်သွယ်မလို့ပဲဟ။ သိတယ် မှုလား ဒီရောက်တာနဲ့ အိမ်ကလူတွေကိစ္စနဲ့ကို လက်မလည်ဘူး လေ ...

နတောင် ခရီးသွားမယ် ဘာညာ ဖြစ်နေတာ"

"နင် အားရင် အိမ်လာလည်ဦးလေ"

"အင်းပါ၊ ဒါနဲ့ နင် အခု ဘာလုပ်နေလဲ"





"ငါ အိမ်မှာပဲ စတိုးဆိုင်လေး ဖွင့်ထားတယ်။ နောက် ပိုင်းတော့ စာအုပ်အငှားဆိုင်ရယ်၊ ခွေငှားဆိုင်ရယ် ထပ်ဖွင့် ထားတယ်။ အိုးမကွာ အိမ်မကွာပါပဲ ကောင်းပါတယ်"

နောင်နောင်က ဘွဲ့ကို အံ့သြသလိုကြည့်သည်။ နောင်နောင်နဲ့ ဘွဲ့ဆိုတာက ငါးတန်းတည်းက သူငယ်ချင်းတွေမို့ ဘွဲ့တို့ရဲ့မိသားစုအခြေအနေကို သိခဲ့သူဖြစ်သည်။ ဒါပေမဲ့ ဖေဖေ ဆုံးသွားပြီးနောက် သုံးလေးနှစ်အတွင်းမှာကို ပြောင်းလဲသွားသော အခြေအနေတွေကိုတော့ နောင်နောင် သိမှာမဟုတ်ချေ။ ဘွဲ့က ဘာကိုမှ ကွယ်ဝှက်မထားတော့ဘဲ နောင်နောင်ကို အတိုချုံးပြီး နားလည်အောင်သာ ပြောပြလိုက်တော့သည်။

ဘွဲ့ရဲ့စကားအဆုံးတွင် နောင်နောင်က ခေါင်း တဆတ်ဆတ်ညိတ်ကာ ...

"အေးဟာ ... မိဘနဲ့သားသမီးကျတော့လည်း ပြောရတာ ခက်တယ်။ ဘာပဲဖြစ်ဖြစ်လေ နင် အခုလို လုပ်တတ်ကိုင် တတ်တော့ မဆိုးဘူး ပြောရမှာပေါ့ဟာ"

"ဒီအလုပ်က သူဌေးဖြစ်တော့ မဟုတ်ဘူးပေါ့ဟာ။ ဒါပေမဲ့ အိမ်စရိတ်လေးတော့ ကာမိတာပေါ့ ...

ငါက အပြင်ကျတော့လည်း ထွက်မလုပ်ချင်ပြန်ဘူး၊ ကိုယ်ပိုင်အလုပ်ပဲ စိတ်ဝင်စားတာ"

"အေး ... နင် အကူညီ လိုတာရှိရင် ပြောပေါ့။ ဘာပဲဖြစ် ဖြစ်ပေါ့ဟာ ငါ တတ်နိုင်တာဆို နင့်ကို ကူညီချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်တာ တကယ်ကို ကူညီချင်စိတ်ရှိသော မျက်နှာထားဖြင့် ပြောတာမို့ ဘွဲ့က ကြည်နူးစွာပြုံးလိုက်ရင်းမှ မစ်ရှိတ်ကို ဝါးစင့်သောက်လိုက်မိသည်။ သောက်ရင်းမှနေ၍ မျက်ခနဲ ခေါင်းထဲပေါ်လာတာက ခုတလောမှာ ဘွဲ့ကို နှောင့်ယှက်နေသော အကျော်သေယျူဆိုတဲ့လူရဲ့ ရုပ်သွင်ဖြစ်သည်။ ရဲတင်းသော ပိုင်စိုးသော လူကို ပိုင်သလိုလို ပိုသလိုလို လုပ်ချင်သော ဒီလူကို အကောင်းဆုံး ပညာပေးဖို့ရာကတော့ ကိုယ့်မှာ ရည်းစားရှိတယ်လို့ သူ ထင်သွားရင်တော့ အဆင်ပြေမည်ဖြစ်သည်။

မဟုတ်ရင် ဘွဲ့လည်း စိတ်ရှုပ်ရသည်။ သာမန်လူတစ်ယောက်ဆိုရင်တောင် စိတ်အနှောင့်အယှက် ဖြစ်ရဦးမည်ဖြစ်လေရာ သူ့လို ဂိုဏ်းစတားလိုလို ဘာလိုလိုလူက ဒီလိုပုံတိသက် နှောင့်ယှက်နေတာတော့ ပိုပြီးတောင် စိတ်ရှုပ်ရသေးလေသည်။

"နင် ငါ့ကို တစ်ခု ကူညီပါလားဟင်"

"ဘာလဲ ... ပြော။ ငါ တတ်နိုင်တာဆို ကူညီမယ်လို့ ပြောပြီးသားပဲ"

"နင် တတ်နိုင်ပါတယ်"

နောင်နောင်က ပန်းသီးဖျော်ရည်ကို တစ်ငုံငုံရင်းမှ ဘွဲ့ကို ဘာလဲဟူသော ပုံစံဖြင့် မေးစမ်းကြည့်သည်။ ဘွဲ့က နောင်နောင့်ရဲ့မျက်လုံးတွေကို ပြန်လည်ဆန်းစစ်ကြည့်ရှုရင်းမှ ...

"နင့်မှာ ရည်းစားရှိလား"

"ဘာလဲ ... နင်က ငါ့ကို စိတ်ဝင်စားနေလို့လား"





"ငါ နောက်နေတာ မဟုတ်ဘူး။ အကောင်းမေးနေတာ"

"အင်း ... ဟိုမှာ ငါ လိုက်နေတဲ့ ကောင်မလေးတစ်ယောက်တော့ရှိတယ်ဟ။ ဒါပေမဲ့ Propose တော့ မလုပ်ရသေးပါဘူး။ အဆင်ပြေတယ်လို့တော့ ပြောလို့ရတယ် ... ဘာဖြစ်လို့လဲ ... နင့်ကို ကူညီရမယ့်ကိစ္စက ရည်းစားရှိမရှိနဲ့ သက်ဆိုင်နေလို့လား"

"မဟုတ်ပါဘူး။ နင့်ရည်းစားက ဒီမှာဆိုရင် ရှော့ရှိမယ်လို့ ထင်လို့ပါ။ ဒီလိုဟာ ... xxx xxx "

ဘွဲ့က အဖြစ်သနစ်စုံကို အတိုချုံးပြီး နားလည်အောင် ရှင်းပြလိုက်သည်။ ဘွဲ့ရဲ့စကားအဆုံးတွင် နောင်နောင်က ခေါင်းဘာဆတ်ဆတ်ညိတ်ကာ ...

"နင်ပြောတဲ့ပုံအရဆို ပိုက်ဆံရှိတဲ့ပုံပဲဟ။ ရုပ်ကရော"

ဘွဲ့က နောင်နောင့်ကို မျက်စောင်းတစ်ချက်ထိုးပစ်ရင်းမှ ပင်လယ်စာထမင်းကြော်ကို တစ်ဇွန်းစတင်ဝါးရင်း အဲဒီယာကူဇာဂိုဏ်းခေါင်းဆောင်ကို မျက်လုံးထဲမှာ ပြန်လည်ပုံဖော်နေမိသည်။

"အသားက ခတ်လတ်လတ်၊ မျက်လုံးတွေက ကျဉ်းရှည်ရှည်နဲ့မို့ ငါကတော့ သူ့ပုံစံကို မာဖီးယားဂိုဏ်းခေါင်းဆောင်လိုလို၊ ယာကူဇာဂိုဏ်းခေါင်းဆောင်လိုလိုပဲ ထင်မိတယ်။ သူ့ပုံစံက သွေးအေးအေးနဲ့ရက်စက်တတ်မယ့်ပုံမျိုး ပေါက်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူလုပ်တဲ့အလုပ်ကလည်း တပည့်တပန်းတွေ ဘာတွေနဲ့ လောင်းကစားစီးပွားရေးလေ။ ငါကတော့ သူ့ပုံစံကို လုံးဝမကြိုက်ဘူး။ အဲဒီလိုလူမျိုးက ငါ့ကိုလာပတ်သက်နေတာ လုံးဝသဘောမကျဘူး ...

ဒါကြောင့် နင်က ငါ့ရည်းစားဟန်ဆောင်ပေးပြီး သူ့ကို အနားက ခွာသွားအောင် လုပ်မလို့။ ဒါဆိုရင်တော့ သူ နည်းနည်းဖြုံသွားမလားလို့"

"နင် ထင်လို့လား။ တချို့ယောကျ်ားလေးတွေက တကယ်ချစ်မိပြီဆိုရင် ရည်းစားရှိတာတွေ ဘာတွေ နားမလည်တော့ဘူးဟ။ ဂရုလည်းမစိုက်တော့ဘူး ...

တော်ကြာ နင့်မှာ မစားရမသောက်ရနဲ့ ရည်းစားတစ်ယောက် အပိုတင်နေဦးမယ် ဟဲ ... ဟဲ"

"ဟင်း ... နင်ကတော့လေ၊ အဲဒါတွေ ငါ ဂရုမစိုက်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်လေ သင်းအတွက်တော့ အဟန့်တစ်ခု ဖြစ်သွားမှာပဲ။ ငါလည်း ပြောအားတော့ ရှိသွားတာပေါ့၊ နင် ကူညီမှာလား မကူညီဘူးလား ဒါပဲပြောဟာ"

"ကူညီမှာပါဟာ ... ကူညီမှာပါ နင့်ကလည်း။ အေး ... အဲဒါကြောင့် ရှေးမြန်မာစကားပုံတွေ ရှိခဲ့တာပေါ့။ တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထားနဲ့ လင်ယောကျ်ားမရှိတဲ့မိန်းမဆိုတာ မတင့်တယ် မလှပြဘူးတဲ့ ...





နလည်း ကြည့်လေ၊ နင့်အတွက် ရည်းစားလေးတစ်ယောက်၊ ယောကျ်ားတစ်ယောက်ကတော့ လုံခြုံရေးအရ လိုအပ်လာပြီ မဟုတ်လား"

"တော်စမ်းပါ။ ဒါက အခြေအနေအရကြောင့် အကူအညီတောင်းရတာ။ တကယ်တမ်း ဘယ်သူမှ မရှိဘူးဆိုရင်လဲ ငါ တစ်ယောက်တည်း ပွဲကြမ်းဖို့ ဝန်မလေးဘူး ...

ကဲ ... ဒါဆိုရင် နင် မနက်ဖြန်ညဘက်လောက် ငါ့ဆီ လာနိုင်မလား"

"ညဘက် ! ဘယ်နနာရီလဲ။ နင်တို့အိမ်ကိုလား"

"အေးပေါ့၊ အိမ်ဆိုတာထက် ဆိုင်ကိုပေါ့ဟာ။ ငါ့ဆိုင်က ညကိုးနာရီဆို ပိတ်ပြီလေ။ နင်က ရှစ်နာရီလောက်လာရင် ရပါတယ် ...

အဲဒီတစ်ယောက်က ရှစ်နာရီလောက်ဆို ရောက်နေပြီဟ"

"အေးပါ ... အေးပါ၊ ငါ ရုပ်အပြတ်ဖွင့်ပြီး လာခဲ့မယ်"

အဲဒီအပြောကြောင့် ဘွဲ့က ကျေနပ်စွာ ပြုံးနေခဲ့ရသည်။ တကယ်တော့ ဒီလုပ်ရပ်ဟာ ဘွဲ့ရဲ့လည်ပင်းကို ကိုယ်တိုင်ကြိုးကွင်းပြန်စွပ်ခဲ့သော လုပ်ရပ်မှန်း အဲဒီတုန်းကတော့ လုံးဝမသိခဲ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်ကိုလဲ"

မေးတဲ့လေသံကိုက ဖနီးမယားတစ်ယောက်က အပြင်ထွက်တော့မည့် လင်ယောက်ျားတစ်ယောက်ကို ပိုင်စိုးပိုင်နင်း မေးလိုက်တဲ့လေသံမို့ နင်လိုလူကများဟု ဒေါသထွက်ရမည့်အစား ဒေယျက ဆန်းသစ်ကို သနားတောင် သနားသွားရသည်။ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်နေသူများထဲတွင် ဆန်းသစ်စဟာ ထိပ်ဆုံးကပါဝင်သည်။ လောကတွင် လူတစ်ယောက်အတွက် အခြားလူတစ်ယောက်၏ အဆိုးဝါးဆုံးကိစ္စမှာ ကိုယ့်နေရာကိုယ် မသိတတ်ခြင်းပဲ ဖြစ်တော့သည်။

ကိုယ့်နေရာကိုယ် မသိသောလူတွေအတွက်၊ ဒါမှ မဟုတ် ရထားသော နေရာထက် ပိုလိုချင်သောလူတွေသည်





ဘယ်တော့မှ နေရာကောင်းတစ်ခု မရတတ်ဘူးဆိုတာ ဆန်းသစ်စ သိမှ သိပါလေစ။

"နင် အပြင်သွားတဲ့အခါ ငါ ဒါမျိုးမေးဖူးလား ဆန်းသစ်"

"ငါက ကိစ္စရှိလို့ မေးနေတာ။ ဒီနေ့ ကိုကျော်ထူးတို့က ကုန်းမြင့်သာမှာ ဒင်နာပေးမယ်လို့ ပြောထားတယ်လေ။ အဲဒါ မသွားတော့ဘူးလား"

"မသွားတော့ဘူး။ နင်နဲ့ ဘိုချမ်းပဲ သွားလိုက်တော့"

"မသွားလို့ ဘယ်ဖြစ်မလဲ။ ဒေယျ ... သူတို့က ငါတို့ရဲ့ ပါတနာအသစ်တွေနော်။ သူတို့ကြောင့် ငါတို့ အကျိုးအမြတ်အများကြီး ရနိုင်တယ်လို့ နင်ပဲ ပြောခဲ့တာပဲ မဟုတ်လား"

"အခုပွဲက ငါတို့ကြောင့် သူတို့ အကျိုးအမြတ်ရလို့ ဒင်နာပေးတာပဲ မဟုတ်လား။ နင်တို့သွားရင်တောင် ပြည့်စုံနေပါပြီ"

ဆန်းသစ်စက အဲဒီအပြောကို တစ်ဖက်လှည့်၍ သိမသာ အံကြိတ်မိသည်။ သင်၊ ဘယ်သွားမယ်ဆိုတာ မသိတာ ဘူလို့။ ဘာမဟုတ်တဲ့ အထည်ကြီးဖျက်မတစ်ယောက်ရဲ့ အစုတ်လုတ် စာအုပ်ဆိုင်ဆီကို ညတိုင်း သွားရောက် အခစားဝင်နေရ ဘယ်ဆိုတာ ဆန်းသစ်စက သိပြီးသားဖြစ်သည်။ သူကသာ သည်းသည်းလှုပ် အရှည်မျော်ကျွံနေလို့လည်း ဟိုက မာန်တက်ပြ



www.burmeseclassic.com

နေတာဟု တွေးမိသည်။ အရုပ်မြင့်မြင့်နှင့် ခန္ဓာကိုယ်ထွားသည်မှလွဲ၍ ဘာမှ မက်စရာမရှိသော မိန်းမတစ်ယောက်ကိုများ ဘာကြည့်ပြီး ကြွေနေလဲဆိုတာ ဆန်းသစ်ကတော့ လုံးဝစဉ်းစား၍မရချေ။

ဖေယျတစ်ယောက် တစ်နေ့မှာ Toliet ဘယ်နှစ်ခါဝင်သည်၊ ထမင်းဘယ်နှလုတ်စားသည် ဆိုတာက အတိအကျသိနေသော ဆန်းသစ်အဖို့ မိုးဘွဲ့ကိုကိုဟူသော မိန်းမတစ်ယောက် ဘာလုပ်တယ်၊ ဘယ်လိုလူစားမျိုးဆိုတာလဲ သိဖို့မခဲယဉ်းချေ။ အရင်တုန်းက ချမ်းသာခဲ့သလောက် ခုချိန်မှာတော့ အမေလုပ်သူ၏ ကောင်းမှုကြောင့် ခြံနဲ့ အိမ်နဲ့ပဲ အခွံကျန်တော့တယ်ဆိုတာလည်း သိပြီးသားဖြစ်သည်။ ဒါတောင် မာန်မချနိုင်သေးသော အထည်ကြီးပျက်မဟု ဆန်းသစ်ကတော့ နစ်နစ်နာနာတွေးကာ ဘယ်လိုမှကို ကြည့်မရနိုင်ချေ။ အနားမှာ တကယ့်ကို အလန်းစားတွေရှိပါရက်နှင့် ရုပ်အကျိုးနှင့် ဂျင်း(န်)သာ ဝတ်တတ်သော Congirl လိုလို ဘာလိုလို မိန်းမတစ်ယောက်ကို ဖေယျက ဘာတွေရင်ခုန်နေသလဲတော့ မပြောတတ်ပါ။ တစ်ခါတလေမှာ ယောက်ျားတွေဟာ ခပ်ကြောင်ကြောင်အတွေးအခေါ်တွေ ပိုင်ဆိုင်ထားသည်ဆိုတာ ဖေယျကိုကြည့်ပြီး ယုံကြည်ရတော့မည်ဖြစ်သည်။

"နင် အခုသွားမှာ ဟိုကောင်မလေးဆီကို မဟုတ်လား"





ဆန်းသစ်စရဲ့အဲဒီစကားကြောင့် သူက အသာငုံ့ကြည့်ခဲ့သည်။ ဒစ်ဂျစ်တယ်ကောက်ဟု သိထားရသော ဆံပင်ရွှေလိမ်ဆောက်များနှင့်အတူ ညနေခင်းမိတ်ကပ်ကို တောက်ပစွာ ပြင်ဆင်ထားသော ဆန်းသစ်စရဲ့မျက်နှာကို ပွလောင်စွာ တွေ့ရသည်။ သူဟာ ဆန်းသစ်ရဲ့ခံစားချက်ကို နားလည်ပါသည်။ သူတို့နဲ့ ဆန်းသစ်ဟာ သေတူရှင်ဖက်၊ ဒီအခြေနေထိရောက်အောင် ဒိုးတူဘေါင်ဖက် ကြီးစားလာရတာ မှန်သော်လည်း သေတူရှင်ဖက်နှင့် ဘဝလက်တွဲဖော်ဟူသည့် စကားလုံးမှာ အဓိပ္ပာယ်ချင်း မတူကြောင်း ဆန်းသစ်စကို သိစေချင်လေသည်။

"ဆန်းသစ် ... နင့်ကို ငါ တစ်ခုပြောရင် စိတ်မဆိုးနဲ့။ ငါတို့ဟာ ရဲဘော်တွေဆိုပေမယ့် Personal တွေထိတော့ လိုက်မလာသင့်ဘူးလို့ ထင်တယ်"

သူ့စကားကို ဆန်းသစ်က မူးရဲစွာ ပြန်စိုက်ကြည့်သည်။ ပြီးတော့ မသိမသာ အံကြိတ်လိုက်တာကိုလည်း သူက မြင်ဖြစ်အောင် မြင်လိုက်သေးလေသည်။ ဒါပေမဲ့ သူ ဘာမှဆက်မပြောတော့ပါ။ မနေ့က New Pace မှ မှာလာခဲ့သော စာအုပ်နှစ်အုပ်ကို ကောက်ယူကာ ဆန်းသစ်ရှေ့မှ လှည့်ထွက်လာခဲ့သည်။ အဲဒီနောက် သူ့တပည့်ကျော်များ အဆင်သင့်ရပ်ထားပေးသော ဆေါ်တီဂိုအောက်မှကားကို မောင်းကာထွက်လာခဲ့သည်။ ဘာကြောင့်မှန်းတော့ မသိပါ။ သူချစ်သော မိန်းကလေးတစ်ယောက်ဆီသို့

www.burmeseclassic.com



ကားမောင်းသွားရသော ခံစားချက်ဟာ အခါများစွာက ကားမောင်းဖူးသော ခံစားချက်တို့နှင့်မတူဟု တွေးမိလေသည်။

ကားကို ဖြည်းဖြည်းအေးအေး မောင်းသွားရင်း သူမအကြောင်းကို စဉ်းစားသွားရတာလောက် ကြည်နူးဖို့ကောင်းတာမရှိဟု ထင်မိသည်။ သူ နေထိုင်ရာရပ်ကွက်နှင့် သူမတို့နေရာမှာ သိပ်မဝေးသောကြောင့် ဆယ့်ငါးမိနစ်အတွင်း ရောက်ရှိလို့သွားလေသည်။ သူ့ထုံးစံအတိုင်း သူမဆိုင်ရှေ့ရဲ့ လမ်းတစ်ဖက်မှာ ကားရပ်ပြီးနောက် သူမကို စိမ်ပြေနပြေ ကြည့်သေးသည်။ သူမရဲ့ပြောပုံဆိုပုံ၊ လှုပ်ရှားပုံလေးတွေကို တစ်နေ့တာရဲ့ပြီးပြည့်စုံမှုအဖြစ် အေးအေးဆေးဆေးကြည့်ပြီးကာမှ ဆိုင်ဝိတ်ခါနီးလျှင် တာအုပ်သွားအပ်တာဖြစ်သည်။

ဒါပေမဲ့ ဒီနေ့တော့ ထူးခြားမှုတစ်ခုအဖြစ် သူမဆိုင်ထဲမှာ လူတစ်ယောက်၊ တစ်နည်းအားဖြင့်ဆိုရလျှင် သူမနဲ့ရွယ်တူတန်းတူလို ယောကျ်ားတစ်ယောက်ကို တွေ့ရသည်။ သူရောက်တည်းက ကြည့်နေသည်မှာ သူ ဆိုင်ထဲသို့ သွားတော့မည့်အချိန်ထိလည်း အဲဒီတစ်ယောက်က မပြန်သေးချေ။ ပြုံးလိုက် ရယ်လိုက် စကားပြောလိုက်ဖြင့် နှစ်ယောက်သားဟာ သာယာစိုပြည်သော အနေအထားမှာရှိသည်။ သူက အဲဒီအနေအထားကို တစ်ခဏတော့ အကဲခတ်ပြီးမှ သူမဆိုင်လေးရှိရာသို့ ဖြည်းဖြည်းမဲ လျှောက်လာခဲ့သည်။





သူမက ကောင်တာမှာထိုင်၊ သူမရဲ့နံဘေးမှာက အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ရုပ်သန့်သန့်လူကထိုင်ကာ နှစ်ယောက်သား စကားပြောနေကြရာဝယ် သူက ပြန်အပ်မည့်စာအုပ်ကို စားပွဲပေါ် ချပေးလိုက်သည်။ သူမကမှတ်ထားသော စာရင်းကိုဖျက်ကာ သူ့ကို ကျသင့်ငွေပြောသည်။ သူက အစ်ထောင်တန်တစ်ရွက်ကို ချပေးရင်းမှ ...

"မနေ့က ကိုယ် Fashion Image ယူမယ်လို့ မှာခဲ့တယ်နော်။ ရပြီလား"

သူမက သူ့ကိုမကြည့်ဘဲ "မရှိဘူး"ဟု တုံးတိဖြေသည်။ သူက သူမရဲ့မျက်နှာကို စူးစူးနှင့်နှင့် စိုက်ကြည့်ရင်းမှ ...

"ဒါဖြင့်ရင် ဘာရှိလဲ။ အသစ်ထဲက ဖတ်ချင်တယ်"

"ဘာမှမရှိဘူး"

သူမက တိုက်စစ်ကို ရှက်ကုန်စဖွင့်လာသည်။ သူက အသာကျစိတ်ဖြင့် ဟက်ခနဲတောင် ရယ်မိကာ ...

"မိုးဘွဲ့ကိုကို ... မင်းရဲ့ Customer တစ်ယောက်ကို ဒီလောက်ထိတော့ ပြတ်ပြတ်ကြီး မဆက်ဆံသင့်ဘူး ထင်တယ်ကွာ။ ကိုယ် ဘာတွေများ မင်းအပေါ်မှာ အနှောင့်အယှက်ဖြစ်အောင် လုပ်နေလို့လဲ"

သူမက အဲဒီအခါကျမှ ဖျတ်ခနဲ မတ်တတ်ထရပ်ကာ သူ့မျက်နှာကို စေ့စေ့ကြည့်လာသည်။ ပြီးတော့ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်သော အေးဆေးမျက်နှာလေးဖြင့် စကားကိုတစ်လုံးချင်း ပြောလေသည်။

"ဒီနေရာမှာ ကျွန်မနဲ့ပတ်သက်တဲ့ နေရာတွေမှာ ရှင့်ကို တွေ့တွေ့နေရတာကိုက ကျွန်မအတွက် ကြီးစွာသော အနှောင့်အယှက်တစ်ခုပဲ အကျော်ဒေးယျ ...

ရှင် ကျွန်မရှိတတ်တဲ့နေရာတွေကို ရောက်မလာရင် အကောင်းဆုံးပဲ"

"ဒီက အစ်ကို့ကို ကျွန်တော် စကားနည်းနည်းလောက် ပြောပါရစေ"

အဲဒီစကားက သူမဘေးမှာ ထိုင်နေသော လူရည်မွန်ထံက ထွက်လာတာဖြစ်သည်။ သူ လှည့်ကြည့်လိုက်သောအခါ လူရည်မွန်က သူ့ကို ရန်လိုခြင်းမပါဝင်သော မျက်လုံးများဖြင့် ကြည့်နေသည်။

ရုပ်ရှင်တွေထဲကလို ငါ့ရည်းစားကို လာမထိနဲ့ ဟူသည့် မီးပွင့်သွားမည့် မျက်လုံးမျိုး မဟုတ်တာမို့ သဘာဝတော့ ကျသားပဲဟု သူက တွေးမိသွားသေးသည်။

"ကျွန်တော်က မိုးဘွဲ့ရဲ့ချစ်သူပါ၊ ဩဇီမှာ ကျောင်းသွားတက်နေလို့ ဒီမှာမရှိဖြစ်တာ။ ကျွန်တော်က သူ့အနားမှာ အချိန်ပြည့် မစောင့်ရှောက်နိုင်ပေမယ့် သူ့ စိတ်ညစ်မှာကိုတော့ မလိုလားပါဘူး ...



ဟို ... အစ်ကိုလည်း လူကြီးလူကောင်း တစ်ယောက်ဆိုတော့ ကျွန်တော်ပြောချင်တဲ့ အဓိပ္ပာယ်ကို နားလည်မှာပါ"

"နားမလည်ဘူးကွ"

"ဗျာ"

သူ့ရဲ့မချိုမချဉ်ရုပ် မျက်နှာပေးနှင့် ပြန်ဖြေသော စကားသံကြောင့် လူရည်မွန်က အံ့သြစွာနှင့် ဗျာဟုတ,ကာ သူမကတော့ အိန္ဒိယဇာတ်ကား Hisss ထဲက မြွေမင်းသမီးလို ပေါက်ထွားမည့်ဟန် ပါးပျဉ်းထောင်လာသည်။ သူက ကောင်လေးနဲ့ ကောင်မလေးကို တစ်ယောက်တစ်လှည့်စီကြည့်ကာ ...

"ကိုယ့်ညီပြောတာ သဘာဝကျပါတယ်။ ဒါပေမဲ့ကွာ ပွင့်ပွင့်လင်းလင်း ပြောရရင် လွတ်လပ်တဲ့မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ယောကျာ်းလေးတစ်ယောက်က အချိန်မရွေး ပိုးပန်းခွင့်ရှိပါတယ်။ သူ အိမ်ထောင်မကျမချင်းပေါ့ ...

ညီလေးနဲ့သူ လက်မထပ်ရမချင်း ကိုယ် လွတ်လပ်စွာ ပိုးပန်းခွင့်ရှိတယ် မဟုတ်လား။ လူတစ်ယောက်ကို မချစ်ရဘူးလို့ တားမြစ်ပိတ်ပင်ရကောင်းရိုးလားကွာ။ တရားလွန် နှောင့်ယှက်ခြင်း မဟုတ်တဲ့ ဘောင်တစ်ခုထဲကတော့ ကိုယ်ချစ်နေကြောင်းကို ရိုးရိုးသားသား ဖော်ထုတ်ခွင့်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်ဟုတ် ဟူသော သဘောမျိုးဖြင့် အဆုံးသတ်စကားပြီးဆုံးလျှင် သူက သူမကို မေးတစ်ချက်ဆတ်ပြလိုက်မိသည်။ သူမက အခိုးအငွေ့တွေ ထွက်လာတော့မလား ထင်ရသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။

"ရှင် ... ရှင် ...။ တော်တော်အရှက်မရှိတဲ့ လူပါလား ... ဟင် ... တော်တော်မျက်နှာပြောင်တိုက်တဲ့လူပဲ။ ရှင့်လောက် အရှက်မရှိတဲ့လူမျိုး လောကမှာ မတွေ့ဖူးဘူး"

"အရှက်မရှိနိုင်လောက်တဲ့အထိ မင်းကို ချစ်ခဲ့တယ်လေ မိုးဘွဲ့ကိုကို ... ဟင် ? "

သူမရဲ့မျက်လုံးတွေက လက်ခနဲဖြစ်သွားလျှင် သူက သတိကြီးစွာ ထားလိုက်သည်။ လူတွေရဲ့မျက်လုံးကို နှစ်ပေါင်းများစွာ ဖတ်ခဲ့သူမို့ ဘယ်လိုမျက်လုံးမျိုးဟာ ဘာလုပ်တော့မည်ဆိုတာ သိသော သူ့အတွက်တော့ သူမရဲ့ဒေါသကို အချိန်မီတားဆီးနိုင်ခဲ့သည်။ ရုတ်တရက် မြှောက်တက်သွားသော သူမရဲ့လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး ထိန်းသိမ်းလိုက်သည်။

သူမက အံကြိတ်ကာ ရုန်းသည်။ သူက လက်ကို လွှတ်မပေးသေးဘဲ ...

"ကိုယ့်ကို အသားနာအောင် မလုပ်ချင်ပါနဲ့ မိုးဘွဲ့ကိုကို။ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တယ်ဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား ...





မင်းကို ဒီ့ထက်ပိုချစ်သွားလိမ့်မယ်"

စကားဆုံးတာနှင့် သူက လက်တစ်ဖက်ကို လွှတ်ပေးလိုက်သည်။ သူက လွှတ်အပေး သူမက ဆောင့်ရုန်းပြီးအထွက်၊ တစ်ယောက်နဲ့တစ်ယောက် ပြင်းရှစွာ စူးစိုက်ကြည့်မိကြသည်။ သူက စတင်ပြီး အကြည့်ကိုလွှဲကာ ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။ ခြေလှမ်းတွေ သိပ်မလှမ်းရသေးခင် တစ်လှမ်း နှစ်လှမ်း သုံးလှမ်း သိပ်မကြာခင်မှာပဲ သူ့နားထဲတွင် ခေါ်သံတစ်ခု ကြားလိုက်ရကာ တစ်ခုခုဖြစ်တော့မည်ဟု သိလိုက်သော်လည်း နောက်ကျသွားခဲ့ပြီဖြစ်သည်။ သူ့ရဲ့နောက်စေ့သို့ ပန်းအိုးတစ်လုံးက ခွမ်းခနဲ လာမှန်ပြီး ကျကွဲသွားသည်။ သူသည်လည်း မူးသွားသော ဝေဒနာတစ်ခုကို ခံစားသွားရကာ သူ့ကုပ်ပေါ်သို့ သွေးတွေစီးကျလာတာကို ခံစားရသည်။ သူက နာကျင်စွာဖြင့် တစ်ချက်ပြုံးလိုက်ကာ သူမဘက်သို့ ပြန်လှည့်လိုက်သည်။ ထိတ်လန့်စွာကြည့်နေသော လူရည်မွန်ရယ်၊ နာကျင်မှု၊ ဒေါသထွက်မှု၊ တုန်လှုပ်မှု အနည်းငယ် စသဖြင့် ခံစားချက်မျိုးစုံ ရောပြွမ်းနေသော မိုးဘွဲ့ကိုကိုရဲ့မျက်နှာရယ်ကို တွေ့လိုက်ရသည်။

တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းများနှင့် မုန်းတီးစက်ဆုပ်နေသော မျက်ဝန်းများကို သူက နူးညံ့စွာ ပြုံးကြည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုယ့်ကို အရိုးစွဲအောင်ချစ်ဖို့ လုပ်လိုက်ပြီပဲ။ မင်းကိုယ်တိုင်ပဲ လုပ်တာနော်။ အဲဒီတော့ မင်းလုပ်တဲ့ကိစ္စကို မင်းကိုယ်တိုင်ပဲ တာဝန်ယူရလိမ့်မယ်"

သူမက သူ့ကို ဘာစကားမှ ပြန်မပြောနိုင်တော့သော တဆတ်ဆတ်တုန်ယင်နေသည့် ဒေါသများဖြင့် ကြည့်နေသည်။ သူက နှုတ်ခမ်းထောင့်စွန်းလေးတွန့်ရုံ တစ်ချက်ပြုံးပြီးနောက် အသာယာ လှည့်ထွက်လာခဲ့သည်။ သူ့ခေါင်းကသွေးတွေ စီးကျနေသော်လည်း သူက သွေးအေးတည်ငြိမ်စွာ ကားမောင်းနိုင်ခဲ့ပဲဖြစ်သည်။ တကယ်တော့ သူဟာ သွေးအေးလေ ကြောက်ဖို့ကောင်းလေဆိုတာ သူကိုယ်တိုင်ပဲ အသိဆုံး ဖြစ်တော့သည်။

* * *



# ၉

မှန်တိုင်းမတိုက်ခင် ပင်လယ်ပြင်သည် လေပြည်ညင်းများ တိုက်ခတ်ကာ သာယာတည်ငြိမ်မှု အရှိဆုံးဟု ဘွဲ့ကြားဖူးသည်။ အခြေအနေတွေဟာ ဘာတွေဖြစ်လာဦးမလဲဟု မပြောနိုင်သေးခင်မှာ ဘွဲ့ရဲ့စိတ်တွေကတော့ ရှုပ်ထွေးလျက်ရှိသည်။ တစ်နေ့တစ်နေ့ လုပ်ရကိုင်ရတာတွေကလည်း ဘာကို စိတ်တိုင်းမကျမှန်းမသိ မကျကာ လူက အလကားနေရင်း စိတ်တွေတိုနေသည်။ ခေါင်းမှာ သွေးတွေဖြာပြီး အေးစက်စက်အပြုံးနှင့် လှည့်ထွက်သွားသော လူတစ်ယောက်ရဲ့ဟန်ပန်သွင်ပြင်ကို ညတိုင်း အိပ်မက်တွေမက်ပြီး ထိတ်လန့်ချောက်ချားစွာ နိုးထခဲ့ရသည်။

အဲဒီတုန်းက ထိတ်လန့်စွာ ပြောခဲ့သော နောင်နောင်ရဲ့စကားသံတွေကို ကြားယောင်ဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဘွဲ့ ... နင် ဘာတွေလုပ်လိုက်တာလဲ။ နင် လုပ်လိုက်တာ လွန်သွားတယ်ဆိုတာ နင့်ကိုယ်နင် သိရဲ့လား ...

တကယ်ဆို နင် ဒီလောက်ထိတော့ မလုပ်သင့်ဘူးဟာ။ အဲဒီလူ ... အဲဒီလူ နင့်ကိုကြည့်သွားတဲ့ မျက်လုံးတွေက အရမ်းကြောက်ဖို့ကောင်းတယ် ...

ကျွတ် ... နင် ဘာဖြစ်လို့ ဒေါသကို ရှေ့တန်းတင်ရတာလဲဟာ"

နှောင်နှောင့်စကားကို ဘွဲ့က ဘာမှပြန်မပြောနိုင်ချေ။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း တောင့်တောင့်ကြီး ရပ်နေခဲ့တာကိုတော့ မှတ်မိတုန်းပင်။ အဲဒီနေ့ရဲ့နောက်တစ်ရက်ကစလို့ ဘွဲ့ထံသို့ အဲဒီလူ ရောက်မလာတော့တာလည်း ထူးဆန်းလွန်းသည်။ တစ်ရက်လည်း ပေါ်မလာ၊ နှစ်ရက်လည်းပေါ်မလာ၊ တစ်ပတ်လည်း၊ ပေါ်မလာဘဲ တစ်လထိတောင် ရောက်မလာဘဲ လုံးဝကို ပျောက်ချက်သားကောင်းသွားသောအခါ ဘွဲ့ရင်ထဲမှာ တကယ်ကို လိပ်ခဲတည်းလည်း ဖြစ်လာသည်။ နဂိုထဲက စိတ်မြန်လက်မြန်ရှိသော ဘွဲ့ဟာ ဒီလိုတအုံ့နွေးနွေး အခြေအနေကြီးကို ရင်မဆိုင်လိုပေ။

သူ မကျေနပ်လို့ ဘွဲ့ကို လာရောက်ဖြေရှင်းချင်ရင်လည်း မျက်နှာချင်းဆိုင်ပြီး တော့တော့ဆိုင်ဆိုင် ဖြေရှင်းပစ်ချင်သည်။ မပြီးဆုံးသေးဟုသိထားသော ပြဿနာတစ်ခုကို ဒီအတိုင်း ထား





ထားရတာလောက် စိတ်ဒေါသထွက်စရာကောင်းတာ မရှိတော့ပေ။ နှောင်နှောင်ကတော့ စိတ်မသက်သာဟန်ဖြင့် ခေါင်းတယမ်းယမ်း ပြောမှုသည်။

"ငါ့အထင်တော့ ဒီကိစ္စက ဒီအတိုင်း ပြီးသွားမယ်လို့ မထင်ဘူးဟာ။ အဲဒီလူက နင် ပန်းအိုးနဲ့ပေါက်လိုက်ရုံနဲ့ ကြောက်ပြီး ရှိန်ပြီး နောက်ထပ်မလာငကော့တာလို့ လုံးဝ မထင်ဘူး ...

သူ တစ်ခုခု ကြံစည်နေပုံရတယ်"

"တောက် ... သူ့အကြောင်း မပြောစမ်းပါနဲ့ဟာ။ သူ့အကြောင်း ကြားရတာ ကျက်သရေကို မရှိဘူး။ ငါကိုက မှားတာ။ သူ့ရှေ့ကို ငါရောက်သွားတာကိုက လုံးဝမှားသွားတာ"

နှောင်နှောင်ကတော့ အစ်မကြီးတစ်ဦးသဖွယ် သက်ပြင်းတချချ ခေါင်းတယမ်းယမ်းနှင့် တွေးတွေးဆဆပြောသည်။

"တကယ်တော့ နင် သူ့ကို ဆက်ဆံတဲ့ပုံစံကိုက လွဲမှားနေတာ မိုးဘွဲ့ရ။ နင်လည်း မနူးမနပ် ဆယ်ကျော်သက်မှ မဟုတ်တော့တာ။ ကိုယ့်ကိုချဉ်းကပ်လာတဲ့ ယောကျ်ားလေးတစ်ယောက်ကို အထာကြည့်ပြီး ဆက်ဆံရမှာပေါ့ ...

ခုတော့ နင်လုပ်တဲ့ပုံစံက သူ့ကို ရှေ့တိုးနိုင်သလို ဖြစ်နေတယ်။ သူလိုလူမျိုးက နင်က တစ်ကျပ်ဖိုးပေးတော်



www.burmeseclassic.com

www.burmeseclassic.com



တင်းရင် သူက နှစ်ကျပ်ဖိုး သုံးကျပ်ဖိုးလောက် အရွဲ့တိုက်ပြီး ရှေ့ကိုတိုးလာတဲ့ ပုံစံမျိုးလေ"

"တောက် ... ငါကလည်း အဲဒါမျိုးကို မုန်းတာ။ အသေအလဲ အမြင်ကတ်တာ။ အဲဒီလို အထူအပါး နားမလည်ဘဲ သူဖြစ်ချင်တာပဲသိတဲ့ လူစားမျိုးကို နည်းနည်းလေးမှအလိုက်အထိုက် မဆက်ဆံနိုင်ဘူး"

"နင့်ကြည့်ရတာ သူ့ကို တော်တော်မုန်းနေပုံပဲ။ ဘယ်တုန်းက အဲဒီလောက် မုန်းသွားတာလဲ။ စတွေ့တည်းက အဆင်မပြေတာလား။ သူ့ပုံစံကြည့်ရတာတော့ အရမ်းဟောဟောရမ်းရမ်းကြီးတော့ မဟုတ်ပါဘူး"

"မဟုတ်ဘူး ... ငါက သူတို့ပုံစံတွေကို မကြိုက်တာ။ သူတို့နေပုံထိုင်ပုံတွေကိုက သိတယ်မှလား။ ဘာတွေမုန်းမသိဘူး ...

သူတို့အလုပ်ကိုလည်း အထင်မကြီးဘူး။ လောင်းကစားနဲ့ရပြီး ချမ်းသာနေတာ အထင်လည်းမကြီးဘူး။ ငါ့အမေက တစ်လုံး နှစ်လုံး သုံးလုံးနဲ့ပတ်သက်ပြီး ကုန်နေတဲ့သူဆိုတော့ ငါက အဲဒီလိုတွေလုပ်ပြီး ချမ်းသာနေတဲ့ လူတွေဆို ကြည့်လို့ကိုမရဘူး။ အဲဒါကိုက ငါ မကြိုက်တာတစ်ခုပဲလေ။ ပြီးတော့ သူ့ရဲ့ဖွတ်တဲ့ဖွတ်ပုံစံ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံစံ အဲဒါတွေ အားလုံး အားလုံး စုပေါင်းတော့





သူဟာ ငါ ဘယ်လိုမှ လက်မခံနိုင်တဲ့သူတစ်ယောက် ဖြစ်သွားတယ် ...

နင် ပြောတာကို ငါ နားလည်တယ်၊ ယောကျ်ားတစ်ယောက်ကို အလိုက်အထိုက်ဆက်ဆံပြီး ကောင်းကောင်းမွန်မွန် ငြင်းထုတ်ရမယ်လို့ ဆိုလိုချင်တာ မဟုတ်လား။ ဒါပေမဲ့ ဒီယောကျ်ားကတော့ အဲလိုတွေလည်း ရမယ့်သူမျိုးမဟုတ်ဘူးလို့ ထင်တယ်။ အဲဒီလို အလိုက်အထိုက်ဆက်ဆံရင်လည်း အဲဒီအပေါ် အခွင့်အရေးယူဦးမှာပဲ ...

ဘယ်လိုပဲဖြစ်ဖြစ် သူ့ပုံစံက ပြောင်းလဲမှာ မဟုတ်ဘူးလို့ ထင်တယ်၊ တော်ပြီဟာ ဆက်မပြောနဲ့တော့၊ သူ့ဟာသူ ဘာတွေပဲ ကြံစည် ကြံစည် ငါကတော့ ဂရုမစိုက်ဘူး။ သူလုပ်ချင်တိုင်း လုပ်လို့ရတဲ့ မိန်းမမျိုးထဲမှာ ငါ မပါဘူး"

ဘွဲ့က ကိုယ့်ကိုယ်ကိုယ်ပဲ မာန်တင်းကာ ဘာတွေပဲကြုံလာ ကြုံလာ ရင်ဆိုင်ဖို့ အဆင်သင့်ရှိနေခဲ့သည်။ သို့သော် အကျော်ဒေယျဆိုတဲ့ လူတစ်ယောက်ကား ထူးဆန်းစွာပင် ဘွဲ့ရဲ့ရှေ့သို့ လုံးဝရောက်ရှိမလာခဲ့ချေ။ တစ်လမှ နှစ်လအထိမို့ ကြာသောအခါ သူ့ကိုတောင် ဘွဲ့က မေ့တော့တော့ ဖြစ်ချင်လာခဲ့သည်။ ဒါပေမဲ့ သတိဆိုတာ ပိုတယ်မရှိစွာနှင့် ဘွဲ့က နိုးကြားစွာတော့ ရှိခဲ့ဖြစ်သည်။ ကိုယ့်ကိစ္စနဲ့ကိုယ် အာရုံများနေသဖြင့် ဘွဲ့ အမေနဲ့တောင် ကောင်းကောင်းစကားမပြောဖြစ်တော့ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဘွဲ့ရဲ့အမေကို ထူးထူးခြားခြားပဲ အပြင်မထွက်ကာ အိမ်မှာမြဲနေတာကို တွေ့ရသည်။ ဘွဲ့ဝင်လာတာ မြင်တာနှင့် ဧည့်ခန်းထဲမှာ လက်သည်းနီဆိုးနေရာမှ မော့ကြည့်ကာ ...

"ဘွဲ့ရေ ... ထိုင်ပါဦး"

လေသံကတော့ သာသာယာယာ ပျော့ပျော့ပျောင်းပျောင်းရှိတာမို့ ဘွဲ့က သက်ပြင်းအသာချပြီး မေမေနဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ မေမေက ဘွဲ့ကို တစ်ချက်ကြည့်ကာ မျက်ခုံးပင့် ခေါင်းယမ်းပြီး ...

"အင်း ... ငါ့သမီးကို တွေ့လိုက်ရင်လည်း တစ်ခါလာ ဒီဂျင်းနဲ့ အင်္ကျီအကွက်ကကို မတက်တော့ဘူး။ မျက်နှာဆိုတာလည်း အမြဲတမ်း ပလိန်း ...

မျက်နှာကတော့ ထားပါတော့လေ။ Skin ကောင်းတဲ့သူမို့ မသိရင်တော့ ကိုရီးယားမင်းသမီးလိုလို ဘာလိုလိုပေါ့။ အဝတ်အစားလေးတော့ ကောင်းကောင်းလေးတွေ ထပ်ဝယ်ပါဦး၊ ဘောင်းဘီတွေဆိုလည်း Nobody က Siknney လေးတွေ ကာလာအစုံနဲ့ တော်တော်လှတယ်"

"တော်ပါပြီ မေမေရယ်။ သမီးက ဆိုင်ပဲထိုင်နေရတာ အဲဒီလိုအကောင်းတွေဝတ်ပြီး ဘာလုပ်ရမှာလဲ နေပါစေ။ သမီးအတွက် မလိုအပ်ပါဘူး"



"ဘာလို့မလိုအပ်ရမှာလဲ။ အနည်းဆုံးတော့ ဈေးသွားနေရတာ မဟုတ်လား။ အခု ထမင်းစားပြီးရင် အဝတ်အစားလဲထား၊ ခဏနေရင် မေမေနဲ့ တော်ဝင်စင်တာသွားရအောင်"

ဒါမျိုးက ရှားပါးလွန်းသည်မို့ ဘွဲ့က မေမေ့ကို လုံးတစ်ချက် လှန်ကြည့်မိသည်။ ဘွဲ့ရဲ့အကြည့်တွေကို ယ်ပေါက်သော မေမေက အပြုံးပါးပါးတစ်ခုဖြင့် ...

"မေမေ အလုပ်ဖြစ်ထားတယ်လေ"

"ဘာဖြစ်တာလဲ။ ဖဲနိုင်တာလား၊ နှစ်လုံးပေါက်တာလား"

"ကျွတ် ... ဒီကောင်မလေးဟာလေ။ မအောကိုဆို သိပ်အထင်သေးတာပဲ။ အခု မေမေ အလုပ်တစ်ခု လုပ်နေတာလေ။ အဲဒါ နည်းနည်းပါးပါး အဆင်ပြေလာလို့ပါ"

"ဘာတွေလုပ်နေတာလဲ မေမေ။ ဘွဲ့ကိုလည်း နည်းနည်းပါးပါး တိုင်ပင်ဦးမှပေါ့"

"ဪ ... တိုင်ပင်ရအောင် ကြီးကြီးမားမားကြီးမှ မဟုတ်တာ။ ဒီလိုပါပဲ ပစ္စည်းလေး ဘာလေး နည်းနည်းပါးပါး ပွဲစားလုပ်တာပေါ့ကွယ် ...

နောက် အတိုးလေး ဘာလေး သူများဆီကယူပြီး ကိုယ်က ပြန်ပေးပေါ့။ သေးသေးလေးတွေလည်း လုပ်တာပါဟယ်။ သမီးလည်း ဒီထက်ကောင်းတဲ့ စီးပွားရေးလေး ဘာလေး ပြောင်းလုပ်ဖို့ မစဉ်းစားတော့ဘူးလား။ လိုတဲ့ အရင်းအနှီးကို မေမေ ထုတ်ပေးမယ်လေ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ မေမေ။ ဘွဲ့ ဆိုင်လေးတွေက အဆင်ပြေပါတယ်။ သူဌေးဖြစ်တော့ မဟုတ်ပေမယ့် အိမ်စရိတ်တော့ မှလုံနေတာပဲလေ ...

မေမေလည်း လုပ်တာတော့ လုပ်တာပေါ့။ ဒါပေမဲ့ သတိထားပြီးတော့ လုပ်စေချင်တယ်။ အဲဒါမျိုးတွေက မကျွမ်းကျင်ရင် အန္တရာယ်ရှိတယ်"

"အင်း ... မမသင်း တစ်ယောက်လုံး ရှိတာပဲကွယ်။ မမသင်းက ကိုယ့်ထက်အများကြီး စီနီယာကျတော့ မေမေ ခံသာတာပေါ့။ ဒီလိုပဲ လုပ်ရင်းကိုင်ရင်း သင်သွားရတာပေါ့ သမီးရယ် ...

စီးပွားရေးဆိုတာ လုပ်တတ်ရင် ခဏလေးနဲ့ သူဌေးဖြစ်တာပါ"

"အင်း ... ဂဏန်းတွေလည်း သိပ်ကစားမနေနဲ့ဦး မေမေ"

"ဩော် ... ဒီကောင်မလေးကလည်း မအေကို စိတ်ကောင်းဝင်နေတုန်း လာဆရာလုပ်နေပြန်ပြီ။ ဂဏန်းကစားတယ်ဆိုတာလည်း ကစားတတ်ရင် ကျန်တာပဲလေ ...

ကဲ ... တော်ပြီ ဆက်မပြောနဲ့တော့။ ဆက်ပြောနေရင် သမီးနဲ့မေမေ ရန်ဖြစ်ရလိမ့်မယ်။ ခဏနေ တော်ဝင်စင်တာသွားမယ်၊ ရယ်ဒီ လုပ်ထားတော့"





ပြောရင်း ဆိုရင်း မေမေက ထ၍ထွက်သွားတော့လျှင် ဘွဲ့က ပခုံးတွန့်ရင်း အသာအယာခေါင်းယမ်းကာ ကျန်ရစ်ခဲ့ရသည်။ မေမေတစ်ယောက် ဘာတွေလုပ်နေပြန်လဲတော့ မသိချေ။ ဒါပေမဲ့ အဆင်ပြေပုံရကာ ဘွဲ့ကိုလည်း ပြေပြေလည်လည် ဆက်ဆံပုံရသဖြင့် စိတ်ချမ်းသာရသည်။ ပြောရလျှင်တော့ ဘွဲ့ဟာ သိပ်ချမ်းသာကြွယ်ဝပြီး လိုတရဘဝမျိုးလည်း မပိုင်ဆိုင်ချင်ပါ။ အလုပ်တွေအရမ်းရှုပ်၍ ငွေကြေးအတွက် စိတ်မောလူမောစွာ ရှာဖွေပြီးမှလည်း သူဌေးမဖြစ်ချင်ပေ။ ကိုယ့်ရဲ့တပိုင်တနိုင် အလုပ်လေးနှင့်အတူ စိတ်ချမ်းသာစွာ နေထိုင်နိုင်လျှင် ဒါဟာလည်း ချမ်းသာခြင်းတစ်မျိုးဟု မှတ်ယူထားသူဖြစ်သည်။

ဘွဲ့ ငယ်ငယ်လေးတည်းက နေထိုင်ကြီးပြင်းခဲ့သော အိမ်ကြီးမှာပဲ အေးအေးချမ်းချမ်း နေခွင့်ရနေတာကိုက လက်ရှိမှာ ဘွဲ့က ချမ်းသာခြင်းတစ်မျိုးနှင့် နေထိုင်သူဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားလိုက်တော့လေသည်။

ဒါကလည်း စိတ်ချမ်းသာမှုတစ်ခုပဲ ဖြစ်တော့သည်။



www.burmeseclassic.com

## ၁၀

ရွေ့လျားနေသော အချိန်ကာလ ယန္တရားကြီးသည် လူတို့ကို လိုက်ပါသည်ဖြစ်စေ၊ မလိုက်ပါသည်ဖြစ်စေ သယ်ဆောင်သွားတတ်တာကတော့ အမှန်ပဲဖြစ်သည်။ အလုပ်ထဲမှာ စိတ်နှစ်နေသူတစ်ယောက်အဖို့ ဒါမှမဟုတ် တစ်စုံတစ်ရာသော အချိန်ကာလကို စောင့်စားနေသူတစ်ယောက် မဟုတ်ခဲ့လျှင် အချိန်တွေကုန်ဆုံးသွားကြောင်း သတိတောင်ထားမိမှာ မဟုတ်ချေ။ ဘွဲ့သည်လည်း တိုးတက်လာသော စတိုးဆိုင်လေး၊ စာအုပ်ငှားဆိုင်နှင့် အထွေထွေဆိုင်လေးတို့ထဲမှာ အာရုံစိုက်နေခြင်းကြောင့် နှစ်လဆိုသော အချိန်ကာလဟာ ဘယ်လိုတောင် ကုန်ဆုံးသွားမှန်းမသိလိုက်။

ကျောင်းဖွင့်တော့မှာမို့ သြဇီသို့ ပြန်တော့မည်ဖြစ်သော နောင်နောင်တစ်ယောက် လာနှုတ်ဆက်တော့မှပင် နှစ်လတည်းဟူသော အချိန်ကုန်သွားပြီဖြစ်ကြောင်း သိရတာဖြစ်၏။





"ဟဲ့ ... မယ်ဘွဲ့။ ငါ သန်ဘက်ခါ သွားတော့မယ်ဟ။ လေဆိပ်တွေ ဘာတွေ လိုက်မပို့နဲ့နော်။ မျက်ရည်ကထိန်းနိုင်မှာ မဟုတ်ဘူး သိလား"

"ဟင် ... သွားတော့မှာလား ? ။ နင်ပြောတော့ နှစ်လလောက်နေမှာဆို"

"ဪ ... ဒီဂေါက်သီးကလည်း။ နှစ်လတောင် မနေ့ကပြည့်သွားပြီလေဟာ။ အချိန်တွေက နင့်အတွက်တော့ ကုန်လို့တုန်မှန်းတောင် မသိတော့ဘူးပေါ့ ... ဟုတ်လား"

"အေးဟယ် ... ကိုယ့်အာရုံနဲ့ ကိုယ်ဆိုတော့လည်း"

နောင်နောင်က ဘွဲ့ရဲ့မျက်နှာကို ပြုံးစိစိဖြင့် ကြည့်သကာ ...

"ဟုတ်လား ... နင့်အာရုံထဲမှာ ဟိုဘဲကြီးက လုံးဝမရှိတော့ဘူးလား"

အဲဒီလိုပြောလိုက်တော့မှပင် ဘွဲ့က မျက်မှောင်တစ်ချက်ကြုတ်သွားကာ မျက်လုံးထဲတွင် ယာကူဇာတစ်ယောက်ကို မြင်ယောင်လာသည်။ ဟုတ်သားပဲ ... သူ့ခေါင်းကို ပန်းအိုးနဲ့ ပေါက်ပစ်လိုက်ပြီးကတည်းက ဘွဲ့ကို စကားကြီးကြီးတွေ လျှောက်ပြောပြီး ပေါ်မလာတော့တာ ဖြစ်သည်။ အစောပိုင်းရက်တွေကတော့ ငါ့ကိုများ ဘယ်လိုတွေ ဒုက္ခပြန်ပေးလိမ့်မလဲဟု စိတ်မလုံမြ

www.burmeseclassic.com



တထိတ်ထိတ် (သိပ်ကြောက်လို့တော့မဟုတ်)ဖြစ်ခဲ့ရသော်လည်း နောက်ပိုင်းမှာတော့ ကိုယ့်အာရုံနဲ့ကိုယ်၊ ကိုယ့်အလုပ်ကိစ္စနဲ့ကိုယ် ခေါင်းထဲမှာ မရှိတော့ချေ။

သူကလည်း ဘွဲ့ရဲ့ရှေ့သို့ လုံးဝရောက်မလာခြင်း ကြောင့်လည်းပါမည်။ အခု နောင်နောင် ပြောတော့မှပင် သတိရ မိတော့တာဖြစ်သည်။

"အလကားပါဟာ။ သူ့ကိုယ်သူ ပိုက်ဆံရှိတယ်ဆိုပြီး သက်သက် လာကြောင်တာပါ။ ရမလားပေါ့။ ဟင်း ... သူတွေ့ဖူးတဲ့ မိန်းမတွေလိုမျိုးများ ထင်နေလား မသိပါ ဘူး"

"ငါကတော့ အဲဒီလို မထင်ဘူးဟ။ အဲဒီဘဲရဲ့မျက်လုံးတွေ က နင့်အပေါ် အရမ်း Deep ဖြစ်တယ်။ ငါက ယောကျ်ား လေးချင်းဆိုတော့ ပိုသိတာပေါ့ ..."

နင့်ကို အလကားဖောရှောလုပ်တာတော့ မဟုတ်ဘူး ဟ။ ငါ့စိတ်ထင် သူက ရှေ့တိုးမယ့်ဆင် နောက်တစ်လှမ်း ဆုတ်သလိုပဲ နင့်အနားကို ရောက်လာဖို့အတွက် သူ ဖူးဟာ အသစ်တွေ ထပ်ရှာတယ်လို့ပဲ ထင်တယ်"

"ကျွတ် ... တော်စမ်းပါဟာ။ နင်ကလည်း ...။ နင်ထင် တာတွေ လျှောက်ပြောမနေစမ်းပါနဲ့"





"လျှောက်ပြောနေတာ မဟုတ်ဘူး။ တကယ်ကို သုံးသပ် နေတာ၊ အေးလေ ... နင် မယုံရင် စောင့်ကြည့်ပေါ့။ တစ်ခုခုထူးရင် ငါ့ဆီ ဆက်သွယ်ဦး။ ငါ့ g-mail လိပ်စာ လည်း နင့်ဆီမှာ ရှိတာပဲ"

Online လေးတော့ တစ်ပတ်တစ်ခါလောက် အနည်း ဆုံးတက်ဦးဟ၊ သိလား ... စီးပွားရေးထဲပဲ ခေါင်းနှစ်ပြီး ကမ္ဘာကြီးနဲ့လည်း အဆက်အသွယ် ဖြတ်မထားနဲ့ဦး"

"အေးပါဟာ ... ငါ့မှာက ကမ္ဘာကြီး ဘာဖြစ်တယ်ဆိုတာ ထက် ငါ့ဆိုင်လေးမှာ ဈေးဝယ်သူတွေ ဘာလိုအပ်လဲဆို တာကိုပဲ ပိုစိတ်ဝင်စားနေလို့ပါ ..."

g-mail စစ်စရာ သူငယ်ချင်းကလည်း မရှိဘူးကိုး၊ အေးပါ ... ငါ နင့်ရဲ့ Facebook ထဲတော့ ဝင်ဝင်ကြည့် နေပြီး နင့် information တွေတော့ နားထောင်နေပါ့ မယ်"

"အိုခေ ... အိုခေ ... ဆီးယူ သူငယ်ချင်း။ ဘိုင့် ဘိုင် ... နင့်ကို ငါဒီနေ့ပဲ တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်ဟာ။ နောက်ရက်တွေကျရင် အလုပ်ရှုပ်တာနဲ့ လာဖြစ်မှာမဟုတ် တော့ဘူး"

"အေးပါဟာ။ နင် အစစအရာရာ အဆင်ပြေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် နှောင်နှောင် ထွက်ခွာသွားပြီး နောက်ပိုင်းမှာလည်း ဘွဲ့တစ်ယောက် ကိုယ့်အလုပ်ကိစ္စနှင့်ကိုယ် ရှုပ်နေကာ ဘာကိုမှ သတိမရဖြစ်တော့ချေ။ ဆောင်းတွင်းတစ္ဆေခြောက်ခံရသလို အေးစက်စက် ချောက်ချောက်ချားချား ရှိစေခဲ့သော ကိစ္စတစ်ခုကို မရှိခဲ့ဖူးဘူးဟု သဘောထားကာ ကိုယ့်အလုပ်ထဲမှာပဲ ကိုယ် အာရုံနစ်မြောခဲ့တာဖြစ်သည်။ တစ်နေ့မှာတော့ တိုက်ဆိုင်တာလား ဘာလား မပြောတတ်ဘဲ ဘွဲ့ရဲ့ကားက မီးပွိုင့်မှာ မီးနီမိနေစဉ် အဲဒီတစ်ယောက်ကို ပြန်တွေ့ခဲ့ရခြင်းဖြစ်သည်။

လူတစ်ယောက်က ကိုယ့်ကို စူးစူးစိုက်စိုက် ကြည့်နေလျှင် ကိုယ်က ကြည့်မနေသော်ငြားလည်း အလိုလို အာရုံခံမိသည့်ထုံးစံအတိုင်း ဘွဲ့ဟာ ရှေ့တည့်တည့်ကို ကြည့်နေရာမှ တစ်စုံတစ်ယောက်က ကိုယ့်ကို လာစိုက်ကြည့်နေသည်ဟု ခံစားရသဖြင့် ဘေးကို လှည့်ကြည့်လိုက်လျှင် အဲဒီတစ်ယောက်ကို တွေ့လိုက်ရတာဖြစ်သည်။ သူက သူ့ရဲ့ကားအမြင့်ကြီးပေါ်ကနေ၍ ဘွဲ့ကို စူးစိုက်စွာသော ပြုံးရောင်သမ်းသမ်းမျက်နှာဖြင့် ကြည့်နေသည်။ ဘွဲ့က ယောင်ပြီး ခဏကြည့်မိသော ကိုယ့်မျက်လုံးကိုယ်ပင် ကျိန်ဆဲကာ မြန်မြန်မီးစိမ်းပါစေဟု ဆုတောင်းနေမိသည်။

ငါးလလောက် မတွေ့တာကြာခဲ့ပြီးမှ ရုတ်တရက် ပြန်တွေ့ခြင်းဟာ သူ့စိတ်ထဲမှာ ဘွဲ့ကို သတိပြန်ရသွားစေမလားဟုတွေးပြီး ဘွဲ့ကတော့ သာ၍စိတ်ပျက်နေမိတော့သည်။ ဒါကြောင့်



မီးစိမ်းတာနဲ့ ကားကို ခပ်မြန်မြန်ပဲ မောင်းထွက်လာခဲ့သည်။ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်မိသောအခါ သူ့ကားကလည်း ဘွဲ့ရဲ့ကားနောက်ကပဲ ပါလာသဖြင့် အံကို မသိမသာကြိတ်မိသည်။ ဒါပေမဲ့ တစ်နေရာအရောက်မှာတော့ သူ့ကားက ကွေ့ကျောဘက်သို့ ပြောင်းယူသွားကာ ဘွဲ့ရဲ့နောက်မှာ ပါမလာခဲ့တော့ချေ။

ဒီတော့မှပဲ တိုက်ဆိုင်မှုတစ်ခုအဖြစ် ပြန်ဆုံကြောင်း လက်ခံလိုက်တော့ကာ ဘွဲ့က သက်ပြင်းကို အသာချမိလေသည်။ ဒီလိုလူမျိုးတွေဟာ မိန်းကလေးတစ်ယောက်ကို ရမလားလို့ အကဲစမ်းတုတ်ရိုက်လွှဲပြီး တကယ်လည်း မရသောအခါ နောက်ဆုတ်သွားတော့တာက အဆန်းမဟုတ်တော့ပြီ။ လူကို သက်သက်အာရုံနှောက်အောင် လာလုပ်သော အလကားလူဟုပဲ သတ်မှတ်ကာ ဘွဲ့ရဲ့ခေါင်းထဲ၌ အပြီးရှင်းထုတ်ပစ်လိုက်ပြီးနောက် အရာရာဟာ ပေါ့ပါးရှင်းလင်းလို့ သွားလေသည်။

* ❦ *

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုဒေယျ ... စိတ်တိုင်းကျရဲ့လား"

တာဝန်ခံ ဒီဇိုင်းပညာရှင်က သူ့ကို စပ်ပြုံးပြုံး… လာရောက်မေးမြန်းသောအခါ သူက ခေါင်းတစ်ချက်ဆတ်ပြလို… သည်။ ပြီးတော့ အခန်းရဲ့ထောင့်ဘက်ကို လက်ညှိုးညွှန်ပြကာ _

"ဒီနေရာမှာ Indoor Plant တစ်ပင်လောက် ထပ်ထည့်… ချင်တယ်။ အရွက်ဖားဖားကြီး မဟုတ်ဘဲ စပ်စိပ်စိ… ပေါ့"

"ဟုတ်ကဲ့ ... ရပါတယ်။ ကျွန်တော် စီစဉ်လိုက်မယ်… ဒက်ကရေးရှင်းက ဒါတောင် အပြီးမဟုတ်သေးပဲတော… တော်တော်လှနေပြီနော်။ လှတယ်ဆိုတာထက် တစ်အိမ်လုံး… က သဘာဝတောနက်ထဲ ရောက်သွားသလိုကို စိမ်းလန်း… နေတာ"

"ခင်ဗျားတို့ တော်လို့ပါဗျာ"



"အာ ... မဟုတ်တာ။ ကိုဒေယျ ဆွဲပေးတဲ့ ဒီဇိုင်းပေါ်မှာ ပဲ ကျွန်တော်တို့က အကောင်းဆုံးလုပ်ပေးတဲ့ အနေအထား ပါ။ ကျွန်တော်တို့ အိုက်ဒီယာမှ သိပ်မပါတာ ...

ကျွန်တော် လုပ်ပေးဖူးသမျှ အိမ်တွေထဲမှာတော့ ဒီအိမ်က သဘာဝနဲ့ အနီးစပ်ဆုံးဖြစ်ပြီး အမိုက်ဆုံးပဲဗျ။ တကယ်ပြောတာ"

အဲဒီစကားက မြှောက်ပြောသည့်စကား မဟုတ်မှန်း …သဖြင့် သူက အသာပြုံးမိသည်။ အင်းလျားကန်အနားမှာတည်… …း တစ်အိမ်လုံးကို မှန်ချပ်တော်တော်များများဖြင့် ဖွဲ့စည်းထား …ကြောင့် ဘယ်နေရာကပဲကြည့်ကြည့် အင်းလျားကန်၏ …လန်းသော သဘာဝအလှဟာ အိမ်ထဲက စိမ်းလန်းသော Decoration အနေအထားဖြင့် ဟပ်နေသည်။ မကျဉ်းမကျယ်သော …တစ်ထပ်ခွဲတိုက်အဖြူလေးဟာ ရုတ်တရက်လှမ်းကြည့်လိုက်လျှင် …ကန်က အိမ်နဲ့တောင် မတူဘဲ ဟာဝိုင်ယီကျွန်းတစ်နေရာက …မျိုးနဲ့တောင် တူနေလေသည်။

သူက မှန်ချပ်များမှတစ်ဆင့်မြင်နေရသော အင်းလျား …န်ရှုခင်းကို ငေးမောနေတုန်းမှာပဲ သူ့ဘောင်းဘီအိတ်ထဲမှ …က မြည်လာသည်။ ခွဲခြားထားသော Ring Tone မြည်သံ …ရ ဘိုချမ်းဆီကမှန်း သိသဖြင့် သူက ဖုန်းကိုင်ကာ _

"ပြော ... ဘိုချမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဟိုအိမ်မှာလား"

"အင်း ... ဟုတ်တယ်"

"လေးနာရီကျရင် ကားတစ်စီးကြည့်ဖို့ ချိန်းထားတယ်နော်"

"သိတယ်လေ၊ ခုမှ သုံးနာရီပဲ ရှိသေးတယ် မဟုတ်လား"

"ဟုတ်တယ်၊ လေးနာရီမှ မင်းနဲ့ငါ အတူဆုံမှာဆိုတော့ အခု ငါက အားနေလို့ မင်းရှိတဲ့နေရာကို ခုပဲ လာထား လိုက်တော့မလို့"

"အိုခေ ... လှမ်းခဲ့ပေါ့"

"အေး ... ထွက်လာခဲ့တော့မယ်"

ဘိုချမ်းက ဖုန်းချသွားလျှင် သူက ဖုန်းကို အိတ်ထဲ ပြန်ထည့်ကာ အင်းလျားရေပြင်ကို ပြန်လည်ငေးမောကြည့်သည်၊ နောင်တစ်ချိန်မှာ ဒီနေရာကနေပြီးတော့ တစ်စုံတစ်ယောက်ရဲ့ ပခုံးလေးကို ယုယကြင်နာစွာဖက်ပြီး ကန်ရေပြင်ရှုခင်းကို ကြည် ရှုခွင့်ရမည်ဆိုလျှင် သူ့ဘဝဟာ ဘယ်လောက်တောင်များ ပြည့် မည်လဲ။

မိုးဘွဲ့ကိုကို ဆိုသော မိန်းကလေးဟာ နစ်ခါပြ လှည့်ကြည့်လောက်အောင် ချောမောလှပသည့် ဇာရင်းဝင်တစ် ယောက် မဟုတ်ပါ။ ဒါပေမဲ့လည်း ဘာကြောင့်မှန်းတော့ မသိ ချေ။ သူမကို သူ အလွန်တရာမှ ချစ်မြတ်နိုးရသည်။ ထူးကဲသော





ပြင်ဆင်ခြယ်သမှုတွေ၊ တန်ဖိုးကြီးသော အဆောင်အယောင်တွေ မရှိပါဘဲနဲ့ကို ဖြူစင်ရှင်းသန့်နေသော ပုံစံလေးအား မြတ်နိုးသွား တာ ဖြစ်နိုင်ပါသည်။ သူ့ရဲ့မြတ်နိုးခြင်းတွေဟာ သူမအတွက် တော့ ခမ်းနားနေခဲ့သည်ဆိုတာ ခုချိန်မှာ သူမက မသိနိုင်သေး။

တစ်ချိန်ချိန်မှာ သူမနဲ့လက်ထပ်ပြီး နေဖို့အတွက် ဒီလောက် Romantic ဖြစ်သော နေရာကို ရှာဖွေကာ တစ်အိမ်လုံး ကို ဘယ်မှာမှမရှိသော ဒီဇိုင်းဖြင့် အလှဆင်မွမ်းမံခဲ့တာဖြစ်သည်။ ဒီလိုလုပ်ရတာကလည်း သူ့ဘဝရဲ့လက်တွဲဖော်ဟာ သူမမှလွဲ၍ တခြားမရှိဘူးဆိုတာ သူ အသိဆုံးဖြစ်၍ပင်။ တစ်နေ့နေ့မှာ သူမ နဲ့အတူနေထိုင်မည့် အိမ်လေးကို ခုတည်းက အကောင်းဆုံးသော အရာတွေနှင့် သူ့စိတ်ကြိုက် မွမ်းမံပြင်ဆင်နေတာ ဖြစ်ပါသည်။ အဲဒီနေ့ဟာ ဘယ်နေ့ဖြစ်မလဲတော့ မသိသေး။ ဒါပေမဲ့ သူက တော့ စိတ်ကူးထဲမှာတင် တွေးလိုက်တိုင်း ရင်ခုန်ကျေနပ်နေသည် သာဖြစ်သည်။ အဖြူရောင် Full House ခံအိမ်ငယ်လေးထဲမှာ စိမ်းလန်းသောအပင်တွေ ဝေဝေဆာဆာနှင့် ငြိမ်းချမ်းစိမ်းလန်း သော အိမ်လေးကို သူမလည်း နှစ်သက်ပါလိမ့်မည်။ (Personal တွေ မပါကြေး ဆိုရင်ပေါ့။)

"ဟူး ... လမ်းမှာလည်း ကားတွေပိတ်လိုက်တာကွာ ကျောင်းဆင်းချိန်ဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးနဲ့သူမို့ ဘိုချမ်း အနားသို့ ရောက်လာတာတောင် မသိလိုက်ချေ။ ဘိုချမ်းက သူ့ဘေးကခုံမှာ ဝင်ထိုင်ကာ အိမ်ရဲ့အနေအထားကို လှည့်ပတ်ကြည့်ရှုရင်းမှ ...

"မင်း အိုက်ဒီယာကတော့ လန်းထွက်နေတာပဲ။ စိတ်ကူးအတိုင်း လိုက်လုပ်တဲ့ကိစ္စတွေမှာ ငွေကိုလမ်းခင်းပြီးလုပ်ရတယ်ဆိုတာ ဟုတ်တော့ ဟုတ်သားပဲနော်"

"အင်း ... တစ်ခါတလေ ငွေကိုလမ်းခင်းတာတောင် စိတ်တိုင်းကျချင်မှကျတာ"

"အေးလေ၊ အင်း ... ဒီအိမ်ကိုသာ ဆန်းသစ်မြင်ရင် ဘာပြောမလဲ မသိဘူးနော်"

သူက အသာအယာပဲ ပြုံးမိသည်။ ဒီအိမ်ကို သူဝယ်လိုက်တာ၊ နောက် သူ့စိတ်ကြိုက် ပြန်လည်ပြုပြင် မွမ်းမံပြင်ဆင်တာ အားလုံးကို ဘာတစ်ခုမှ ဆန်းသစ်ကို အသိမပေးထားသေးချေ။ သူ့ဘဝလက်တွဲဖော်အတွက် အကောင်းဆုံးတွေကို ကြိုတင်ပြင်ဆင်နေတဲ့အချိန်မှာ ဆန်းသစ်ရဲ့အာရုံနှောက်မှုတွေကို သူ မခံစားလိုပါ။

"ဟိုကိစ္စကရော ဘယ်လိုရှိလဲ"

"ယူထားတာတော့ များပြီလေ။ ဒါပေမဲ့ ငါတို့မှန်းထားတဲ့ Target တော့ မရောက်သေးဘူး။ ဒီရက်ပိုင်းလည်း တော်တော်ထိတယ်ကွ ..."



မွေးဂဏန်းဆိုတာတွေကလည်း ကွဲနေတာများပြီ"

"အင်း ... အဲဒီလိုလူတွေ ရှိနေလို့လည်း ငါတို့တွေ ချမ်းသာနေတာပေါ့ကွာ"

"အဲဒီအမျိုးသမီး အခု ပစ္စည်းတွေ ဘာတွေလဲ အရောင်းအဝယ် လုပ်နေတယ်လို့လည်း ကြားတယ်"

"သူက လုပ်တတ်လို့လား"

"သူနဲ့တွဲတဲ့ ဘွားတော်ကတော့ အရင်ထဲက အဲဒါမျိုးတွေထဲမှာ ကျင်လည်နေတာပဲ။ ဒေါ်သူဇာကတော့ ခုမှ ဂျူနီယာလူ့ပေါ့ကွာ။ ပြောတော့ မပြောတတ်ဘူး။ ဒီလောက, က လူတွေက သိပ်အကဲရတာ မဟုတ်ဘူး"

"အင်း ... မင်းလည်း အကြောင်းစုံကို သိနေတာပဲကွာ။ မသိမသာ အကဲခတ်နေပေါ့"

"အေးပါ ... ကြည့်တော့ ကြည့်နေတာပဲ။ မင်းကို ငါ အလေးအနက် မေးပါဦးမယ်"

ဘိုချမ်းက အလေးအနက်မေးမယ်ဆိုကာ စကားစကို ရပ်လိုက်သဖြင့် သူက မေးဟူသော သဘောဖြင့် အကြည့်တစ်ချက် ပို့လိုက်သည်။

"မင်း သူ့ကို လက်ထပ်ဖို့ တကယ်ပဲ ဆုံးဖြတ်ပြီးပြီပေါ့"

"ဘာလဲ ? ။ မင်းက ငါ့ကို မယုံဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ မင်းကို ယုံတယ်။ ဒါပေမဲ့ မင်းရဲ့လုပ်ရပ်တွေကိုတော့ မင်းကိုယ်စား ငါ လန့်နေတယ်။ အခု မင်း သူ့ကို လက်ထပ်မယ်ဆိုတာက သူနဲ့မင်း လူကြီးချင်း ကြည်ဖြူလို့ လက်ထပ်မယ့် အနေအထားမျိုးလည်း မဟုတ်ဘူး။ လူငယ်ချင်း ချစ်ကြိုက်ပြီး လက်ထပ်ဖို့ဆိုတာတော့ ဝေလာဝေးပဲ ..."

သူကိုယ်တိုင်ကလည်း မင်းကို ဘယ်လောက်ခါးသီးတယ်ဆိုတာ မင်းအသိပဲ။ ဒါကို မင်းက သူ့ကို လက်ထပ်ဖို့အထိ အစီစဉ်တကျ အကွက်ကျကျ လုပ်တယ်ဆိုတော့ ပြီးတော့ သူ့မှာလည်း ရည်းစားရှိတယ် မဟုတ်လား"

သူက အရေးမပါဟန်ဖြင့် ကျစ်ခနဲ စုတ်သပ်လိုက်ကာ ...

"အဲဒါက အလကားပါကွာ။ သူ့ရဲ့ကိုယ်တိုင်ရေး လုပ်ဇာတ်တစ်ခုပါ။ တကယ်တမ်း ငါ စုံစမ်းကြည့်တော့ အဲဒီဘဲက သူ့ရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီး ဖြစ်နေတယ် ...

ခု ဒီမှာတောင် မရှိတော့ဘူး။ ဩစီကို ပြန်သွားပြီ"

"ဟ ... မင်းက သွက်လှချည်လား။ ဘယ်တုန်းကစုံစမ်းလိုက်တာလဲ။ ငါတောင် မသိလိုက်ပါလား"





"ဒီလိုပဲပေါ့ကွာ။ ဒါက သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ငါက တကယ်ရည်းစားရှိနေရင်တောင် ဂရုမစိုက်ပါဘူး ...

သူဟာ လွတ်လပ်တဲ့ မိန်းမပျိုတစ်ယောက်ဆိုရင် ကျန်တာ ဘာမှသိပ်ဂရုမစိုက်တော့ဘူး။ အချစ်ဆိုတာ ငါ့အတွက်တော့ ပိုင်ဆိုင်ခြင်းပဲ ...

ကိုယ်ချစ်တဲ့သူကို တကယ်ပိုင်ဆိုင်ရပြီဆိုရင် ကျန်တာတွေက ဘာမှသိပ်မလိုတော့ဘူး။ နောက်ဆုံး အချစ်တစ်ခုဖြစ်လာအောင် စိတ်ရှည်လက်ရှည်နဲ့ ငါ စောင့်နိုင်တယ်။ ငါ ဖြစ်စေချင်တဲ့ အဓိက အကြောင်းအရာက ငါ့ဘဝကြီးတစ်ခုလုံးကို သူ့လက်ထဲ ထည့်ပေးချင်တာ။ သူ့လိုမိန်းကလေးတစ်ယောက်ရဲ့လက်ထဲမှာ ငါ့ဘဝကြီးက ဒီထက်ပြည့်စုံခမ်းနားလိမ့်မယ်လို့ ငါထင်တယ်။ သူက ရိုးသားမှုအပြည့်ရှိတယ်။ ရဲရင့်တယ်၊ နောက် ... ဖြူစင်တယ်ကွာ။ အဲဒါတွေ အားလုံးကို ငါ အထင်လည်းကြီးသလို လေးလည်းလေးစားတယ်"

သူ့စကားကို ဘိုချမ်းက နားလည်ပေးသလို ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အင်း ... မိန်းကလေးတစ်ယောက်ကို မင်း ဒီလောက်ထိ အရမ်းချစ်မိသွားလိမ့်မယ်လို့ ငါ ထင်မထားခဲ့ဖူးကွာ ...



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ တော်တော်တော့ အံ့သြဖို့ကောင်းသား ပဲ။ မင်းလို ပိုက်ဆံနဲ့အလုပ်ကလွဲပြီး ဘာမှစိတ်မဝင်စား တဲ့လူကိုတောင် ပြောင်းလဲလာအောင် လုပ်နိုင်တယ်။ အေးပေါ့ကွာ ... အစစအရာရာ အဆင်ပြေပါစေပဲ ငါ ဆုတောင်းပေးရုံပေါ့"

"အဆင်ကတော့ ဘယ်လိုပဲပြောပြော မပြေနိုင်ဘူးဆိုတာ သိပြီးသားပါပဲကွာ၊ ဒါပေမဲ့ ကုန်းကောက်စရာ မရှိအောင် မွဲခဲ့တဲ့ဘဝကနေ ဒီအခြေအနေထိ ဖြစ်လာအောင် အခက်အခဲ တွေ အများကြီး ကျော်ဖြတ်ခဲ့ရတာ မင်းလည်းအသိပဲ... သူနဲ့ ပတ်သက်တဲ့ အခက်အခဲဆိုတာတော့ ငါ့ကို ပန်းနဲ့ပေါက်တာထက်တောင် နူးညံ့သိမ်မွေ့နေမှာပါ။ ဘယ် လိုပဲ ဖြစ်ဖြစ်ပါလေ သူ့ကို ပိုင်ဆိုင်ခွင့်ရတယ် ဆိုတာကို က အကြီးမားဆုံး ဆုလာဘ်တစ်ခုပဲလေ"

သူ့ရဲ့တိုးတိတ်သော စကားသံအဆုံးတွင် ဘိုချမ်း က သူ့ကို အံ့သြမှုတစ်ဝက်၊ ဂုဏ်ပြုခြင်းတစ်ဝက် ပါဝင်နေသော အဓိပ္ပာယ်ရှိသည့် မျက်လုံးများဖြင့် ကြည့်လာသည်။ ပြီးတော့ တစ်စုံတစ်ခုကို တွေးမိသော စကားတစ်ခွန်းဖြင့် ...

"ဒါဆို မင်းရဲ့အချစ်ဒဿနက ပိုင်ဆိုင်ရယူထားခြင်းပေါ့"

"ဟုတ်တယ်၊ ကိုယ် တကယ်ချစ်ပြီဆိုရင် သူ့ကို ပိုင်ဆိုင် ခွင့်ရအောင် ကြိုးစားသင့်တယ်လို့ မြင်တယ်"





"ဒါဆို ငါ တစ်ခုမေးမယ်ကွာ။ ဘုရားဟောတရားထဲမှာ လည်း ပါပြီးသားပဲ။ ချစ်ခင်နှစ်သက်တဲ့သူနဲ့ ကွေကွင်းရ တာလည်း ဒုက္ခပဲ။ အဲ ... အဲဒီထက်ဆိုးတာက မချစ်မနှစ် သက်သူနဲ့ ပေါင်းသင်းရတာက ပိုဆိုးတဲ့ဒုက္ခတဲ့ ...

မင်းက သူ့ရဲ့ မချစ်မနှစ်သက်သူဆိုတော့ သူ့အတွက် ကြီးမားသောဒုက္ခကြီး ဖြစ်နေမှာရော သူ့အတွက် မင်း ထည့်မစဉ်းစားတော့ဘူးလား ...

မင်းရဲ့အချစ်က သူ့ကို စိတ်ချမ်းသာစေချင်တဲ့ အချစ်မျိုး မဟုတ်ဘူးလား"

အဲဒီစကားကိုတော့ သူက နှုတ်ခမ်းထောင့်စွန်းကို တွန့်ကွေးရုံ အသာအယာပြုံးကာ ...

"ငါက အဲဒီလောက်ထိ ထည့်မစဉ်းစားဘူးလို့ ပြောရင် ငါ့ကို အချစ်မစစ်ဘူးလို့ မင်းပြောမှာလား။ ပြောလည်းပဲ သိမ်ကိစ္စမရှိပါဘူးကွာ ...

မင်းလည်း အသိပဲ။ လောကမှာ ဘာအရေးကြီးဆုံး အရာတစ်ခုကိုရဖို့ သေးသေးမွှားမွှားလေးတွေတော့ ရင်းနှီး ထားရတာပဲလေ။ သူ့ကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာဖြစ်တဲ့အတွက် သူ့ဘက်ကလည်း စိတ်ချမ်းသာ အောင် နေတတ်ဖို့တော့ လိုလိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အစစအရာရာ ပြည့်စုံအောင် ထားရမှာက ငါ့တာဝန်ဖြစ်ပြီး အဲဒီပြည့်စုံမှုတွေကို တန်အောင်ခံစားတတ်ဖို့ကတော့ သူ့တာဝန်သာ ဖြစ်တယ်လေ"

သူ့စကားအဆုံးတွင် ဘိုချမ်းက ဘာမှပြန်မပြောနိုင်တော့သလို ငြိမ်ကျသွားသည်။ သူကတော့ ဆောင်းဘီထဲ လက်နှိုက်ကာ အင်းလျားရေပြင်၏ အဝေးတစ်နေရာကို ငေးနေဆဲပင်။ တစ်နေ့နေ့မှာ သူ့လိုပဲ ကန်ရေပြင်ကို တစ်စုံတစ်ယောက်က တစ်စုံတစ်ရာကို စဉ်းစားခြင်းများဖြင့် ငေးမောကြည့်ရှုလိမ့်ဦးမည်ဟု သူ ယုံကြည်နေလေသည်။

* * *





## ၁၁

"ဘွဲ့ရေ ... ဘွဲ့။ လာပါဦး ဘွဲ့လေးရယ်၊ အကျိုးတော့ နည်းကုန်ပါပြီကွယ်"

ခုကိုပဲ ငိုချတော့မလို မျက်နှာထားဖြင့် ပြေးလာသော ဒေါ်ကြီးရွှေရဲ့ပုံစံကြောင့် ဘွဲ့က မျက်မှောင်တစ်ချက် တွန့်ချိုးသွားရကာ ...

"ဘာဖြစ်လို့လဲ ဒေါ်ကြီးရွှေ"

ဘွဲ့က ဈေးရောင်းနေတာမို့ ဈေးဝယ်သူကို ပိုက်ဆံပြန်အမ်းရင်းမှ ဒေါ်ကြီးရွှေကို လှည့်မေးလိုက်သည်။ ဒေါ်ကြီးရွှေက ငိုတော့မလို မျက်လုံးများနှင့် ဘွဲ့ကိုကြည့်ကာ ...

"အိမ်ထဲမှာလေ သမီးအမေဆီကို ပိုက်ဆံလာတောင်းတဲ့ မိန်းမတွေ ရောက်နေတယ်။ အို ... ပစ္စည်းလိမ်တာတွေရော ဘာတွေရော ရှုပ်ယှက်ခတ်နေတာပဲ။ အခုလျော်ရင်လျော် မလျော်ရင် တရားစွဲမယ် ဆိုတာတွေရော ...



www.burmeseclassic.com

www.burmeseclassic.com



အို … ဘာတွေမှန်း မသိပါဘူး ဘွဲ့လေးရယ်။ လာပါဦး … သမီးအမေကို ခုတောင် ရဲနဲ့လာဖမ်းမယ်လို့ ပြောတဲ့ပုံစံမျိုး။ ဘာတွေဖြစ်ကုန်ပြီလဲ မသိပါဘူး။ ခင်သူဇာ တစ်ယောက်တော့ အချုပ်ကြီးထဲပြီနဲ့ တူပါတယ်"

ဒေါ်ကြီးရွှေ၏ အဆုံးသတ်စကားကြောင့် ဘွဲ့ ရင်ထဲတွင် ပူခနဲဖြစ်သွားကာ လက်တွေတောင် ဆတ်ခနဲ တုန်သွားတယ်ဟု ထင်သည်။ တစ်လက်စတည်းမှာပဲ မေမေရဲ့မျက်နှာကို ပြေးမြင်သည်။ မေမေ ဘာတွေလုပ်ထားခဲ့ပြီလဲ။ ခုတလောမှာ အလုပ်လုပ်တယ် အလုပ်လုပ်တယ်နှင့် ဘာတွေလုပ်ပြီး ဘာတွေ ဒုက္ခရောက်ခဲ့ပြီလဲ။ ဘွဲ့ တတ်နိုင်တဲ့ဒုက္ခမျိုးမှ ဟုတ်ရဲ့လား။ ဘာမှန်းညာမှန်း မသိရသေးပဲနဲ့ကို ဘွဲ့ရင်ထဲမှာ တုန်လှုပ်ခြင်းဖြင့် မှုလောင်လာသည်။

"ဘယ် … ဘယ်သူတွေလဲဟင် ဒေါ်ကြီးရွှေ"

"မသိဘူးကွယ်၊ ဟို မိန်းမလေ … သင်းဝေဝေလည်းပါတာပဲ။ တခြားမိန်းမနှစ်ယောက်လည်း ပါတယ်။ လာခဲ့ပါဦး သမီး။ မဖြစ်တော့ဘူးနဲ့ တူတယ်"

ဘွဲ့က နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ ဒေါ်ကြီးရွှေ နောက်မှ လိုက်ပါလာခဲ့သည်။ အိမ်ထဲတောင်မဝင်ရသေး၊ ဧည့်ခန်းထဲမှ ဆူညံနေသော အသံများကို စတင်ပြီး ကြားနေရပြီဖြစ်သည်။





"အို … ကျွန်မကို လှည့်မချနဲ့လေ မသူဇာရဲ့၊ ကျွန်မပေး လိုက်တုန်းက ပစ္စည်းက အစစ်ပဲလေ။ မသူဇာဆီမှာ ယူထားတာကိုက တစ်ပတ်ကြာတာ မဟုတ်လား …

ခုဟာက မသူဇာနဲ့ အဲဒီဝယ်လက်ကြားမှာဖြစ်တဲ့ ပြဿနာပဲ။ ပစ္စည်းက အခု အတုဖြစ်နေတယ်။ ဒါ ဘယ်သူ့ဆီမှာ တာဝန်အရှိဆုံးလဲဆိုတာ အသိသာကြီးပဲ။ အခု ပိုင်ရှင်က သူ့ပစ္စည်းကို ပြန်လိုချင်တယ်၊ ပြန်ထုတ်တော့မယ် ဆိုလို့ တောင်းတော့ ပြန်စစ်ကြည့်တော့ ပစ္စည်းက အတုဖြစ်နေတယ် …

ကဲ … အဲဒါ ဘယ်သူ့အမှားလဲ"

"မဖြစ်နိုင်ဘူး မသင်း။ အဲဒါ မသင်း ပေးကတည်းက ဒီပစ္စည်းအတိုင်းပဲ။ ကျွန်မ ဝယ်လက်ကို မပြဘူး မဟုတ်ဘူး။ ပြတယ် …

ဒါပေမဲ့ ဝယ်လက်ဆီမှာ ထားခဲ့တာ မဟုတ်ဘူး။ ပြပြီးတာနဲ့ ပြန်ယူတာပဲ၊ ပေးထားတဲ့အတိုင်းပဲ၊ ဘာမှ အတုဖြစ်စရာ အကြောင်းမရှိဘူး"

"အို … ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ အတုဆိုမှ အတုပေါ့"

"ဟာ … အဲဒါတွေက ထားစမ်းပါဦး။ ဒီမှာ သူဇာ၊ ညည်း ငါ့ယောက်ျားစီမှာ ဖဲကြွေးချည်းပဲ သိန်းရှစ်ဆယ်ကျော်နော်၊ ရွှေ့ရွှေ့နေတာ ဘယ်နှလရှိပြီလဲ …



www.burmeseclassic.com

www.burmeseclassic.com



ငါ့ယောက်ျားကိုသာ ပလီပလာလုပ်ပြီး ပတ်ချွဲနှပ်ချွဲလုပ်လို့ ရချင်ရမယ် ငါ့ကိုတော့ မရဘူးနော်။ ပေး ... အဲဒီသိန်းရှစ်ဆယ်ကို အနုပဲပေးဖို့ စဉ်းစားထား"

"အို ... တော်ကြစမ်းပါ။ ရှင်တို့က ခုမှလာပြီး ကျီးတွေအာသလို ပိုင်းအာမနေကြစမ်းပါနဲ့။ အဲဒါတွေအတွက် ရှင်တို့မှာ ဘာစာရင်းရှိလဲ ပြော။ ဘာသက်သေရှိလဲ၊ ဟင်း ... အခိုင်အမာမရှိတာတွေ"

"အေး ... အခိုင်အမာရှိတာတွေ မရှိတာတွေ လာမပြောနဲ့။ စားစရာမရှိနေ လျှော်စရာတော့ ရှိရတယ်ဆိုတာ နင် သိတယ် မဟုတ်လား ..."

ဒီမှာ သူဇာ ... ဖဲကြွေးတွေ နစ်လုံးကြွေးတွေကရုံးတိုင်ပြီး တောင်းလို့မရဘူးပဲ ထားဦး။ အေး ... နင်ချေထားတဲ့ ပိုက်ဆံတွေက စာချုပ်စာတမ်းနဲ့ ချေးထားတာဆိုတာ သဘောပေါက်။ အဲဒါတွေအတွက် ဆပ်ရိုးတန်နေပြီဆိုတာလည်း သဘောပေါက် ... ဟင်း"

ကြားရသော စကားတွေကကို ဘွဲ့အတွက် မူးမေ့ချင်စရာ ကောင်းနေခဲ့သည်။ ဘွဲ့သည် အကိုတင်းတင်းကြိတ်ကာ အိမ်ထဲသို့ အားတင်းပြီး ဝင်သွားလိုက်သည်။

"မေမေ ဘာတွေဖြစ်နေတာလဲ။ ဟင် ? ... ဒါ ဘာတွေဖြစ်နေကြတာလဲ"





မေမေက ဘွဲ့ကို တစ်ချက်လှည့်ကြည့်ပြီးလျှင်ချက်ခနဲ မျက်နှာပျက်သွားသည်။ ပြီးတော့ ချက်ချင်းပဲ ဘွဲ့ကို ခွဲထုတ်ရုံတမယ်ဖြင့် ...

"ဘွဲ့ ... သွားစမ်း၊ ဘွဲ့နဲ့ ဘာမှမဆိုင်ဘူး။ မေမေ့ပြဿနာ မေမေဘာသာရှင်းမယ်"

"ဘာလို့မဆိုင်ရမှာလဲ။ ဒီအိမ်ပေါ်အထိ ဒီလောက်တောင် ဆူဆူညံညံတွေ တက်ပြီးဖြစ်နေမှတော့ ဘွဲ့က မဆိုင်သလို ... ဘေးထွက်နေရမှာလား မေမေရဲ့။ မေမေ့ရဲ့သမီးတစ်ယောက်အနေနဲ့ ဒီလောက်တောင် ဘွဲ့ကအရေးမပါတော့ဘူးလား ...

ဒီမှာ အန်တီတို့။ အန်တီတို့ကလည်း အန်တီတို့ ပြောချင်တဲ့စကားကို အေးအေးဆေးဆေးထိုင်ပြီး ပြောကြပါ။ ကျေးဇူးပြုပြီးတော့ ကျွန်မတို့အိမ်ထဲမှာ အော်ကြီးဟစ်ကျယ်တွေ မလုပ်ကြပါနဲ့။ အန်တီတို့ ပြောချင်တာတွေက အေးအေးဆေးဆေးပြောလည်း ဒီစကား၊ ဆူဆူညံညံပြောချင်လည်း ဒီစကားပါပဲ ...

ဒါကြောင့် အေးအေးဆေးဆေးပဲ ပြောကြပါ"

"အေး ... ပြောဆိုတော့လည်း ပြောရတာပေါ့၊ ဒီမှာ ကလေးမ ... အခု တို့လာတာက ..."

"မသင်းဝေ ... ရှင် သူ့ကိုဘာမှပြောစရာမလိုဘူး၊ ကျွန်မနဲ့ဖြစ်တဲ့ကိစ္စကို ကျွန်မနဲ့ပဲရှင်း။ ဟော့ မိဘွဲ့ ... ညည်းဘာမှ ဝင်မပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သွား ... ညည်းဆိုင်ထဲ ညည်းပြန်သွား"

"ဘာလို့သွားရမှာလဲ မေမေရဲ့။ မေမေ အဲဒီလို ဘွဲ့မသိဘဲနဲ့ လျှောက်လျှောက်လုပ်နေတာတွေကြောင့် ခုလိုတွေ ဖြစ်နေရတာ မဟုတ်လား ...

အခု ဘာပြဿနာတွေလဲ။ ဘွဲ့ သိရမှဖြစ်မယ်။ ဒီခွက်တွေကိုလည်း ဆက်မခံစားချင်တော့ဘူး မေမေ။ တစ်ခါတည်းရှင်းမှ ဖြစ်မယ်"

"အေး ... ရှင်းဆိုလည်း ပြောပြရုံပဲ ကလေးမ။ အခုလာတဲ့ကိစ္စက သူ့ရဲ့ဖဲကြွေး၊ နှစ်လုံးကြွေးတွေအပြင် သူ ရောင်းမယ်ဆိုပြီး ယူသွားတဲ့ သိန်းနှစ်ရာတန် စိန်နားကပ် ကိစ္စလည်း ပါတယ်။ အဲဒီစိန်နားကပ်ကို သူ့ယူသွားတုန်းက ပေးလိုက်တာ အစစ်ပဲ။ သူ့ဆီက ပြန်တောင်းတော့ အတုကြီးဖြစ်နေတယ်၊ အဲဒီကိစ္စက တစ်ခု ...

နောက်တစ်ခုက သူ့အလုပ်လုပ်ဖို့ဆိုပြီး ချေးထားတဲ့ ငွေသိန်းငါးရာ အတိုးလည်းမှန်မှန်မဆပ်နိုင်လို့ ငွေရှင်က တောင်းနေပြီ။ အတိုးနဲ့အရင်းပေါင်း သိန်းခြောက်ရာနားကပ်နေတယ်။ အဲဒီငွေကိစ္စတွေ ကဲ ... အဲဒါတွေဘယ်လိုရှင်းမှာလဲ ပြော။ ဒါတွေအားလုံး မရှင်းနိုင်ရင်တော့ သက်ဆိုင်ရာကနေ စကားပြောရမှာပဲ။ ရှင့်ကို ဖမ်းချုပ်ထောင်ထဲထည့်ရမှာပဲ မသူဇာ"





ဘွဲ့သည် ကြားရသော စကားတွေအတွက် လဲပြိုချင်သလိုကို ဖြစ်သွားသည်။ မေမေ့မျက်နှာကို ကြည့်လိုက်တော့သည်း သွေးမရှိတော့ချေ။

"ခဏနေကြပါဦး အန်တီတို့၊ အခု ဒီကိစ္စဟာ ကျွန်မလည်း အခုမှသိရတဲ့ အကြောင်းအရာတွေပါ။ ကျွန်မတို့သားအမိချင်း အေးအေးဆေးဆေး တိုင်ပင်စကားပြောပါရစေဦး ...

အန်တီတို့ကိစ္စကို အတတ်နိုင်ဆုံး ပြေလည်အောင် ဖြေရှင်းပေးမှာပါ။ ဒါကြောင့် အခုတော့ ခဏလောက် သည်းခံပြီး စောင့်ပေးကြပါ။ မှန်ကန်တဲ့အတိုင်း ဖြစ်စေရမှာပါ။ ကျွန်မ အာမခံပါတယ်"

"ကြားတယ်နော် ခင်သူဇာ။ နင့်သမီးကိုယ်တိုင် ဒီစကားကို ပြောတာ။ အေး ... နင်တို့သားအမိချင်း ပြေလည်အောင် ညှိထားကြတော့။ နင်တို့သားအမိကို အချိန်တစ်ပတ်ပေးမယ်။ ပြီးရင် နင်တို့ဖြေရှင်းဖို့သာ ပြင်ထားကြတော့ ... ဒါပဲ"

မိန်းမကြီးတစ်စုက ဒေါကြီးမောကြီးနှင့် ပြန်သွားချိန်တွင် မေမေက ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ပုံလဲကျသွားသည်။ ဘွဲ့က တစ်ဆို့နေသော ရင်အစုံဖြင့် မေမေ့ကို ယူကျုံးမရဖြစ်စွာ ကြည့်မိသည်။ မေမေက ဘွဲ့ကိုကြည့်မနေပါ။ နားထင်ကိုလက်ထောက်ပြီး စိတ်ပျက်လက်ပျက်ပုံစံဖြင့် ထိုင်နေသည်။ အဲဒီပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ တစ်သက်တာတွင် မြင်ဖူးသည်မှာ မေမေဆုံးတုန်းက ပုံမဲ့ရယ်၊ အခုတစ်ခါရယ်နှင့် စုစုပေါင်းမှ နှစ်ခါပဲ မြင်ဖူးသည်မို့ အတော် အခြေအနေ ဆိုးသည်ဟု သတ်မှတ်ရမည်ဖြစ်သည်။

မေမေ ဘာတွေလုပ်ထားခဲ့ပြီလဲ။ ဘွဲ့တို့ ဘဝတွေ ဘယ်လိုတွေ ဆက်ဖြစ်ကြဦးမှာတဲ့လဲ။ မေးခွန်းတိုင်းအတွက် ဘွဲ့မှာ အဖြေမရှိ။ အဖြေကိုပေးနိုင်သူမှာ မေမေကိုယ်တိုင်ပဲ ဖြစ်လေသည်။

"မေမေ အခု သူတို့ပြောသွားတာတွေက တကယ်ပဲလား"

မေမေ့ထံမှ ဘာသံမှ မကြားရပါ။ ဘာစကားမှလဲ ပြန်မဖြေပါ။ တစ်နေရာကိုသာ ငေးစိုက်ပြီး ကြည့်နေပုံသည် ဆိတ်ဆိတ်နေ ဝန်ခံခြင်းဆိုတာကို သက်သေပြနေလားတော့ မပြောတတ်ချေ။ အဲဒီလို မေမေ ဘာမှမပြောလေလေ ဘွဲ့ရင်ထဲမှာ ပိုပြီးတုန်လှုပ်လာလေဖြစ်လေသာဖြစ်၏။

"မေမေ ... ဘွဲ့မေးနေတာ ဖြေဦးလေ"

"ဘွဲ့ ... ငါ့မှာ ပြောစရာစကား မရှိဘူး"

"ရှင် ... မေမေ။ မေမေ အဲဒါ ဘာပြောလိုက်တာလဲ"

"ပိုက်ဆံတွေက တကယ်ကို ပေးစရာရှိတာ အမှန်ပဲ ဘွဲ့"

"ဒါ ... ဒါဆို ဘွဲ့တို့က ဘယ်လိုလုပ်ကြမှာလဲ။ ဒီ ... ဒီလောက်ပိုက်ဆံအများကြီးကို ဘွဲ့တို့က ဘယ်ကနေ ဘယ်လို ဆပ်ကြမှာလဲ ...



မေမေ ဘယ်လိုစိတ်ကူးထားလို့လဲ ... ဟင် ? "

မေမေသည် ဘာမှပြန်မဖြေချေ။ ညှော်ခန်းရဲ့ကြမ်း ...င်ကိုသာ ငုငုငိုင်ငိုင်ကြီး စိုက်ကြည့်နေသည်။ အံမေဖြစ်နေလို့ ...သာ တော်တော့သည်။ အစ်မဆိုလျှင်တောင် ဘွဲ့က ပခုံးအား ...တ်ရှိလက်ရှိ ကိုင်လှုပ်ပစ်ချင်လှလေသည်။

"မေမေ ဘွဲ့တို့ ဘာလုပ်ကြမှာလဲ။ ဘွဲ့ကိုလည်း စကားလေး ဘာလေး ပြောပါဦး မေမေရဲ့။ မေမေ ဘာလုပ်မှာလဲ။ တစ်ပတ်အတွင်းမှာ ဒီပြဿနာကို ဘယ်လိုဖြေရှင်းပေးမှာလဲ"

မေမေက ဘွဲ့ကို တစ်ချက်လှည့်ကြည့်သည်။ အဲဒီ ...ကြည့်တွေထဲမှာ သူ ဘာမှမလုပ်တတ်တော့ဘူး ဟူသော ...ဖြေတချို့ ပါဝင်နေတာကိုလည်း တွေ့လိုက်ရသည်။

"ဘာလုပ်ကြမှာလဲ မေမေ။ မေမေ ဘာလုပ်မှာလဲ"

"ဘွဲ့ ... သမီး"

မေမေက ဘွဲ့ကို ခေါ်သဖြင့် ကြည့်လိုက်လျှင် ...မေ့မျက်လုံးတွေက စကားပြောနေတယ်ဟု ခံစားရသည်။ ...မေ တစ်ခုခုကို ပြောချင်နေတဲ့ပုံပဲ။ ဘာကိုပြောချင်နေတာလဲ ...ဂျဲတော့ ဘွဲ့ အတိအကျ မသိခဲ့တတ်ချေ။ မေမေ့မျက်လုံးထဲ ...မှာ အဖြေတွေကို ရှာဖွေနေတုန်းမှာပဲ မေမေ့ထံမှ စကားသံထွက် ...လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေလေ ဒီအိမ်နဲ့ ခြံကိုလည်း ပေါင်ထားတယ်"

ဒီတစ်ခါတော့ ဘွဲ့သည် တကယ်ကိုပဲ မိုက်ခနဲဖြစ်သွားသည်။ ရုတ်တရက် နှလုံးကို တိုက်ခိုက်ခြင်းခံရသူလို ဆို့နင့်ပြီး ရှော့ရသွားတာဖြစ်သည်။ မေမေရယ် လုပ်ရက်လိုက်တာဟူသော စကားကိုတောင် ပါးစပ်က ထွက်မလာနိုင်ဘဲ ဆို့နင့်ကြေကွဲကာ မေမေ့ကို ကြောင်ပြီးကြည့်နေမိသည်။

"အ ... အဲဒီတော့ ..."

"သမီး ... မေမေ အဲဒီလောက်ထိမိုက်ဖို့ မရည်ရွယ်ပါဘူး၊ ငွေများရင် ငွေနဲ့လိုက် ဆိုသလိုပဲ အားလုံး ... အားလုံးဟာ ..."

"တော်ပါတော့ မေမေ၊ အခု ဘွဲ့တို့ ဘာလုပ်ကြရမှာလဲ၊ ဘွဲ့တို့ ခွေးဖြစ်ကြရတော့မှာပေါ့၊ ဟုတ်လား မေမေ"

"သမီး ... ဘွဲ့"

မေမေ့ခေါ်သံကြောင့် ဘွဲ့က ကြည့်လိုက်မိသည်။ မေမေက ဘွဲ့ကို တောင်းပန်တိုးလျှိုးသော မျက်လုံးများဖြင့် ကြည့်နေကာ ...

"သမီးက မေမေ့ကို ကယ်တင်နိုင်ပါတယ်"

မေမေ့စကားကို ဘွဲ့ တကယ်ပဲ နားမလည်ချေ။ နားမလည်ခြင်းများ၊ ရှော့ရမှုများနှင့်အတူ စိတ်ဆင်းရဲအားကြီးလွန်းတာတွေကြောင့် ဘွဲ့ ရူးသွားမလားဟုတောင် ထင်မိလေသည်။







"ဘွဲ့"

မေမေက ဘွဲ့ရဲ့ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်ကာ ခေါ်သည်။ မေမေရဲ့နှုတ်ခမ်းတွေက တဆတ်ဆတ်တုန်နေသည်ဟု ထင်ရလေသည်။ မျက်လုံးမှာ မျက်ရည်စတွေက ရစ်ဖွဲ့သိုင်းယှက်နေသည်။

"မေမေ အိမ်ပေါင်ထားတဲ့လူက အကျော်ဒေယျပဲ"

"ဘ ... ဘယ်လို ! "

ဘွဲ့နားထဲတွင် ရှုပ်ထွေးသွားသည်။ မေမေ ဘာကိုဆိုလိုချင်သလဲ ဆိုတာကိုလည်း ချက်ချင်းနားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

"သမီး အကျော်ဒေယျကို သိတယ် မဟုတ်လား။ မေမေ အိမ်ပေါင်ထားခဲ့တာ သူ့ဆီမှာ"

"ဘုရား ... ဘုရား။ မေမေ ဘာတွေလုပ်နေတာလဲ၊ ဘာတွေလုပ်နေတာလဲဟင်၊ ဘွဲ့တော့ ဘာမှနားမလည်နိုင်တော့ဘူး ..."

ဟား ... ဘွဲ့ သေချင်တယ် မေမေ။ တကယ်ပဲ သေချင်တယ်။ အဲဒီလူနဲ့ မေမေက ဘယ်လိုလုပ် ပတ်သက်ပြီး ... ဟား ... ကျွတ်"

ဘွဲ့က ယောက်ယက်ခတ်စွာဖြင့် ထိုင်ရာမှထကာ ဟစ်အော်မိသည်။ ဒီလူနဲ့ မေမေဟာ ဘယ်လိုလုပ် ပတ်သက်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားရတာလဲ။ အထူးသဖြင့် မေမေ ပြောလိုက်သောစကား။ ဘွဲ့ ကူညီနိုင်ပါတယ်ဆိုတဲ့ စကားကရော ဘာစကားလဲ၊ အရာအားလုံး အတွက် ဘွဲ့ တုန်လှုပ်လာသည်။

"သမီး ... အိမ်ကို သူ့ဆီမှာပေါင်ထားတာ တိုက်ဆိုင်မှု တစ်ခုပါ ... ဒါပေမဲ့ ပြန်မရွေးနိုင်တော့ဘူးလို့ မေမေသိတဲ့ အချိန်၊ သူနဲ့ဆွေးနွေးတဲ့အချိန်မှာ မေမေက အပြတ်ရောင်း ဖို့ ပြောတယ်။ အဲဒီအခါမှာ သူက မေမေ့ကို စကားတစ် ခွန်း ကမ်းလှမ်းလာတယ် ...

ဘွဲ့နဲ့လက်ထပ်ဖို့ ခွင့်ပြုပေးပါတဲ့၊ ခွင့်ပြုပေးခဲ့ရင် ဒီအိမ်ကို လျှော်ပေးပြီး ကျန်တဲ့ ..."

"တော်ပြီ မေမေ"

ဘွဲ့က ဖြတ်အော်လိုက်သောအခါ မေမေက မျက်နှာ တစ်ချက် ပျက်သွားသည်။ ဘွဲ့ရဲ့မျက်လုံးတွေက မျက်ရည်တွေက ဘယ်လိုပိုးပိုးပေါက်ပေါက် ကျလာမှန်းတောင် မသိတော့ချေ။ ဖြစ်နိုင်လျှင် ရူးသွားချင်သည်။ အားလုံးကို အကြီးအကျယ်စိတ် နာကာ အမုန်းကြီး မုန်းတီးမိလေသည်။

"ဘာလဲ ... ဘွဲ့က အဲဒီလူကို လက်ထပ်ပြီး မေမေ့ကို ကယ်တင်ရမယ်ပေါ့ ... ဟုတ်လား။ သူ့ကိုလက်ထပ်မှ ဘွဲ့တို့အိမ်ကို ပြန်ရပြီး မေမေ့အကြွေးတွေကိုလည်း သူက ဆပ်ပေးဦးမှာပေါ့ ...





မေမေ ... သမီးအပေါ်မှာ ဒီလောက်ထိတောင် လုပ်ရက်တယ်ပေါ့ ဟုတ်လား။ သမီးအတွက် နည်းနည်း လေးမှ ထည့်မစဉ်းစားတော့လောက်အောင် မေမေ လုပ် ရက်လိုက်တာနော်"

ဘွဲ့စကားကြောင့် မေမေက ချုံးပွဲချ ငိုကြွေးလေ တော့သည်။ ဒေါ်ကြီးရွှေလည်း မနေရတော့ချေ။ ဘွဲ့ ငိုသောအခါ နာတရှုံ့ရှုံ့ဖြင့် ဝင်ငိုတော့လေသည်။ မေမေလည်းပဲ တိတ်တဆိတ် မျက်ရည်ကျနေတာ တွေ့ရသည်။ ခုချိန်မှာတော့ အားလုံးရဲ့မျက် ရည်တွေ ချောင်းစီးသော်လည်းပဲ ဘာမှထူးခြားလာတော့မည် မဟုတ်ဆိုတာ မေမေမှ သိပါလေစ။

"မိုက်လိုက်တဲ့ မသူဇာရယ်။ ညည်း ဒီလိုတွေ ဖြုန်းတီးခဲ့ တာ ဘယ်လောက်တောင် ကုန်ခဲ့ပြီလဲ။ အခု နောက်ဆုံး နေစရာအိမ်တောင် မရှိတော့တဲ့အထိ ငါတို့တွေ ဘဝပျက် ရတော့မှာပေါ့ ... ဟုတ်လား

ငါ့မျက်နှာကို မထောက်ချင်ရင်တောင်မှ ဒီသမီးပျို လေးမျက်နှာကိုတော့ ထောက်သင့်တယ် မဟုတ်လားအေ။ အခုတော့ ငါတို့က ခွေးလုံးလုံးဖြစ်ပြီပေါ့ ... ဟုတ်လား"

"ဒေါ်ကြီးရွှေ ဘယ်သူကမှတော့ ဒီလိုဘဝရောက်အောင် တမင်မဖန်တီးခဲ့ဘူး။ ကျွန်မလည်း အိမ်အတွက် ရှုပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရလမ်းလေးများ ရှိမလားလို့ ကြိုးစားတာပဲ။ အခုလို ဖြ
သွားလိမ့်မယ်လို့ မျှော်လင့်ပြီး လုပ်ခဲ့တာလည်း မဟုတ်ဘူး
"အောင်မယ်လေး ... ပြောတတ်လိုက်တာနော်၊ ပြောတ
ပါ့ မိသူဇာရယ်။ လောင်းကစားနဲ့များ အိမ်အတွက် စီးပွ
ရေးလုပ်သတဲ့ ...

ခုတော့ သမီးကို ထိုးပေးရမယ့် အဖြစ်မျိုး ရော
နေပြီပေါ့ ... ဟုတ်လား"

"အဲဒီလို မပြောနဲ့ ဒေါ်ကြီး။ ဒေယျဆိုတဲ့ ကောင်လေး
သူ့အပေါ်မှာ တကယ်ကို နှစ်နှစ်ကာကာ မေတ္တာရှိ
ကျွန်မက ပြောနေတာ။ သူ့အနေနဲ့ တခြားမိန်းကလေး
ကို ရွေးချယ်ချင်လည်း တစ်ပုံတစ်ခေါင်းပဲ။ ဒါပေမဲ့ ဘွဲ့
ကိုပဲ သူက တန်ဖိုးထားပြီး လက်ထပ်ယူချင်နေတာ

ဘွဲ့ သူ့ကို မယူချင်လည်း ကိစ္စမရှိဘူး။ ကျွန်မတ
အိမ်ကြီးကို ရောင်းလိုက်ကြတာပေါ့။ ဒီအိမ်က ကျွန်မသ
ပြီး ဖက်တွယ်မက်မောခဲ့ရတဲ့အိမ်ပါ။ ဒီအိမ်ကိုရောင်းရ
ကျွန်မ သေလိမ့်မယ်လို့ ပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ ဘွဲ့
ခွတ်အတင်း ယောက်ျားမပေးစားဘူး။ ရတယ် ဒီအိမ်
ရောင်းပြီး အကြွေးတွေကို ဆပ်မယ်။ အဲဒီလိုလည်း ဖြ
တယ်"





ထိုအပြောကြောင့် ဘွဲ့က မေမေ့ကို နာနာကြည်းကြည်း ကြည့်မိသည်။ ဒီလိုတွေဖြစ်မှာ ကြိုတင်ပြီး ဘာကြောင့် မတွေးခဲ့ရတာလဲ မသိချေ။ ခုချိန်ကျမှတော့ အရာအားလုံး နောက်ကျခဲ့ပြီ။ ပြီးတော့ ဘွဲ့ရဲ့ဖခင် ခေါင်းချခဲ့သည့် အိမ်ကြီးကိုလည်း လောင်းကစားဒိုင်တွေက အကြွေးဖြင့် သိမ်းသွားတာကိုလည်း မခံနိုင်ပါ။ ဘွဲ့ရဲ့ရင်ထဲမှာ ရဲရင့်သောသွေးတွေက တစ်မုဟုတ်ချင်း ဆူပွက်နေကာ သွေးပူစိတ်လှုပ်ရှားနေချိန်မှာလည်း အရာအားလုံးကို မိုက်မိုက်မဲမဲ ဆုံးဖြတ်ပစ်ဖို့ အဆင်သင့်ရှိနေခဲ့ပြီ။

"မေမေ ဘွဲ့ကို ကတိတစ်ခုပေးရင် ဘွဲ့ အဲဒီလူကိုယူမယ်"

"ဘာရယ် ဘွဲ့"

"မေမေ ဒီလောင်းကစားကို လုံးဝမစွန့်လွှတ်ဘူးဆိုတဲ့ ကတိကိုပေးပါ၊ ဘွဲ့ အဲဒီလူကိုယူမယ်"

"ဘာပြောတယ် ... ညည်း ဘာပြောနေတာလဲ ဘွဲ့။ ငါ့ကို အရွဲ့တိုက်နေတာလား"

"ဘွဲ့ တကယ်ပြောနေတာ။ လုပ်စမ်းပါ ... မေမေလည်း နောက်ဆုံးအချိန်ထိ လောင်းကစားကို ဖက်တွယ်သွား၊ ဘွဲ့လည်း ဘဝမှာ စိတ်ထင်တိုင်း ရူးရူးမိုက်မိုက်နေပြီး ပျော်စရာတွေကို အစွမ်းကုန် ရှာသွားမယ် ...

ဟား ဟား ... ဟုတ်တယ်လေ။ ကိုယ်က ကောင်းရောင်းကောင်းဝယ်နဲ့ ရိုးရိုးသားသား ရပ်တည်နေထိုင်တော့ရော ဘာကောင်းလဲ။ ဘာဖြစ်လာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မွေးထားတဲ့ အမေကရော အသိအမှတ်ပြုလာ
ဘွဲ့ကသာ မရှက်မကြောက်နဲ့ ရှေ့ထွက်ပြီး အလုပ်လုပ်
တယ်။ နောက်က လုပ်ချင်တာတွေ လုပ်နေကြတာ
မဟုတ်လား ...

ဒီတော့ ဘွဲ့ကောင်းတော့ရော ဘာဖြစ်လာ
ဘာမှမတရားတဲ့ အလကားလောကကြီး။ လုပ်ချင်တာ
လုပ်ကြတော့။ ရတယ် ... ဘွဲ့လည်း သူ့ငွေကိုယ့်
သင်းစည်းစိမ်ပြုတ်အောင် သုံးဖြုန်းပြမယ်၊ ဟုတ်ပြီလား
ဟား ဟား ဟား"

သည်းခြေပျက်သွားသော ဘွဲ့ကို အားလုံးက ကြော
ပြီး ငေးကြည့်နေကြလေသည်။

* * *





## ၁၂

"ဒါ မင်းနဲ့ ကိုယ်နဲ့ လက်ထပ်ပြီးသွားရင်နေဖို့ ကိုယ်ဝယ်ပြီး ပြင်ဆင်ထားခဲ့တဲ့အိမ်ပေါ့။ ဘယ်လိုလဲ သဘောကျရဲ့လား"

ကားပေါ်ကဆင်းဆင်းချင်း သူက မေးလိုက်သော မေးခွန်းကို သူမက နှုတ်ခမ်းတစ်ဖက်တွန့်၍ သရော်သလိုပြုံးကာ ...

"မကျပါဘူး။ ဘာတွေများ ထူးထူးခြားခြား လုပနေတဲ့ အိမ်မို့လို့လဲ။ အာပလာအဆင့်ပါ"

အဲဒီအပြောကြောင့် သူက မျက်ခုံးအစုပင့်သွားမိကာ သူမကို ငဲ့ကြည့်မိသည်။ သူ့ကိုများ နောက်နေသလားလို့ပါ။ ဒါပေမဲ့ နောက်နေတဲ့ပုံစံလည်း လုံးမဝတွေ့ရဘဲ အတည်ပေါက် နဲ့ကို နှိပ်ကွပ်နေတဲ့ ဒီဇိုင်းမျိုးဖြစ်သည်။ ဒီ့ထက်ဆိုးတဲ့ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေတွေကိုတောင် မျှော်လင့်ပြီးသားမို့ ဒီလောက်ကတော့ အတွက် ပန်းနဲ့ပေါက်သလောက်သာပဲ ရှိပါမည်။

တစ်ခါတလေတော့လည်း တချို့အခြေအနေ ဟာ ထင်ထားတာတက်တောင် မြန်ဆန်ချောမွေ့နေတာမျိုးလည်း ကြုံရတတ်ပါသည်။ သူ့ကို လက်ထပ်ဖို့ဆိုတာ မိုးဘွဲ့ကိုကိုအ နှင့် ခါးခါးသီးသီး ငြင်းပယ်ကာ အခက်အခဲ အမျိုးမျိုးကို ဆိုင်ရပြီးမှ ရယူနိုင်လိမ့်မည်ဟု ထင်ထားခဲ့သော်လည်း သူ သလို မဟုတ်ခဲ့ချေ။ သူမက မိခင်၏အကြံပေးချက်အတွက် လူ လက်ထပ်ရန် ချက်ချင်းပဲ ခေါင်းညိတ်ဆုံးဖြတ်လိုက်သည် တစ်ထိုင်တည်းတဲ့။ အဲဒီအတွက် ဘာကိုမှ သိပ်မအံ့သြတတ် သောသူတောင် နည်းနည်းအံ့သြခဲ့ရသည်။ သူမဟာ ထူးဆန်းသော မိန်းကလေးတစ်ယောက်ဟု ထင်ပါသည်။ သူမရဲ့ဆန္ဒအရ သူ သူမတို့၏ လက်ထပ်ခြင်းကို ခမ်းနားကြီးကျယ်သော ညစာစားပွဲ မပြေနှင့်။ ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးတာမျိုးတော မလုပ်ခဲ့ပါ။ တရားရုံးမှာ လက်မှတ်ထိုးခြင်းဖြင့်သာ လက်ထ ပြီးစီးခဲ့သည်။

မနက်က လက်မှတ်ထိုး လက်ထပ်ပြီးသောအခါ သူက သူမကို အတူနေမည့် အင်းလျားကန်ဘေးက အိမ် ခေါ်ဆောင်လာခဲ့တာ ဖြစ်လေသည်။ သူမနဲ့သူသည် လက်မှတ် ထိုးပြီးသွားသည်အထိ စကားဆယ်ခွန်းပြည့်အောင်တောင်





သေးသည်ဖြစ်လေရာ အခုမှပဲ စပြောရတာဖြစ်သည်။ ပြောပြော ချင်းလည်း သူမက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ပြောလေ တော့သည်။

"အပြင်က ရိုးရိုးရှင်းရှင်းဒီဇိုင်းမို့ပါ။ ဒီအိမ်က ကိုယ်ဆောက် တာ မဟုတ်ဘူးလေ။ မြေနေရာကိုကြိုက်တာနဲ့ ဝယ်လိုက် တာ၊ ဆောက်ပြီးသား ပါလာတာ ...

အထဲက Decoration ကတော့ မင်း ကြိုက်မှာပါ"

သူမက နှုတ်ခမ်းကို အသာမဲ့ပြီး ပခုံးတွန့်ကာ အိမ်ထဲသို့ ဝင်သွားသည်။ ရုံးမှာလက်မှတ်ထိုးတာမို့ မြန်မာဝတ်စုံ ဝတ်ထားသော သူမရဲ့အလှကို ပဏာမဦးဆုံးအကြိမ် မြင်ဖူးသည် ဖြစ်လေရာ သူက ကျေနပ်စွာဖြင့် ပြုံးပြုံးကျန်ခဲ့သည်။ သူမကို မြင်ဖူးသည်မှာ ကျောလယ်လောက်ရှိ ဆံနွယ်များကို အမြဲတစေ ပြောင်သိမ်း စုစည်းထားတတ်သောပုံဖြစ်ပြီး ရှပ်အင်္ကျီနှင့် ဂျင်း(န်) သော စွဲစွဲမြဲမြဲဝတ်တတ်သူဖြစ်သည်။ ဒီလို ရိုးရှင်းပြီး အရိုင်း နဲ့သော အလှမျိုးကိုပဲ သူက နှစ်သက်စွာ ရင်ခုန်သူဖြစ်ပါသည်။

"ဘယ်လိုလဲ ... မင်း ကြိုက်တယ်မဟုတ်လား"

သူမက စိမ်းလန်းသော Decoration ကို လှည့်ပတ် ကြည့်ရှု ခံစားနေသည်မို့ သူက မေးလိုက်လျှင် သူမက ဟင်းခနဲ မဲ့သည်။

"စိတ်ရှုပ်ဖို့ အကောင်းဆုံးမြင်ကွင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက အံ့ဩရယ်ချင်စိတ်ဖြင့် ဟားခနဲ ရေရွတ်ကာ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ပစ်ထိုင်မိသည်။

"နေပါဦး ... မင်းကို ကိုယ်တစ်ခုလောက် မေးပါရစေ။ မင်း ကိုယ် ဘာပြောပြော ကိုယ်နဲ့ဆန့်ကျင်ဘက်၊ အတိုက်အခံလုပ်ပြီး ပြောမယ်လို့များ စိတ်ကူးထားတာလားဟင်"

"သိပ်သေချာတာပေါ့"

"အိုး ဂေါ့ဒ်"

သူ့နှုတ်ခမ်းသူ ပိတ်ရိုက်ပုံကို သူမက ရွဲ့စရာသတ္တဝါ အလား မသတီသလို တစ်ချက်စိုက်ကြည့်ကာ ...

"ရှင်က ဘယ်လိုထင်နေတာလဲ။ ရှင့်ကို ကျွန်မက သဘောကျလို့ လက်ထပ်ခဲ့တယ်လို့များ ထင်နေတာလား"

"အဲလို မထင်ပါဘူး။ ဒါပေမဲ့ မင်း ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ခေါင်းညိတ်လက်ခံလိမ့်မယ်လို့တော့ လုံးဝထင်မထားဘူး"

"မထူးတော့ဘူးလေ။ ရှင်တို့အကုန်လုံးက ဒီလမ်းကိုပဲ ဖောက်ပေးထားမှတော့ နောက်ကျပြီးမှပဲ လျှောက်လည်း ဒီခြေထောက်ပဲ မဟုတ်လား ...

ရှင်နဲ့ စောစောလက်ထပ်လိုက်တော့ ရှင့်ကို စောစောစီးစီး ဒုက္ခပေးလို့ ရတာပေါ့"





အဲဒီစကားကိုတော့ သူမက ဒေါသမပါသော အင်မတန် သွေးအေးတည်ငြိမ်သည့် မျက်နှာထားဖြင့် ပြောတာဖြစ်သည်။ ကြည့်စမ်း ... ဟုတ်ပါရဲ့။ သူမကိုကြည့်ရတာ တစ်ခုခု ထူးခြားနေသည်ဟု ထင်မိခဲ့တာ။ လက်စသတ်တော့ ဒေါသ။ ဟုတ်တယ် အခါများစွာက သူမရဲ့မျက်နှာမှာ သူနဲ့တွေ့လေတိုင်း အမြဲတစေ တွေ့ခဲ့ရဖူးသည့် ဒေါသများ၊ နာကျင်မှုများ၊ မခံချင်မှုများ သေဖြင့် အဲဒါတွေကို လုံးဝမတွေ့ရတော့တာ ထူးခြားမှုတစ်ခုဖြစ်သည်။

ထိုအရာတွေအစား ထိမထင်မျက်နှာပေးနှင့် အေးစက်သောအပြုံးပါးပါးတွေက နေရာယူ ဝင်ရောက်လာကာ သူ့အတွက်တော့ Taste အသစ်တွေသာ ဖြစ်ပါသည်။

"မင်း ကိုယ့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"အဲလိုထင်ရင်တော့ ကျွန်မ တကယ်ဝမ်းနည်းမိမှာပဲ။ ရှင် သိထားဖို့တစ်ခုကလေ ဒီနေ့ကစပြီး ရှင့်ကိုပြောတဲ့ ကျွန်မရဲ့စကားလုံး၊ ပြုမူတဲ့ ကျွန်မရဲ့အပြုအမူ ဟန်ပန်အမူအရာတွေက ကျွန်မရဲ့ကိုယ်၊ စိတ်၊ နှလုံး သုံးပါးသော အကြောင်းများ ညီညွတ်ပြီး ထွက်လာတဲ့ အရာတွေလို့ ယုံကြည်စေချင်တယ် ...

ဟုတ်ပြီနော် ? "

နောက်ဆုံး အဆုံးသတ်စကားကိုတော့ သူမက ပြောသည်ဆိုရုံ လေသံတိုးဖွဖွလေးနှင့်ပြောကာ မျက်ခုံးလေးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ဆက်ပြလိုက်သေးသည်။ အဲဒီပုံစံက သူ့ကို မထိတရိဒိနိုင်းဖမ်းပြီး တမင်ပြောလိုက်သော စိန်ခေါ်စကားဖြစ်သော်လည်း သူက စိတ်မဆိုးသည့်အပြင် သဘောတောင်ကျသွားရသည်။ အို... ချစ်သူရယ်၊ မင်းကို ဘယ်လိုချစ်မြတ်နိုးမိမှန်းတောင် မသိရပါလား။

"ရှင့်ကို မေးချင်တာတွေ ရှိတယ်"

"အိုခေလေ ... မေးပါ။ ကိုယ့်အကြောင်းကို မင်းကြိုက်တာ မေးနိုင်ပါတယ်"

"ဟက် ... အတွေးကလည်း မိုက်ရိုင်းလိုက်တာ။ ရှင့်အကြောင်းကိုများ ကျွန်မက ဘာကိစ္စနဲ့ စိတ်ဝင်တစားမေးမြန်းနေရမှာလဲ။ လုံးဝစိတ်မဝင်စားဘူး ...

ကျွန်မ်မေးမှာ ကျွန်မအကြောင်းပဲ"

လုံးဝကို ရှင့်သီးသော ပမာမခန့်အပြောကို သူက အံ့သြစွာ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေရသည်။ သူမကြည့်ရတာ သူ့ကို အသေအကြေ တိုက်ခိုက်ချေမှုန်းတော့မည့် တာလီဘန်တစ်ယောက်၏ အမည်းရောင်မျက်လုံးတွေနဲ့ပါလား။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ ...။

"အင်း ... စိတ်တော့ ဝင်စားစရာပဲ။ မင်းက ကိုယ့်ကို မင်းအကြောင်း ပြန်မေးမယ်ဆိုတော့ ... အင်း ... ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ မေးကြည့်ပေါ့ ...

ကိုယ် သိသလောက် ဖြေကြည့်ရတာပေါ့"





သူမက သူ့ရှေ့တည့်တည့်က ဆိုဖာပေါ်မှာ ခပ်တည်တည်ပဲ ခြေထောက်ချိတ်ပြီး ဝင်ထိုင်သည်။ ပြီးတော့ သူ့ကို စူးရှသောမျက်ဝန်းများဖြင့် အေးစက်စွာစိုက်ကြည့်ကာ ...

"ရှင် ကျွန်မကို ဘာကြောင့် လက်ထပ်ခဲ့တာလဲ"

"ချစ်လို့ပေါ့"

အဲဒီစကားကိုတော့ သူက မဆိုင်းမတွဘဲ ကြည်နူးစွာ ဖြေမိပါသည်။ သူ့စကားကြောင့် သူမရဲ့မျက်နှာကတော့ အရောင်ပြောင်းလဲမသွားပါ။ နွေးထွေးမသွား၊ အေးစက်မြဲ အေးစက်ဆဲတည်း။

"လူတစ်ယောက်ကို ချစ်တယ်ဆိုတာ ယေဘုယျအားဖြင့်တော့ ချစ်ချင်စရာအကွက်တွေ ရှိနေလို့ပေါ့။ ကျွန်မဆီမှာ ရှင် ချစ်ချင်စရာ ဘာအချက်တွေများ ရှိနေလို့လဲ"

အင်း ... မေးခွန်းလေးကတော့ မဆိုးပါ။ သူမကြည့်ရတာ တကယ်ကို စိတ်ဝင်တစား မေးမြန်းနေတာမို့ သူက အစ်ချက်ချင်းပဲ ရှင်းပြမိသည်။

"လူတစ်ယောက်ကို ချစ်တယ်ဆိုတာ ဘာအတွက်ကြောင့် ချစ်တယ်လို့ အတိအကျကြီးတော့ ပြောလို့မရဘူး။ ဒါပေမဲ့ အချစ်နဲ့စိတ်ဝင်စားမှုကြားမှာ ထိုးပေးတဲ့ တံတားလေးတွေတော့ ရှိရတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကို စိတ်ဝင်စားခဲ့တာ မင်းရဲ့ရိုးသားရဲရင့်တဲ့ပုံစံလေးကိုပေါ့။ နောက် မင်းရဲ့အလှသိပ်မပြင်တဲ့ ရိုးရိုးရှင်းရှင်းပုံစံလေးကို အကြိုက်ဆုံးပဲ။ ရှပ်အင်္ကျီအကွက်လေးကို လက်ခေါက်ဝတ်ပြီး ဂျင်း(န်)ပန့်လေးဝတ်ထားတဲ့ပုံစံဆို အရမ်းမိုက်တယ်လို့ မြင်တယ် ...

ကိုယ် အကြိုက်ဆုံးကတော့ကွာ မင်းရဲ့သဘာဝမျက်နှာကိုပဲ။ ကြည်လင်နေတဲ့ မင်းမျက်နှာရှင်းရှင်းလေးကိုပဲ ငေးနေရရင် အားလုံးပြည့်စုံသလို ခံစားရတယ်"

သူမက ဩော် ... ဒီလိုလား ဟူသော ပုံစံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဟုတ်ပါပြီဟူသော ပုံစံလေးကို သူက ချစ်မြတ်နိုးစွာ ပြုံးကြည့်လျက် ...

"မင်းက ဂျင်း(န်)နဲ့လည်း လိုက်သလို နလို မြန်မာဝတ်စုံနဲ့လည်း မိုက်ပါတယ်။ ဒါမျိုးတွေ များများချုပ်ဝတ်လေ။ ကိုယ်နဲ့ ပွဲတွေတက်တဲ့အခါ မြန်မာဝတ်စုံက မင်းအတွက် ခန့်ညားစေတာပေါ့"

သူမက သူ့ကို မျက်ခုံးပင့်ကြည့်ရင်းမှ "ဟုတ်လား ကျွန်မနဲ့ တကယ်ပဲ လိုက်သလား"ဟု မေးသည်။ သူက အားတက်သရောဖြင့် ခေါင်းညိတ်ပြလိုက်လျှင် မျက်နှာထားတည်တည်ဖြင့် ...

"အဲဒါဆို တစ်သက်လုံးဝတ်ဖို့ စိတ်ကူးမရှိတော့ဘူး"





သူက သိပ်မဖြံတော့ဘဲ အသာအယာပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ တဖြည်းဖြည်းနှင့် သဘောပေါက်လာရသည်မှာ ဒီကလေးမသည် ဘာမဆို သူ့စိတ်သဘောနှင့် ဆန့်ကျင်ဘက် လုပ်တော့မည် ဆိုတာပဲဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ သူမကို ပိုင်ဆိုင်ပြီးတဲ့နောက်မှာတော့ ဘာမှသိပ်အရေးကြီးတော့ဘူးဟု ထင်ပါသည်။

"ဩော် ... ဒါနဲ့ ဒီအိမ်ကို လာတာ၊ မင်း အဝတ်အစားအိတ် ပါလာတာ မမြင်ဘူးနော်။ ပြီးမှ သွားယူမှာလား"

"ဘာလို့ ယူရမှာလဲ၊ ဘာမှ မယူဘူး။ Under wear က အစ အသစ်ဝယ်ဝတ်မှာ"

"အို ... ဟိုး ... ဟိုး။ အဲလိုလား ... ကောင်းပါပြီ။ အိုခေလေ ... မင်းစိတ်တိုင်းကျ ဖြစ်စေရမှာပါ။ ဒီမှာ မင်းအတွက် Bank စာအုပ်။ မင်းစိတ်ကြိုက် ထုတ်သုံးပေါ့။ အင်း ... မင်းစီးဖို့ကားကတော့ ကိုယ်ဝယ်ပေးထားရင် မင်းမကြိုက်မှာစိုးလို့ မင်းကြိုက်တဲ့ကား ပြော ...

ဝယ်ပေးမယ်"

"ရှင် အခုစီးနေတဲ့ကားကို ကျွန်မ စီးမယ်"

"ဩော် ... အဲလိုလည်း ဖြစ်ပါတယ်။ မင်းကို ကိုယ်တစ်ခုပြောရဦးမယ်။ ဒီအိမ်က မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းနေဖို့ သေချာပြင်ဆင်ပြီး ဝယ်ထားတဲ့အိမ်ဆိုတော့ တတ်နိုင်သမျှ မင်းနဲ့ ကိုယ်နဲ့ပဲ နေချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်ဖော်မထားဘူး”

သူက ပြောရင်းမှ စကားကို ခဏရပ်လိုက်ချင် သူမက အဲဒီတော့ ... ဟူသော ပုံစံမျိုးဖြင့် မျက်လုံးလှန်ကြည့် သည်။ သူ ဘာဆက်ပြောမလဲဟု စောင့်နေပုံရသဖြင့် သူက စကားဆက်ပြောလိုက်သည်။

“ဒါပေမဲ့ မင်းက အိမ်မှုကိစ္စတွေ မလုပ်ရပါဘူး။ အိမ်သန့် ရှင်းရေးနဲ့ ချက်ပြုတ်လျှော်ဖွပ်ဖို့ ခြံသန့်ရှင်းရေးလုပ်ဖို့ အလုပ်သမားနှစ်ယောက်က မနက်လာ ညနေပြန် လုပ်လိမ့် မယ်။ ဒါပေမဲ့ ဒီအိမ်မှာနေမှာတော့ ကိုယ်နဲ့ မင်းနဲ့က အဓိကပဲပေါ့”

“ရှင် ပြောချင်တာတွေ ပြီးပြီလား။ ကျွန်မ နားတော့မယ်”

“အိုခေ ... နားပါ။ ရော ... ဒါ မင်းရဲ့အခန်းသော့။ လှေကားအတိုင်း တက်သွားရင် လှေကားရဲ့ညာဘက်ဆော က အခန်းက မင်းနေဖို့ အခန်းပဲ။ ဘယ်ဘက်မှာ ကိုယ့် အခန်းရှိတယ် ...

မင်းနေမယ့် အခန်းထဲမှာ မင်းအတွက် အကောင်းဆုံး ဆိုတာတွေ ကိုယ် စဉ်းစားပြီး ဖန်တီးထားပါတယ်။ ဒါပေမဲ့ မင်းစိတ်တိုင်းမကျတာတွေရှိရင် ဝယ်ဖြည့်နိုင်တယ်”

သူမက သူ့ကို တစ်ချက်ကြည့်ပြီးနောက် ဘာမှ မပြောတော့ဘဲ ထိုင်ရာမှထကာ လှေကားသို့ တက်သွားလေသည်။





သူမ ထွက်သွားရာ ကျောပြင်ကို သူက ငေးမောကြည့်ကာ ကျန် နေရစ်ခဲ့ပြီးမှ ကြည်နူးစွာ ပြုံးမိသည်။ သူဟာ သူမကို တရားဝင် ပိုင်ဆိုင်ခွင့်ရပြီး သူမဟာ သူ့ရဲ့ဇနီးချောတစ်ယောက် ဖြစ်လာခဲ့ပြီ။

ဒါပေမဲ့လည်း သူဟာ သူမကို တိတ်တိတ်လေး ကျိတ်ပိုးတတ်သော ချစ်သူတစ်ယောက်ဖြင့်သာ နေလိုသည်။ သူမဆန္ဒမရှိပါဘဲနှင့် လင်မယားအရာ မမြောက်လိုပါ။ ဒါဟာ အပြုစင်ဆုံးမေတ္တာဖြစ်ကြောင်း သူမကိုတော့ အကျယ်တဝင့်ရှင်း မပြလိုတော့ပေ။ သူမကို လက်ထပ်ခဲ့ရသည့် အကြောင်းရင်းများ ထဲတွင် ပိုင်ဆိုင်လိုစိတ်နှင့်ထပ်တူ သူမရဲ့ဘဝလေးကို ကာကွယ် စောင့်ရှောက်ချင်စိတ်ကလည်း အပြည့်အဝ ပါဝင်ပါသည်။ ပြီးတော့ သူ ရှာဖွေထားသော စည်းစိမ်ဥစ္စာတွေကို သူမကသာပိုင်ဆိုင်သော သူ၏ရေမြေသခင် အရှင်ဘုရင်မတစ်ပါးအဖြစ် နေရာပေးချင်သော ကြောင့်လည်း ဖြစ်လေသည်။

* ❦ *



www.burmeseclassic.com

## ၁၃

လူတစ်ယောက် အိပ်စက်သည်ဆိုရာဝယ် အသိစိ
နှင့်ကိုယ်ခန္ဓာတို့ ကင်းကွာနေတာဖြစ်ပြီး ဘယ်လိုအချိန်တွေမှ
ဖျတ်ခနဲ ပြန်လည်ပူးကပ်လာသလဲဟု ဘွဲ့က ရာရာကြံကြံ တွေ
ခဲ့ဖူးသည်။ အနုလည်းပဲ တစ်ညလုံး အိပ်ပျော်သလိုလိုဖြစ်လိုက်
ပြန်နိုးလာလိုက်ရှိနေသော ဘွဲ့သည် မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်
ခြိုက် အိပ်ပျော်သွားသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ရပြီး ပြန်နိုး
လာသောအခါ နံနက်ဆယ်နာရီတောင် ရှိနေပြီဖြစ်သည်။

ခါတိုင်းဆိုလျှင် မနက်ခြောက်နာရီထကာ ရေမိုးချိုး
ဘုရားရှိခိုးပြီး နံနက်စာစားမည်။ ပြီးလျှင် ဆိုင်ဖွင့်ပြီဖြစ်သော
ဘွဲ့အတွက် အချိန်နဲ့အမျှ နာရီတိုင်း မိနစ်တိုင်းဟာ အဓိပ္ပာယ်ရှိ
နေခဲ့သည်။ ခုတော့ ဘွဲ့ ဘာလုပ်ရမည်နည်း။ ဘွဲ့သည် အရေး
တိုင်းအတွက် စတေးကာ ယောကျ်ားတစ်ယောက်ကို ယူခဲ့သည်





ဘာကယ်ရော အဓိပ္ပာယ်ရှိရဲ့လား။ ခုချိန်မှာတော့ ဘာကိုမှမစဉ်းစားချင်တော့ပေ။ တစ်နေ့မှာ ကွဲဖို့အထိတောင်ရည်ရွယ်ပြီး ယူခဲ့မှတော့ ဘွဲ့အတွက် အရာရာတိုင်းသည် သန်းခေါင်ထက်ညဉ့်မနက်တော့ပါ။

ဘွဲ့က စိတ်နှာချင်စရာ အကြောင်းများကို ဆက်မတွေးတော့ဘဲ အိပ်ရာထက်မှ လူးလဲထလိုက်သည်။ ဘွဲ့မှာအလုပ်တွေရှိသေးသည်။ ဝတ်နေကျ အဝတ်အစားတွေကို ဘာတစ်ခုမှ ယူမလာသဖြင့် အဝတ်အစားအသစ်တွေ ဝယ်ရမည့်ကိစ္စရှိသည်။ အထူးသဖြင့် အရေးကြီးဆုံးမှာ အကျော်ဒေယျ ကြိုက်သော ဘွဲ့ရဲ့စတိုင်လ်ကို ပြောင်းလဲပစ်ဖို့ကိစ္စသည် နံပါတ်တစ်ဦးစားပေးပင်တည်း။

ဘွဲ့က တစ်ဆက်တည်းရှိသော သန့်စင်ခန်းထဲမှာ တစ်ကိုယ်ရေသန့်ရှင်းရေးအမှုကိစ္စများကို ဆောင်ရွက်ပြီးနောက် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ တစ်အိမ်လုံးသည် လူတစ်ယောက်မှ မရှိသည့်ပမာ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ ဘွဲ့က ညည့်ခန်းကိုဖြတ်ကျော်ကာ ထမင်းစားခန်းထဲသို့ ကူးလာခဲ့လျှင် မီးဖိုထဲ၌ တစ်စုံတစ်ရာ လုပ်နေသော အကျော်ဒေယျကို မြင်ရသည်။ သူက ဘွဲ့ကိုမြင်လျှင် ...

“ကိုယ်တောင် မင်းကို ခုပဲတက်နှိုးတော့မလို့။ ဆယ်နာရီ ထက်ကျော်အောင်အိပ်ရင် ခေါင်းကိုက်တော့မယ်လေ ...

www.burmeseclassic.com



ကဲ ... အဲဒီမှာ Breakfast စား။ မင်း ကော်ဖီတော့ ကြိုက်မှာပါ။ မုန့်ကတော့ Butter Cake နဲ့ တစ်ခြားဘိစကစ်တို့ ဘာတို့ပဲ ရှိတယ်။ နောက်နေ့မှ မင်းစားချင်တာကို ပြော"

ဘွဲ့က ဘာမှမပြောဘဲ ခပ်တည်တည်ပင် စားပွဲမှာထိုင်ကာ ကရားထဲမှ ကော်ဖီတစ်ခွက်ကို ငှဲ့လိုက်သည်။ ပြီးတော့ Butter Cake တစ်ထုပ်ကိုဖောက်ကာစားသည်။ သူက ဘွဲ့ရဲ့လှုပ်ရှားမှုမှန်သမျှကို လိုက်ကြည့်ကာ ...

"မိုးဘွဲ့ကိုကို"

သူ့ခေါ်သံကြောင့် ဘွဲ့က စားသောက်နေရင်းမှ မျက်လုံးတစ်ချက် လှန်ကြည့်မိသည်။ သူက ဘွဲ့ရဲ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်လျက် ....

"မင်းကို ကိုယ် ကျေးဇူးတင်တယ်"

ဘွဲ့က အကြည့်ကိုရုပ်သိမ်းကာ ဘာမှပြန်မပြောဘဲ မုန့်ဆက်စားနေမိသည်။ စိတ်ထဲကတော့ သူ ဘာကိုကျေးဇူးတင်သလဲဆိုတာ စဉ်းစားမရပေမယ့် ပါးစပ်ကတော့ ထုတ်မေးဖို့စိတ်ကူးမရှိပါ။

"ဘာကြောင့် ကျေးဇူးတင်တယ်ဆိုတာ မမေးတော့ဘူးလား မိုးဘွဲ့ကိုကို"

"ရှင့်ရဲ့စိတ်ခံစားမှု မှန်သမျှ ကျွန်မ စိတ်မဝင်စားဘူး"





"အင်း ...၊ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ မင်း မသိချင်ပေမယ့်လည်း ကိုယ်ကတော့ ပြောပြချင်တယ်။ ကိုယ့်ကို လက်ထပ်ခဲ့တဲ့အတွက် မင်းကို ကျေးဇူးတင်တယ် ...

နောက်ပြီးတော့ မင်းရဲ့စတိုင်လ်ပေါ့။ ကိုယ့်ကိုလက်ထပ်လိုက်ရတဲ့အတွက် မျက်ရည်တွေကျပြီး မှိုင်တွေစိတ်ဆင်းရဲနေရတဲ့ ပုံစံမျိုး မဖြစ်တာကိုတော့ ဝမ်းအသာဆုံးပဲ"

"ဟက် ... တကယ်ရယ်ရတာပဲ။ အဲဒါ ခပ်ညံ့ညံ့ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲက မဲပြာပုဆိုး ရိုးအီနေပြီဖြစ်တဲ့ Plot အစုတ်အပြတ်တွေပါ ...

ကျွန်မက ဘာကိစ္စ ရှင့်အတွက် မျက်ရည်ကျပြီး စိတ်ဆင်းရဲနေရမှာလဲ။ ရူးနေလို့လား။ တကယ်တမ်း မျက်ရည်ကျချင်နေရမှာက ရှင်လေ"

ဘွဲ့ရဲ့စကားကို သူက သဘောကျသလို ဟက်ခနဲရယ်သည်။ ပြီးတော့ တစ်စုံတစ်ခုကို သတိရသလိုဖြင့် ဘွဲ့ရဲ့ရှေ့သို့ တွန်းပေးကာ ...

"ဪ ... မင်းမှာလက်ကိုင်ဖုန်း မရှိဘူး မဟုတ်လား။ ရော့ ... အဲဒါ မင်းကိုင်ရမယ့်ဖုန်း။ အဲဒီထဲမှာ ကိုယ့်ဖုန်းနံပါတ်ကိုလည်း ထည့်ပေးထားတယ်။ ဒီအိမ်ရဲ့ အိမ်ဖုန်းလည်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့က တစ်စုံတစ်ရာ ပြန်မပြော၊ သူ့မှန်းကိုလည်း ယောင်လို့တောင် ယူမကြည့်မိချေ။ Breakfast စားပြီးသွားပြီမို့ စားပွဲမှ ပြန်ထမည်အပြုတွင် သူ့ထံမှ မေးသံက ထွက်ပေါ်လာသည်။

"ဒီနေ့ မင်း ဘာအစီအစဉ်တွေရှိလဲ"

"ကျွန်မ အပြင်သွားစရာရှိတယ်"

"အင်း … ကိုယ်လိုက်ပို့ဖို့ လိုသေးလား"

"မလိုဘူး"

"ဟုတ်ပြီလေ … သွားပေါ့။ ကားသော့က ကားမှာတပ်လျက်သားပဲ။ မင်းက အဲဒီကားကို ယူမယ်ဆိုတော့ ကိုယ်က နောက်တစ်စီး ထပ်ရှာရမှာပေါ့။ နေ့လယ်ခင်းစာလည်း မင်း အပြင်မှာပဲ စားမယ်ထင်တယ်"

"ဟုတ်တယ်"

ဘွဲ့က ခပ်ပြတ်ပြတ်ပြောရင်း စားပွဲမှ ထထွက်လာခဲ့သည်။ ခဏနေသောအခါ ယူစရာရှိတာတွေယူလျက် အဝတ်အစားလဲပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ အပြင်ထွက်ဖို့ရာအတွက် ဧည့်ခန်းမှအဖြတ်တွင် သူက ဘွဲ့ကိုနှုတ်ဆက်သလို လက်တစ်ဖက်ထောင်ပြလျက် …

"ကောင်းကောင်းသွားနော်"





ဘွဲ့က တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ ပေါ်တီကိုရှေ့မှာ အဆင်သင့်ရပ်ထားသော ကားအမည်းကြီးပေါ်တက်ကာ တရကြမ်း မောင်းထွက်လာခဲ့သည်။ ရင်ထဲမှာ ဗလာဖြစ်နေသော ခံစားချက်ဖြင့် ပထမဦးဆုံး ပိုက်ဆံထုတ်ဖို့ရာအတွက် ဘဏ်ကို မောင်းလာခဲ့သည်။ ဒီငွေကြေးကြောင့် ဘွဲ့ လူတစ်ယောက်ကို လက်ထပ်ခဲ့ရသည်။ ဒီငွေတွေရဲ့ အရှင်သခင်မအဖြစ် ငွေကြေးကို ဘယ်လိုနိုင်းစေ အသုံးပြုရမလဲ ဆိုတာသာ ဘွဲ့ရဲ့ခေါင်းထဲမှာ ရှိတော့လေသည်။

အထူးသဖြင့် ဘွဲ့ကို မရမက လက်ထပ်ယူမို့ ကြိုးစားခဲ့သော ယောကျာ်းတစ်ယောက်သည် ဘယ်လောက်ထိများ ဘွဲ့ကို သည်းခံနိုင်ပါမလဲ ဆိုတာကို စိတ်ဝင်တစားတော့ သိချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … ဒီအချိန်ထိတောင် ပြန်မရောက်သေးတာ ဘယ်များသွားနေပါလိမ့်"

သူက ဧည့်ခန်းမှာ ချိတ်ထားသော နာရီဆီသို့ အကြည့်တစ်ချက် ရောက်သွားပြီးနောက် စိတ်ပူစွာ ရေရွတ်မိသည်။ နာရီက ညနနစ်နာရီအချိန်သို့ ညွှန်ပြနေခဲ့ပြီ။ ခုချိန်ထိ မိုးဘွဲ့ကိုကို၏ အရိပ်ယောင်ကို မမြင်တွေ့ရသေးချေ။ သူမက သူပေးထားသော ဖုန်းကိုလည်း ယူမသွားသဖြင့် ဆက်သွယ်၍ကမရ။ ညနနစ်နာရီဆိုလျှင် သူ့ရဲ့ညစာစားချိန် ရောက်ပြီဖြစ်သောကြောင့် သူက စားရင်းသောက်ရင်းမှ စောင့်နေသော်လည်း သူမက ရောက်မလာသေး။

စားသောက်ပြီး ပန်းကန်ဆေးနေတုန်းမှာမှ အိမ်ရှေ့က ကားဟွန်းတီးသံကြား၍ သူက ဧည့်ခန်းထောင့်သို့ ထွက်လာခဲ့သည်။ CCTV ကင်မရာကတစ်ဆင့် ကြည့်လိုက်လျှင် သူမပြန်လာတာ သေချာသွားသဖြင့် အိမ်ထဲကနေ၍ ရိမုတ်ဖြင့် ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ တံခါးပွင့်သွားလျှင် သူမက ကားကိုခြံထဲသို့ မောင်းဝင်လာသည်။ အိမ်ရှင်ထီးကြီး သူက အိမ်ရှေ့တံခါးကို အဆင်သင့် ဖွင့်ပေးထားရသည်။





အထုပ်ပေါင်းများစွာကိုဆွဲကာ ဝင်လာသော သူမကို မြင်လျှင် သူက ပါးစပ်အဟောင်းသား ပွင့်သွားရသည်။

"ဟင် … မင်း … ဒါ … ဘယ်လိုဖြစ်လာတာလဲ"

သူမက သူ့ကို ဂရုတောင်မစိုက်ဘဲ ခပ်တည်တည်ပဲ ကျော်ဖြတ်သွားကာ သူမအခန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။ သူက အံ့ဩစိတ်နှင့်အတူ သူမရဲ့နောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့သည်။ သူမက အခန်းတံခါးကို ဆွဲဖွင့်ကာ ဝယ်ထားသော အထုပ်ပလုတ်များကို ခုတင်ပေါ်မှာ ပစ်ချသည်။ ပြီးတော့ သူ့ကို ဘာလဲ ဟူသော သဘောမျိုးဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်လေသည်။

"မင်း ဒါ ဘာပုံဖြစ်လာတာလဲ"

သူမက ဘာများနေလို့လဲဟူသော ပုံစံမျိုးဖြင့် ပခုံးကို တစ်ချက်တွန့်ကာ ဘာလဲဟု မေးဆတ်ပြီး ပြန်မေးသည်။ သူက စကားတောင် ရုတ်တရက် ပြန်မပြောနိုင်ဘဲ သူမပုံကိုခြေဆုံးခေါင်းဆုံး ကြည့်မိသည်။ ကြည့်ပါဦး … နေ့ခင်းတုန်းကသာ အပြင်မှာတွေ့ဖြစ်ရင် သူမှန်းတောင် မှတ်မိမှာ မဟုတ်ပေ။ သူ့ကားကို ကိုယ်တိုင်မောင်း၍ ပြန်လာလို့သာ သူမဟု မှတ်ယူရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းက ဖြောင့်စင်းနူးညံ့ကာ နက်မှောင်၍ကျော့လယ်လောက်ရှိသော ဆံကေသာများသည် အခုတော့ ရွှေဝါရောင်ဖျော့ဖျော့ဖြင့် တစ်ခေါင်းလုံး ခွေလိမ်ကောက်နေကြသည်။ အလိပ်အလိပ်တွေဖြင့် တေလာဆွမ်ရဲ့ဆံပင်ကောက်ပုံမျိုးဖြစ်ကာ သူမရဲ့ရုပ်ကို တစ်မျိုးပြောင်းထွက်သွားစေသည်။ မျက်နှာကလည်းခါတိုင်း သူ မြင်နေကျဖြစ်သော စွဲလမ်းနှစ်မြို့က်ခဲ့ရသော ပကတိရှင်းလင်းသော ပလိန်းမျက်နှာ မဟုတ်တော့ဘဲ ရောင်စုံတွေထင်ဟပ်နေသော မိတ်ကပ်အဖွေးသားဖြစ်၏။ အား ... သူ အင်မတန်မုန်းသော မိတ်ကပ်မျက်နှာကြီးကို ဖန်တီးဖို့ သူမ ဘယ်လိုများ Idea ရလာပါလိမ့်။

ဟင် ... အဝတ်အစားကရော။ အဝတ်အစားကလည်း လုံးဝဟောင်းရာဆရာ။ ပန်းတစ်ဖက်မပါသော အသားဖျော့ဖျော့အစ ပါးပါးဖြူဖြူကို အောက်ကခြေသလုံးအထက် နည်းနည်းရောက်သော ဂျင်းဘောင်းဘီတိုပြင့် တွဲဖက်ဝတ်ဆင်ထားတာဖြစ်သည်။ ပြောရလျှင်တော့ ဒီဇိုင်းက လန်ထွက်နေကာ သူအရင်နှစ်မြို့က်ခဲ့ဖူးသော Cowgirl ဒီဇိုင်းမျိုး မရှိတော့ပါ။ သူ့နားထဲတွင် သူမ မေးခဲ့ဖူးသော မေးခွန်းတွေကို ပြန်လည်ကြားယောင်လာသည်။

သေချာတာကတော့ သူမဟာ သူ နှစ်သက်သောအရာတွေနှင့် ဆန့်ကျင်ဘက်တွေချည်း ပြုလုပ်နေပြီ ဆိုတာပဲဖြစ်





တော့သည်။ သူက တရေးရေးမြင်လာပြီးနောက် အသာအယာပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

"မင်းကြည့်ရတာ ကိုယ်နဲ့ဆန့်ကျင်ဘက်တွေချည်း လုပ်မယ်လို့ သံဓိဋ္ဌာန် ချထားပုံရတယ်"

"အမှန်ဆုံးပဲ"

"အင်း ... မင်း သိအောင် တစ်ခုတော့ပြောပြချင်တယ်ကွာ။ လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့နေရာမှာ အကြောင်းပြချက်တွေ သိပ်မရှိပါဘူး ...

မင်းကို ကိုယ်နှစ်သက်တဲ့ အကြောင်းအရာလေးတွေရှိပေမယ့် အဲဒါတွေဟာ အချစ်နဲ့ယှဉ်ရင် ပြောပလောက်တဲ့အချက်တွေ မဟုတ်ပါဘူး ...

ကိုယ်ကြိုက်တယ်ဆိုတဲ့ အရာတွေက မင်းရဲ့အပေါ်ယံအကြောင်းအရာတွေလေ။ ဒါတွေ ပြောင်းလဲပစ်လိုက်လို့လည်း ကိုယ့်အတွက်ကတော့ မင်းအပေါ် ပြောင်းလဲစရာအကြောင်းမရှိပါဘူး"

သူမက ဘာမှပြန်မပြောဘဲ သူ့ကို စူးစူးရှရှစိုက်ကြည့်နေသည်။ သူက သူမရဲ့မျက်ဝန်းတွေထဲသို့ နူးညံ့စွာကြည့်ကာ ...

"မင်းကို ကိုယ်လက်ထပ်ထားပေမယ့် ကိုယ့်ရဲ့ဇနီးမယားအဖြစ် သဘောမထားဘူး မိုးဘွဲ့ကိုကို။ လူ့ဘောင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စည်းမျဉ်းတွေအရ မင်းကို တရားဝင်ပိုင်ဆိုင်ခွင့် လိုအပ်တဲ့မိုသာ လက်ထပ်ထားရတာပါ ...

ကိုယ့်စိတ်နှလုံးသားထဲမှာတော့ မင်းဟာ ကိုယ်ချစ်နေတဲ့ အပျိုစင်မိန်းကလေးတစ်ယောက်ပါ။ ဒါကြောင့် မင်းနဲ့ ကိုယ်နဲ့ တစ်ခန်းဆီခွဲပြီး နေခဲ့သလို မင်းအနေကျပ်မှာစိုးလို့ Maid တောင် အိမ်မှာအချိန်ပြည့် မထားဘူး ...

ဒီလောက်ဆို ကိုယ့်ရဲ့စိတ်နှလုံးသားကို မင်း သဘောပေါက်သင့်ပါပြီ"

သူ့စကားကို မိုးဘွဲ့ကိုကိုက သရော်သလို ဟက်ခနဲရယ်မောကာ ခေါင်းကိုတောင် နောက်သို့လှန်ချလိုက်သေးသည်။ သူမ အဲဒီလို ခေါင်းမော့ပြီး ရယ်လိုက်တော့ ရွှေရောင်ဆံနွယ်တွေက ဝဲခနဲ လိပ်ဖြာသွားပြီး သူမကို မိန်မျှော့မျှော့မီးရောင်တွေအောက်မှာ ပိုမိုဆွဲဆောင်အားကောင်းသွားစေသည်။

မိန်းကလေးရယ် ... မင်းဟာ ဘယ်လိုပဲနေနေလုပြီးသားဆိုတာ မသိရှာလေလားကွယ်။

"ဟက် ... ရှင် ဘာမှ အပိုစကားတွေ လျှောက်ပြောမနေစမ်းပါနဲ့။ ရှင် ဘာတွေပြောပြော ရှင့်စကားတွေကို ကျွန်မက ယုံစားလိမ့်မယ်လို့ ထင်မထားနဲ့"

"ဟုတ်လား ... မင်းက ကိုယ် ဘာပြောပြော မယုံဘူးဆိုတာ တကယ်လား"





သူမက မယုံဘူးဆိုတဲ့အကြောင်းကို ဘာမှပြန်မဖြေဘဲ နှုတ်ခမ်းကိုသာ တင်းတင်းစေ့ထားသည်။ သူက နှုတ်ခမ်းတစ်ဖက်တွန့်ရုံ ပြုံးလိုက်ပြီးမှ ...

"ကိုယ့်စကားတွေကို မင်း မယုံဘူးဆိုရင် ဘာကြောင့် ဒီဒီဖိုင်းတွေ ပြောင်းလာရတာလဲ"

သူမရဲ့မျက်လုံးတွေက သူ့ကိုကြည့်နေရာမှ ဖျတ်ခနဲ လက်သွားကြသည်၊ အဲဒီမျက်လုံးတွေသည် Hisss ရုပ်ရှင်ဇာတ်ကားထဲက မြွေမင်းသမီးလို အသေပေါက်သတ်တော့မည့် မီးရင့်စိမ်း မျက်လုံးများ ဖြစ်ကြသည်။ ဒါပေမဲ့ သူက မတုန်လှုပ်ပါ၊ သူမရဲ့မျက်နှာကို မရှိုးမရှဉ် ပြုံးကြည့်လျက် အခန်းထဲက ဆိုဖာပေါ်မှာတောင် တင်းပါးလွှဲပြီး ပစ်ဝင်ထိုင်မိသည်။

"မင်း စဉ်းစားကြည့်လေ၊ ကိုယ်က မင်းရဲ့သဘာဝပုံစံလေးတွေကို သဘောကျတယ်လို့ ပြောခဲ့တယ်။ ကိုယ် သဘောကျတယ်လို့ ပြောခဲ့တဲ့အတွက် ကိုယ်နဲ့ဆန့်ကျင်ဘက်ကို မင်း လုပ်ခဲ့တာ မဟုတ်လား ....

ကိုယ့်စကားကို မင်းရဲ့မသိစိတ်မှာတော့ ယုံကြည်နေခဲ့မှာပါ၊ ဟုတ်တယ်မလား မိုးဘွဲ့ကိုကို"

သူမက သူ့ကို အတန်ကြာ စိုက်ကြည့်နေပြီးမှ မိတ်ပျက်ဟန်ဖြင့် ဟင်းခနဲမဲ့ကာ ...

"ရှင့် စကားတတ်တိုင်း လိုသလို လှည့်ပြောမနေစမ်းပါနဲ့၊ ကဲ ... ရှင် သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထမင်းစားပြီးပြီလား"

"ကျွန်မ ထမင်းစားတာ မစားတာ ရှင်နဲ့မဆိုင်ပါဘူး"

"ဟ ...ဘာလို့မဆိုင်ရမှာလဲ။ မင်းက ငါ ယူထားတဲ့မိန်း
လေ။ ငါ့မိန်းမရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အာ
လုံးဟာ ငါနဲ့သက်ဆိုင်တယ် ...

မင်းကို တစ်ခုပြောပြရဦးမယ် မိုးဘွဲ့ကိုကို။ ငေ
စိတ်နဲ့မင်း လွတ်လပ်စွာ နေထိုင်ဖို့ နားလည်ပေးထားတ
ဆိုပေမယ့် ဒါဟာ အတိုင်းအတာတစ်ခု အောင်တစ်ခု
ကပဲ။ နေ့ခင်းက မင်း အပြင်သွားတာ ဘာလို့ ဖုန်းမ
သွားတာလဲ"

"ဒါလည်း ကျွန်မစိတ်နဲ့ပဲ။ ကျွန်မ မယူချင်လို့ မယူသွ
တာ။ ရှင့်ဆီကဖုန်းတွေ လာနေရင် အာရုံနှောက်နေမှာ
မယူသွားတာပဲ"

သို့မှကလည်း တကယ်ကို ပွင့်လင်းစွာ ပြန်ဖြေ
သည်။ သူက မြန်မာပြည်ပေါက် မြန်မာဖြစ် တေလာဆွဲ
ကို ငေးကြည့်နေမိသည်။ ဒဏ်ရာတွေနဲ့နာကျင်နေခဲ့မည့် ကော
မလေးရယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုတော့ အတတ်နိုင်ဆုံး
လည်ခွင့်လွှတ်ပြီး ချစ်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

"အာရုံနှောက်ရင်လည်း ယူတော့သွားပါကွာ။ မင်း မ
ချင်ရင်လည်း မကိုင်နဲ့ပေါ့။ ဒါပေမဲ့ မင်းမှာ လိုရမ
ဆောင်ထားစေချင်တဲ့ သဘောပါပဲ ...





ရော ... ယူထားလိုက်"

သူက အိတ်ထဲမှ ယူဆောင်လာခဲ့သောဖုန်းကို သူမ
အခန်းထဲက မှန်တင်ခုံပုလေးပေါ်မှာ တင်ပေးလိုက်သည်။

"ကဲ ... ရှင် ပြောချင်တာတွေ ပြောလို့ပြီးပြီလား။ ကျွန်မ
နားချင်ပြီ"

"အင်း ... နားလေ၊ မိုးဘွဲ့ကိုကို ! "

သူက တမ်းတသံအပြည့်ဖြင့် ခေါ်လိုက်လျှင် သူမ
က စိတ်ရှုပ်ဟန်အပြည့်ဖြင့် မသက်သာစွာ ခါးထောက်ပြီး လှည့်
ကြည့်သည်။ အဲဒီပုံစံလေးကို သူက ချစ်မြတ်နိုးခြင်းများစွာဖြင့်
ငေးမောကြည့်မိသည်။ ကောင်မလေးရယ် ... မင်းနဲ့ငါဟာ တစ်
ယောက်နဲ့တစ်ယောက် အပြန်အလှန် ချစ်ကြပြီး လက်ထပ်ထားကြ
တဲ့ ချစ်သူတွေဆို၊ ဒီအချိန်မှာ ဘယ်လောက်တောင် ပျော်ရွှင်
ကျေနပ်ဖို့ ကောင်းလိုက်မလဲ။

"မင်း ကိုယ့်ကို မုန်းနေသလား"

သူမက သူ့ကို စိတ်ပျက်ဖွယ်ရာ သတ္တဝါတစ်ကောင်
အလား စိုက်ကြည့်ကာ နှာခေါင်းထဲမှ လေထွက်ရုံ ရယ်မောလိုက်
သည်။ သဘောကတော့ မေးနေစရာတောင်မလို၊ ပြန်ဖြေနေစရာ
တောင် မလိုဘူးဆိုသည့်သဘော။ ဟက်ခနဲ နာနာကြည်းကြည်း
ရယ်မောပြီးနောက် ခါးထောက်ကာ တစ်ဖက်သို့ လှည့်လိုက်သည်။
သူက အဲဒီပုံစံကိုကြည့်ကာ နည်းနည်းတော့ စိတ်မကောင်းဖြစ်
သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ မင်းကိုယ်မင်းတော့ အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် နေပါကွာ"

"အဲဒါကိုတော့မပူလေနဲ့။ ကျွန်မကလည်း ရှင့်ကိုပဲ အဲဒီလို ပြန်ပြောချင်တယ်"

အဲဒီစကားဆုံးတော့ သူက အသာအယာပြုံးကာ လှည့်ထွက်လာခဲ့သည်။ မဆိုးသေး။ အဲဒီလို စိတ်ချမ်းသာအောင် နေဖို့ ပြန်ပြောတာကိုက အခြေအနေ မဆိုးသေးဟု မှတ်ယူရမှာ ဖြစ်ပါသည်။

* * *

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
တိုက် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၄

နားထဲမှာ ခပ်သဲ့သဲ့ ကြားနေရသော အသံတစ်ခုကြောင့် ဘွဲ့သည် အိပ်ပျော်နေရာမှ လှုန့်လှုန့်လူးလူး နိုးလာခဲ့သည်။ နာရီကိုလှမ်းကြည့်မိသော မျက်လုံးတွေက မနက်ကိုးနာရီကို ညွှန်ပြနေကြသည်။ အပြင်က တံခါးခေါက်သံကလည်း ဒိုင်းစိပ်လာသည်။ ဟိုလူမှလွဲ၍ တခြားမရှိနိုင်ပြီမို့ ဘွဲ့က သွားဖွင့်ပေးဖို့ စိတ်မကူးတော့ဘဲ အိပ်ရာမှထကာ သန့်စင်ခန်းထဲသို့ ဝင်လာခဲ့သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး အမှုကိစ္စများ ပြီးတော့မှပဲ ကိုယ့်ရုပ်ကိုယ် မှန်ထဲသေချာကြည့်ဖြစ်တော့သည်။

ဆံပင်ဝုံစံဟာ လူတစ်ယောက်ကို တော်တော်ပြောင်းလဲစေတယ်ဆိုတာ အခုမှပဲ ဘွဲ့လက်ခံခဲ့ရပြီ။ နဂိုက ဖြူစင်ဝင်းစိုနေသော အသားအရေသည် ရွှေရောင်လွှမ်းလွှမ်း ဆံနွယ်တွေကြောင့်မို့တောက်ပသွားသလိုဖြစ်ရကာ အဝတ်အစားနှင့် အပြင်အဆင်ဒီနိုင်းမှာ ဘွဲ့ကို တခြားမိန်းကလေးတစ်ယောက်ပမာ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



သွားစေသည်။ ဘွဲ့သည် ညအိပ်ဝတ်စုံကိုချွတ်ကာ တီရှပ်နှင့် ချည်သားဘောင်းဘီတိုကို လဲလှယ်ဝတ်ဆင်လိုက်သည်။ ပန်းနုရောင် တီရှပ်နှင့် လိုင်းစင်းများပါဝင်သော ပန်းရောင်ချည်သားဘောင်းဘီ တိုသည် ဘွဲ့ကို အရင်ထက်တောင် ပိုမိုနုမျစ်သွားစေသည်ဟု ထင်သည်။ ဘာမှလိမ်းမထားသော မျက်နှာကလည်း တစ်နေ့ကဝဲ ပေါင်းတင်ကာ ရွှေသွင်းထားသဖြင့် ဝင်းမွတ်ကြည်စင်နေသည်။

ဒါတွေကို ကြည့်မကောင်း ရှုမကောင်းဖြစ်အောင် မိတ်ကပ်တွေထူလဖျစ်ဖို့ချင်သော်ငြား ကိုယ်တိုင်ကကို စိတ်မပါ ပေ။ တော်ပါပြီ ... သူများကို ရွဲ့ချင်နေတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ဒုက္ခမပေးလိုတော့။ မိုက်ကလည်း ဆာနေပြီမို့ ဘွဲ့က အောက်ထပ် သို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲ အရောက်မှာတော့ သူနဲ့ အတူ ဘွဲ့မမျှော်လင့်သော လူတစ်ယောက်ကိုပါ တွေ့လိုက်ရလေ သည်။

"သမီး ... နိုးလာပြီလား။ ခုလေးတင်တောင် မေမေကိုယ် တိုင် တက်နှိုးတော့မလို့၊ အိပ်ရာထ နောက်ကျလိုက်တာ ညက ဘယ်နှနာရီမှအိပ်လဲ"

"မပြောတတ်ပါဘူး၊ ညဥ့်တော့နက်တယ်"

ဘွဲ့က စားပွဲမှာ ဝင်ထိုင်လိုက်ပြီး ကရားထဲမှ ကော်ဖီတစ်ခွက်ကို ငှဲ့ရင်းမှ ဘယ်သူ့ကိုမှ မကြည့်ဘဲ ဖြေမိသည်။ ဘယ်သူ့ကိုမှ မကြည့်ဘူးဆိုပေမယ့် စားပွဲပေါ်မှာ ဝေ့နေသော မျက်လုံးတွေကတော့ မုန့်ဟင်းခါးဟင်းရည် ပူပူနွေးနွေးများကို





လှမ်းမြင်သည်။ အာရုံခံစားမှု သိစိတ်အရ ဒါဟာ ဒေါ်ကြီးရွှေ၏ လက်ရာမုန့်း ရိပ်မိနေသည်။

"မုန့်ဟင်းခါးစားလေ သမီး။ ဒေါ်ကြီးရွှေက သမီးကို သတိရတာနဲ့ ချက်ပေးလိုက်တာ။ အင်း ... ငါ့သမီးလည်း အိမ်ထောင်ကျပြီးသွားတာနဲ့ အိမ်ဘက်တောင် မေါ်မလာတာ မို့ မေမေက လိုက်လာပြီး ကြည့်ရတာ"

"ကြည့်စရာ မလိုပါဘူး မေမေ။ မေမေ့စိတ်ကြိုက် ပေးစား ထားတဲ့ယောကျ်ားကို ယူထားတာပဲ၊ ဘာစိတ်ပူစရာ ရှိလဲ"

အဲဒီစကားကိုတော့ ဘွဲ့က ကော်ဖီတစ်ငုံသောက် ရင်း အေးအေးဆေးဆေး ပြောလိုက်တာ ဖြစ်သော်လည်း မေမေ ကတော့ အနည်းငယ် မျက်နှာပျက်သွားသည်။ သို့သော် ခဏလေး ဆိုမှ ခဏလေးပါပဲ။ ချက်ချင်းပဲ ပြောင်းလဲဖန်တီးယူလိုက်သော အပြုံးတစ်ခုဖြင့် ...

"ဩော် ... ဘာပဲဖြစ်ဖြစ်ပေါ့၊ သမီးကို သတိရတဲ့စိတ်က တော့ ရှိတာပဲလေ"

အဲဒီစကားကိုတော့ ဘွဲ့က နှစ်နှစ်ခြိုက်ခြိုက်ကြီးပဲ ရယ်မိလေသည်။ လှောင်ပြောင်မှု အပြည့်အဝ ပါဝင်နေသော ဘွဲ့ရဲ့ရယ်သံကို မေမေ မျက်မှောင်ကြုတ်လာချိန်တွင် သူက စကားဝင်ပြောသည်။

"မင်း ဒီနေ့ ဘယ်သွားစရာ ရှိသေးလဲ"

"မပြောတတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားရင်လည်း ထမင်းစားချိန် ပြန်လာခဲ့လေ။ ကိုယ်လည်း အပြင်သွားစရာရှိတယ်။ ဒါပေမဲ့ ထမင်းစားချိန်ကျ ဆုံမယ်"

ဘွဲ့က အရေးမစိုက်ဟန်ဖြင့် မှန့်ဟင်းခါးပန်းကန်ထဲ ဟင်းရည်ထည့်နေမိသည်။ သူက ထိုင်နေရာမှ မတ်တတ်ထရပ်ကာ ...

"အန်တီ လှုတ်လှုတ်လပ်လပ် အေးအေးဆေးဆေးနေပါ၊ ကျွန်တော် အလုပ်ကိစ္စရှိလို့ အပြင်သွားလိုက်ဦးမယ်။ တစ်ခုခု ခိုင်းစရာရှိရင် နောက်ထဲမှာ ဒေါ်ကြီးတစ်ယောက်ရှိတယ်"

"အေးကွယ် ... အေး ... အေး"

သူက အပြင်ထွက်သွားတာနှင့် မေမေက ဘွဲ့ရဲ့ တံတောင်ကို သူ့တံတောင်ဖြင့် တစ်ချက်တွန်းကာ ...

"ဘွဲ့ ... သမီးနဲ့သူ အဆင်ပြေကြရဲ့လား"

"ဘာကိုဆိုလိုတယ် ဆိုတာကို နားမလည်ဘူး"

"ဟဲ့ ... ဘာနားမလည်စရာရှိလဲ။ နင်တို့နှစ်ယောက် တည့်တည့်ရှရှ ရှိရဲ့လား၊ ချစ်ချစ်ခင်ခင် ရှိကြရဲ့လား၊ အဆင်ပြေရဲ့လား မေးတာ၊ ဘာနားမလည်စရာရှိလဲ"

"မေမေ ဘွဲ့ကို လာရွဲ့နေတာတော့ မဟုတ်ပါဘူးနော်"

"ဘွဲ့ ... ငါက နင့်ကို ရွဲ့စရာ ဘာအကြောင်းမှ မရှိဘူး။ နင်က အခု ဘာတွေများ စိတ်ဆင်းရဲစရာ ရှိနေလို့လဲ။





ဟင် ... နင် နေချင်သလိုနေပြီး စိတ်ချမ်းသာသလို နေ၊ နေရတာပဲ မဟုတ်လား ...

နင် စီးချင်တယ်ဆိုလို့ ဒေယျုကလည်း သူ့ကားကို နင့်ကိုပေးလိုက်ပြီ မဟုတ်လား၊ အခု ဒီပုံစံတွေကရော ... ဟင် ... နင် စိတ်ထင်တိုင်းကြံပြီး ငွေတွေဖြုန်းပြီး လုပ်ထားခဲ့တဲ့ ပုံစံတွေမဟုတ်လား။ ဒီလိုဘဝမျိုးမှာ စိတ်ချမ်းသာအောင် မနေတတ်ရင် အဆင်ပြေအောင် မနေတတ်ရင် အဲဒီလူမိုက်ဟာ နင်ပဲ ဘွဲ့"

မေမေ့စကားဆုံးတာနှင့် ဘွဲ့က ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ဘွဲ့နှင့် မေမေသည် တစ်ယောက်နှင့်တစ်ယောက် ခပ်စူးစူး စိုက်ကြည့်နေပြီးနောက် ဘွဲ့က စတင်ကာ မျက်နှာလွှဲရင်းမှ ရင်နာနာနှင့် စကားဆိုမိသည်။

"ဒီမှာ မေမေ၊ ဒီလူကို ဘွဲ့ ဘာကြောင့် လက်ထပ်ခဲ့ရတယ်ဆိုတာ မေမေ အသိဆုံးပဲ။ သူ့ကို နဂိုတည်းကလည်း ဘွဲ့ မကြိုက်ခဲ့ဘူး၊ မကြိုက်တဲ့အပြင် မုန်းလည်း မုန်းခဲ့တယ်။ ဒါပေမဲ့ အခု အခြေအနေအရ လက်ထပ်ခဲ့ရပြီ။ အဲဒီအတွက် ဘွဲ့ စိတ်ချမ်းသာနေမယ်လို့ မေမေ မျှော်လင့်နေတာလား ...

ဟက် ... အဲဒီလို ထင်နေရင်တော့ အရမ်းမှားသွားလိမ့်မယ် မေမေ။ ဘွဲ့ကို မစားနိုင် မအိပ်နိုင်နဲ့ တစ်နေကုန် မျက်ရည်ကျနေမှ စိတ်ဆင်းရဲနေမယ်လို့ ယုံကြည်ပေးမှာလား။ မထူးတော့တဲ့ဘဝမှာ၊ ကိုယ်ကောင်းရဲ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သလို ဖြစ်မလာတဲ့ဘဝမှာ ထိုင်စိတ်ညစ်ပြီး မနေချင်လို့ ဒီအတိုင်း နေ့နေတာ ...

- သိပ်ပျော်တယ်များ ထင်မှနေနဲ့ဦး မေမေ။ ဘွဲ့စိတ်ထဲမှာလည်း မေမေတို့အတွက် ခံစားချက်မရှိဘူး ထင်မနေနဲ့။ ဘွဲ့ရဲ့ဒဏ်တွေကို ဒီလူသည်းမခံနိုင်တော့တဲ့ တစ်နေ့မှာ ဘွဲ့တို့ ကွဲကြဦးမယ်ဆိုတာကိုလည်း မမေ့ပါနဲ့ဦး"

"ဘာပြောတယ် မိဘွဲ့။ နင် ... နင် ... ဒါ ... ဘာစကားပြောတာလဲ"

"ဘွဲ့အမှန်တွေကို ပြောနေတာပဲလေ။ မေမေ စဉ်းစားကြည့်ပါ။ ဘွဲ့တို့နှစ်ယောက်က ဘာအတွက် လက်ထပ်ထားကြတာလဲ ...

ဘာအဓိပ္ပာယ်ရှိတဲ့ အိမ်ထောင်ရေးမို့ ဘွဲ့တို့က သက်ဆုံးတိုင် ပေါင်းဖက်သွားကြရမှာလဲ"

"နင် ဘာအရူးထနေတာလဲ ဘွဲ့။ နင့်အပေါ်မှာ သိပ်ချစ်ပြီး သိပ်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို ရထားပြီးပြီလေ။ မိန်းမတစ်ယောက်ရဲ့ဘဝမှာ ဒီနှစ်ချက် တစ်ထပ်တည်းကျဖို့ဆိုတာ လွယ်တယ်များ မှတ်နေလား ...

နင်က မိန်းမတစ်ယောက်ရဲ့ အရေးကြီးဆုံး အလုပ်တစ်ခုကို အောင်မြင်အောင် လုပ်ပြီးသွားပြီ။ အဲဒီအပေါ်မှာ နေတတ်အောင်နေပြီး ကိုယ့်ဘဝကိုယ် အသာယာဆုံး ဖန်တီးဖို့ပဲ ကျန်တော့တယ်"





"ဘွဲ့ရဲ့ဖီလင်တွေက အဲဒီလောက် မလွယ်ဘူး မေမေ။ တော်ပြီ ... ဘွဲ့ကို အဲဒီအကြောင်းတွေ ဆက်မပြောပါနဲ့တော့"

"ပြောရမယ် မိဘွဲ့။ ညည်း ပေါက်ကရတွေ လျှောက်လုပ်ဖို့တော့ မစဉ်းစားနဲ့တော့နော်။ ညည်းကို ငါ မျက်စိဒေါက်ထောက် ကြည့်နေမှာ ...

နေဦး ... အခု ညည်း ကလေးကိစ္စကရော ဘာလုပ်ထားလဲ"

မေမေ့စကားကို ဘွဲ့က စိတ်ပျက်စွာဖြင့် မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

"ဒီအကြောင်းတွေကို နင် ဘာမှနားမလည်ဘူး မဟုတ်လား။ ဒါကြောင့် ဒီအမေလုပ်တဲ့သူက စိတ်ပူပြီး ပြောနေရတာ။ နင့်ကို ဒီအကြောင်းတွေ ငါမှမပြောရင် ဘယ်သူက ပြောပြမှာလဲ ...

အခု ဘာမှအကာအကွယ် မလုပ်ထားရသေးဘူး မဟုတ်လား"

"ကျွတ် ... တော်ပါတော့ မေမေ။ ဘွဲ့ကို အဲဒီအကြောင်းတွေ ထပ်မပြောပါနဲ့တော့"

"ဟဲ့ ... ငါမပြောလို့ ဘယ်သူက ပြောမှာလဲ။ ဒီအခြေနေမှာ နင့်အနေနဲ့ ဘာဝန်ထုပ်ဝန်ပိုးမှ မထမ်းချင်သေးဘူးဆိုရင် ကိုယ့်ဘက်က ကာကွယ်မှုတွေ လုပ်ထားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘွဲ့ကိုယ်တိုင်တောင် ကိုယ့်ဘဝကိုယ် မကာကွယ်နိုင်ခဲ့မှတော့ ဒီထက်ဘာကိုမှထပ်ပြီး ကာကွယ်နေစရာအကြောင်း မရှိတော့ဘူး ...

တော်ပါတော့ မေမေ။ ဘွဲ့ကို အဲဒီအကြောင်းတွေ မပြောပါနဲ့တော့။ ဘွဲ့ တောင်းပန်ပါတယ်"

ဘွဲ့ရဲ့စကားကြောင့် မေမေက နှုတ်ဆိတ်သွားကာ တစ်မျိုးသောအဓိပ္ပာယ် ပေါက်သွားဟန်တူသည်။ လေသံက အနည်းငယ် ပျော့ပျောင်းသွားလျက် ...

"အေး ... ကလေးရတော့လည်း ပိုကောင်းသွားတာပေါ့။ မေမေက ဘွဲ့များ လွတ်လွတ်လပ်လပ် နေချင်ဦးမလားလို့ ပြောတာပါ။ ကလေးရသွားမယ်ဆိုရင်လည်း သံယောဇဉ်ပို ဖြစ်ပြီး မိသားစုပိုပီသသွားတာပေါ့ ...

ဒေယျလည်း ဝမ်းသာမှာပါ"

ထင်ရာတွေ စွတ်ပြောနေသော မေမေ့အနားမှ ဘွဲ့က စိတ်ပျက်စွာဖြင့် ထလာခဲ့သည်။ ဘာမှလဲ ပြောချင်စိတ်မရှိတော့။ ရှင်းချင်စိတ်လည်း မရှိတော့၊ အရာအားလုံးကို စိတ်ကုန် စိတ်ပျက်လှသည် ဖြစ်လေရာ ဘယ်အချိန်ပဲဖြစ်ဖြစ် တစ်ယောက်တည်းသာ နေချင်တော့လေသည်။

ပြောရလျှင်တော့ ဘွဲ့ရဲ့ဘဝတွင် တစ်ခါတစ်ရံ ရှင်သန်ခြင်း၏အဓိပ္ပာယ် ပျောက်ဆုံးနေခဲ့ပြီဟု ယူဆထားမိပါသည်။





၁၅

ဒီနေ့ဟာ သူ အားလပ်သော စနေနေ့ဖြစ်သည်။ သူဟာ ရုံးဝန်ထမ်းတစ်ယောက်၊ ကုမ္ပဏီပိုင်ရှင်တစ်ယောက် မဟုတ်ပေမယ့်လည်း သူ့ရဲ့အားလပ်ရက်သည် စနေ၊ တနင်္ဂနွေပဲ ဖြစ်နေခဲ့ပါသည်။ Weekend တွေမှာ သူက အိမ်အကူနှင့် မာလီကို မလာစေပါ။

သူမနှင့် အတူတူ နှစ်ယောက်တည်းရှိမည့် အချိန်များတွင် တတ်နိုင်သမျှ လူပိုတွေမရှိစေရန်အတွက် စီစဉ်ထားခြင်းဖြစ်သည်။

စနေနေ့ဖြစ်သော်ငြားလည်း သူက နိုးနေကြအချိန်အတိုင်း ပုံမှန်ပဲ စောစောစီးစီးနိုးကာ လုပ်စရာရှိတာတွေ လုပ်ပြီးနောက် သူမအတွက် နံနက်စာကို ပြင်ဆင်နေမိသည်။ အဲဒီ အချိန်မှာပဲ ဘဲလ်သံကြားသဖြင့် CCTV ကို ကြည့်လိုက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

ဆန်းသစ်စရဲ့ကားက ခြံရှေ့မှာရပ်ထားတာကို တွေ့လိုက်ရသည်။ သူက ပန်းကိုတွန့်မိရင်း ရီမှဖြင့် ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ ဆန်းသစ်စတို့ကတော့ စောစောစီးစီး ဘာလာမွှေသလဲ မပြောတတ်ပါ။

အိမ်ရှေ့တံခါးကိုဖွင့်ပြီး ဝင်လာသော ဆန်းသစ်ရဲ့ လက်ထဲတွင် ဖော့ဘူးတစ်ထုပ်ကိုလည်း ကိုင်ဆောင်လာသည်။ လက်ထဲက အထုပ်များကိုလည်း မြှောက်ပြကာ ...

"နှင်ကြိုက်တဲ့ ရန်ကင်းက မြီးရှည်လေ၊ Breakfast အဖ လာပို့ပေးတာ၊ စားပြီးပြီလား"

"မစားရသေးဘူး။ ကော်ဖီဖျော်နေတာ"

ဆန်းသစ်စက အိမ်ထဲသို့ ဝေ့ဝဲကြည့်ရှုကာ ...

"နှင့်မိန်းမရော"

"အင်း ... အိပ်နေတယ် ထင်တယ်"

သူ စကားပြောတာ မှားသွားမှန်း သိသော်လည်း မသိဟန်ဆောင်ပြီး ကော်ဖီဆက်ဖျော်နေလိုက်သည်။ ပါးနပ်သော ဆန်းသစ်စကလည်း ဒါကို ရိပ်မိကာ ...

"အိပ်နေတယ် ထင်တယ်ဆိုတော့ နှင်က ဘာလို့ အဖ အကျ မပြောနိုင်ရတာလဲ"

"ဪ ... ငါ နိုးနေတာက ကြာပြီပဲဟာ။ ငါ ထလာတုန်း က သူ အိပ်နေတာပဲ"





"ဒါတွေက နှင် ထလုပ်ရတာလား။ ဟက် ... တကယ် ရယ်ရတယ်နော်"

"ငါ့မိန်းမကို ငါချစ်လို့ လုပ်ပေးတာပဲ၊ ဘာရယ်စရာရှိလဲ"

သူက အတည်ပေါက်နဲ့ လှမ်းပြောလိုက်လျှင် ဆန်းသစ်စရဲ့မျက်နှာက ဖျတ်ခနဲ တည်သွားသည်။ အဲဒီအချိန်မှာပဲ အိမ်အပေါ်ထပ်မှ ဆင်းလာသော မိုးဘွဲ့ကိုကိုက ထမင်းစားခန်းထဲသို့ ရောက်လာသည်။ ရွှေဝါရောင်နုနု ဆံနွယ်ခွေလိမ်လိမ်တွေက အိမ်ရာထစမို့ ကပိုကရိုဖြစ်ပြီး ဘီးကုပ်အပြားကြီးတစ်ချောင်းနှင့် ပင့်တင်ထားသောကြောင့် သူမရဲ့မျက်နှာဖူးဖူးက ဝင်းဝင်းထင်းထင်း ထွက်ပေါ်နေသည်။ ညကအိပ်ထားသော ချည်သားအင်္ကျီ၊ ဘောင်းဘီရှည်ဝမ်းဆက်ဖြင့် ဆင်းလာသော သူမက သူတို့နှစ်ယောက်ကို မြင်သော်လည်း ဘယ့်နှယ်မှနေဟန်မပြဘဲ စားပွဲမှာ ခပ်တည်တည်ဖြင့် ဝင်ထိုင်သည်။

"နိုးလာပြီလား၊ မြီးရှည်စားမလား၊ မင်းက မြီးရှည်ကြိုက်တယ်ဆို"

"ဟဲ့ ... ငါက နှင်စားဖို့ တစ်ပွဲတည်း ဝယ်လာတာလေ"

အဲဒီစကားက ဆန်းသစ်စထံမှ ထွက်ပေါ်လာသော စကားသံဖြစ်သည်။ သူက တင်းသွားသောစိတ်နှင့် သူမကို ခပ်မြန်မြန်ကြည့်မိသော်လည်း သူမက ဘယ်နှယ်မှနေပုံမပေါ်ပါ။ ကြည့်ရတာ ဆန်းသစ်နှင့် သူ့ကိုတောင် ရှိသည်ဟု မမှတ်သော


www.burmeseclassic.com

www.burmeseclassic.com



ပုံစံဖြစ်သည်။ ထမင်းစားခန်းထဲက TV ကို ရှိမှုဖြင့် အေးဆေးပဲ လှမ်းဖွင့်ကာ ကော်ဖီတစ်ခွက်ငှဲ့ရင်း Butter Cake တစ်ချပ်ကို ဖောက်စားနေသည်။

သူမရဲ့ဥပေက္ခာပြု သည်းခံနိုင်စွမ်းအားကို လေးစားသော်လည်း ဆန်းသစ်ကိုတော့ သူ တကယ်ပဲ ဒေါသထွက်ရသည်။

"မိုးဘွဲ့ကိုကို ဘာစားချင်လဲ။ ကိုယ် သွားဝယ်ပေးမယ်"

သူမက သူ့ကိုမကြည့်ဘဲ TV ကြည့်ရင်းမှ ခေါင်းခါယမ်းပြသည်။ သူက သက်ပြင်းတစ်ချက်ရှိုက်မိရင်းမှ ကော်ဖီကို အသာငှဲ့မိသည်။ ဆန်းသစ်အတွက်တော့ ထည့်ပေးမနေတော့။ နဂိုတည်းကလည်း အားနာစရာလူ မဟုတ်တာမို့ ပြန်တော့လေဟု နှင်ထုတ်ရကောင်းမလားတောင် စဉ်းစားနေမိလေသည်။ သို့သော် ဘာကိုမှ ဂရုမစိုက်တတ်သော ဆန်းသစ်ကလည်း သူမှဘာသာပင် ကော်ဖီတစ်ခွက်ကို ခပ်တည်တည်နှင့် ကောက်ငှဲ့သည်။

"အိမ်ရှင်တွေက ကော်ဖီသောက်ပါဦးလို့တောင် မပြောတော့လည်း ကိုယ့်ဟာကိုယ်ပဲ ထည့်သောက်ရတော့တာပေါ့ ...

ဒေယျ ... နင် မြီးရှည်မစားဘူးလား။ စားလေ ... နင် အရမ်းကြိုက်တတ်မှန်းသိလို့ အဲဒီဆိုင်ကတောင် တကူးတက သွားဝယ်တာ"





"နင်က ဘာဖြစ်လို့ တစ်ပွဲတည်း ဝယ်လာတာလဲ။ ဒီအိမ်မှာ လူနှစ်ယောက်နေတယ်ဆိုတာ မသိဘူးလား"

ဆန်းသစ်စသည် ဘာကိုမှ ဂရုစိုက်တတ်သော မိန်းကလေးမဟုတ်မှန်း သိလျက်သားနှင့် အဲဒီလိုသွားမေးမိတာကိုက သူ့အမှားဖြစ်နိုင်သည်။ ဒါပေမဲ့လည်း သူက ဆန်းသစ်စကို ဘာမင်ပင် အမြင်ကတ်ပုဒ်မဖြင့် မေးချလိုက်တာဖြစ်သည်။

"သိသားပဲ၊ ဒါပေမဲ့ ငါက ဘာဖြစ်လို့ နှစ်ပွဲဝယ်လာရမှာလဲ။ ငါ စားစေချင်တဲ့သူအတွက်ပဲ ဝယ်လာမှာပေါ့။ ကဲ ... ပြောနေတာ ကြာတယ်၊ စားစေချင်လို့ နင့်ကို ငါကိုယ်တိုင် ထည့်ပေးမယ်"

ပြောရင်းဆိုရင်းပင် ဆန်းသစ်က ထိုင်ရာမှထကာ သူမကိုယ်တိုင် မုန့်ပွဲပြင်ပေးသည်။ သူက မိုးဘွဲ့ကိုကိုအား အသာငဲ့၍ ကြည့်လိုက်လျှင် သူမက ဘာမှတောင်မသိ၊ မကြားတဲ့ပုံစံနှင့် TV ကိုသာ အေးအေးလူလူ ကြည့်နေသည်။ အင်း ... ဘာတဲ့လည်း တတ်နိုင်တဲ့ မိန်းမတွေပါလား။ တစ်ယောက်က ဆော်တော်မျက်နှာပြောင်တိုက်သူ၊ တစ်ယောက်ကတော့ ဘာကိုမှ ဂရုမစိုက်တတ်သော သွေးအေးအေးနဲ့သူ။

ဆန့်ကျင်ဘက်လမ်းကို သွားနေကြသူတွေမို့ အထူးသဖြင့် မိုးဘွဲ့ကိုကိုသည် ဆန်းသစ်ကို ကျော်ခိုင်းလျက်သား အနေအထားဖြင့် သွားနေသည်ဟု ပြောရ၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော ... စား။ ကောင်းတယ် မြန်မြန်စားလိုက်၊ တော်ကြာ မုန့်တွေပွကုန်ဦးမယ်"

သူက ဘာမှမပြောတော့ဘဲ စိတ်ပျက်စွာဖြင့် မုန့်ပန်းကန်ကို ဘေးသို့တွန်းမိသည်။ ဆန်းသစ်ရဲ့မျက်နှာက မဆီ စလောက်ပင် ပျက်ခနဲ တည်သွားရင်း ...

"ဘာလဲ ... နင်က နင့်မယားအတွက် မပါလို့ နင်ပါမစား တဲ့သဘောလား"

သူက တစ်ခုခုပြန်ပြောဖို့ရာအတွက် ပါးစပ်ဟလိုက်တာမှန်သော်လည်း သူ့ပါးစပ်သည် စကားပြောဖို့ အဲဒီလောက် ဟ,သွားစရာ မလိုပါ။ အခုဟာက တစ်ဖုံတစ်ရာသော အပြစ် အပျက်အတွက် အံ့သြလွန်းအားကြီးသဖြင့် ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ အကြောင်းမှုကား မိုးဘွဲ့ကိုကိုသည် ဆန်းသစ်၏ သူမသောက်လက်စ ကော်ဖီခွက်ဖြင့် ပက်ချလိုက်သောကြောင့် ဖြစ်လေသည်။ ရုတ်တရက်မို့ အငိုက်မိသွားသော ဆန်းသစ်သည် ရှုးရှုးဝါးဝါးဖြင့် ဘာမှပြန်မပြောနိုင် ရှိတုန်းမှာပဲ သူမက ထိုင်ရာ ထရပ်ကာ အေးစက်စက်ကြည့်ရင်း ...

"တို့ပြန်မှုက ရိုင်းကောင်း ရိုင်းနေလိမ့်မယ်။ ဒါပေမဲ့ အသားလွတ်လာစော်ကားနေခြင်း အတွက်တော့ မလွန်ဘူး မှတ်ပါ ...

နောက်တစ်ခါ ဒီအိမ်မှာ ရှင့်မျက်နှာကို မမြင်ချင်ဘူး"





အားပါး ...။ သူတောင် ပါးစပ်အဟောင်းသားပွင့် နေပြီ ဆိုမှတော့ ဆန်းသစ်စကတော့ ပြောဖို့တောင် မလိုတော့ ချေ။ ရုတ်တရက် အငိုက်မိကာ ဘာမှပြန်မပြောနိုင်သေး။ သူမက ရှာခနဲ လှည့်ထွက်သွားတော့မှသာ ကျားနာတစ်ကောင်လို မြင် မြင်ရာ လိုက်ခဲဖို့ပြင်သည်။ ဒါပေမဲ့ သူက လိုက်ဆွဲသောကြောင့် သူ့လက်ထဲတွင် ဆန်းသစ်တစ်ယောက် ရုန်းရင်းဆန်ခတ် ဖြစ်နေ သည်။

"လွှတ်စမ်း ... ဒေယျ။ နင့်မယားက သိပ်လွန်တယ်နော်၊ ဒီကောင်မက ဘာကောင်မလဲ ... ဟမ် ? ။ ဘာကောင်မ လဲ ...

သူက ဘယ်(xx)ဆင်က လာတာမို့လို့ ငါ့ကို ဒီလို လုပ်သွားရတာလဲ။ တောက် ... ဒီကောင်မကို ငါကိုယ်တိုင် ပါးပြန်ရိုက်ရမှ ကျေနပ်မယ်၊ ငါ့ကို အခုလွှတ်ပေး ဒေယျ ...

ဟိတ် ... ကောင်မစုတ် ... ကောင်မအစုတ်အပြတ် မိုးဘွဲ့ကိုကို။ နင်က ဘာကောင်မမို့ ငါ့ကို ဒီလိုလုပ်သွား ရတာလဲ။ သတ္တိရှိရင် နင် အခုပြန်ဆင်းလာခဲ့။ လာစမ်းပါ၊ တောက် ... အထည်ကြီးပျက်မ အစုတ်အပြတ်ကများ ...

နင့်လို ကောင်မမျိုးကို ဒေယျလို ကောင်မျိုးကသာ ရှုးလို့ယူထားတာဟဲ့ ... သိရဲ့လား။ သိပ်လည်း(xx)ဖင် ခေါင်းကျယ်မနေနဲ့။ နင့်လို ကောင်မမျိုးကို ဖောက်ကြွေးနဲ့ သိမ်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဆန်းသစ် ... တော်ပါတော့ဟာ။ တော်စမ်းပါ။ နင့်စိတ်တွေကို နည်းနည်းလျှော့စမ်းပါဦး။"

သူက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလျှင် ဆန်းသစ်က သူ့လက်ထဲမှ ဆောင့်တွန်းရုန်းထွက်ကာ ...

"ဘာလျှော့ရမှာလဲ ... ဟမ် ။ ဘာလျှော့ရမှာလဲ။ နင့်ကောင်မ လုပ်သွားတဲ့ပုံကို နင် မြင်တယ်မဟုတ်လား။ ဘယ်သူက လွန်တာလဲ၊ နင်ပဲ ပြောစမ်းပါ ဒေယျရဲ့"

ဆန်းသစ်က သူ့ပခုံးကို ဆောင့်တွန်းပြီး မေးသည်။ သူက စိတ်ကုန်စွာဖြင့် ကျစ်ခနဲ စုတ်သပ်ကာ ဆန်းသစ်ရဲ့လက်တွေကို ဖယ်ရှားပစ်လိုက်သည်။ ဘယ်သူလွန်တာ မလွန်တာအပထား သူကတော့ မိုးဘွဲ့ဆိုသော ကောင်မလေးကို ဘရာဗိုတွေကြိတ်ပေးနေမိသည်။ ဆန်းသစ်စလို ဆတ်ဆတ်ကြဲရဲ့နားရွက်ကိုမှ တံတွေးဆွတ်ခဲ့သော သူမကို သူက သဘောကျမိတာဖြစ်သည်။ ဘယ်သူလွန်တာ မလွန်တာ သူ မသိ။ ဘာတဲ့ ... ပြောသွားသေးတဲ့ စကားကလည်း စိတ်ဝင်စားဖို့ ကောင်းသေးသည်။

["တုံ့ပြန်မှုက ရိုင်းကောင်း ရိုင်းနေလိမ့်မယ်။ ဒါပေမဲ့ အသားပွတ် လာစော်ကားနေခြင်းအတွက်တော့ မလွန်ဘူးမှတ်ပါ ...

နောက်တစ်ခါ ဒီအိမ်မှာ ရှင့်မျက်နှာကို မမြင်ချင်ဘူး"]





ဒီအိမ်မှာ မမြင်ချင်ဘူးတဲ့။ ဆိုလိုတဲ့သဘောကတော့ ဒါ သူမပိုင်ဆိုင်ရာ သက်ဆိုင်ရာလို့ သတ်မှတ်ထားတဲ့နေရာအဖြစ် မသိစိတ်က ထုတ်ဖော်ကြေညာလိုက်တာပေါ့။ ဒီအိမ်ရဲ့အရှင်သခင်မ ဘုရင်မတစ်ယောက်နယ် ပြောပုံ ဆိုပုံက ပိုင်နိုင်တိကျလို့နေသည်။ အင်း ... ကိုယ်ဖြစ်စေချင်တာလည်း ဒီအိမ်ရဲ့အရှင်သခင် ကိုယ့်ဘဝရဲ့ဘုရင်မပဲလေ၊ ကိုယ့်ရဲ့ကွင်း(န်)ပေါ့။

"ဆန်းသစ် ... နင့်အကြောင်းကို ငါ အသိဆုံးပါ။ နင် ငါ့ကိုတော့ မလိမ်နဲ့။ နင် သူ့ကို ရှိသလိုလို ထေ့သလိုလို လုပ်နေတယ်ဆိုတာ နင့်ကိုယ်နင်တော့ အသိဆုံးမဟုတ်လား"

"ဒေယျ ... နင်ကပါ နင့်မယား အရိုင်းအစိုင်းဘက်က ပါနေတာပေါ့ ... ဟုတ်လား"

"ဆန်းသစ် ... နင် စကားတွေလျှောက်မပြောရင် ကောင်းလိမ့်မယ်ဟာ။ ဘာနဲ့မှမငြိဘဲ နင် အေးဆေးနေပါလား။ အဲဒါ အားလုံးအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

"အကောင်းဆုံးဖြစ်မှာ နင်တို့အတွက်ပဲ မဟုတ်လား။ ဒေယျ ဒီတစ်ခါတော့ နင် သတိလက်လွတ် ဖြစ်သွားလို့ထားလိုက်တော့။ နောက်တစ်ခါကျရင်တော့ အဲဒီမိန်းမလည်း မလွယ်တော့ဘူးဆိုတာ နင့်ကိုပဲ ငါ ပြောမယ် ...


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ငါ့မျက်စိရှေ့ကို သူ ရောက်လာခဲ့ရင် ငါ့အလွန်မဟုတ်တော့ဘူး"

ဆန်းသစ်က မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် ပြောသွားကာ ချာခနဲ လှည့်ထွက်သွားသည်။ သူကတော့ ဘာကိုရယ်ချင်နေမှန်းမသိ ရယ်ချင်နေကာ ဆန်းသစ် ပြန်သွားတော့ တစ်ယောက်တည်း ဆိုဖာပေါ်မှာထိုင်ပြီး ရယ်နေမိသေးသည်။

မိုးဘွဲ့ကိုကိုရဲ့ ထင်မထားသော လုပ်ရပ်ကို မျက်စိထဲမှမထွက်ဘဲ အချိုးကြီးထိသွားသော ဆန်းသစ်ကိုလည်း ကော်င်းချီးပေးနေမည်ဆိုလျှင် သူ့ကို ဘယ်လိုများ ထင်ကြမည် မပြောတတ်ချေ။ ဘယ်လိုပဲဖြစ်ဖြစ် သူ ချစ်သော ဘုရင်မလေးထံမှာ သာ သူက ခ,စားဝင်ရောက်လိုခဲ့ပါသည်။

* ❦ *





၁၆

လူတစ်ယောက်ရဲ့ဘဝကို အလုပ်တစ်ခုနဲ့ တဲည ဆောက်မှ အဓိပ္ပာယ်ရှိမည်ဟု သတ်မှတ်ကြလျှင် ဘွဲ့ရဲ့ဘဝကား အဓိပ္ပာယ်ရှာမရသူ ဖြစ်သွားလိမ့်မည်။ တစ်နေ့ တစ်နေ့ ဘွဲ့အသက်ရှင်နေရသော နေ့ရက်များသည် အဓိပ္ပာယ်မဲ့လှသည်ဟု ထင်မိလေသည်။ ဘွဲ့လိုမိန်းမတစ်ယောက်ကို သိန်းထောင်ပေါင်းများစွာ ရင်းနှီးပြီး ရယူထားသော ယောကျာ်းတစ်ယောက်အတွက်ရော ဘဝဟာ ဘာအဓိပ္ပာယ်ရှိပါသနည်းဟု မေးလိုက်ချင်သည်။

သူဟာ ဘွဲ့ကို ဇနီးမယားတစ်ယောက်လိုလည်း ပေါင်းသင်းတာ မဟုတ်။ သူ့ကို ပြုစုယုယမှုတွေ ပေးနိုင်တာလည်း မဟုတ်သော မိန်းမတစ်ယောက်ကို ဘယ်လိုခံစားချက်တွေနဲ့ ဘာအဓိပ္ပာယ်တွေနဲ့ လက်ထပ်ထားတာလဲဆိုတာ ဘွဲ့တကယ်ပဲ ဉာဏ်မရှိပါ။ သူပြောသော ချစ်တာတွေ မေတ္တာတွေကိုတော့ ဘွဲ့စိတ်မဝင်စား။ အချစ်ဆိုတာ အဆိပ်တွေနဲ့ ပြည့်သိပ်နေတဲ့ ဗိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်လောက်ပဲ အဓိပ္ပာယ်ရှိသည်ဟု ဘွဲ့ကတော့ ယုံကြည်လေသည်။

တစ်နေ့ တစ်နေ့ အိပ်ရာထ စားသောက် တိဗွီကြည့် စာဖတ် အပြင်သွား ပိုက်ဆံတွေလျှော့ကျပြန်း ဒါတွေကိုလုပ်တော့ရော ဘယ်လောက်များ လုပ်နိုင်မှာမို့လို့လဲ။ ဘယ်နှလ လုပ်နိုင်မှာမို့လို့လဲ။ အရင်တည်းက ကိုယ့်ဘဝကိုယ် နားလည်ပြီး အောက်သက်ကြေခဲ့သူမို့ ဘွဲ့ဟာ အဓိပ္ပာယ်မရှိသော အလုပ်တွေကိုလည်း ကြာရှည်မလုပ်လိုတော့။ အထူးသဖြင့် အဓိပ္ပာယ်မရှိသော ဘဝကြီးထဲမှာ ကြာကြာမနေချင်တော့ပါ။ ဘွဲ့ ဘာလုပ်ရင် ကောင်းမလဲ ? ? ? ။

မိုးလင်းတည်းက ထိုင်စဉ်းစားနေသော ဘွဲ့သည် အခန်းတံခါးကို လာခေါက်သံကြားတော့မှပင် ခုထိ အောက်ဆင်းပြီး နံနက်စာ မစားရသေးတာကို သတိရမိတော့သည်။ တံခါးလာခေါက်တာကတော့ ဟိုလူမှလွဲ၍ တခြားသူ မဖြစ်နိုင်ပါ။ ဒါပေမဲ့ ဖွင့်လိုက်သောအခါ သူ မဟုတ်ဘဲ အိမ်အကူအဘကြီး ဖြစ်နေတာကို တွေ့ရသည်။ အဘကြီးရဲ့လက်ထဲတွင် ဘူးတစ်ဘူးကိုလည်း ကိုင်လျက်သား တွေ့ရသည်။

"နိုးပြီလား မမိုးဘွဲ့"

"ဟုတ် ... နိုးပါပြီ။ ဘာလဲ ဒေါ်ကြီး"

"ဒီမှာလေ မောင်ဒေယျာက ပေးခိုင်းခဲ့တာ။ ခဏနေရင် သူ မုန့်ဆက်မယ်တဲ့။ အခုအလုပ်ကိစ္စနဲ့ အပြင်ခဏသွားတယ်...





မမိုးဘွဲ့ ဘာစားမလဲ။ ဘာမှမစားရသေးဘူး မဟုတ်လား။ တစ်ခုခုစားပါလား"

"အင်း ... ကျွန်မ ကော်ဖီပဲ သောက်ပါမယ်"

"ဒါဆို ဒေါ်ကြီး ကော်ဖီနဲ့ ဆင်းဝေစ်ရှ်လေးလုပ်ပြီး လာပို့လိုက်မယ်။ စားလိုက်ပါ"

"ဟုတ် ... ကျေးဇူးပဲ ဒေါ်ကြီး"

ဘွဲ့က ဒေါ်ကြီးရဲ့လက်ထဲမှဘူးကိုယူကာ အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ဘူးအပေါ်မှတံဆိပ်ကို ကြည့်ခြင်းအားဖြင့်တော့ နာမည်ကြီးဒီဇိုင်နာတစ်ယောက်၏ ပွဲတက်ဝတ်စုံဒီဇိုင်း ဖြစ်မည်ဟု ခန့်မှန်း၍ရသည်။ ဘာသဘောနဲ့ ဒါကိုလာပေးတာပါလိမ့်။ ဘွဲ့က ဘူးကိုဖွင့်လိုက်လျှင် အထဲမှာ လှပသော မြန်မာဝတ်စုံဝမ်းဆက်ကို တွေ့လိုက်ရသည်။ လုံချည်က ခမ်းနားတန်ဖိုးကြီးသော ပိုးချိတ်လုံချည် ပန်းဆီရောင်ရင့်ရင့်ဖြစ်ကာ အရောင်ဆန်း ဒီဇိုင်းဆန်းသည်။

အင်္ကျီကတော့ ပန်းဆီရောင်ကွန်ပျူတာပန်းထိုး ရင်ဖုံးလက်တိုလေး ဖြစ်လေသည်။ အဝတ်အစားတစ်စုံလုံးကို ကြည့်လိုက်တာနှင့် တန်ဖိုးကြီးခမ်းနားနေသော ဝတ်စုံမှန်း သိသာစေသော်လည်း ဘွဲ့က စိတ်မဝင်စားစွာဖြင့် ဘေးသို့ချထားလိုက်သည်။ ဝတ်ကြည့်လိုက်လျှင် ဘွဲ့နှင့်ကွက်တိဖြစ်မည်မှန်း သိနေသော အင်္ကျီဆိုက်စ်ကို ဘယ်လိုများ သိထားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ … လူတစ်ယောက်လုံးတောင် ရအောင် ယူထားနိုင်ပြီးမှတော့ အကျီဆိုက် သိတာဟာ သိပ်တော့မဆန်းတော့ပါ။ ဘွဲ့ တွေးနေတုန်းမှာပဲ ဖုန်းသံက ထွက်ပေါ်လာတာမို့ ကောက်ယူကြည့်လိုက်လျှင် ဒေယျဆီက ဖြစ်နေသည်။

ဘွဲ့က အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ကာ ဖုန်းကို ဖွင့်နားထောင်လိုက်သည်။

"ပြောပါ"

"အေး … မင်းကို ပေးနိုင်းလိုက်တဲ့ အဝတ်အစားဘူး ရတယ်မဟုတ်လား"

"အင်း"

"အဲဒါ မင်္ဂလာဆောင်မှာ မင်းဝတ်ဖို့။ နေ့လယ်တစ်နာရီမှာ မင်းနဲ့ကိုယ်နဲ့တွဲပြီး မင်္ဂလာဆောင်တစ်ပွဲ တက်စရာရှိတယ်။ တစ်နာရီမှာ ရယ်ဒီလုပ်ထားပါ …

မင်းအခန်းထဲက ဗီရိုထဲမှာ လက်ဝတ်ရတနာဘူးရှိတယ်။ အဲဒီထဲက မင်းကြိုက်တဲ့ ဆက်လိုက်တစ်ဆင်စာ ဝတ်လိုက်ပေါ့ …

အိုခေ … ဆယ့်နှစ်နာရီခွဲမှာ ကိုယ် အရောက်ပြန်လာခဲ့မယ်"

"ရှင်ပြောချင်တာ ဒါပဲလား"

"အင်း … မင်း ဘာလိုအပ်ဦးမလဲ။ ကိုယ် ဘာဝယ်ခဲ့ရဦးမဲ"





"ဘာမှ မလိုအပ်ဘူး"

"အိုခေ … ဒါဆို ရယ်ဒီလုပ်ထားလိုက်တော့နော်။ ဘိုင့်ဘိုင်"

သူက နှုတ်ဆက်ပြီး ဖုန်းချသွားလျှင် ဘွဲ့က နှုတ်ခမ်းတွန့်ရုံ တစ်ချက်ပြုံးကာ ဖုန်းကိုစားပွဲပေါ် ပစ်တင်လိုက်သည်။ အဲဒီနောက် စလောင်းဖွင့်ကာ TV ကြည့်ရင်း ဒေါ်ကြီးလာပို့သော ကော်ဖီနဲ့မုန့်ကို အေးအေးဆေးဆေး စားသောက်နေမိသည်။ ခဏနေတော့ သတင်းစာသမား လာပို့သော ဂျာနယ်သုံးစောင်ကို စိမ်ပြေနပြေ ဖတ်ရှုရင်း အချိန်တွေတောင် ဘယ်လိုကုန်သွားမှန်းတောင် မသိခဲ့ချေ။

ဒီလိုနှင့် အခန်းတံခါးကို လာခေါက်တော့မှသာ အကျော်ဒေယျ ရောက်လာပြီမှန်း သိတော့သည်။ သူက ဆိုဖာပေါ်မှာ အေးဆေးဒူးနန့်ပြီး ဂျာနယ်ဖတ်ကာ သီချင်းနားထောင်နေသော ဘွဲ့ကို အံ့ဩသလို ကြည့်ကာ …

"ဟင် … မင်း ဘာမှမလုပ်ရသေးဘူးလား"

"အင်း … မြင်တဲ့အတိုင်းပဲလေ"

"ဟာ … မင်း ဘာလုပ်တာလဲ။ မင်းကို ကိုယ် သေချာ ဖုန်းဆက်ပြီး ပြောထားတယ်လေ။ အဲဒီတုန်းက မင်းမလိုက်ဘူးလို့ မငြင်းခဲ့ပါဘူး"

"လိုက်မယ်လို့လည်း မပြောခဲ့ဘူး မဟုတ်လား"

သူက ဘွဲ့ရဲ့သွေးအေးအေး ရိုက်ပေါက်ပုံစံကို တစ်ချက်စူးစိုက်ကြည့်ကာ ခါးထောက်လိုက်ရင်းမှ …



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒါတော့ နည်းနည်းလွန်သွားပြီလို့ ထင်တယ်ကွာ။ ဒီမှာ မိုးဘွဲ့ကိုကို။ မင်းကို ဘယ်လောက်လွတ်လွတ်လပ်လပ် နေစေခဲ့သလဲဆိုတာ မင်းအသိဆုံးပဲနော် ...

မင်းနဲ့ ငါနဲ့ဟာ တရားဝင်လက်ထပ်ထားတဲ့ လင်မယားတွေ။ အေး ... အဲဒီအတွက် ပွဲလမ်းသဘင်တွေမှာ အတူတွဲပြီး ပွဲတက်ဖို့ကိစ္စတွေရှိတယ်။ လူမှုရေးကိစ္စတွေရှိတယ်။ ဒါတွေကို မင်း ရှောင်လွှဲလို့ မရဘူး မိုးဘွဲ့ကိုကို"

"ရှင့်ကို ကျွန်မ လက်ထပ်တုန်းက အဲဒီလို ပွဲတက်မယား လုပ်ပေးမယ်လို့ ပြောခဲ့ဖူးလား"

သူက မျက်ဝန်းများကို မှေးစင်းသွားရင်းမှ ခနိုးခနဲ့ ပြုံးကာ ...

"အဲဒီအဆင့်တောင် မင်း မမျှော်လင့်ခဲ့ဘူး မဟုတ်လား။ မင်းတွက်ထားတာက ငါက မင်းရဲ့ခန္ဓာကိုယ်ကိုပဲ ပေါင်းသင်းလိမ့်မယ်လို့ ထင်ထားခဲ့တာ မဟုတ်လား ...

မင်းက မင်းရဲ့စိတ်ကိုပဲ ပေါင်းသင်းချင်တာ မိုးဘွဲ့ကိုကို။ ဒီ့အတွက် မင်းကို စိတ်ချမ်းသာသလို နေခွင့်ပေးထားခဲ့တာ ...

အဲဒါ ငါ့စေတနာပဲ"

"ဟား ဟား ... စေတနာ ! ။ ရှင့်လိုလူတစ်ယောက်ရဲ့ ပါးစပ်က ဒီစကားထွက်တာ မတန်မရာလို့ ပြောလိုက်ရင် မနာနဲ့နော်။ မိန်းမတစ်ယောက်ကို အကြွေးနဲ့သိမ်းယူထားပြီး စေတနာထားပါတယ်ဆိုတဲ့စကားက ရှင်သာ ရှက်တတ်မယ်ဆိုရင် ပြောနေဖို့တောင် မကောင်းတော့ဘူး"

"မဆိုင်ဘူးလေ။ မင်း အဲဒီထောင့်ကနေ ကြည့်မပြောနဲ့။ မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ အဲဒါက တစ်ခုတည်းသော နည်းလမ်းပဲ ...

မင်းကို ငါ အရမ်းချစ်လို့ ဒီလောက်ငွေတွေအများကြီး ပုံအောပြီး ယူထားခဲ့တာပေါ့"

"အရမ်းချစ်တယ် ! ဟာ ဟာ၊ ရှင်တို့ယောကျ်ားတွေရဲ့ အချစ်ဆိုတာ တစ်ဖက်လူ သဘောတူကြည်ဖြူမှုမရှိဘဲ သိမ်းပိုက်တဲ့ အတ္တပဲမဟုတ်လား ...

ကဲ ... ရှင်သွားစရာရှိတာ သွားတော့။ ကျွန်မ လိုက်မှာမဟုတ်ဘူး"

"မိုးဘွဲ့ကိုကို ... မင်းက ငါ့ကို စိန်ခေါ်နေတာလား"

ဘွဲ့က ပြန်မဖြေဘဲ နှုတ်ခမ်းကို စုချွန်ရင်းမှ ပမာမခန့်ပုံစံဖြင့် ပခုံးကိုတွန့်မိသည်။ သူက မိုးဘွဲ့ရဲ့အနားသို့ ဝုန်းခနဲ တိုးကပ်လာပြီး ပခုံးကိုချာခနဲ ဆွဲလှည့်လိုက်လျှင် ဘွဲ့နှင့်သူမှာ နီးကပ်သော မျက်နှာချင်းဆိုင် အနေအထား ဖြစ်သွားကြသည်။ သူက ဘွဲ့ရဲ့မျက်လုံးတွေထဲသို့ စူးရှစွာ တစ်ချက်စိုက်ကြည့်ရင်းမှ အမြင်ကတ်စရာကောင်းအောင်ပြုံးကာ ...




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"မင်း ငါ့ကို အရွဲ့မတိုက်နဲ့။ စိန်မခေါ်နဲ့နော် မိုးဘွဲ့ကိုကို။ မင်းကို ငါ စိတ်ညစ်အောင် မလုပ်ချင်ဘူး"

ဘွဲ့က ပခုံးကိုလာကိုင်ထားသော သူ့လက်နှစ်ဖက်ကို ဆောင့်တွန်းရင်းမှ မတ်တတ်ထရပ်ပစ်လိုက်ကာ ...

"လုပ်ကြည့်စမ်းပါ။ ဟင်း ... ရှင် စိတ်ညစ်နေအောင်ထားလည်း ကျွန်မက ဟက်ဟက်ပက်ပက်ကြီး ပျော်နေနိုင်မယ်ဆိုရင် ရှင် ဘာလုပ်နိုင်မှာလဲ ... ပြော။ ကျွန်မ အခုနေ, နေတာ ရှင်က စိတ်ချမ်းသာအောင်ထားလို့ စိတ်ချမ်းသာတယ်များ ထင်နေလား။ ကျွန်မဘာသာ အားလုံးကိုဥပေက္ခာပြုထားလို့ ဒီလိုနေနိုင်တာ။ ရှင် ရွှေဘုံပေါ်မှာ စံထားလည်း ကျွန်မက စိတ်ချမ်းသာအောင်မနေတတ်ရင် အလကားပဲ ... အဲဒါကို ရှင် ကောင်းကောင်းသဘောထားလိုက်"

ဘွဲ့ရဲ့စကားတွေကို သူက သေချာစွာရှုစိုက်နားထောင်ပြီးနောက် ညစ်ကျယ်ကျယ်ဖြင့် ပြုံးလေသည်။ အဲဒီအပြုံးကြီးဟာ ညစ်ပြုံးကြီးဟု ခံစားရပြီးနောက် ဘွဲ့ထင်သလိုပင် သူက ခပ်ညစ်ညစ်စကားလုံးတွေ ပြောလာခဲ့သည်။

"ဒါဖြင့်ရင် မင်း ဆိုလိုချင်တာက ငါက ဘယ်လိုပဲ မင်းကို စိတ်ညစ်အောင်လုပ်လုပ် မင်းစိတ်နဲ့မင်းတော့ စိတ်ချမ်းသာအောင် နေတတ်တယ်လို့ ပြောချင်တာလား"

သူ့စကားက ဘွဲ့ကို ဘယ်လိုအဓိပ္ပာယ်ဆောင်တော့မည် ဆိုတာကို သိလာသော ဘွဲ့သည် သူ့ကို ဘာမှမပြောနိုင်ဘဲ





အံတင်းတင်းကြိတ်ကာ ကြည့်မိသည်။ သူက ခေါင်းတစ်ချက်ဆတ်လိုက်ကာ ...

"အိုခေလေ ... ပြီးရောပေါ့။ မင်းမှာ အဲဒီလိုအရည်အချင်းရှိမှန်း ကိုယ် မသိခဲ့ဘူး။ ကောင်းပါပြီ ... ကဲ ... ဒီနေ့တော့ မင်းအတွက်ပေါ့ကွာ။ နောက်ရက်တွေတော့ ကိုယ့်အတွက်တွေ ဖြစ်လာလိမ့်မယ် ...

ဘိုင့် ဘိုင်၊ ကိုယ် အပြင်သွားတော့မယ်"

သူက ပြောပြောဆိုဆိုပင် ဘွဲ့ရဲ့နဖူးပေါ် ဝဲကျနေသော ဆံနွယ်လေးတွေကို လက်ညှိုးဖြင့် တောက်သွားလျှင်ဆတ်ခနဲ ရှောင်လိုက်သော်လည်း မမီတော့။ ဘွဲ့ အင်မတန်မုန်းသော ညစ်ကျယ်ကျယ်အပြုံးတစ်ခုဖြင့် ချာခနဲ လှည့်ထွက်သွားသည်။

ဘွဲ့သည် ဘာကိုမကျေနပ်မှန်း မသိဘဲ အကြီးအကျယ် မကျေနပ်မိကာ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်မိလေသည်။ ဒီလူ ဘာတွေအကျင့်ပုပ် အကျင့်ယုတ်ဦးမလဲဆိုတာ ဘွဲ့ တကယ်ပဲ မသိနိုင်သေး။ အင်မတန်လည်သော ဒီလူဟာ ဘွဲ့ရဲ့စကားကို နင်းလျှောက်လျက် ဘွဲ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဦးတော့မည်။

ဘွဲ့ဟာ နှုတ်ခမ်းကိုတင်းတင်းစေ့မိရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

သူ နိုးထ‌‌‌လာသော မနက်ခင်းသည် သာသာယာယာပဲ ဖြစ်ပါသည်။ နိုးလာတာနှင့် ပြုမူဆယ်ကိစ္စများကို ဆောင်ရွက်ပြီးသောအခါ သူမ အရမ်းကြိုက်နှစ်သက်သည်ဟု သိထားသော မြီးရှည်ကို သွားဝယ်သည်။ ပြီးတော့ စားသောက်ဖို့ရာအတွက် အဆင်သင့်ပြင်ဆင်ထားခဲ့ပြီးမှ သူမကို သွားနှိုးသည်။ တစ်နေ့တလေလောက်တော့ သူမနှင့်အတူတူ Breakfast စားချင်လှသည်လေ။ တနင်္လာနေ့ကနေ သောကြာနေ့အထိ သူက အပြင်ထွက် စီးပွားရှာရသည် ဖြစ်လေရာ သူမက အိပ်ရာထနောက်ကျသဖြင့် သူနှင့် ဘယ်တော့မှ မဆုံဖြစ်ချေ။

ဒီနေ့တော့ သူမကို သူကိုယ်တိုင် နှိုးတော့မည်။ သူက အခန်းတံခါးကို ဖွင့်ကြည့်လိုက်လျှင် မရ။ အထဲက လော့ချထားတာမို့ သူက တစ်ချက်ပြုံးကာ ပါလာသောသော့ဖြင့် ဖွင့်



လိုက်သည်။ သူမက နိုးသေးဟန်မတူပါ။ သူက သူမရဲ့ခုတင်အနားသို့ တရွေ့ရွေ့တိုးကပ်ပြီး သွားခဲ့လျှင် နှစ်ခြိုက်စွာ အိပ်မောကျနေသော သူမရဲ့မျက်နှာလေးကို ချစ်စဖွယ်ကောင်းစွာ တွေ့လိုက်ရသည်၊ ဒီမိန်းကလေးဟာ သူ့ရင်ခွင်ထဲမှာ ဒီလိုပုံစံလေးနဲ့ မနက်ခင်းတိုင်း နိုးထလာနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။

တစိမ့်စိမ့်ကြည့်နေရာမှ ချစ်ခြင်းမြတ်နိုးမှုနှင့်အတူ သူက သူမကို ရုတ်တရက် နမ်းမွေးချင်စိတ် ပေါက်သွားသည်။ ကြည့်ဦးလေ ... မိန်းကလေးတစ်ယောက်ရဲ့အလှစစ်ဟာ အိပ်ရာနိုးစအချိန်မှာ ပေါ်လွင်တယ်တဲ့။ သူမကတော့ အိပ်ရာကမနိုးခင်ကာလလေးမှာတောင် ပါးတစ်ဖက်က ဆွဲလိမ်ပစ်ချင်စရာ ချစ်စရာကြီးဖြစ်လို့နေသည်။ သူက ရင်ထဲမှာ မထိန်းနိုင်တော့သော နမ်းရှိုက်ချင်စိတ်ဖြင့် သူမရဲ့အနားသို့ အသာတိုးကပ်သွားမိသည်။ ပြီးတော့ နူးညံ့သော အနမ်းတစ်ပွင့်ကို သူမရဲ့ပါးလေးပေါ်မှာ အသက်အောင့်ပြီး ခြွေချမိလေသည်။ အနမ်း ... အဲဒီအနမ်းဟာ ဘယ်အချိန်မှာစလို့ ဘယ်အချိန်မှာ ပြီးဆုံးရမယ်ဆိုတာ လူတွေက ဘယ်လိုသတ်မှတ်ထားခဲ့ကြတာလဲတော့ မသိ။ နမ်းနေရတဲ့ စက္ကန့်ပိုင်းကတော့ ကမ္ဘာကြီးရပ်တန့်သွားသလို ခံစားရသည်။ ပြီးတော့ သူလည်းပဲ အဲဒီနူးညံ့မှုလေးထဲမှာ မျောနေခဲ့ပါသည်။

ဒါပေမဲ့ ရုတ်တရက်ဆိုသလို သူမက မျက်ခွံနှိုးသာကာ အံ့လန့်တကြားဖြင့် သူ့ကို ဆောင့်တွန်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားတာမို့ သူ့က ဟန်ချက်ပျက်သွားကာ လဲပြိုသွားပြီး သူ့လက်တစ်ဖက်က ဘေးနားကစားပွဲပေါ်မှာ တင်ထားသော ဖန်ခွက်ကို သွားတိုက်ကာ ဖန်ခွက်က ကျကွဲသွားသည်။ တစ်ချိန်တည်းဆိုသလိုပင် နောက်သို့လန်ကျသွားသောသူဟာ ဖန်ကွဲပေါ်ကို လက်ထောက်မိပြီး သူ့လက်မှာ သွေးတွေရဲသွားသည်။

"ရှင် ... ရှင် ...။ ရှင် ဒါဘာလုပ်တာလဲ ... ဟင် ?"

သူမမျက်နှာက နံနက်ခင်းနှင့် မလိုက်ဖက်စွာ တင်းမာခက်ထန်နေသည်။ သူက လက်မှသွေးတစ်စက်စက်ကျနေသော ဒဏ်ရာကို ဂရုမပြုအားဘဲ သူမကို ဖြေရှင်းချက် ထုတ်ရသည်။

"မင်းကို Breakfast စားဖို့ လာနိုးတာ"

"ကျွန်မ ဒီအခန်းကို သော့ချပြီး အိပ်တာ။ ရှင် သော့ဖွင့်ပြီး ဝင်လာတာပေါ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ဒါပဲရှိတာပေါ့။ အား ...၊ ငါ့ဒဏ်ရာက များသွားတယ်နဲ့တူတယ်။ မိုးဘွဲ့ကိုကို ... မင်းဆေးထည့်တာလောက်တော့ ဖြစ်တယ်မဟုတ်လား၊ လုပ်စမ်းပါဦး"

"သေလိုက် ... အဲဒီမှာ ရှင် မေးနိုင်ပိုးဝင်ပြီး သွားသေလိုက်။ ရှင့်ကို ကျွန်မက ဘာကိစ္စ ဆေးထည့်ပေးရမှာလဲ။ ရှင် ကျွန်မနားကပ်ပြီး ဘာလုပ်တာလဲ၊ ဟင် ... ဘာလုပ်တာလဲ ... ပြော"





သူမအသံက အဆုံးသတ်မှာ စူးရှကျယ်လောင်စွာ ထွက်လာသည်။ အမြဲတမ်းသွေးအေးခဲ့သော သူမတစ်ယောက် ဒီလို လှုပ်လှုပ်ခတ်ခတ် ဖြစ်လာခြင်းကိုပဲ သူက ဝမ်းသာရလေမည်လား။ ဒါမှမဟုတ် သူ့လက်ကသွေးရွှေ တစက်စက်ကျနေတာတောင် ဂရုမစိုက်နိုင်အားလေသော ရွှေမေတ္တာကိုပဲ ဝမ်းနည်းရတော့လေမည်လား။ တဆစ်ဆစ် ကိုက်ခဲလာသော ဒဏ်ရာကို ဥပေက္ခာပြုကာ ...

"မင်းအနားကပ်ပြီး ငါက ဘာလုပ်ရမှာလဲ။ မင်း ငါဘာလုပ်နေတာ မြင်လို့လဲ"

"ကျွန်မမြင်တာ ရှင် ကျွန်မမျက်နှာအနားကို ကပ်နေတာလေ၊ တောက် ... အဲဒါ ရှင့်ဘာလုပ်နေတာလဲ လူယုတ်မာ"

သူမရဲ့ပျစ်ပျစ်နှစ်နှစ်အပြောကို သူက လက်မှာနေသည့်ကြားမှ ဟက်ဟက်ပက်ပက် အော်ရယ်မိသည်။

"ဟား ဟား ... ငါက လူယုတ်မာ ဟုတ်လား။ မိုးဘွဲ့ကိုကို မင်းကို ငါက လွှတ်လပ်ပါစေဆိုတဲ့ စေတနာနဲ့ လွှတ်လွှတ်လပ်လပ် ပေးနေထားတာကို မင်းစိတ်ထဲမှာ မင်းကိုယ်မင်း အပျိုတစ်ယောက်လို ထင်နေတာလား ...

မင်းက ငါ့ရဲ့တရားဝင်မိန်းမနော်။ အဲဒါကိုလည်း မင်း သတိရဦး"

"သေလိုက် ... သွား။ ရှင် သွားသေလိုက်။ တောက် ... ရှင့် အခု ကျွန်မအခန်းထဲက ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း နည်းနည်းတော့ လွှတ်နေပြီ။ မင်းတို့မိန်းမတွေက လေ နည်းနည်းလေးမှ သနားလို့ မရဘူး။ စေတနာထား ပေးလို့ မရဘူး ...

မင်းနဲ့ငါ လက်ထပ်ထားတယ်ဆိုတာ မင်း အမြဲ သတိရနေအောင် Wedding Photo ရိုက်ပြီး ဓာတ်ပုံတွေ ချိတ်ထားမှနဲ့ တူတယ် ...

ကဲ ... ခုလောလောဆယ် ငါ့ဒဏ်ရာကို ဆေးထည့် ပေးကွာ"

"လုံးဝထည့်မပေးနိုင်ဘူး။ ရှင့်ဟာရှင် အဲဒီမှာသေလို့ရတယ်"

သူမက ပြောပြီးတာနှင့် ဘေးဘက်မှာရှိသော သန့် စင်စန်းထဲရှိရာသို့ ဝင်သွားကာ တံခါးကို ဆောင့်ကြီးအောင့်ကြီး ပိတ်ပစ်လိုက်လေသည်။ သူက ခေါင်းတစ်ချက် ခါယမ်းကာ လက်မှဒဏ်ရာကိုဖိရင်း အခန်းပြင်ဘက်သို့ ထွက်လာခဲ့သည်။ မရှေးမနှောင်းမှာ သူမပါးပြင်ကို နမ်းမွှေးခဲ့တာတောင် မသိရှာ။ မသိခဲ့တာတောင် ဒီလောက်ဒေါသထွက်နေခဲ့ပြီး သိများသိလို့က တော့ သူ့ကိုတောင် သတ်ပစ်မလား မသိချေ။ သူက ဒဏ်ရာကို ဆေးထည့်ဖို့ ရေဆေးနေတုန်းမှာပဲ ဆန်းသစ်ထံမှ ဖုန်းမြည်လာ သဖြင့် ဖွင့်ကိုင်လိုက်သည်။

ဖုန်းမြည်သံတီးလုံးကို ကြားလိုက်တာနှင့် ဘယ်သူ ဆိုတာကိုသိအောင် ခွဲခြားထားတာဖြစ်သလို သူမ ဆက်လာမည့် ဖုန်းကိုလည်း မျိုးကြီးရဲ့လက်ခံပေးပါ Ring Tone ထည့်ထား





သေးသည်။ ဒါပေမဲ့လည်း သူမထံမှ တစ်ခါမှ ဖုန်းခေါ်သံရောက် မလာသေးပါ။ သူကသာ သူမရဲ့ဖုန်းထံသို့ လက်ခံပေးပါသီချင်း နှင့် ဖုန်းခေါ်နေရတာဖြစ်သည်။

"ပြော ... ဆန်းသစ်"

ဘေစင်မှာ အနာကို ရေဆေးရင်း ဒဏ်ရာရသည့် အသံနှင့် ပြောတာမို့ ဆန်းသစ်ရဲ့အသံက တစ်မျိုးဖြစ်သွားကာ ...

"နင် ဘယ်မှာလဲ။ ဘာဖြစ်နေတာလဲ"

"အင်း ... အိမ်မှာ။ လက်ကို ဖန်ခွက်ကွဲရှသွားလို့"

"ဟုတ်လား။ တော်တော်များလား"

"အင်း ... သိပ်တော့မများဘူး။ ဒါပေမဲ့ စိုက်သွားတာဆို တော့ နက်သွားတယ်နဲ့တူတယ်။ ချုပ်မှ ရမလား မသိဘူး"

"ကျွတ် ... နင့် မိန်းမရော"

"ရှိတယ်။ ဒါပေမဲ့ ဘာမှလုပ်ပေးမှာ မဟုတ်ဘူး"

"အေး ... နင် ခဏစောင့်နေ။ ငါ အခုပဲ လာခဲ့မယ်"

ဆန်းသစ်က ဖုန်းချသွားသည်။ သူက ဒဏ်ရာကို ရေဆေးပြီးနောက် အရက်ပုံလောင်းထည့်ကာ အံကိုတင်းတင်းကြိတ် ထားမိသည်။ ပိုးသတ်ပြီးသွားလျှင် ပတ်တီးစဖြင့် သွေးမထွက် အောင် စည်းထားရသည်။ သူကသာ ဒဏ်ရာရ နာကျင်နေပေမယ့် သူမကတော့ တကယ်ကို အုံးမစားတာ ဖြစ်နိုင်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ အနမ်းတစ်ပွင့်၏ နောက်ဆက်တွဲရလဒ်အတွက်တော့ သူ ကျေနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ဆန်းသစ် ရောက်လာသည်။ ဆန်းသစ်ကပဲ သူ့ဒုဏ်ရာအတွက် အနီးဆုံးဆေးခန်းကို ပို့ပေးလေသည်။ ဖန်ခွက်စပေါ်မှာ စိုက်သွားတာမို့ နက်သွားသာဒဏ်ရာသည် နှစ်ချက်ချုပ်ရလေသည်။ မေးခိုင်ပိုးမဝင်စေရန်အတွက်လည်း ဆေးထိုးရသေးသည်။ အပြန်လမ်းခရီးမှာတော့ ဆန်းသစ်က သူ့ကို အတပ်သိနေသော မေးခွန်းများဖြင့် မေးလေသည်။

"အဲဒါ နှင့်ဟာမကြောင့် ဖြစ်တဲ့ဒဏ်ရာမှလား"

"သူ့ကြောင့် မဟုတ်ပါဘူး။ ငါ့ဟာငါ Breakfast ပြင်ရင်း ဖြစ်တာပါ"

"ဒါဆိုလည်း အဲဒီလောက် ဒဏ်ရာနက်နက် ရသွားစရာ ဘာအကြောင်းရှိလဲ။ နှင့်ဟာက တစ်ယောက်ယောက်က ထိုးလို့ ဖန်ခွက်စိုက်တဲ့ပုံစံမျိုး ဖြစ်နေတယ် …

ဘယ်လိုပဲဖြစ်ဖြစ်လေ သူတစ်ယောက်လုံး အိမ်မှာရှိတာတောင် နှင့်ကို ဆေးခန်းလိုက်မပို့ပေးဘူးဆိုတော့ လွန်တာပေါ့"

သူက ဘာမှပြန်မပြောဘဲ ကားပြတင်းပေါက်မှတစ်ဆင့်သာ အပြင်ဘက်သို့ ငေးနေမိသည်။ တစ်ခါတလေကျတော့လည်း မိုးဘွဲ့ကိုကိုဟာ သူ့ကို ဘယ်တော့မှ ချစ်မလာတော့ဘူးလေလားလို့လည်း တွေးတော့ တွေးမိပါသည်။ တစ်ယောက်ကချစ်ပြီး တစ်ယောက်က မချစ်သော အိမ်ထောင်ရေးတစ်ခုဟာ





အဓိပ္ပာယ်ရော ရှိရဲ့လားဟု တွေးကြည့်မိသည်။ ပိုဆိုးတာက သူမက သူ့ကို မုန်းနေခြင်းပဲ ဖြစ်တော့သည်။

တစ်ယောက်ကချစ်ပြီး တစ်ယောက်ကမုန်းနေသော အိမ်ထောင်ရေးကတော့ ကံဇာတ်ဆရာရဲ့ ကျီစယ်မှုပဲ ဖြစ်လိမ့်မည်။

"ဒီအခြေအနေကြီးကို နှင် ဘယ်လောက်ထိ သည်းခံနိုင်မှာလဲ ဒေယျ"

"ငါတို့ လက်ထပ်ပြီးတာ တစ်နှစ်တောင်မပြည့်သေးပါဘူးဟာ။ သူများတွေ အချစ်ကိုရဖို့တောင် သုံးနှစ်သုံးမိုး စောင့်ရသေးတာပဲ"

"အေးလေ … နှင်ကျေနပ်ရင် ပြီးတာပဲ။ ဒါနဲ့ ဒီပုံစံနဲ့ဆို နှင် ကားမောင်းနိုင်မှာ မဟုတ်ဘူးပေါ့။ မနက်လာဖို့ကို ဘယ်လိုလုပ်မလဲ"

"မနက်ဖြန်က ပိတ်တယ်လေ။ တနင်္လာနေ့ကလည်း အခြေအနေအရပေါ့။ ငါ လိုတယ်ဆိုရင် ဘိုချမ်းကို ခေါ်နိုင်းလိုက်မယ်"

"ပြီးရောလေ။ သြော် … ငါ့ဆီမှာ ကားရေမွှေးတစ်ပုလင်း အပိုပါလာသေးတယ်။ နှင့်ကားထဲမှာ ကုန်နေတယ်ဆိုတာနဲ့ ငါ ဝယ်လာတာ။ ပေးမယ် ပေးမယ်နဲ့ မပေးဖြစ်ဘူး …

အိမ်ရောက်ရင် နှင့်ကားထဲကို ငါ ထည့်ပေးသွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သိုင်းကျူးဟာ"

ဆန်းသစ်က ကားမောင်းရင်းမှနေ၍ သူ့ဘက်သို့ လှည့်ပြီး အဓိပ္ပာယ်ပါပါ ပြုံးကြည့်ကာ ...

"နင်နဲ့ ငါနဲ့ကြားမှာ သိုင်းကျူးဆိုတာ လိုသေးလို့လား ဟာ"

အသိအမှတ်ပြုသည့်သဘောဖြင့် သူက ဘာမှပြန် မပြောဘဲ ပြုံးမိသည်။ အဲဒီနေ့က ဆန်းသစ်သည် သူတို့ကား ဂိုဒေါင်ထဲသို့ဝင်ကာ သူ့ကားထဲသို့ ရေမွှေးပုလင်းထည့်ပေးသွား ပြီးမှ ပြန်သွားခဲ့သည်။

* * *





# ၁၈

ညက ဘွဲ့တော်တော်နှင့် အိပ်မပျော်ခဲ့ချေ။ အခန်း တံခါးကို လော့ချထားသော်လည်း ဟိုလူ ဘယ်အချိန်များ ဝင် လာမလဲဟု တွေးကာ ဒေါသတွေလည်းထွက်၊ တနုံ့နုံ့နှင့် အိပ်မ ပျော်ခဲ့။ အိပ်ပျော်မယ်ကြံလိုက်တိုင်းလည်း အနားမှာများ ရောက် နေပြီလားဟူသော စိတ်ကြီးဖြင့် လန့်လန့်ပြီး နိုးလာခဲ့သောအခါ အိပ်ရတာ အဆင်မပြေတော့ပေ။ မနက်မိုးလင်းမှ၊ မှေးခနဲအိပ် ပျော်သွားပြီး နိုးသောအခါ နံနက်ဆယ်တစ်နာရီတောင် ထိုးခဲ့ပြီ။

ဒါကြောင့် ရေချိုးခန်းဝင်ကာ တစ်ခါတည်း ရေချိုး အဝတ်အစားလဲပြီး တကျုတ်ကျုတ်ဆာလောင်နေသောဗိုက်ဖြင့် အပြင်ထွက်လာခဲ့သည်။ အပြင်ဘက်မှာ ဘယ်သူ့ကိုမှ မတွေ့ရ ချေ။ တနင်္ဂနွေနေ့မို့ အလုပ်သမားတွေကလည်း မလာပါ။ ဟိုလူ ကိုလည်း မတွေ့ရဘဲ တစ်အိမ်လုံးသည် ဘယ်သူမှ မရှိသည့်ပမာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသည်။ အဲဒီအချိန်မှာပဲ ဘွဲ့ရဲ့ဆောင်းဘီအိတ်ကပ်ထဲမှ ဖုန်းမြည်သောသီချင်းသံက ထွက်ပေါ်လာတာဖြစ်သည်။

"ငါ့ရဲ့စိတ်နဲ့ခန္ဓာ မင်းရဲ့ရှေ့မှောက်ခစား xxx လက်ခံပေးပါ"

ဘွဲ့က နာခေါင်းတစ်ချက် ရှုံ့ပြီးနောက် ဖုန်းနားထောင်လိုက်သည်။

"ပြောပါ"

"မင်း နိုးပြီလား"

"နိုးပြီ"

"အေး ... နိုးရင် ဗိုက်ဆာနေမှာပေါ့၊ အိမ်မှာ ဘာမှမရှိဘူး"

"အဲဒါ ဘာဖြစ်လဲ။ အိမ်မှာ ဘာမှမရှိတော့ရော ကျွန်မဘာသာ အပြင်ထွက်စားလို့ ဖြစ်တယ်"

"အင်း ... ပြီးရောလေ။ ဒါဆိုလည်း ထွက်စားပေါ့။ ကိုယ်လည်း အပြင်မှာပဲ။ အကယ်၍ မင်း အပြင်မထွက်ချင်ဘူးဆိုရင်တော့ ကိုယ် အပြင်ကနေပြီး တစ်ခုခု ဝယ်လာခဲ့မယ်"

"မလိုဘူး။ ကျွန်မဘာသာ ထွက်စားမယ်"

ဘွဲ့က ပြောပြီးတာနှင့် ဖုန်းကိုချပစ်လိုက်သည်။ ဗိုက်ကလည်း ခုမှပဲ တကယ့်ကို ဆာလာသောကြောင့် ဘွဲ့သည် အပြင်ထွက်စားဖို့ရာအတွက် အခန်းထဲပြန်ဝင်ကာ ပိုက်ဆံအိတ်





ငင်ယူရင်း ကိုယ့်ပုံကိုယ် မှန်ထဲမှာ တစ်ချက်ရှိုးရသည်။ အဖြူရောင်ရှပ်အင်္ကျီနှင့် ဂျင်း(န်)ကို တွဲဖက်ဝတ်ဆင်ထားတာမို့ ဟိုနားဒီနားတော့ ပေါ့ပေါ့ပါးပါး သွားလို့ရသည့် အနေအထားဖြစ်သည်။

ဘွဲ့က နှုတ်ခမ်းနီဖျော့ဖျော့လေးကိုသာ ထပ်ဆိုးပြီးနောက် အထူးထွေ မပြင်ဆင်တော့ဘဲ ကားသော့ကိုယူကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ အဲဒီနောက် ဂိုဒေါင်ထဲမှ ကားကိုထုတ်ကာ အပြင်ဘက်သို့ မောင်းနှင်ပြီး ထွက်လာခဲ့သည်။ ခြံတံခါးတွေကို ရီမုတ်ဖြင့် အဖွင့်အပိတ်လုပ်ဖို့ စိတ်ကူးရထားသော သီကောင့်သားကိုတော့ ဒီနေရာမှာ ချီးကျူးရမည်ဖြစ်သည်။

ဘွဲ့က CD ကိုလှမ်းဖွင့်လိုက်ရင်းမှ ဘယ်ဆိုင်မှာ ဘာသွားစားမလဲဟု စဉ်းစားမိသည်။ အိမ်နဲ့အနီးဆုံးလည်းဖြစ်၊ အစားအသောက်ကောင်းကောင်းလည်း ရနိုင်တာတော့ 8 Miles က YKKO ပဲရှိသည်။ ပြီးရင် စားပြီးဗိုက်လေးမှာမို့ အဲဒီနားက Junction 8 မှာ Window Shopping လေး ဘာလေး လုပ်လို့ရမည်။ အဲဒီအတွေးနှင့်အတူ ဘွဲ့က ကားကို ခပ်သွက်သွက်မောင်းလာခဲ့သည်။ ဘွဲ့ရဲ့အနားမှာ လူတစ်ယောက်မှ မရှိလျှင် စိတ်လက်ပေါ့ပါးရတာမို့ ဘွဲ့က သီချင်းတွေ ဘာတွေတောင် လိုက်ဆိုမိသည်။

"နင့်ကို ငါလေ လုံးဝအထင်မသေးဘူး xxx အမြဲတမ်း ယုံကြည်တယ် xxx တို့နှစ်ယောက် ထပ်မဝေးဘူး xxx

www.burmeseclassic.com



ဘယ်သူတွေ ဘယ်လိုနှောင့်ယှက်ကြပါစေ xxx ဆက်လို့ ချစ်နေမယ်ဟော့"

"တကယ်လား"

အဲဒီအသံကြီးက ဘွဲ့ရဲ့နောက်ပါးမှ ရုတ်တရက် ထွက်လာခဲ့တာမို့ ဘွဲ့က လန့်ဖျပ်သွားပြီး နောက်ကြည့်မှန်မှ တစ်ဆင့် ကြည့်မိလျှင် ပြုံးစိစိနှင့် စိုက်ကြည့်နေသော မျက်နှာ တစ်ခုကို တွေ့လိုက်ရသည်။ သင်း ဘယ်အချိန်ကများ ငါ့ကား ထဲကို ရောက်နေပါလိမ့်။

"ရှင် ဒါ ဘာလုပ်တာလဲ"

"မင်း ထမင်းသွားစားမလို့ မဟုတ်လား။ ငါလည်းလိုက် စားမလို့ပေါ့။ အဲ ... ပိုက်ဆံတော့ မပါဘူးနော်။ မင်း ကျွေးရမှာ"

"တောက် ... နေစမ်းပါဦး။ ရှင် ဒါ ဘာသဘောနဲ့လုပ် တာလဲ"

"ဘာသဘောနဲ့မှ မဟုတ်ဘူးလေ။ မင်းနဲ့အတူတူ စားချင် လို့ပေါ့။ ကဲ ... မင်း ဖိုက်ဆာနေတယ် မဟုတ်လား။ အနီးဆုံးက YKKO ကိုပဲ မောင်းလိုက်"

ကိုယ်မှန်းထားတာလည်း အဲဒီဆိုင်ပဲမို့ ဘွဲ့ကစိတ်ထဲ မှ တစ်ချက်ကျိန်ဆဲလိုက်ကာ သူ့ကို ဒေါသကြီးစွာ ပြန်လည်ပြော ဆိုမိသည်။





"ဘာကိစ္စမောင်းရမှာလဲ။ ရှင် တော်တော်လည်တဲ့လူပါလား။ ကျွန်မ ရှင်နဲ့အတူ မစားနိုင်ဘူးနော်"

"ဘာဖြစ်လို့ အဲဒီလောက် အသည်းမာနေရတာလဲ မိုးဘွဲ့ ကိုကို။ ကိုယ့်ကို မင်းယောကျ်ားတစ်ယောက်အဖြစ် သဘော မထားနိုင်ရင်တောင်မှ မိတ်ဆွေတစ်ယောက်အဖြစ် သဘော ထားကြည့်လို့ မရနိုင်ဘူးလား ... ကိုယ်က မင်းရဲ့ရန်သူ မဟုတ်ပါဘူး"

ဘွဲ့က နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ပြီးနောက် တစ်ချက်မဲ့ရွဲ့လိုက်ကာ ...

"ရှင်က ရန်သူထက်တောင် ကြောက်စရာကောင်းတဲ့ ချစ်တီး လေ။ ဘုရှာအနုတ်အပြတ်လေ"

သူက အဲဒီလို ရန်စွယ်ငေါငေါဖြင့် ရန်တွေ့တာကို မခံရတာကြာပြီမို့ သဘောတကျဖြစ်ကာ တဟားဟားဖြင့် အော် ရယ်မိသည်။

"ဟား ဟား ဟား ... ဘွဲ့ထူးတွေကလည်း မိုက်လှချည် လား။ အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် မင်းကလည်း ချစ်တီးကတော် ဘုရှာအနုတ်အပြတ်ကတော်ပဲ မဟုတ် လား"

"တောက် ... ရှင် အခုဆင်းစမ်း။ ကားပေါ်က အခုဆင်း စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … မင်းက အဲဒီလို စမ်းတစ်လုံးနဲ့ ကိုယ့်ကို အမိန့်ပေးနိုင်စွမ်း ရှိတယ်ပေါ့။ ကြိုက်ပါတယ်။ အဲဒါကြောင့်လည်း မင်းကို ကိုယ့်ရဲ့ဘုရင်မ တင့်မြှောက်ထားတာပေါ့"

ဘွဲ့က သူ့ကို ဒေါသထွက်ထွက်ဖြင့် ဆင်းနိုင်ဖို့ရာအတွက် ကားဘရိတ်ကို ဆောင့်အုပ်လိုက်သည်။ ဒါပေမဲ့ ဘွဲ့ဖြစ်စေချင်သလို ကားကရပ်မသွားခဲ့ချေ။ ကားသည် ဘွဲ့မောင်းနှင်ထားခဲ့သော အရှိန်အတိုင်း ပြေးလွှားဆဲ။ ဘွဲ့က ကလပ်ရှပ်ကို အားကုန်ဖိနင်းပြီး ဘရိတ်ကိုမှေးကာ မှေးကာ နင်းကြည့်သည်။ ဒါလည်းမရ။ ဘွဲ့မျက်လုံးပြူးသွားသည်။ ဘရိတ်မမိတော့၊ မောင်းနေသောကားဟာ ဘရိတ်မမိသော ရှုတ်ယှင်းချက်ကား ဖြစ်နေပြီဟူသောအသိက ဘွဲ့ရဲ့အသားတွေကို အေးစက်သွားစေသည်။ ဟိုလူ့ထံမှာ ရောက်နေသော ဒေါသတွေက ဘယ်ရောက်သွားမှန်းတောင် မသိဘဲ သေရေးရှင်ရေးဆိုသော အသိကြီးကသာ ခေါင်းထဲသို့ ဝင်ရောက်လာသည်။

"မိုးဘွဲ့ကိုကို … မင်း ဘာဖြစ်တာလဲ … ဟင်၊ ဘာဖြစ်နေတာလဲ"

သူက နောက်ခန်းမှာထိုင်ရင်း ရိပ်မိစွာမေးသည်။ ဘွဲ့သည် ပြန်မဖြေနိုင်ဘဲ တခြားကားတွေကို မတိုက်မိအောင် အသည်းအသန် ကြိုးစားပြီး မောင်းနှရသည်။ တစ်ချက် တစ်ချက်မှာ ကားတစ် စီးစီးနှင့် ပွတ်တိုက်မလို ဖြစ်သွားတာတွေက





လည်း သိသိလေးပင်။ ဘွဲ့တစ်ယောက် အသည်းအသန် မောင်းနှင်နေရချိန်မှာ သူကလည်း နောက်ကနေ၍ စိုးရိမ်တကြီးမေးမြန်းနေသည်။

"မိုးဘွဲ့ကိုကို … ဘာဖြစ်တာလဲ။ ကားက ဘာဖြစ်နေတာလဲ"

"ကား … ကားက ဘရိတ်မမိတော့ဘူး။ ကျွတ်"

"ဟာ … မေးထား။ မေးထား … ခဏလေး ကိုယ်လာခဲ့မယ်"

သူက နောက်ခန်းကနေ၍ ရှေ့သို့ကူးလာခဲ့သည်။ သူ့လက်ကဒဏ်ရာကြောင့်လည်း ကူးပြောင်းရာမှာ ချောချောမောမော မရှိပေ။ ဒဏ်ရာကြောင့် လက်က ကောင်းကောင်းသုံး၍မရ။ ဖိထောက်၍ မရချေ။ ဒါပေမဲ့လည်း ကြိုးစားပမ်းစားကူးသွားသောကြောင့် ရောက်တော့ရောက်သွားသည်။ မိနစ်ကလေးဖြစ်နေသောကြောင့် မိုးဘွဲ့ကိုကိုသည် ကြောက်စိတ်ကို မထိန်းနိုင်ဘဲ ကားကပရမ်းပတာ ဖြစ်နေသည်။ တစ်ချို့မှာတော့ မျက်နှာချင်းဆိုင်က လာနေသော ကွန်တင်နာတစ်စီးတဲ့ ခေါင်းကပြေးဝင်သွားတာမို့ သူက စင်တီရာတိုင်ကို အသည်းအသန် ဆွဲလှည့်ပေးလိုက်ရသည်။

"မကြောက်နဲ့ … မကြောက်နဲ့ … စိတ်ကို တည်တည်ငြိမ်ငြိမ်ထား။ ကိုယ်ပြောတဲ့အတိုင်းလုပ်။ အိုခေ … အိုခေ … ရှေ့မှာ မီးပွိုင့်ရှိတယ်။ သိတယ်နော် … အေး … ပွိုင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကားက မရပ်ဘဲ ရှေ့ဆက်သွားရင် အားလုံးတိုက်ကုန်မှာ၊ ဒီတော့ ကိုယ်တို့ တစ်နေရာရာကို ဝင်ရပ်ပြီး အဲ ... ဝင်တိုက်ပြီးရပ်မှ ဖြစ်တော့မယ်"

သူ့စကားကြောင့် သူမက သူ့ဘက်သို့ ထိတ်လန့်တကြား လှည့်ကြည့်သည်။ အဲဒီအဓိပ္ပာယ်ဟာ ဘာလဲဆိုတာ သူသိပါသည်။ သဘောကတော့ သူမဘက်က အတိုက်ခံရတော့မည်ဆိုလျှင် သူမ နာတော့မည်ဆိုသောသဘော။ အဲဒီလိုကြည့်သော မျက်ဝန်းတွေထဲမှာ ဒေါသဆိုတာထက် ထိတ်လန့်တုန်လှုပ်နေသော အဓိပ္ပာယ်တွေ ပါဝင်နေတာမို့ သူ့ရင်ထဲမှာ သနားစိတ်က ရင်နဲ့မဆံ့အောင် ဖြစ်ထွန်းသွားသည်။ မင်းကို ကိုယ်က အနာ ခံပါ့မလား ချစ်ဇနီးလေးရယ်။

အဲဒီအချိန်မှာပဲ သူ့မျက်လုံးထောင့်မှာ ဖျတ်ခနဲ လှမ်းမြင်လိုက်တာက ခြံတစ်ခြံရဲ့အုတ်ခုံကိုဖြစ်သည်။ ခြံတစ်ခြံရဲ့ အုတ်ခုံ ... အဲဒီအုတ်ခုံပြီးတော့ ဓာတ်တိုင် စသဖြင့် အန္တရာယ်သိပ်မများသော အရာတွေကို ဆက်တိုက်မြင်ရသောအခါ အချိန်သိပ်မဆွဲတော့ဘဲ သူမကိုင်ထားသော လက်ကိုင်ကို အားယူဆွဲလှည့်ကာ သူ့ဘက်အခြမ်းနှင့် ဝင်တိုက်ပစ်လိုက်တော့သည်။ အုတ်ခုံနှင့် ကားခေါင်းတိုက်မိသွားသော အသံမှာ အကျယ်ကြီး။ ထို့အတူ သူ့လက်ဖျံရိုးမှ ဆတ်ခနဲ နာကျင်သွားသော ခံစားမှုမှာလည်း အကြီးကြီးပင်ဖြစ်သည်။





အဲဒီနောက်မှာတော့ သူတို့ကားဟာ အုတ်ခုံမှတစ်ဆင့် ဓာတ်တိုင်၊ ဓာတ်တိုင်မှတစ်ဆင့် သူများခြံစည်းရိုးရဲ့ အုတ်နံရံတစ်လျှောက် ပွတ်တိုက်သွားပြီးသကာလ ရပ်လို့သွားခဲ့သည်။ ကားရပ်သွားတာနှင့် တစ်ပြိုင်နက် သူကြည့်မိတာက သူမကိုဖြစ်ပြီး သူမ ကြည့်နေခဲ့တာလည်း သူ့ကိုပဲဖြစ်သည်။ အား ... ဘယ်လိုပဲဖြစ်ဖြစ် ဒီအခြေအနေမှာ သူမနဲ့မျက်နှာချင်းဆိုင် မျက်လုံးချင်း ဆုံခွင့်ရခဲ့တာကိုက အမြတ်ဆုံးပဲလေ။

သေသေးနဲ့ နမူးတွေ့ ဒူးတွေ့ ကြွေ့တွေ့ခဲ့ရတဲ့ လူနှစ်ယောက်ဟာ ခုချိန်မှာ လင်မယားလည်း မဟုတ်တော့၊ ရန်သူလည်း မဟုတ်တော့။ ရဲဘော်ရဲဘက်တွေသာ ဖြစ်တည်သည်ဟု မှတ်ယူရတော့မှာဖြစ်သည်။ သူ့လက်နှစ်ဖက်စလုံး သုံးစား၍မရတော့၍သာ သူမ လက်မောင်းတွေကို ဆုပ်ကိုင်ခွင့် မရခဲ့ခြင်းဖြစ်သည်။ သူ့ဒဏ်ရာတွေကို ဥပေက္ခာပြုလျက် ...

"မင်း ဘာမှ မဖြစ်ဘူးနော်"

ငေးကြည့်နေသော မျက်ဝန်းတစ်စုံနှင့် နှုတ်ခမ်းတို့သည် တဆတ်ဆတ်တုန်ယင်လျက်။

* * *



www.burmeseclassic.com

## ၁၉

ကားအက်ဆီးဒင့် ဖြစ်တာချင်းအတူတူမှာ လက်တစ်ဖက်မှာက မှန်ကွဲစစိုက်ထားသောဒဏ်ရာ၊ ကျန်တစ်ဖက်မှာက လက်ဖျံရိုးကျိုးသွားသော ဒဏ်ရာနှင့်အတူ လက်နှစ်ဖက်စလုံးလည်း မကောင်း၊ နဖူးပါ ပေါက်ထားသေးသောသူက သူ့လောက်ဒဏ်ရာ ကြီးကြီးမားမား မရသော မိုးဘွဲ့ကိုကို့ကို လူနာဆောင် ပြန်လုပ်နေရသည်ဆိုလျှင် ကြားရတဲ့လူတွေက သူမကို ရယ်တော့မည်။

သူကတော့ မရယ်ချင်ပါ။ သူမဘက်ကနေ စာနာလည်ပေးလို့ ရပါသည်။ သူမမောင်းလာနေသော အရှိန်သွက်သွက်နှင့်ကားဟာ ရုတ်တရက် ဘရိတ်မမိတော့ဘူးဟု သိလိုက်ရချိန်၊ ပြီးတော့ Speed တစ်ခုနှင့်အတူ ရပ်လို့မရတော့သောကားကို တခြားကားတွေနှင့် မတိုက်မိအောင် ထိန်းကျောင်းမောင်းနှင်နေရချိန်မှာ ဘယ်လောက်တောင် တုန်လှုပ်ရှာမလဲ သူ သိသည်။





နောက်ဆုံး သူတို့ကားကြီး အုတ်ခုံကို ဝင်တိုက်သွားတဲ့အထိ အားလုံးဟာ တစ်ခဏတွင်းမှာပဲ ထိတ်လန့်ချောက်ချားစရာဖြစ်သွားသွားတာမို့ သူမ ရှောရသွားတာ ဖြစ်ပါသည်။

ကြောက်ရွံ့ထိတ်လန့်မှုနဲ့အတူ သူမတစ်ကိုယ်လုံး ပြုမျောကာ ဆရာဝန်ခေါ်ပြခဲ့ရသည်။ သူကတော့ ခေါင်းပေါက်သွားပြီး ညာလက်ဖျံရိုးတစ်ချောင်း ကျိုးသွားခဲ့သည်မှအပ တခြားကြီးကြီးမားမား ဘာမှမဖြစ်ခဲ့။ အိပ်ရာထဲ လှဲပြီးလည်း အနားမယူနိုင်ဘဲ သူမဆေးမှာသော နိုးလာမည့်အချိန်ကို စောင့်စားနေခဲ့ရသည်။ သူမရဲ့လက်လေးတွေကို ဆုပ်ကိုင်နွေးထွေးပေးချင်လှသော်လည်း အဆိုးလှသည့် သူ့အဖြစ်က ဘယ်လက်တစ်ခုကိုသော်မှ အသုံးပြု၍မရ။

အဲဒီအချိန်မှာပဲ ကားကို ဝပ်ရှော့သို့ သွားပို့သော သူ့တပည့်တစ်ယောက်က သူ့အနားသို့ ရောက်လာသည်။ လက်နှစ်ဖက် နောက်သို့ပစ်လျက် တစ်ခုခုပြောချင်နေသော ပုံစံကြောင့် သူက ပြောလေဟုသော သဘောဖြင့် မေးဆတ်ပြလိုက်သော်လည်း သင်းကမပြော။

သူက သဘောပေါက်လိုက်ပြီးနောက် ထိုင်ရာမှ ထကာ အခန်းအပြင်သို့ ထွက်လိုက်သည်။

ဒီတော့မှ ကိုယ်တော်ချောက လေသံသဲ့သဲ့ဖြင့် သူ့အနားသို့ တိုးကပ်ကာပြောသည်။

www.burmeseclassic.com



"ဆရာ ဝပ်ရှော့ကပြောတယ်။ ဆရာတို့ကားက ဘရိတ်ကြိုးက တမင်ဖြတ်ခံထားရတာတဲ့"

"ဘာရယ်"

"ဟုတ်တယ် ဆရာ။ သူတို့စစ်တော့ အဲဒီအတိုင်း တွေ့တယ်လို့ ပြောတယ်"

သူ့မေးရိုးများက တင်းသွားသည်။ ဒါဘာသဘောလဲ။ သူ့ခေါင်းထဲတွင် ချက်ချင်းရှုပ်ထွေးသွားသည်။ သူ့ကား ... အင်းပေါ့လေ ... သူမ စီးနေခဲ့တာတော့ ခြောက်လလောက်ရှိပြီပေါ့။ သူမကားပဲဖြစ်ဖြစ် သူ့ကားပဲဖြစ်ဖြစ် Latost Model ဒီလိုကားမျိုးဟာ ဘရိတ်ပေါက်သွားတယ် ဆိုတည်းက သူက မမိုက်ပါလားဟု တွေးခဲ့တာဖြစ်သည်။ အခုတော့ မထင်ကောင်းစရာတွေ ဖြစ်လာခဲ့ပြီ။ ကားဟာ ဘရိတ်ဖြတ်ထားခြင်း ခံရတာတဲ့။

ဒါဆို ဘယ်သူ့ကို Target ထားတာလဲ။ သူက ယောင်ယမ်းပြီး သူမရှိရာ အခန်းဘက်သို့ ငုံကြည့်မိသွားသည်။ My Queen ရေ။ မင်းအသက်ကို ဘယ်သူတွေကများ လိုချင်နေတာလဲ။ တကယ်လို့ အဲဒီတုန်းက ငါသာမပါခဲ့ဘူးဆိုရင် မင်းရဲ့ ကံကြမ္မာကရော။ သူက မတွေးရဲစွာနှင့် မျက်စိကို မှိတ်ချလိုက်သည်။

"ဆရာ ... ဒီကိစ္စကို ..."

"မင်းရင်ထဲမှာပဲ ထားလိုက် ငမိုး။ ရပြီ ... မင်းသွားတော့"





"ဆရာ ... ဒါကို ဘာမှ ..."

"မပြောနဲ့တော့။ လိုအပ်ရင် မင်းကို ငါခေါ်လိုက်မယ်၊ သွားတော့"

ငမိုးက ခေါင်းတစ်ချက်ညွတ်ပြပြီးနောက် ထွက်ခွာသွားသည်။ သူသည် အခန်းထဲသို့ ပြန်မဝင်သေးဘဲ တံခါးပေါက်မှာရပ်ပြီး အကြာကြီး စဉ်းစားနေမိသည်။ ဒီလိုလုပ်ရလောက်အောင် သူမကို မုန်းနေတဲ့သူ ဘယ်သူရှိလို့လဲ။ သူမကိုလုပ်တာရော ဟုတ်ရဲ့လား။ သူ စီးခဲ့သောကားမို့ သူ့ကိုပဲ ရည်ရွယ်လေသလား။ သူ့ကိုဆိုရင်တောင် နည်းနည်းတော့ ဖြစ်နိုင်သေးသည်။

ဒါပေမဲ့လည်း ဒီလိုလုပ်မည့်သူဟာ နောက်ဆုံးအနေအထားကို မသိရဘဲနဲ့တော့ ရမ်းသမ်းလုပ်မှာ မဟုတ်ချေ။ ပြီးတော့ ဒါမျိုးလုပ်ဖို့ရာအတွက် လူလစ်သော ပိရိသော အချိန်ထစ်ခု့လိုသည်။ သူဟာ ခေါင်းခြွေပူလာအောင် စဉ်းစားနေတုန်းမှာပဲ အခန်းတံခါးက ဖွင့်တ်ခနဲ ပွင့်လာကာ သူမကိုစောင့်ပေးနေသော နာ့စ်ရဲ့အသံကို ကြားရသည်။

"လူနာ နိုးလာပါပြီရှင့်"

"သြော် ... ဟုတ်ပြီ။ ဆရာမ အောက်မှာ ကော်ဖီသွားသောက်ပါဦး"

"ဟုတ်ကဲ့ရှင့်။ လိုတဲ့အချိန် ပြန်ခေါ်ပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမက အလိုက်တသိ ထွက်ခွာသွားချိန် ဝယ် သူက သူမရှိရာသို့ လှမ်းလာခဲ့သည်။ ခုတင်ထက်တွင် ဖြူ ဖျော့စွာရှိနေသော သူမသည် သူ့ကိုမကြည့်ဘဲ မျက်နှာကြက်ကို သာ စိုက်ကြည့်နေသည်။ သူက သက်ပြင်းတစ်ချက်ချရင်း သူမ ရဲ့ဘေးမှာ ဝင်ထိုင်လိုက်သည်။ ကားဘရိတ်ကိစ္စကို သူမ ဘယ် လိုမှ သံသယမရှိပါစေနဲ့ဟု တိတ်တဆိတ်လည်း ကျိတ်ဆုတောင်း မိသည်။

"သက်သာရဲ့လား"

"ရှင် ... ကျွန်မကို ကွာရှင်းပေးတော့"

သူ ပြောတာနှင့် ဘာမှမဆိုင်သည့် အေးစက်မာကျော စွာ ထွက်ပေါ်လာသော စကားသံကြောင့် သူက အံ့ဩစွာဖြင့် မျက်မှောင်ကြုတ်မိသည်။

"မင်း ဘာပြောလိုက်တာလဲ မိုးဘွဲ့ကိုကို"

"ရှင် ကြားတဲ့အတိုင်းပဲ"

"မဟုတ်ဘူးလေ။ နေရင်းထိုင်ရင်း မင်းက ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ"

"ကားဘရိတ်က ဘာဖြစ်လို့ ပေါက်ရတာလဲ"

အဲဒီလိုမေးသံက အေးစက်ချောက်ချားစွာ ထွက် ပေါ်လာတာဖြစ်သည်။ သူက တံတွေးနင်သွားပြီး ရုတ်တရက် ပြန်မဖြေနိုင်ချေ။





"ရှင် ကျွန်မကို သေစေချင်နေတာ မဟုတ်လား"

အဲဒီစကားကတော့ သူ့ရင်ဘတ်ကို မီးနဲ့မြှိုက်လိုက် သလို ချက်ချင်း တောက်လောင်သွားစေသည်။

"မင်း ဘာစကားပြောတာလဲ မိုးဘွဲ့ကိုကို။ ငါက မင်းကို သေစေချင်မှတော့ မင်းနဲ့အတူ ပါလာပါ့မလား။ ဟင် ? ပြီးတော့ ငါ့ဘက်ကို အနာခံပါ့မလား၊ ကားရပ်ဖို့အတွက် ဘယ်သူ့ဘက်ကို စင်တီရာတိုင် ဆွဲလှည့်လိုက်တယ်ဆို တာ မင်း အသိဆုံးပဲ။ မင်းကွာ ... ငါ့စေတနာကို အသိ အမှတ်မပြုရင် နေပါ။ ဒါပေမဲ့ မစော်ကားပါနဲ့"

ဒေါသစိတ်နှင့် ပြောလိုက်သော်လည်း နောက်ဆုံး မှာတော့ ဝမ်းနည်းလာစိတ်တို့ကြောင့် သူ့အသံတွေက အဖျားခတ် ပြီး တုန်ယင်သွားသည်။ သူ့ကိုကြည့်လာသော သူမရဲ့မျက်လုံး တွေကလည်း နီရဲစွတ်စိုနေကြသည်။

"ဒါဖြင့်ရင် အဲဒါကို ဘယ်သူလုပ်တာလဲ။ ဒါကို ရှင် ဖြေ ရှင်းပေး ... ဖြေရှင်းပေးလေ။ ဒီလောက်ကောင်းတဲ့ နောက်ဆုံး ပေါ် မော်ဒယ်ကားဟာ ဘရိတ်ပေါက်သွားတယ် ဆိုတာ သွေးရိုးသားရိုးကိစ္စတဲ့လား ...

ရှင် စဉ်းစားကြည့်စမ်းပါဦး"

"မင်းကို ကိုယ်ပြောနိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ မင်းကို ကိုယ့်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သွား မယ် ဆိုတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ် အရမ်းချစ်လို့ လက်ထပ်ယူထားခဲ့တာပါ မိုးဘွဲ့ကိုကို။ ဒါကြောင့် ကိုယ့်အပေါ်မှာ ကျေးဇူးပြုပြီး အထင်တော့ မလွဲပါနဲ့"

သူစကားအဆုံးတွင် သူမက ငြိမ်သက်သွားသည်။ သူကလည်း သူ့နှလုံးသားကို ထိခိုက်ခံစားစေခဲ့သော စကားများကြောင့် ရင်နာစွာဖြင့် သူမရဲ့အနားမှ လှည့်ထွက်လာခဲ့သည်။ ဘယ်အရာတွေကများ မင်းနဲ့ ကိုယ်နဲ့ကြားမှာ အချစ်တစ်ခုဖြစ်လာဖို့ တားဆီးနေခဲ့လဲ My Queen ရယ်။

* * *





၂၀

"ဘယ်လိုများ ဖြစ်ရတာလဲ ဘွဲ့ရယ်။ မသေကောင်းမပျောက်ကောင်းနဲ့ တစ်သက်လုံး ကားမောင်းလာတာတစ်ခါမှ မတိုက်မှုးဘဲနဲ့ ခုမှများ ကားတိုက်ရတယ်လို့ ...

ညည်း သူ့ကို တမင်သေကြောင်းကြံတာတော့ မဟုတ်ပါဘူးနော်"

မေမေက အဆုံးသတ်စကားကို အသံကိုနိမ့်ကာ ကြောက်လန့်တကြားပုံစံဖြင့် မေးမြန်းသောကြောင့် ဘွဲ့က စိတ်ပျက်စွာနှင့် ဟက်ခနဲ ရယ်မိလျှင် မေမေက မျက်လုံးအပြူးသားဖြင့် ကြည့်သည်။ အင်း ... လူတွေကတော့ အဲဒီလို ထင်ကြမှာပဲ။ ဘွဲ့မောင်းလာသောကားပေါ်မှာ ဘွဲ့ကဘာမှမဖြစ်ဘဲ ဘေးကထိုင်လိုက်သော ဒေယျက ခေါင်းကွဲလက်ကျိုး ဖြစ်ရခြင်းကြောင့် ဘွဲ့ကပဲ တမင်ဝင်တိုက်သလို ဖြစ်နေသည်။ ဘာကြောင့် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတယ်ဆိုတာကို ဘယ်သူကမှ မသိကြ။ သိအောင်လည်း ဘွဲ့က ပြောပြဖို့ စိတ်မကူးပါ။

"ဘွဲ့ တကယ်ပဲ ... နင် သူ့ကို ..."

"ကျွတ် ... မေမေကလည်း။ ဘာတွေလျှောက်ပြောနေတာလဲ"

"ဟုတ်တယ်လေ။ ညည်းဟာက အုတ်ခုံကို တမင်ဝင်တိုက်သလို ဖြစ်နေတာကို၊ ပြီးတော့ သူက ဘယ်လိုလုပ် ညည်းကားပေါ် ပါလာတာလဲ။ သူက ဘာလို့မမောင်းရတာလဲ"

"ဘွဲ့ အပြင်သွားတာကို သူက မွတ်တက်လိုက်လာတာ"

"အဲဒါနဲ့ပဲ ညည်းက ကားခေါင်းနဲ့ အုတ်နံရံနဲ့ကို တည့်လိုက်တော့တယ်ပေါ့"

"ခက်လိုက်တာ မေမေ။ ဘွဲ့ သူ့ကို အရမ်းမုန်းနေတယ် ဆိုပေမယ့် သေကြောင်းကြံတဲ့အထိတော့ ဘွဲ့ မလုပ်ရဲသေးပါဘူး"

"နေစမ်းပါဦး။ အရမ်းမုန်းနေတယ်ဆိုတော့ ညည်းတို့က နုထိ အဆင်မပြေသေးဘူးဆိုတဲ့ သဘောလား"

"အဆင်မပြေဘူးဆိုတဲ့ စကားမျိုး မေမေ့ကိုများ ယောင်ပြီး ပြောမိလို့လား"





"ဒါပေမဲ့ ညည်းကိုတွေ့လိုက်ရင်လည်း ခံစားချက်မဲ့တဲ့ စက်ရုပ်တစ်ရုပ်လိုပဲလေ။ ကိုယ့်ယောက်ျားကိုရော ဂရုစိုက်ရဲ့လား ..."

အခု သူ့လက်နှစ်ဖက်လုံး ဒဏ်ရာနဲ့၊ ခေါင်းမှာလည်း ဒဏ်ရာနဲ့။ ညည်း ဘယ်နှခါ ဆေးတိုက်ပြီးပြီလဲ။ ပြုစုပေးပြီးပြီလဲ"

"စိတ်တော့ဝ မကူးဖူးပါဘူး"

"အံ့သြတယ် ဘွဲ့ရယ်။ ငါတုန်းကလည်း မိဘပေးစားတဲ့ ယောက်ျားကို ယူခဲ့တာပါပဲ။ ရည်းစားရှိရဲ့သားနဲ့ ညည်း အမေကို ယူခဲ့ရတာပါပဲ"

"ဟုတ်လား။ အဲဒီတုန်းက မေမေ့ရည်းစားက တော်တော် ကကြောင်းသွားတာပေါ့နော်"

"ဘွဲ့ ... ငါကို ရွဲ့မနေနဲ့နော်။ ငါ စကားအကောင်းပြောနေရင် ကောင်းကောင်းနားထောင်စမ်း။ မိန်းမဆိုတာမျိုးက ယောက်ျားရသွားပြီဆိုတာနဲ့ တစ်ပန်းရှုံးသွားစမြဲပဲ။ ဒီတော့ ကိုယ့်ယောက်ျားပေါ်မှာ ကိုယ့်စကားအောင်ဖို့၊ ကိုယ့်ယောက်ျားက ကိုယ်မှကိုယ် ဖူးဖူးမှုတ် ဖြစ်နေဖို့ဆိုတာ ကိုယ့်အရည်အချင်းပေါ်မှာ မူတည်သွားပြီ ..."

အခု ညည်းက ဒါမျိုးတွေ အောင်ရိုဂျင်နယ်ဖြစ်ပြီးသား။ အထက်စီးကနေ မိန့်မိန့်လေးနေရင်တောင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေယျလို လူမျိုးကို မိန်းမရပြီးတာတောင် လိုချင်တဲ့မိန်းမတွေ ဗိုင်းနေတုန်းပဲနော်"

"ဩော် ... လိုချင်တဲ့သူရှိရင် ယူပါစေလေ။ ဘွဲ့တောင်ရာထူးတက်သေး"

မေမေက ဘွဲ့ကို မနိုင်တော့ဘူးဟူသော ပုံစံမျိုးဖြင့် စိုက်ကြည့်သည်။ အဲဒီအချိန်မှာပဲ ဘွဲ့တို့နှစ်ယောက် စကားပြောနေသော ဧည့်ခန်းထဲသို့ သူက ရောက်ရှိလာတာဖြစ်သည်။

"ဟော ... မောင်ဒေယျ။ နှလေးတင် မင်းအကြောင်းပြောနေတာ။ နေကောင်းရဲ့လား"

"ကောင်းပါတယ် အန်တီ။ ညက ဒဏ်ရာက နည်းနည်းကိုက်လို့ အိပ်မပျော်တာနဲ့ အိပ်ရာထ နောက်ကျသွားတာ"

"အေး ... ရတယ်။ အိပ်မပျော်ဘူးဆိုလည်း ပြန်အိပ်ချင်အိပ်လေ"

"မအိပ်တော့ဘူး။ ကျွန်တော် ဗိုက်လည်းဆာတာနဲ့ Breakfast စားမလို့၊ မိုးဘွဲ့ကိုကို နေကောင်းရဲ့လား။ ဘာစားပြီးပြီလဲ"

လက်နှစ်ဖက်မှာ ပတ်တီး၊ ခေါင်းမှာပတ်တီးနှင့်လူကဘွဲ့ကို စိုးရိမ်ဟန်ဖြင့် ပြန်မေးနေသောကြောင့် မေမေက မျက်လုံးပြူးကြည့်သည်။ ဘွဲ့က မသိကျိုးကျွန်ပြုကာ ခပ်တည်တည်နှင့် –

"စားပြီးပြီ"





"ဟုတ် ... စားပြီးရင်လည်း ကိုယ့်ယောကျ်ားစားဖို့ စီစဉ်ပေးလိုက်ဦးလေ။ ဟိုမှာ လက်နှစ်ဖက်ကလည်း စားလို့မရတာနဲ့။ ဟင်း ... ခက်တော့တာပါပဲ ...

မောင်ဒေယျရေ ... သူ့ကို ဒီလိုပုံစံမျိုးဖြစ်ဖို့ အန်တီ ဘယ်တုန်းကမှ မပြောထားဖူးနော်။ ယောကျ်ားကို ဘယ်လိုဂရုစိုက်ဖို့၊ ယုယကြင်နာဖို့ပဲ သင်ပေးနေတာ ...

ဒါပေမဲ့ ဒီကောင်မလေးဟာ ဘယ်လိုသန္ဓေဆိုးမှန်းကို မသိဘူး"

"ရပါတယ် အန်တီ။ သူ ဘယ်လိုပဲနေနေ ကျွန်တော့်အတွက် ပြဿနာမရှိပါဘူး။ သူဟာ ကျွန်တော့်ရဲ့ဇနီးဖြစ်နေရင်ပဲ ပြည့်စုံနေပါပြီ"

အဲဒီအပြောကိုတော့ ဘွဲ့က ဟင်းခနဲ ရှုံ့မဲ့မိသည်။ မျက်နှာကသာ ဟင်းခနဲ ရှုံ့မဲ့မိသော်လည်း စိတ်ထဲမှာတော့ တစ်စုံတစ်ရာက ဖျတ်ခနဲ စီးဆင်းသွားသလို ခံစားမိသည်။ ဘာဖြစ်သွားတယ် ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် အတိအကျ မပြောတတ်ချေ။ ဒါပေမဲ့ ဘွဲ့က အဲဒီခံစားချက်ကို ချက်ချင်းပဲလျစ်လျူရှုလိုက်သည်။

"ဟင် ... မင်းက အဲဒီလိုတွေ ကျပ်ကျပ် အလိုလိုက်။ ဒါကြောင့် အဲဒီကောင်မလေး ခေါင်းမာနေတာ။ ကဲ ... မင်းစားဖို့ အန်တီ တစ်ခုခု စီစဉ်ဦးမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးကတော့ ဘာမှအလုပ်ဖြစ်မှာမဟုတ်ဘူး"

မေမေက အနားမှ ထထွက်သွားလျှင် သူနဲ့ဘွဲ့နဲ့သာ နှစ်ယောက်တည်း ကျန်ခဲ့သည်။ ဘွဲ့က ဂရုမစိုက်ဟန်ဖြင့် TV ရီမုတ်ကို လှမ်းယူဖို့ ပြင်စဉ်မှာပဲ သူ့ထံက စကားသံထွက်ပေါ်လာသည်။

"လတ်တလောမှာ မင်း ကားသုံးဖို့ အဆင်မပြေရင် ကိုယ့်ကားကိုယူသုံးလေ။ ဒါမှမဟုတ် အရင်ကားကို မစီးချင်တော့ဘူးဆိုရင်လည်း ကိုယ်လဲပေးမယ်။ ဘယ်လိုလုပ်ချင်လဲ"

ဘွဲ့က အဲဒီလူကို ပထမဦးဆုံးအကြိမ်အဖြစ် တည့်တည့်လှည့်ကြည့်ဖြစ်သည်။ သူဟာ ဘွဲ့အပေါ်မှာ ဘာကြောင့် ဒီလောက်ကောင်းပြနေရတာလဲ။ ဘွဲ့ကို လက်ထပ်ယူထားခဲ့သော်လည်း ဘွဲ့ ထင်ထားခဲ့သည့် ကာယကံမြောက် ကျူးကျော်ပေါင်းသင်းခြင်းမျိုးလည်း မရှိ၊ ဘွဲ့စိတ်ချမ်းသာအောင် ပြုမူဆက်ဆံတာမျိုးလည်း မရှိဘဲ ဘွဲ့ကို နေချင်သလိုနေ လွတ်လပ်ခွင့်ပေးတားတာကိုက သူ့ရဲ့တကယ်ချစ်ခြင်းလားဆိုတာ ဘွဲ့ တွေဝေစပြုလာခဲ့သည်။

ယောကျ်ားတစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်ထံက သူ ဘာတွေမျှော်လင့်ထားလဲ၊ ဘွဲ့လို အေးစက်စက်မိန်းမတစ်ယောက်ကို သူ ဘာတွေကြိုက်ပြီး ပေါင်းသင်းနေတာလဲ။





ခေါင်းမှာပတ်တီး လက်နှစ်ဖက်မှာကပတ်တီးတွေနှင့် တရားကျစရာကောင်းသော သူ့ကိုကြည့်ရင်း မေးကြည့်ချင်စိတ်တွေ ဖြစ်ထွန်းလာသည်။ ထူးဆန်းစွာပင် သူ့ကို ခါတိုင်းလောက်လည်း မုန်းမနေဘဲ ချစ်ခြင်းမရှိ မုန်းခြင်းမရှိပဲ သာမန်လူသက်သက်လိုသာ မြင်နေမိသည်။

"ရှင် ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ"

ဘာမှအဆက်စပ်မရှိဘဲ မေးချလိုက်သော မေးခွန်းကြောင့် သူ့မျက်လုံးတွေက ပင့်တက်သွားပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။ နှုတ်ခမ်းတွေက ပြုံးလာပြီးနောက် ဘွဲ့ကိုတည့်တည့်စိုက်ကြည့်ကာ ဖြေသည်။

"မင်းကို အရမ်းချစ်လို့ပေါ့"

ဘွဲ့က သူ့မျက်လုံးတွေထဲသို့ တည့်တည့်ကြည့်နေသောကြောင့် သူ့မျက်လုံးတွေထဲသို့ ဘွဲ့တစ်ကိုယ်လုံး ဝင်ရောက်သွားသလို ခံစားရသည်။ အဲဒီအခိုက်မှာ တစ်ကိုယ်လုံး ကျုံ့ခနဲဖြစ်သွားသလို ခံစားချက်ကို ဘွဲ့နားမလည်ပါ။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ပေါ်မှာ ဘာကိုမှ ရယူပိုင်ဆိုင်လိုစိတ်မရှိတဲ့ချစ်ခြင်းဟာ အချစ်စစ်လို့ မည်သတဲ့လား။

"ရှင့်ကိုမှ ကျွန်မ မချစ်ခဲ့တာပဲ။ ရှင့်စိတ်ထဲမှာ ကျွန်မက တစ်ချိန်ချိန်မှာ ရှင့်ကို ကျွန်မက ပြန်ချစ်လာမယ်လို့ ထင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အဲဒီလို တစ်ခါမှ မတွေးခဲ့ဖူးဘူး"

"ဒါဖြင့်ရင် ရှင် ဘာအတွက်နဲ့ လက်ထပ်ခဲ့တာလဲ။ ရှင့်ကိုစိတ်ချမ်းသာမှုတွေလည်း မပေးနိုင်တဲ့မိန်းမ၊ ရှင့်ကလည်း အချစ်ကို ရလိမ့်မယ်လို့ မမျှော်လင့်တဲ့ မိန်းမတစ်ယောက်ကို ဘာရည်ရွယ်ချက်တွေနဲ့ လက်ထပ်ခဲ့တာလဲ"

"မင်းကို ကိုယ့်ဘဝရဲ့ ဘုရင်မအဖြစ် တင်မြှောက်ချင်လို့ ရအောင်လက်ထပ်ယူခဲ့တာ"

"ဘယ်လို !"

သူ့စကားက အဆန်းတကြယ်မို့ ဘွဲ့က စိတ်ဝင်စားခြင်းကြီးစွာဖြင့် မျက်ခုံးပင့်သွားမိသည်။ ဘွဲ့စိတ်ဝင်စားမှန်းသိတော့လည်း သူက ဆက်ပြောပါသည်။

"မင်း နားလည်သဘောပေါက်အောင် ပြောရရင် ကိုယ့်အင်ပါယာတစ်ခုရှိတယ် ဆိုပါစို့။ အဲဒီ အင်ပါယာကြီးဖြစ်လာအောင် ကိုယ်က အများကြီး တည်ထောင်ထားခဲ့တယ်။ ဒါပေမဲ့ အဲဒီမှာ အုပ်ချုပ်သူ မရှိဘူး။ အဲဒီအုပ်ချုပ်သူနေရာမှာ မင်းကို နန်းအပ်လိုက်တာပဲ ...

မင်းကို ကိုယ့်အင်ပါယာမှာ ဘုရင်မအဖြစ် နန်းအပ်ချင်ခဲ့တာပါ။ ကိုယ့်အင်ပါယာမှာ မင်းကလွဲပြီး ဘယ်သူ့ကိုမှ သရဖူဆောင်းမပေးချင်ဘူး၊ ဒါကြောင့် ကိုယ့်နန်းတော်မှာ မင်းကို Queen အဖြစ် တင်မြှောက်ခဲ့တာပဲ"





"ဒါပေမဲ့ ရှင်ထင်ထားခဲ့သလို ကျွန်မက ဘာကွင်း(န်)မှ မဟုတ်ခဲ့ဘူးလေ"

"ဒါက မင်းထင်တာပါ။ ကိုယ့်ရဲ့ဘုရင်မကတော့ မင်းပဲ။ အဲဒီနေရာကို မင်းကလွဲပြီး ဘယ်သူ့ကိုမှ မပေးချင်ခဲ့ဘူး"

ဘွဲ့က သူ့စကားတွေကို နားထောင်ပြီးနောက် ဘာမှ ပြန်မပြောနိုင်စွာဖြင့် မျက်နှာလွှဲလိုက်သည်။ သူ့ထံမှ ခေါ်သံထွက်ပေါ်လာသည်။

"မိုးဘွဲ့ကိုကို"

ဘွဲ့က ဘာလဲဟူသော သဘောဖြင့် သူ့ကိုလှည့်ကြည့်မိသည်။ သူက ဘွဲ့ကို နစ်မျောငေးဝင်နေသော မျက်လုံးများဖြင့် ကြည့်နေကာ ...

"ကိုယ့်ကို မင်းရဲ့မိတ်ဆွေတစ်ယောက်အဖြစ် သဘောထားပေးနိုင်ရင်ပဲ ကိုယ် ကျေနပ်ပါပြီ။ ဘယ်လိုလဲ"

"မပြောတတ်ဘူး။ ကျွန်မက ကျွန်မစိတ်ထဲရှိသလိုနေမှာပဲ။ တစ်ခါတလေမှာ ကျွန်မအတွက် ရှင်ဟာ မိတ်ဆွေဖြစ်ချင်ဖြစ်နိုင်သလို တစ်ခါတလေကျတော့လည်း ရန်သူ ဖြစ်နေနိုင်တာပဲ"

"ဖြစ်ပါတယ်။ မင်းအတွက် ကိုယ့်အပေါ်မှာ တစ်ခါတလေဆိုတဲ့ အသုံးအနှုန်း ရှိလာတာကိုက ကောင်းသောပြောင်းလဲခြင်းပါ ...



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းမိတ်ဆွေအဖြစ် မင်းက သဘောထားပေ
နိုင်ရင်တော့ မင်းကို ကွင်း(န်)လေးလို့ ခေါ်ချင်တယ်
တာ ကြိုပြီးပြောထားပါရစေလား"

ဘွဲ့က သူ့ကို ဘာမှပြန်မပြောမိပဲ စူးစိုက်ကြည့်နေ
မိသည်။ အဲဒီအနိုက်မှာပဲ မီးဖိုထဲမှာ စားစရာတစ်ခုခု ပြုလုပ်ပြီး
ပြန်ထွက်လာသော ဘွဲ့အမေက ရောက်လာသည်။

"မြူစွမ်ပြုတ်နဲ့ ဆင်းဒဝစ်ရှ်လုပ်လာတာ။ ကော်ဖီနဲ့ လ
ဖက်ရည်ရော ကြိုက်တာသုံးဆောင် မောင်ဒေယျ။ မင်း
ဘာကြိုက်တတ်မှန်း မသိလို့"

"ရပါတယ်၊ ကျွန်တော် အကုန်စားပါတယ်"

"အေး ... ဒါပေမဲ့ မင်းလက်တွေက တစ်ခုမှ အကောင်း
မရှိတော့ ဘယ်လိုစားမလဲ"

"ရပါတယ်၊ ဒီဘက်ကလက်က ကောင်းနေပါပြီ။ ဖြည်း
ဖြည်းချင်းစားရင် ရတယ်"

"ဩော် ... ဖြည်းဖြည်းချင်း စားတော့ရော သိပ်ပြီး
အဆင်မပြေတာ။ ဘွဲ့ ကျွေးလိုက်ဦးလေ။ ဆင်းဒဝစ်
ဖြစ်ဖြစ် ပါးစပ်နား တော့ပေးလိုက်၊ အဲဒါ သူစားရတာလည်း
မြန်တယ်"

ဘွဲ့က လုပ်ပေးချင်စိတ် မရှိသဖြင့် နှုတ်ခမ်း
တင်းတင်းစေ့ကာ ဘာမှပြန်မပြောမိပေ။ သူက နားလည်သဘော
ပေါက်စွာဖြင့် မုန့်တစ်ခုကို သူ့ဟာသူ ကြိုးစားယူကာ ...



"စားလို့ရပါတယ် အန်တီ"

ဘွဲ့ရဲ့အမေက ဘွဲ့ကို စိတ်ပျက်သလို လှမ်းကြည့်
သည်။ ဘွဲ့က အဲဒီအကြည့်တွေကို မသိကျိုးကျွန်ပြုကာ ထိုင်ရာ
မှ ထထွက်လာခဲ့သည်။ ဘယ်လိုအနေအထားမျိုးကြောင့်မှ ဘွဲ့ရဲ့
အပြုအမူနှင့် သဘောထားတွေကို ပြောင်းလဲပစ်လိုက်ရသော ဘွဲ့
မဖြစ်ချင်ပေ။ ခုချိန်မှာတော့ ဘွဲ့ ဘာဖြစ်ချင်သည် ဆိုတာကို
သိနိုင်ဖို့ပင် ဘွဲ့ကိုယ်တိုင် ခဲယဉ်းလှလေသည်။

* * *

ဝေဝနီတာ၊ အပြုံးပြုံး၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၁

ဖန်ကွဲစရှမ်ကျသော ဒဏ်ရာက ပျောက်ကင်းသ သာနေပြီဖြစ်သော်လည်း လက်ဖျံရိုးကျိုးထားသည့် ဒဏ်ရာကတော့ မကောင်းသေးသဖြင့် သူက အိမ်မှာပဲနားနေရသည်။ အလုပ်တွေ ကိုလည်း အိမ်ကပဲ လုပ်ရသည် ဆိုပါတော့။ သူ့ပါတနာ ဘိုရှ က သူနဲ့အတူတူ အလုပ်လာလုပ်ပေးပြီး ဆန်းသစ်ကတော့ ဒီနေ့မှပဲ ရောက်လာတော့သည်။ သူတို့ အက်ဆီးဒင့်မဖြစ်ခင် တည်းက ဆန်းသစ်သည် မြဝတီသို့ အလုပ်ကိစ္စဖြင့် သွားရော ခဲ့ပြီး ရန်ကုန်မှာ မရှိခဲ့ချေ။ သူ့အကြောင်း သတင်းစကားကိုမ နှင့်သာ လှမ်းမေးခဲ့ပြီး ပြန်ရောက်မှပဲ ဒီအိမ်သို့ ရောက်လာ တော့ဘာဖြစ်သည်။

"ဘယ်လိုဖြစ်ရတာလဲ ဒေယျာရယ်။ နင့်ဟာက မသေကောင်း မပျောက်ကောင်းဟယ်"





"အင်း ... ဒီလိုပဲ ဖြစ်တတ်ပါတယ်ဟာ"

သူက စကားတွေအများကြီး မပြောချင်သဖြင့် လျှော့ချလိုက်တာဖြစ်သော်လည်း ဆန်းသစ်က ငြိမ်မနေဘဲ တစ်ဆင့်တက်လာသည်။

"ကားက နှင့်မိန်းမ မောင်းတာဆို"

"အင်း"

"နှင့်မိန်းမက နှင့်ကို တမင်သေကြောင်းကြံတာတော့ မဟုတ်ဘူးမှလား"

အဲဒီစကားကြောင့် သူက ထောင်းခနဲ ဒေါသထွက်သွားရကာ ဆန်းသစ်ကို ခပ်ထန်ထန်ကြည့်မိသည်။

"ဆန်းသစ် ... နင် စကားပြောရင် ဘောင်တစ်ခုထဲကပဲ ပြောစမ်းပါ။ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတဲ့ စည်းလွတ်ဝါးလွတ်စကားတွေ ပြောနေရတာလဲ"

"ဟင် ... ငါပြောတာမှားလား။ ကားက သူမောင်းတာ။ ဖြစ်တော့ နင့်ဘက်အခြမ်းကဖြစ်တယ်။ ပြီးတော့ သူလို မိန်းမက နင့်ကို ချစ်နေလို့လား၊ နင့်ကိုအင်မတန်မုန်းတဲ့ မိန်းမတစ်ယောက်ကို နင်က မရ,ရအောင်ယူထားခဲ့တာ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် သူ ငါ့ကို အဲဒီလောက် လုပ်ရအောင်ထိ လည်း အောက်တန်းမကျဘူး။ တော်ပြီ ဆန်းသစ်။ ဒီ အကြောင်းတွေ ဆက်ပြောမှာဆိုရင် နင်ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ... နင့်အိမ်ကို ငါကလာပြီး ပြောတာဆိုတော့ နင် မကြားချင်တဲ့စကားဆို နင်ပြီပေါ့။ ဒါပေမဲ့ နင် သတိ ဝီရိယတော့နေ"

အဲဒီစကားက အဓိပ္ပာယ်ပါသောကြောင့် သူက ဆန်းသစ်ကို စူးစူးနဲ့ ကြည့်မိသည်။ ဆန်းသစ်က ပခုံးကိုတွန့်ကာ "ငါက သတိပေးတာ"ဟု ထပ်ပြောသည်။

"နင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး။ ငါ ကြားတာကိုပြောတာ။ မင်းဒင်တို့အုပ်စုက ပြီးခဲ့တဲ့တစ်ပတ်က တောင်ကြီးခွင်ကို နင် ဖြတ်လသွားတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး နင့်ကို အစာမကြေဘူးလို့ ငါ ကြားတယ်။ အဲဒါကြောင့် ..."

"ဘာဆိုင်လဲ။ ဒီလောကမှာ ဒါမျိုးက ဦးသူစားစတမ်း နောက်ကျတဲ့သူ ခံစတမ်းပဲလေ။ သူတို့ကျော်သွားတဲ့ အကွက်တွေလည်း ရှိခဲ့တာပဲ မဟုတ်လား"

"ဒါပေမဲ့ နင့်လိုအတွေးမျိုး သူတို့ဆီမှာ မရှိကြဘူးလေ"

"မရှိလည်း ငါ ဂရုမစိုက်ပါဘူး။ ငါဆိုတဲ့ကောင်က ကြောက်တတ်ရင် အစောကြီးတည်းက ဒီအလုပ်တွေကို မလုပ်ခဲ့ဘူး"

"သူတို့ကလည်း နင့်ကို ပစ်မှတ်ထားပြီး လုပ်လိမ့်မယ်လို့ ထင်ထားရင်တော့ နင် နည်းနည်းညံ့သွားပြီ ဒေယျ"



"နင် ဘာကိုဆိုလိုတာလဲ"

"နင့်ရဲ့အညာက ဘာဆိုတာ သူတို့သိနေတာပဲ"

ဆန်းသစ်ရဲ့ ထိမထင်မျက်နှာပေးနှင့် ပြောစကားကြောင့် သူ့ရင်ထဲတွင် တုန်လှုပ်ခြင်း လှိုင်းတစ်ခုကတော့ ဖြတ်စီးသွားသည်။ လူတစ်ယောက်ကို အနိုင်ယူချင်လျှင် အဲဒီလူရဲ့ အားနည်းချက်၊ ဒါမှမဟုတ် ပျော့ကွက်အညာက ဘာလဲဆိုတာ သိအောင်လုပ်ပြီး အနိုင်ယူတတ်သော သဘာဝဟာ လောကတိုင်းမှာ ရှိတတ်ပါသည်။ တစ်ဖက်လူရဲ့ အားနည်းချက်ကို နင်းပြီးမှ ရှိသောအနိုင်ကိုတော့ သူက အထင်မကြီးသဖြင့် အဲဒီလိုမျိုးတော့ ဘယ်တုန်းကမှ မလုပ်ခဲ့ချေ။

ဒါပေမဲ့ သူ့ကိုတော့ အဲဒီလိုခြိမ်းခြောက်မှုမျိုး ရှိနေပြီလား။ သူမအတွက် ဆိုရင်တော့ သူ တကယ်ပဲ စိတ်ပူလာပါသည်။ တစ်နေ့က သူမရဲ့ကား ဘာရိတ်ကြိုးပြတ်နေခဲ့တဲ့ကိစ္စ အရော ဆန်းသစ် ပြောသလို အဲဒီလူတွေရဲ့လက်ချက်လေလား။ သူ့ခေါင်းထဲတွင် ချက်ချင်းပဲ ရှုပ်ထွေးသွားသည်။ သူမရဲ့မျက်နှာလေးကို မြင်ယောင်မိသောအခါ တကယ်ပဲ သနားကြင်နာသွားမိပါသည်။

"ဆန်းသစ် သူတို့နဲ့ပတ်သက်တာတွေ နင် ဘယ်လောက်သိထားလဲ"

"ငါ သိထားသလောက်ကတော့ အဲဒါပဲ။ နင်ကရော ဘာတွေထူးခြားတယ်လို့ ထင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

ဆန်းသစ်က သူ့ကို အကဲခတ်သလိုကြည့်ကာ သွေးတိုးစမ်းမေးခွန်း မေးသည်။ သူက ခေါင်းတစ်ချက်ယမ်းပြရင်းမှ ...

"ဘာမှ မထူးခြားပါဘူး"

အဲဒီအချိန်မှာပဲ ခြံစောင့်က ရောက်ရှိလာပြီး သူ့ကို ခေါင်းတစ်ချက်ညွတ်ကာ ...

"ဆရာ ... အပြင်မှာ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်၊ မမိုးဘွဲ့ကိုရဲ့ မိတ်ဆွေလို့ ပြောပါတယ်။ ဝင်ခွင့်ပေးရမလား ခင်ဗျာ"

"နာမည်က ဘယ်သူတဲ့လဲ"

"ကိုနောင်နောင်လို့ ပြောပါတယ်"

ဒါဟာ မိတ်ဆွေမှ မဟုတ်ဘဲ၊ ဘွဲ့ရဲ့သူငယ်ချင်းလား အစ်ကိုလား ဘာမှန်းမသိသော လူတစ်ယောက် ဖြစ်ခဲ့မှုတာကိုတော့ သူ သတိရမိသည်။ ဒါပေမဲ့လည်း သူက အဲဒီလောက် အုံးမစားပါ။

"အင်း ... ဝင်ခိုင်းလိုက်လေ။ သူ ရှိနေတာပဲ၊ တွေ့ချင်တွေ့မှာပေါ့"

"ဟုတ်ကဲ့"

ခြံစောင့် ပြန်လည်ထွက်ခွာသွားလျှင် သူက အိမ်အကူ ဒေါ်ကြီးကို သူမအား သွားပြောခိုင်းလိုက်သည်။ ခဏနေ





သောအခါ နောင်နောင်ဆိုသော တစ်ယောက်က အိမ်ထဲသို့ဝင်လာသည်။ သူက ဖိတ်ခေါ်သော မျက်နှာထားမျိုးဖြင့် ကြိုဆိုလိုက်ကာ လက်တစ်ဖက်က ဆိုဖာကိုဆန့်တန်းညွှန်ပြရင်း ...

"ထိုင်ပါ ကိုနောင်နောင်"

အရင်အတိုင်း သိပ်မပြောင်းလဲသော အဲဒီတစ်ယောက်ကလည်း အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ပြကာ ဝင်ထိုင်သည်။ သူက အဲဒီလူကို ရင်းနှီးခင်မင်စွာ ပြုံးပြမိရင်းမှ ...

"ကျွန်တော်တို့ ဆုံဖူးကြတယ် မဟုတ်လား"

"ဟုတ်တယ်။ ဆုံဖူးကြပါတယ်"

"မတွေ့တာတောင် ကြာပြီပဲ။ ဒီမှာနေတာ မဟုတ်ဘူးနဲ့တူတယ်"

"ဟုတ် ... ကျွန်တော် ဩဇီမှာ ကျောင်းတက်နေတာပါ။ နေမကောင်းဘူးနဲ့တူတယ်။ ကျွန်တော်နဲ့ စကားပြောရတာ အနှောင့်အယှက်ဖြစ်နေရင် နားပါ"

"မဖြစ်ပါဘူး။ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ပါတနာ ဆန်းသစ်တဲ့။ ကျွန်တော်တို့က စီးပွားရေးလုပ်ငန်းတွေကို သူငယ်ချင်းတွေ အတူတူစုလုပ်ကြတာပေါ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

အဲဒီအချိန်မှာပဲ အိမ်အကူ ဒေါ်ကြီးက အနားသို့ရောက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

"မမိုးဘွဲ့က သူ့ခြည်သည်ကို အပေါ်ထပ်ကို လွှတ်လိုက်ပါတဲ့"

"ဩော် ... အဲဒါဆို သွားလိုက်လေ။ သူငယ်ချင်းတွေ တွေ့တုန်း အေးအေးဆေးဆေးပေါ့"

"ဟုတ် ... ခွင့်ပြုပါဦး"

"အိုခေ ... အိုခေ ... ဆီးယူ"

နောင်နောင်က အဒေါ်ကြီးခေါ်ဆောင်ရာ အိမ်အပေါ်ထပ်သို့ တက်လာခဲ့ရင်း အိမ်ရဲ့အပြင်အဆင်ကိုပါ အကဲခတ်လာခဲ့သည်။ အရမ်းကြီး ခမ်းနားထည်ဝါအောင် ပြင်ဆင်ထားတာမျိုး မဟုတ်ပေမယ့် မော်ဒန်ပုံစံကို တန်ဖိုးကြီးကြီးပစ္စည်းများနှင့်သာ ဆင်ယင်ထားတာမျိုးက ဖန်တီးသူရဲ့ Idea အဆင့်အတန်းမနိမ့်ကြောင်းကို ဖော်ပြနေသည်။ အိမ်အပေါ်ထပ်က ဧည့်ခန်းက အောက်ထပ်ကဧည့်ခန်းထက် ပိုပြီးမော်ဒန်ကျကာ လွတ်လပ်ပေါ့ပါးသောအသွင်ကို ဆောင်သည်။

ကြည့်ရတာ အင်မတန်ရင်းနှီးသော သူများနဲ့သာ တွေ့ဆုံလေ့ရှိသည့် ဧည့်ခန်းမျိုးပဲ ဖြစ်လိမ့်မည်။ ဧည့်ခန်းထဲမှာ သူ ထိုင်ပြီး သိပ်မကြာခင်မှာပင် ဘွဲ့ကို အရင်ကဒီဇိုင်းနှင့် ခြားနားစွာ မြင်လိုက်ရလေသည်။ တေလာဆွဖ်ရဲ့ မြေပဲကောက်ဆံပင်ပုံစံ၊ ကြိုးတစ်ချောင်းပါ ချည်သားဂါဝန်ရှည်တစ်ထည်ဖြင့် သူဌေးကတော်တစ်ယောက်ရဲ့ ထည်ဝါမှုဟန်ပန် အပြည့်အဝရှိနေသည်။





သချာတာကတော့ ဘွဲ့တစ်ယောက် အရင်ထက် အများကြီးလှလာပါသည်။

"ဟိုင်း ... သူဌေးကတော်ကြီး။ နေကောင်းတယ်နော်"

"ရှာလိုက်ပါလား။ ဘာသူဌေးကတော်လဲ။ နင် ဒီကိုဘာယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"အဲဒါက ဒီယောက်ျားနဲ့ နင် ဘယ်လိုလုပ်ပြီး ရသွားသလဲဆိုတဲ့အကြောင်းလောက် စိတ်ဝင်စားဖို့ မကောင်းပါဘူး"

နောင်နောင်ရဲ့စကားကြောင့် ဘွဲ့က အသက်မပါသလို ခြောက်ကပ်ကပ် ရယ်မိသည်။ ပြီးတော့မှ အောက်ထပ်က မီးဖိုခန်းသို့ ဆက်သွယ်ထားသည့် အင်တာကွန်းကို နှိပ်မည်အပြုမှာ စိတ်ပြောင်းသွားပြီးနောက် ...

"နင့်မှာ ကားပါတယ် မဟုတ်လား"

"ဘာလဲ။ နင့်ဆီကို အိမ်ချင်းနီးတယ်ဆိုပြီး ခြေလျင်လျှောက်လာမယ် ထင်လို့လား"

"မဟုတ်ဘူး။ ဒီလိုပဲ မေးကြည့်တာပါ။ နင့်မှာ ကားပါရင် နင့်ကားနဲ့ပဲ အပြင်သွားကြမယ်လေ။ အပြင်မှာ တစ်ခုခုစားရင်းနဲ့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"အောက်မှာ နင့်ယောက်ျားရှိတယ်။ သူ့ရှေ့မှာ အဲဒီလို အပြင်သွားတာ ကောင်းပါ့မလား"

"သူ့ရှေ့မှာသွားတာ ပိုတောင်ကောင်းသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ...။ နင့်ကိုတော့ ငါ တကယ်လိုက်မမီတော့ဘူး ဘွဲ့ရာ။ အင်း ... နင့်ယောက်ျားအမြင်မှာ ငါက နှင့်ရဲ့ ရည်းစားဟောင်းနော်။ ခုလိုပုံစံမျိုးနဲ့ အပြင်သွားဖို့ သင့်တော်ပါ့မလား"

"ဘာတွေကို ဂရုစိုက်နေရဦးမှာလဲ။ အေးဆေးပါ၊ ကဲ ... နင် ခဏစောင့်၊ ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်၊ မကြာဘူး အလုပြင်ချိန်ရောဆို ဆယ်မိနစ်လောက်ပါပဲ"

"အေးဗျပါ။ နင် ယောက်ျားကို နိုင်တယ်ဆိုတာ အောက်မှာတွေ့ပြီးတည်းက ငါ ယုံသွားပြီးသားပါ"

"ဘာလို့လဲ"

"နင့်ယောက်ျား တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့လေ၊ အဲဒါ နင် ဆော်ပလော်တီးထားတာ မဟုတ်ဘူးလား"

အဲဒီစကားကြောင့် ဘွဲ့က ခေါင်းမော့လှန်ကာ အားပါးတရ ရယ်မိသည်။ ဒီလို ဟက်ဟက်ပက်ပက် မရယ်ခဲ့တာ တောင် တော်တော်ကြာခဲ့ပြီပဲ။

"အဲဒီလောက် အထင်မကြီးပါနဲ့ဟာ။ အဲဒါ ငါ့လုပ်ထားတာ မဟုတ်ပါဘူး။ အဲ ... ဒါပေမဲ့ ငါ့ကြောင့်လို့တော့ ပြောလို့ရတယ် ...

ကဲ ... ခဏစောင့်"





ဘွဲ့က အခန်းထဲသို့ ပြန်ဝင်လာခဲ့ကာ အပြင်သွားဖို့ရာအတွက် ခပ်သွက်သွက်လေး ပြင်ဆင်မိသည်။ ကိုယ်တိုင်လည်း စောင့်စားရတာကို ဝါသနာမပါသလို သူများကို စောင့်ခိုင်းရတာလည်း ကိုယ်ချင်းစာသောကြောင့် ဘွဲ့က မြန်နှုန်းမြင့်အလှပြင်နည်းဖြင့် ပြင်သည်။ ဘာမှတော့ ခက်ခက်ခဲခဲတော့ မဟုတ်။ နဂိုတည်းက နို့ရည်လူးထားပြီးသော မျက်နှာကို Two Way ရိုက်ကာ နှုတ်ခမ်းနီဆိုးရုံပဲဖြစ်သည်။ ဘွဲ့ဟာ ကံကောင်းထူးခြားတာက မျက်ခုံးကောင်းသူမို့ မျက်ခုံးမွေးက ကုစရာမလို။

ထင်းထင်းလှပစေရန်သာ Revlon ရဲ့နောက်ဆုံးထွက် နှုတ်ခမ်းနီ Just bitten ကို ခပ်တောက်တောက်လေး ဆိုးလိုက်သည်။ အင်း ... အရင်တုန်းကတော့ ဒီလို Brand တွေ ဝယ်ရတာ နှမြောခဲ့သော ဘွဲ့ဟာ ခုတော့လည်း ဒါမျိုးတွေဆိုတာ တစ်ခါဆိုးပြီး အရောင်မကြိုက်တော့လျှင် ပစ်ထားလို့တောင်ရတဲ့ အနေအထား ဖြစ်နေပြီ။ မျက်နှာပြီးသွားတာနဲ့ အဝတ်အစားကိစ္စဘက် ရောက်လာသည်။ ဒါကလည်း သိပ်မခက်ချေ။ တစ်နေ့က မှ တော်ဝင်စင်တာမှာ ရှော့ပင်ထွက်တုန်း ဝယ်လာခဲ့သေး အသစ်စက်စက်ဝတ်စုံရှိသည်။ မြင်လိုက်တာနဲ့ကို တန်ဖိုးကြီးမှန်းသိသာသော စင်ကာပူ Brand ၊ Iror တံဆိပ် အင်္ကျီနဲ့ စကတ်တိုလေးကို ဝတ်ဆင်ပြီးသွားသောအခါ ဘွဲ့ပုံစံဟာ အပြင်သွားဖို့ Ready ဖြစ်နေခဲ့ပြီ။ Boss For Women ရေမွှေး ဆွတ်ဖျန်းပြီးသွားလျှင် ဘွဲ့က အပြင်ပြန်ထွက်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... သိပ်မကြာပါဘူးနော်။ လမ်းကြုံရအောင်"

"ဟား ... ဒီနိုင်းကတော့ အလန်းစားပါလား။ ဘွဲ့ ... နှင်းက ယောက်ျားရှူ တော်တော်လှလာတာပဲ"

သူ့စကားကြောင့် မြောက်တက်တော့မလို ဖြစ်သွားသော ဘွဲ့သည် ဆက်ပြောလိုက်သော စကားကြောင့် နှင်းသွားရသည်။

"အင်းလေ ... ကောင်းတာတွေဝတ်၊ ကောင်းတာတွေစားနိုင်မှတော့ ချောတာလှတာ အဆန်းမဟုတ်ပါဘူး။ ခုခေတ်က ပိုက်ဆံရှိရင် လှတာပဲ"

"ထားလိုက်ပါတော့။ နှင်းစကားကလည်း မှန်သင့်သလောက် မှန်ပါတယ်"

ဘွဲ့နဲ့ နှောင်နှောင်နဲ့က အပေါ်ထပ်မှ အောက်သို့ ဆင်းလာခဲ့ကြသည်။ လှေကားတစ်ဝက်လောက် အရောက်မှာ ဘွဲ့တို့ဆင်းလာတာကို ဒေယျက လှမ်းမြင်ကာ မော့ကြည့်သည်။ နှောင်နှောင်သည် စည့်ခန်းထဲမှ ဖြတ်အလျှောက်တွင် ဘွဲ့ရဲ့ထီမထင်မျက်နှာထားနှင့် ရင်ကော့လမ်းလျှောက်ပုံကြောင့် ဒေယျကို လွန်စွာမျက်နှာပူလှလေသည်။ ဒါကြောင့် ဒေယျရှေ့ကအဖြတ်မှာ မျက်နှာရှိုးသွေး နှုတ်ဆက်ရင်း ရာသီဥတုအကြောင်းအနေကို အက်ခတ်ရသည်။ တော်ကြာ ကြာကူလီဆိုပြီး ဆွဲထိုးမှာလည်း ကြောက်ရသေး။ အင်း ... ဒါပေမဲ့ ဒီလူက လက်ကျိုးနေတာပဲဟု တွေးမိကာ စိတ်သက်သာရာ ရသွားလေသည်။





ဒါပေမဲ့ ဒေယျက ကြည်ကြည်သာသာ ပြုံးပြုံးရွှင်ရွှင်ပဲ ဖြစ်ပါသည်။

"အပြင်သွားကြမလို့လား"

"ဟုတ်ကဲ့။ ရွှင်ပြုပါဦး"

"ကိုယ့်ကားကို ယူသွားမလား"

ဒေယျက ဘွဲ့ကိုလှမ်းမေးသည်။ ဘွဲ့က ခေါင်းတစ်ချက်ယမ်းပြကာ ရှေ့သို့ဆက်လျှောက်သွားသည်။ ဒေယျနှင့် အတူရှိနေသောမိန်းမရဲ့ မျက်လုံးတွေက သူတို့နှစ်ယောက်ကိုလိုက်ပြီး အကဲခတ်နေကြောင်း နှောင်နှောင်က ရိပ်မိသည်။ ဒါကြောင့် ကားပေါ်ရောက်တာနှင့် ဘွဲ့ကိုမေးမိသည်။ ဘွဲ့က အရေးမပါသောစတိုင်လ်ဖြင့် ဓိကောဝါးရင်းမှ ဖြေသည်။

"အဲဒီမိန်းမက Standard မရှိပါဘူး။ တစ်ခါကလည်း သူ့ကို ငါ ကော်မိနဲ့ပက်ပြီးပြီ"

"အိုး ဂေါ့ ... ဘွဲ့ရေ ... နင် တော်တော်ကို မိုက်ကြမ်းနေတာပါလား"

"သူပြောတာတွေမှ နင် မသိတာ။ ဒီအိမ်ကိုရောက်ပြီးမှ ငါမှာ သည်းခံစွမ်းအားတွေလည်း ကုန်ပြီလေ။ နင် ဘယ်ကိုမောင်းနေတာလဲ"

"Cafe 47 မှာ ထိုင်မလားလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ကောင်းသားပဲ။ အဲဒီမိန်းမက သူ့ပါတနာပဲ။ အရင်တုန်းကလည်း သူတို့က တစ်အိမ်တည်း နေကြတာလို့ ပြောတာပဲ …

ငါ့အထင်တော့ သူ့ကိုကြိုက်နေတယ်လို့ ထင်တယ်။ ဒါကြောင့် ငါ့ကို ဘလိုင်းကြီး လာလာခွပ်နေတာ"

"အရေးကြီးတာ ပြောဦးလေ။ သူနဲ့ နင်နဲ့ ဘယ်လိုဖူးစာဆုံကြတာလဲ"

"ဟား ဟား … ဖူးစာဆိုတဲ့စကားနဲ့ မတန်ပါဘူးဟာ။ ရှေးရှေးတုန်းက ချစ်တီးတွေ အကြွေးသိမ်းရင် လုပ်ပါသိမ်းတဲ့ပုံပြင်မျိုး နင် ကြားဖူးတယ် မဟုတ်လား။ ငါလည်း အဲဒီနည်းနဲ့ သူနဲ့ ရခဲ့တာပေါ့"

"ဘယ်လို ! တကယ်ကြီးလား"

"ဟုတ်တယ် … ငါ့အမေအကြောင်းလည်း နင်သိသားပဲ။ သူ့ဆီမှာ အိမ်ပေါင်မိလျက်သား ဖြစ်နေတာ။ အဲဒီအိမ်ကို ပြန်မရွေးနိုင်တဲ့အဆုံးမှာ ငါ သူ့ကို ယူလိုက်ရတယ်ပေါ့"

"ဩော် … အဲဒီလိုလား။ ငါ ထင်တော့ထင်တယ်။ နင်တို့က အဲဒီလို အကြောင်းတစ်ခုခုကြောင့် ယူလိုက်ရတယ်ဆိုတာမျိုးပဲ ဖြစ်မှာလို့ …

ဘယ်လိုပဲဖြစ်ဖြစ်လေ … နင် ကံကောင်းပါတယ်"



"နင်တို့တွေ အကုန်လုံး ရူးနေကြလား။ ငါ့ကို ဘာဖြစ်လို့ ကံကောင်းတယ်ပဲ ပြောနေကြတာလဲ"

နှောင်နှောင်က အဲဒီစကားကို မဖြေတော့ဘဲ Cafe 47 ထဲသို့ ကားကိုချိုးကွေ့ဝင်လိုက်သည်။ ဆိုင်ထဲရောက်ပြီး စားစရာတွေ မှာပြီးတော့မှပဲ အခုနက ဘွဲ့မေးခဲ့သောမေးခွန်းကို ဆက်ဖြေလေသည်။

"လောကမှာ ကိုယ့်ကိုအရမ်းချစ်ပြီး တာဝန်သိတဲ့ တာဝန်ယူနိုင်တဲ့ယောကျ်ားကို လက်ထပ်ထားရတဲ့ မိန်းမတွေဟာ ကံအကောင်းဆုံး မိန်းမတွေပဲဆိုတာ နင် မသိဘူးလား"

"အရမ်းချစ်တယ်နဲ့ အတူတူ တာဝန်သိတာတွေ၊ တာဝန်ယူတာတွေက ဘယ်က ပါလာရတာလဲ"

"ဟာ … အရမ်းချစ်ပြီးတော့ မိန်းမတစ်ယောက်ကို တာဝန်ယူချင်စိတ်မရှိတဲ့ ယောကျ်ားကရော ဘယ်နားသွားပြီး သုံးစားမှာလဲ …

အကျော်ဒေယျဟာ အဲဒီလို အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်လို့ ငါ မြင်တယ်။ နင့်ကို အရမ်းချစ်တယ်ဆိုတဲ့ အရိပ်ယောင်တွေက ပါးစပ်က ဖွင့်မပြောဘဲနဲ့တောင် သူ့မျက်လုံးထဲမှာ ပေါ်နေတယ် …

နင့်ကို နာမ်စားသုံးလိုက်တဲ့ 'သူ'ဆိုတဲ့ အသုံးအနှုန်းလေးမှာတောင် သူချစ်တဲ့အရိပ်တွေက ပေါ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … နင့်ကို သူ ရှေ့နေငှားထားတာတော့ မဟုတ်ပါဘူးနော်"

"ငါ အကောင်းပြောနေတာ။ နင် ကံကောင်းပါတယ် ဘွဲ့။ သူ့ကြည့်ရတာ ယောကျ်ားပီသပြီး သဘောထားပြည့် ပုံလည်း ရပါတယ် …

ဒီလိုလူမျိုးကို ကြာလာရင် နင် မချစ်နိုင်တောင်မှ သံယောဇဉ်တော့ ရှိလာမှာပါ"

အဲဒီစကားကိုတော့ ဘွဲ့က နာကြည်းဟန်ဖြင့် မျက်ဝန်းများကို မှေးစင်းကာ ပြောမိသည်။

"ငါက လူတွေရဲ့စိတ်ကို မကြိုက်တာ အဲဒါပဲ။ လူတစ်ယောက်က ကိုယ့်အပေါ်မှာ အရမ်းကောင်းနေရင်၊ သည်းခံခွင့်လွှတ်ပေးနေရင် အချိန်အတိုင်းတာတစ်ခု ကြာတဲ့အခါ လူတွေက သဘောထားတွေ ပျော့ပျောင်းသွားကြတယ်။ အနေကြာလာရင် ရန်သူနဲ့တောင်မှ သံယောဇဉ်ရှိသွားကြတယ်ဆိုတာတွေကို တကယ်ပဲ ခါးသီးတယ်။ အဲဒီလိုတွေ ဘာလို့ဖြစ်ကြတာလဲ"

ဘွဲ့ရဲ့ခပ်ဆတ်ဆတ်အပြောကို နှောင်နှောင်က မျက်လုံးပြူးကြည့်ကာ …

"ဘုရားရေ … နင်က အဲဒါကို မကျေမနပ် ဖြစ်နေတာလား။ အဲဒါကို ဆန့်ကျင်ချင်နေတာလား"





"ဟုတ်တယ်"

ဘွဲ့ရဲ့ခပ်ပြတ်ပြတ်အပြောကို နှောင်နှောင်က အံ့သြသလို စိုက်ကြည့်ပြီးမှ တဟားဟား အော်ရယ်သည်။

"ကြည့်စမ်း … ဒါဆို နင်က နင့်ယောကျ်ားအပေါ်မှာ ပျော့ပျောင်းတော့မယ့် သဘောထားတွေကို မပျော့ပျောင်းပေးချင်တဲ့ သဘောပေါ့ … ဟုတ်လား …

နင့်စိတ်က နှစ်ခွဖြစ်နေတာကိုး။ တစ်ဖက်ကလည်း ပျော့ပျောင်းချင်တယ်၊ တစ်ဖက်ကလည်း တင်းထားချင်တယ်။ ဖြစ်တတ်ပါတယ်လေ ဒါတွေက အခြေခံအုတ်မြစ် မခိုင်ခဲ့တဲ့ အမှန်းတွေကြောင့်ပေါ့ …

အမုန်းဖောင်ဒေးရှင်း မကောင်းတာပေါ့ ဟဲ ဟဲ"

ပြောလည်းပြောတတ်သော နှောင်နှောင်ရဲ့စကားပုံအသစ်ကို ဘွဲ့က မျက်စောင်းထိုးလိုက်မိသော်လည်း နှုတ်ခမ်းတွေက ပြုံးနေခဲ့သည်။

"ဟင်း … အမုန်းဖောင်ဒေးရှင်းပဲ မခိုင်ဘူး ဖြစ်ရသေးတယ်။ နင်ဟာလေ ဩဇီသွား ကျောင်းတက်နေလို့သာ တော်တော့တယ်"

"ဟုတ်တယ်လေ။ အစတည်းက နင် သူ့ကို မုန်းခဲ့တယ်ဆိုတာ သူ့ကြောင့် နင့်မှာ တစ်ခုခု ထိခိုက်နစ်နာသွားလို့ မုန်းခဲ့တာမှ မဟုတ်တာ …



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တာကို နင်က မုန်းခဲ့တာ။ ကြောင်းကျိုးဆီလျော်တဲ့ မုန်းနည်းမျိုးမဟုတ်ဘဲ အဓိပ္ပာယ်မဲ့ မုန်းခဲ့တာဆိုတော့ ကြာလာတဲ့အခါ မတည်တံ့နိုင်တဲ့ သဘောပါပဲ"

"အောင်မယ်လေးဟဲ့ ... စာရေးဆရာ လုပ်စားပါတော့လား၊ တော်ပြီ ... အဲဒီအကြောင်းတွေ ဆက်ပြောမှာဆိုရင် မပြောနဲ့တော့။ စားရတာ အရသာပျက်တယ်"

ဘွဲ့က လာချပေးထားသော အလွန်အင်မတန်ကြိုက်လှသည့် Fish & Chips ကို ခက်ရင်းနှင့် တစ်ဖွဲ့ဖွဲ့ရင်းမှ ဆော့နင့်တို့စားကာ ပြောမိသည်။ ပြီးတော့ သခွားမွှေးဖျော်ရည်ကို တစ်ငုံငုံသည်။

"တကယ်ပြောတာ။ နင် တကယ်ကံကောင်းပါတယ် ဘွဲ့ရာ။ ကိုယ့်ကို အရမ်းချစ်ပြီး ဗိုက်ဆံလည်းအရှာကောင်းတဲ့ယောကျ်ားကို ရထားတဲ့ကုသိုလ်က နည်းတဲ့ကုသိုလ်မှ မဟုတ်တာ။ ပြီးတော့ နင့်ယောကျ်ားက free style ဝဲဟာ ..."

နင့်ကြည့်ရတာ နင့်စိတ်ကြိုက်လည်း လွတ်လွတ်လပ်လပ် နေရပုံပါပဲ။ ဒါကိုမှ နင်က မကျေနပ်ဘူးဆိုရင်တော့ ငါလည်း မပြောတတ်တော့ဘူး"

"မပြောတတ်ရင်လည်း ဆက်မပြောနဲ့တော့ဟေ့။ နားငြီးတယ်"





"နားငြီးပေမယ့်လည်း ပြောပြသင့်တာတော့ ပြောရမှာပဲ။ နင်လည်း စာတွေဖတ်ထားတာပဲဟာ။ သိမှာပါ နင့်ဘဝကို အဓိပ္ပာယ်ရှိရှိပဲ တည်ဆောက်ပါဟာ။ မကျေနပ်ဘဲနဲ့ရထားတဲ့ ဘဝကြီးဆိုပြီး ရေနှန်မျော နေချင်သလိုမနေပစ်ပါနဲ့ _

တစ်ဖက်သားက ပေးထားတဲ့ မေတ္တာပေါ်မှာ တန်ဖိုးထားပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းစေချင်တယ်ဟာ။ ဖြစ်ခဲ့တာတွေအပေါ်မှာ မကျေနိုင်မချမ်းနိုင် ဖြစ်နေမယ့်အစား ကိုယ့်အတွက် စိတ်အေးချမ်းမယ့် အကောင်းဆုံးလမ်းကို ရွေးသင့်တယ်"

ဘွဲ့က ဘာမှမပြောတော့ဘဲ ပခုံးကိုသာ တွန့်ပြမိလေသည်။ အမှန်တိုင်း ဝန်ခံရလျှင် ခုလို နှောင်နှောင်နဲ့ အပြင်ထွက်လာတာလည်း ဟိုလူတစ်ယောက် မကျေနပ်စိတ်တွေ ဖြစ်လာအောင် လုပ်ချင်တာပါပဲ။ ဘွဲ့ ဘာပြောပြော ဘာလုပ်လုပ် မျက်နှာတပင့်ပင့်နဲ့သာ အေးဆေးနေတတ်သော ပုံစံကိုလည်း မကြိုက်ချေ။ ဘွဲ့ ဖြစ်စေချင်သောပုံစံက ဘွဲ့ကို သူ သည်းမခံနိုင်တာမျိုး၊ ဒေါသထွက်တာမျိုးဖြစ်သည်။

သူ စိတ်တိုတာမျိုးကို ကွာရှင်းပေးပါလားဟု ပြောမိတုန်းကပဲ ကြုံဖူးသည်ဟု ထင်သည်။ ရိုက်ဆိုတာလည်း တစ်ဖက်က ဖြောင့်နေရင် ဘယ်လိုမှရိုက်လို့မရတတ်တာကြောင့် မသိလျှင်တော့ သူနဲ့ဘွဲ့သည် အေးအေးဆေးဆေး နေတတ်သော လင်မယား



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဖြစ်နေသည်။ အေးဆေးဖြစ်သော လင်မယား၊ ကိုယ်နေချင်သလို လွှတ်လွှတ်လပ်လပ် Free Style နေတတ်သော လင်မယားပုံစံမျိုး စသဖြင့် ဖြစ်နေသည်။

ဒီအခြေအနေကြီးဟာ ဘွဲ့ကို တကယ်ပဲ ကြောင်တောင်တောင် ဖြစ်စေပါသည်။

"တစ်ရက်လောက် နင်တို့လင်မယားနဲ့ ငါ ထမင်းသွားစားကြမယ်လေ"

"လုံးဝမလုပ်နိုင်ဘူး ... ဒါပဲ"

ဘွဲ့က ခပ်ပြတ်ပြတ် ပြောလိုက်သော်လည်း နောင်နောင်က အအေးသောက်ရင်းမှ ပြုံးနေကာ ...

"လူတစ်ယောက်က ကိုယ့်ကို နင့်နေအောင်ချစ်တဲ့ အချစ်ကို ခံစားမှုတာ ကြာသွားရင် အချစ်ဆိုတာလည်း ခတ်ကူးသွားတဲ့သဘော ရှိပါတယ်ဟာ"

အဲဒီအဆိုကို ဘွဲ့ လက်မခံချင်ပေ။ ဒါကြောင့်တင်းနိုင်သမျှ တင်းထားရမည်ဆိုသော အသိကို စွဲစွဲမြဲမြဲ ထေးမှတ်ထားလိုက်၏။ (တကယ်တော့ အဲဒီလို တင်းမယ်လို့ သတိဥာဏ်ချထားတာကိုက ကိုယ့်စိတ်က ဘာဆိုတာ မသိချင်ယောင်ဆောင်ထားရတယ်လို့ လှစ်ဟပြသနေတော့တာပဲ မဟုတ်လားနော်)။

* ❦ *





## ၂၂

"ဒီကောင်မလေးကလည်း ဘယ်တွေများ လျှောက်သွားနေလဲ မသိပါဘူးကွာ"

ဒေယျက လက်မှာပတ်ထားသော DM နာရီကို တစ်ချက်ကြည့်ကာ ပါးစပ်မှ ထုတ်ဖော်ညည်းတွားမိသည်။ အချိန်က ညဆယ်နာရီခွဲတော့မည်။ ဖုန်းဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပဖြစ်ကာ ခေါ်လို့ကို မရချေ။ မိုးဘွဲ့ကိုကိုသည် ခုထိကို အိမ်ပြန်မရောက်သေးချေ။ နောင်နောင် ဆိုသော သူ့မရဲ့ဘော်ဒါရောက်လာပြီးတည်းက ထွက်လိုက်သည့်အပြင်ဆိုတာ တစ်နေကုန်အိမ်မှာမကပ်။ သူက လက်ကပတ်တီးမဖြေရမချင်း အပြင်သို့မသွားလာတာ များလေရာ သူမကလည်း သူ အိမ်မှာရှိသဖြင့် အိမ်မကပ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို သူ တစ်ယောက်လုံး သူမကို ကာကွယ်ပေးရင်းနဲ့ ဒီလိုဖြစ်သွားခဲ့ရတာကို သူမ ထောက်ထားငဲ့ညှာသင့်ပါသည်။ စိတ်ထဲက မပါတောင် ဝတ်ကြေတန်းကြေလောက်တော့ မေးမြန်းသင့်သည်ဟု ထင်၏။ ခုတော့ မိုးဘွဲ့ကိုကိုဆိုသည့် မိန်းမကား အသည်းနှလုံးမှ ပါ,ပါလေစဟု အောက်မေ့ရတော့ မလိုပင်။ သူက သက်ပြင်းတစ်ချက်ချကာ ခေါင်းယမ်းနေမိစဉ်မှာပဲ ခြံဝမှ ကားစီးရောင်ကို မြင်ရကာ ဟွန်းတီးသံကိုပါ ကြားရသည်။

သူက စိတ်တိုတိုနှင့် ဖွင့်မပေးဘဲ နေမည်ပြုပြီးမှ စိတ်လျှော့ကာ ရိုမုတ်ဖြင့် ဖွင့်ပေးလိုက်သည်။ ခဏကြာသောအခါ သူမက အိမ်ထဲသို့ ဝင်ရောက်လာပါသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော သူ့ကို တစ်ချက်လေးတောင် လှည့်ကြည့်ဖော်မရဘဲ အိမ်ပေါ်ထပ်သို့ တက်တော့မည်ပြုသော သူမကို သူက လှမ်းခေါ်လိုက်သည်။

"မိုးဘွဲ့ကိုကို"

သူ့ခေါ်သံကြောင့် သူမက ဖျတ်ခနဲ လှည့်ကြည့်ကာ "ဘာလဲ"ဟု မေးဆတ်ပြသည်။ ထိမထင်ဒီနိုင်း၊ ဂရုမစိုက်သော ဒီနိုင်းမို့ သူက ဒေါသကို မျိုသိပ်ကာ ...

"ခဏလောက် လာထိုင်ပါဦး၊ မင်းနဲ့ စကားပြောမလို့"

"ကျွန်မ နားချင်ပြီ"



"မင်း၊ တစ်နေ့ကုန်တောင် အိမ်မကပ်ဘဲနဲ့ သွားချင်ရာ လျှောက်သွားနေပြီးမှ ခုမှ ပင်ပန်းပြမနေနဲ့လေ"

"အဲဒါ ကျွန်မ အခွင့်အရေးပါ။ ရှင် ပိတ်ပင်နေစရာမလိုပါဘူး"

"ကျွတ် ... မင်း ဘာဖြစ်နေတာလဲ မိုးဘွဲ့ကိုကို။ ဘာဖြစ်လို့ ကိုယ့်ကို ကောင်းကောင်းမွန်မွန် မဆက်ဆံနိုင်ရတာလဲ ...

ကိုယ် မင်းကို စကားအကောင်း ပြောမလို့ပါ။ မင်းနဲ့ ကိုယ်နဲ့ စကားအကောင်းပြောလို့ မရဘူးလား။ ဟင် ? "

သူ့ရဲ့ခံစားချက်ပါသော နှင့်သီးလိုက်လှဲသည့် အသံကြောင့် သူမက ရုးခနဲကြည့်လာကာ ထိုင်ခုံမှာ သူနဲ့မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ သူက ဆွဲဆောင်မှုအပြည့်နှင့် လှပနေသော သူမကို မသက်မသာနှင့် ကြည့်မိကာ ...

"မင်း ဘယ်တွေ သွားနေတာလဲ"

"အဲဒါကိုမေးဖို့ ရှင် ထိုင်စောင့်နေတာလား"

"စကားကို ကတ်သတ်မပြောစမ်းပါနဲ့၊ မင်းကို ငါ တစ်ချိန်လုံး ဖုန်းခေါ်နေတာ ဖုန်းက Out of service ချည်းပဲ။ ဆယ်နာရီခွဲပြီးနေပြီ မိုးဘွဲ့ကိုကို ...

ဘယ်တွေများ အဲဒီလောက်ထိ လျှောက်သွားနေရတာလဲ။ မင်း တစ်ယောက်တည်း အဲဒီလို လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးဆိုတာ မင်းရဲ့ကိုယ်ပိုင်အတွေးအခေါ်နဲ့ဆို သိမှာပါ။ မင်း ငါ့ကို တမင်ရွဲ့ချင်စိတ်နဲ့ လျှောက်လုပ်နေတာ မဟုတ်လား"

"ဟာ ... ဟာ။ ကျွန်မက ရှင့်ကို ! ။ နီး ... နီး ... အဲဒီလောက်ထိ စိတ်ထဲမှာ မရှိပါဘူး"

သူမရဲ့သရော်တော်တော်ပုံစံက သူ့ကို အသည်းယားအောင် ဆွနေသလိုပင်။ အဲဒီလောက် စိတ်ထဲမရှိပါဘူးဆိုသော်ငြားလည်း သူ ကသိကအောက်ဖြစ်နေပုံကို သူမက ကျေနပ်နေပုံရသည်။

မင်းကိုချစ်မိတဲ့ ပြစ်ဒဏ်ကလည်း မသေးလိုက်တာ မိုးဘွဲ့ကိုကိုရယ်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ မင်းဘာသာမင်း သွားချင်လာချင်တယ်ဆိုလည်း နေ့လယ်နေ့ခင်းတွေ ညဦးပိုင်းအချိန်တွေ သွားလို့ရတာပဲ ...

အကယ်၍ မင်းမှာ ဒီအချိန်ထိ ညဥ့်နက်အောင် သွားရမယ့်ကိစ္စမျိုး ရှိတယ်ဆိုရင်လည်း ငါ့ကိုပြော၊ ငါ အဖော်လိုက်ပေးမှာပေါ့။ ဒီလို ညဥ့်နက်သန်းခေါင်ကြီး မိန်းကလေးတစ်ယောက်တည်း သွားတာမျိုးက အန္တရာယ်ရှိတယ်"

"သွားစမ်းပါ ... ဘာအန္တရာယ်လဲ။ ကျွန်မက ဘာလုပ်နေတာမို့လို့ အန္တရာယ်က ရှိရမှာလဲ"





"ကိုယ့်ကို ဒုက္ခပေးမယ့်အန္တရာယ်ဆိုတာ ကြိုမြင်ရတာမဟုတ်ဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဒီလို ညဥ့်နက်သန်းခေါင် သွားတာမျိုးက စိတ်မချရပါဘူး။ ဆင်ခြင်ပါကွာ ...

မင်းကို စိတ်ချမ်းသာသလို လွတ်လွတ်လပ်လပ်နေခွင့်ပေးထားတယ်နော်။ အခု ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာကအစ မင်း မပြောချင်ရင် ဇွတ်ကြီးအတင်းအကျပ်မမေးဘူး။ လူဆိုတာ အခွင့်အရေးတွေ လွတ်လပ်ခွင့်တွေ ပေးထားတယ် ဆိုပေမယ့် ဒါကို နားလည်သိတတ်ဖို့တော့ လိုမယ်ကွ"

"နေစမ်းပါဦး။ အခု ရှင်က ဘာလုပ်တာလဲ။ ကျွန်မကို ဆူနေတယ်ဆိုတဲ့ သဘောလား။ ပေါက်နေတာလား၊ ဟိန်းနေတာလား"

"ဆူနေတာလည်း မဟုတ်ဘူး။ ဟောက်နေ ဟိန်းနေတာလည်း မဟုတ်ဘူး ...

မင်းအတွက် စိတ်ပူပြီး ထိုင်စောင့်နေတာ ငါ့ရင်မှာ မင်းအတွက်ဖြစ်တဲ့ ဒေါသဆိုရင်လည်း ကရုဏာဒေါသပဲ ရှိမှာ မိုးဘွဲ့ကိုကို ...

တကယ်ဆို မင်းမှာ ကြင်နာတတ်တဲ့နှလုံးသား မရှိဘူးဆိုတာ ငါ သဘောပေါက်ပြီးသားပါ။ ငါတစ်ယောက်လုံး နေမကောင်းဖြစ် လက်ကျိုးနေတာတောင်မှ ဂရုစိုက်ပြုစုပေးဖို့ ဆိုတာထက် နေကောင်းလားလို့ စကားတစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့တောင် မေးဖော်မရတဲ့ မင်းရဲ့ဥပေက္ခာကိုလည်း လေးစားပါတယ် ...

အခု ငါ ပြောနေတာ မင်းအတွက်တွေပဲ ပြောနေတာ။ ငါ့ကို ရွဲ့ချင်စိတ်နဲ့တော့ မင်းကိုယ်မင်း ဒုက္ခမပေးချင်ပါနဲ့ မိုးဘွဲ့ကိုကို"

"ဟက် ... ရှင်ပြောနေတာတွေကို ကျွန်မ ဘာမှ နားမလည်ဘူး။ ဒါပေမဲ့ ရှင့်ကို တစ်ခုတော့ ပြောချင်တယ်။ ကျွန်မအတွက် မစိုးရိမ်နဲ့၊ ကျွန်မအနားမှာ အကာကွယ်ပေးမယ့် နောင်နောင် တစ်ယောက်လုံး ရှိတယ်"

သူမက အဲဒီစကားကို မျက်နှာမော့ချီပြီး ပြောလိုက်လျှင် သူ့ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရသည်။ နာကျင်အောင့်မျက်သော ဝေဒနာဖြင့် သူမကို စိုက်ကြည့်မိလျှင် သူမက သူ့ကို မထီတရီကြည့်ကာ ခြေထောက်ချိတ်ပြီး ထိုင်နေသည်။ ငွေမင်ရောင်လက်ပြတ်အင်္ကျီရှည်ကို ဆွန်းမကင်းကွက်ပုံပါ ပါးပါးလျှားလျှား Stooking နှင့် တွဲဖက်ဝတ်ဆင်ထားတာပုံက တကယ်ကို Sexy ပါ။ ဒီပုံစံနဲ့ အလှမပျက် နပို့ချောမောဆဲ အပျိုစင်တစ်ယောက်ဟာ ယောကျ်ားလေး သူငယ်ချင်းတစ်ယောက်နဲ့ ဒီအချိန်ကြီးထိ တွေ့ရသလား။

သူ ဘာမှဆက်ပြောချင်စိတ် မရှိအောင် နှမ်းလျှသွားသည်။ သူမရဲ့နှုတ်ခမ်းက အပြုံးတွေကတော့ သူ့ကျဆုံးခန်းကို အောင်သေအောင်သားစားသလို လှျှာသပ်နေသည်။





"မင်းဟာ အိမ်ထောင်ရှိတဲ့ မိန်းကလေးတစ်ယောက်နော်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"မင်းရဲ့ X Boy friend နဲ့ တွေ့တာကို ဘာမှမပြောလိုဘူး။ အဲဒါ မင်းတို့နှစ်ယောက်လုံးရဲ့ သိက္ခာကို လေးစားပေးထားလို့ပဲ ...

ဒါပေမဲ့ မင်းလုပ်နေတဲ့ အရာရာတိုင်းကိုတော့ သေချာ ပြန်စဉ်းစားကြည့်သင့်ပြီလို့ ငါ ထင်တယ်"

"ဘာလဲ ? ရှင်ဆိုလိုတာက ကျွန်မဟာ အနေအထိုင်မတတ်တဲ့ မိန်းမလို့ ပြောချင်နေတာလား"

"မင်းက အနေအထိုင်တတ်ပါတယ်။ မင်း ငါ့ကိုတမင်ရွဲ့နေတယ်ဆိုတာ ငါ သိတယ်။ အဲလိုမလုပ်ပါနဲ့ မိုးဘွဲ့ကိုကို။ မင်း လုပ်နေတာတွေက ကိုယ့်ကို ရည်ရွယ်တယ်ဆိုပေမယ့် မင်းကိုယ်မင်းပဲ ပြန်ပြီးထိခိုက်စေတာပါ ...

မင်း မမိုက်မဲပါနဲ့ကွာ"

သူ့စကားကြောင့် သူမရဲ့မျက်လုံးတွေက ဖျတ်ခနဲ တောက်ပသွားကာ ထိုင်နေရာမှ ဝုန်းခနဲထရပ်ပြီး သူ့ကိုစူးစူးဝါးဝါး စိုက်ကြည့်သည်။ ပြီးတော့ တဆတ်ဆတ်တုန်လာသော နှုတ်ခမ်းများဖြင့် ...

"ဒါဆိုရင် ရှင်ပြော။ ရှင့်ကို အထိခိုက် အနစ်နာစေဆုံး အရာဟာ ဘာဖြစ်မလဲ ရှင်ပြော။ အဲဒါကို ကျွန်မ လုပ်မယ် ...!



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ကို သိပ်မုန်းနေလို့။ သိလား ... သိပ်ကိုမုန်းနေလို့"

အဆုံးသတ်ပြောလိုက်သော ပျစ်ပျစ်နှစ်နှစ် စကားသံကြောင့် သူက ရင်ထဲမှာ ဟာခနဲဖြစ်သွားကာ သူမကို စိုက်ကြည့်နေမိသော မျက်လုံးတွေသည် အရည်ကြည်တွေတောင် လဲ့လာသည်ဟု ထင်မိလေသည်။ မိန်းကလေးရယ် ... မင်းအပေါ်မှာ ငါသိပ်ချစ်ခဲ့တာတွေ သိပ်နားလည်ခဲ့တာတွေ ခွင့်လွှတ်သည်းခံခဲ့တာတွေ ဒါတွေအားလုံးဟာ အလကား အလကားပဲပေါ့နော်။

"ဆော ... ရီး"

သူ့ရဲ့အက်ကွဲခြောက်ကပ်စွာ ထွက်ပေါ်လာသောအသံကို သူမက အံကြိတ်ထားသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

"ဆောရီးပါ ...။ ငါ့ကို အထိနိုက်စေဆုံး လုပ်ရပ်ကို မင်းလုပ်နိုင်မှာ မဟုတ်ဘူး မိုးဘွဲ့ကိုကို"

သူမက သူ့ကို မုန်းတီးသလို စိုက်ကြည့်နေခဲ့သည်။ သူက နောက်ဆုံးလက်ကျန် အင်အားတွေကို စုစည်းကာ ထပ်ပြောလိုက်သည်။

"ဒီကမ္ဘာကြီးမှာ ငါ့ကို အထိနိုက်စေဆုံး အနာကျင်ဆုံးကိစ္စဆိုတာ မင်းရဲ့အသက်ကို ဆုံးရှုံးခြင်းပါပဲ ...

မင်းကို ငါ့ရဲ့နောက်ဆုံးထွက်သက်ထိ ရှင်သန်ကျန်ရစ်နေတာမျိုးကိုပဲ မြင်ချင်တယ်။ မင်းအသက်နဲ့ ငါ့ရဲ့





အသက် ယှဉ်လာရင်တောင် ငါ့အသက်ကိုပဲ ဆုံးရှုံးခံမယ့်လူစားမျိုးပါ မိုးဘွဲ့ကိုကို ...

အဲဒါကို မင်း နားမလည်တာတော့ ငါ့တကယ်ပဲ စိတ်မကောင်းပါဘူး"

သူမက သူ့ကို ရူးရူးရဲရဲ စိုက်ကြည့်ပြီးနောက် ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။ သူသည်လည်း မိုင်တစ်ရာခရီးကို မာရသွန်ပြေးလာသူတစ်ယောက်ပမာ အားအင်တွေအားလုံး ကုန်ဆုံးသွားသလို ခံစားရပြီး ဆိုဖာပေါ်မှာ အရုပ်ကြိုးပြတ် ပစ်လဲကျသွားခဲ့သည်။

ရင်မှာမဆံ့သော ချစ်ခြင်းနှင့် ချစ်တတ်ကြသူတိုင်းအတွက် အချစ်သည် ကိုယ်ခံဥပဒေသနှင့် အမြဲတစေလည်း နိပ်စက်တတ်လေသည်။

* ❦ *



www.burmeseclassic.com

www.burmeseclassic.com



၂၃

"ဘွဲ့ ... နင် လုပ်နေတာတွေက အဓိပ္ပာယ်မရှိတော့ဘူး နော်။ ပြီးတော့ ဒီအချိန်က အရမ်းလည်း နောက်ကျနေပြီ။ ပြန်သင့်ပြီဟာ၊ မိန်းကလေးဖြစ်တဲ့ နင်တော့မသိဘူး။ ငါ့ အမေကတောင် ပြန်လာတာ နောက်ကျလို့တဲ့ ဆူနေပြီ— သွားရအောင် ဘွဲ့"

"နင် ပြန်ချင်ရင် ပြန်လေ"

ဘေးကနေ တတွတ်တွတ်ပြောနေသော နှောင်နှောင့်ကို ဘွဲ့က လှည့်တောင်မကြည့်မိဘဲ နှင်ထုတ်မိသည်။ ပြီးတော့ ကွေးနေအောင်ကနေကြသော လူတွေကို မေးထောက်ကာ မှိုင်ငေးနေမိသည်။ ဒီနေရာမှာတော့ ဒီအချိန်ဟာ ခုမှ အစောကြီးရှိသေးသည်။ ခုမှ စတာပေါ့။

"ဘွဲ့ ... နင် ဒီမှာဆက်ထိုင်နေရင် နင့်ယောက်ျားကို ငါ ဖုန်းဆက်ခေါ်တော့မှာ"





"ခေါ်လေ ... ဘာဖြစ်လဲ"

"ကျွတ် ... နင့်ကိုတော့ ငါ တကယ်စိတ်ကုန်တယ် ဘွဲ့ရာ။ နင် တော်တော်ကို ဆိုးလာတာပဲ။ အရင်တုန်းက မိုးဘွဲ့ကိုကိုမှ ဟုတ်ရဲ့လား ...

နင့်ယောက်ျားက နင့်ကို ဘယ်လိုများ သည်းခံပြီး ပေါင်းနေလဲဟာ"

"ခုထိတော့ သည်းခံနေတယ်နဲ့ တူပါတယ်။ ငါက သူ သည်းမခံနိုင်တဲ့နေ့ကို စောင့်နေတာ"

"ကျွတ် ... ပြန်ကြရအောင်ပါ ဘွဲ့ရာ။ လာပါ ... ဆယ့် တစ်တောင် ခွဲတော့မယ်"

"နိုး ... နင်ပြန်ချင်ပြန်လို့ ပြောပြီးပြီပဲ"

"ဟာ ... နင့်တစ်ယောက်တည်းကို ငါက ဒီနေရာမှာ ဘယ် လိုလုပ်ပြီး ထားခဲ့ရမှာလဲ။ နင့် ငါ့ကို ဘာပြောခဲ့လဲ ဘွဲ့။ တစ်ခါမှ မရောက်ဘူးလို့ပါ။ ရောက်တယ်ဆိုရုံပဲ ခဏနေ ပြီးရင် ပြန်မှာပါဆို"

"အေးလေ ... ခုရော မိုးလင်းသွားပြီလား"

"ကျွတ် ... နင် ဝိုင်တစ်ခွက်သောက်ပြီး ရစ်မနေစမ်းပါနဲ့ ဟာ။ မကောင်းဘူး ဘွဲ့ ... ပြန်ရအောင်ပါဟာ။ နင်ကိုယ် တိုင်လည်း စိတ်ပါတာ မဟုတ်ဘဲနဲ့ ...

နင်လုပ်နေတာတွေက နင့်ကိုယ်နင် ဒုက္ခပေးနေတာပဲ ဘွဲ့။ နင့်ကိုယ်နင် ထိခိုက်အောင် လုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း"

အနှာပေါ်တွတ်ကျသွားသဖြင့် ဘွဲ့က ဆတ်ဆတ်ခါကာ ထအော်မိသည်။ ဘာကြောင့်များ လူတွေဟာ ဘွဲ့ဘက်က နေပြီး မပါကြရတာလဲ။ ပြီးတော့ ဘွဲ့လုပ်နေတာတွေကရော သူ့ကိုမထိခိုက်ဘဲ ဘွဲ့ကိုပဲ တန်ပြန်သက်ရောက်နေရတာလဲ။

"နင်က ဘာကိစ္စ သူ့ဘက်က ပါနေရတာလဲ၊ နင်က သူငယ်ချင်းကောင်း မဟုတ်ဘူး ငနှောင်"

"အောင်မယ်လေး ... သူကများ ငါ့ကို ငနှောင်လေး ဘာလေးနဲ့။ ဒီမှာ မိဘွဲ့ ... နင့်ကိုယ်နင် လိမ်နေလုညာ်စားမနေနဲ့တော့ဟာ။ နင့်စိတ်ထဲမှာ ဝိရောဓိဖြစ်နေတာ မဟုတ်လား။ နင် ဒေယျကို မမုန်းတော့ဘူး။ အေးဆေးဆက်ဆံလို့ရတဲ့ အနေအထား ရောက်နေပြီ ...

ဒါကို နင့်ကိုယ်နင် သိနေရဲ့သားနဲ့ ဘာလို့လျှောက်ရှုပ်ချင်နေရတာလဲ ဘွဲ့ရာ၊ နင်တို့တွေ လင်မယားတောင် ဖြစ်ပြီးနေမှပဲဟာ"

"တိတ်စမ်း။ သူနဲ့ ငါ ဘာလင်မယားမှ မဖြစ်ဘူး"

"ဘာရယ် ... ဟက် ... ဟက်။ နင်တို့က ခုထိဘာမှမဘာဘူးပေါ့။ ဪ ... ဒါဆို နင့်ဘဲကြီးက နင့်ကို အလှပဲ ကြည့်ထားတာပေါ့ ...

ဟုတ်လား ... တောက် ... နေရာချင်းသာ လဲလိုက်ချင်တယ်ကွာ"





"သေစမ်း ... နင် ဘာစကားပြောတာလဲ။ ငါ လုပ်မိတော့မယ်နော်"

"ဟုတ်တယ်လေ ... ဒီလိုမျိုး ဘယ်ယောကျ်ားမှ မရှိဘူးဟေ့၊ နင့်ကို အဲဒီလောက်ထိ လွတ်လပ်စွာ နေခွင့်ပေးထားတယ် ဆိုကတည်းက သူ နင့်ကို တကယ်ချစ်တယ်ဆိုတာ ထင်ရှားနေတာပဲ။ သူ အနိုင်ကျင့်တော့ရော နင် ဘာတတ်နိုင်မှာလဲ ...

ဘွဲ့ရာ ... နင် အေးဆေးနေစမ်းပါတော့။ အဲလိုတွေ လျှောက်လုပ်မနေနဲ့တော့။ မေတ္တာစစ်နဲ့ ချစ်တဲ့သူ၊ ပြီးတော့ သူက နင့်ရဲ့ခင်ပွန်း လင်ယောကျ်ားနော်။ အဲဒီလိုလူမျိုးကို စော်ကားနေရင် နင်ပဲ မေတ္တာရူးလိမ့်မယ်"

"ရူးပစေဟာ သေချင်လည်း သေသွားပစေ။ ဟုတ်တယ် ... နင့်ကို ငါ ဝန်ခံမယ်၊ ငါ့သဘောထားတွေ သူ့အပေါ်မှာ ပြောင်းလဲသွားတာ ဟုတ်တယ် ...

သူက ကောင်းတယ်။ စိတ်ရှည်တယ်၊ သည်းခံတယ်။ အဲဒါတွေကို ငါ့နှလုံးသားက အသိအမှတ်ပြုလာတယ်။ ဒါပေမဲ့ အဲဒါမျိုးတွေ ငါ မဖြစ်ချင်ဘူး၊ ငါ မလိုချင်ဘူး။ တစ်ဖက်က ပျော့ပျောင်းလာတယ်၊ အဲဒါကိုလည်း ငါကိုယ်၌က မဖြစ်ချင်ဘူး ...

ဒီစိတ်နှစ်ခုကြားမှာ ငါ ရူးချင်နေပြီ၊ တကယ်ကို ရူးချင်နေပြီ ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေ ဖွင့်အန်ရင်းနဲ့ မျက်ရည်တွေပါ ကျလာမိသော ဘွဲ့ကို နောင်နောင်က မျက်လုံးပြူးကြီးနှင့် ငေးစိုက်ကြည့်နေမိသည်။ သနားစရာ ကလေးမလေး ဘွဲ့။ နားလည်မှုလေးလွဲနေတာကလွဲရင် ပျော်ရွှင်ပြည့်စုံနေရမည်ဖြစ်သော တူနှစ်ကိုယ်ဘဝထဲမှာ သူတို့နှစ်ယောက် ဘာကြောင့်မရှိနိုင်ရတာလဲ။ တစ်ဖက်က ကြင်နာသဘောကောင်းသော လင်ယောက်ျားရဲ့ သူမတူချစ်ခြင်းမေတ္တာတွေကို ဘွဲ့က လက်သင့်ခံနိုင်ရင်ကို ပြည့်စုံနေခဲ့ပြီ။ ဒီနှစ်ယောက်ရဲ့ ချော်နေသောလမ်းတွေကို ဘယ်လိုများ ဖေ့ပေးရမတဲ့လဲ။ ခုချိန်မှာတော့ ဘွဲ့ကို အိမ်ပြန်စေတာပဲ ကောင်းလိမ့်မည်။

"ဘွဲ့ ... အိမ်ပြန်သင့်ပြီ ဘွဲ့ရာ၊ နော် ... သူငယ်ချင်း၊ အချိန်လည်း မစောတော့ဘူး။ နင့်အတွက်လည်း မကောင်းဘူး။ ငါ့အတွက်လည်း မကောင်းတော့ဘူး ...

နော် ... လိမ္မာပါတယ် သူငယ်ချင်းရာ"

ဘွဲ့က နောင်နောင့်မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီးနောက် ထိုင်ရာမှဆတ်ခနဲ ထရပ်ကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ပြီးတော့ နောင်နောင့်ကိုတောင် မစောင့်တော့ဘဲ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့လေသည်။ လူသူရှင်းသော ကားလမ်းမထက်မှာ တရကြမ်းမောင်းနှင်နေတုန်းမှာပဲ ဘွဲ့ရဲ့လည်ပင်းဆီသို့ လက်ကြမ်းကြမ်းတစ်စုံနှင့်အတူ အေးစက်မာကျောကာ ချွန်မြသော အတိအတွေ့က ရောက်ရှိလို့လာသည်။





"ကားကို အရှိန်လျှော့ထားစမ်း။ ပြောတဲ့နေရာကိုမောင်း"

"ရှင် ... ရှင် ... ဘယ်သူလဲ၊ ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲဆိုတော့ မင်းကို ပြန်ပေးဆွဲတာ။ ကဲ ... မေးခွန်းတွေ သိပ်မထုတ်နဲ့တော့။ မင်းကို ပြန်ဖြေပေးဖို့ ဆန္ဒမရှိဘူး ...

ငါ မောင်းခိုင်းတဲ့အတိုင်းသာ မောင်း။ ကောင်းကောင်းမမောင်းရင် မင်းကိုမေ့သွားအောင် လုပ်တဲ့နည်းတွေလည်း ရှိတယ်နော်"

ကြောက်တယ် မဟုတ်ပေမယ့် ဖျတ်ခနဲ တုန်လှုပ်သွားသော စိတ်တွေနှင့် ဘွဲ့က နောက်ကလူပြောတဲ့အတိုင်း မောင်းရသည်။ သူတို့မောင်းခိုင်းသော နေရာဟာ မြို့စွန်ဘက် လူသူပြတ်လပ်သော နေရာသို့ ရောက်လာလေလေ ဘွဲ့ရင်ထဲမှာ ပိုပြီးထိတ်လန့်ချောက်ချားလာလေလေပဲဖြစ်သည်။ ဒီလိုအဖြစ်အပျက်မျိုးကို ရုပ်ရှင်ထဲမှာသာ မြင်ဖူးထားသောကြောင့် လက်တွေ့ဘဝတွင် ကိုယ်တိုင်ကြုံရခြင်းအတွက် ဘွဲ့မှာ လက်ဖျားတွေ အေးစက်လာအောင်ပင် သွေးပျက်ချင်လာသည်။

ဒီကြားထဲ ဘွဲ့ရဲ့ဖုန်းကလည်း ခေါ်ဆိုမှုတွေက အဆက်မပြတ် ဝင်ရောက်လာသည်။

"ငါ့ရဲ့စိတ်နဲ့ ခန္ဓာ ... မင်းရဲ့ရှေ့မှောက်ခစား ... လက်ခံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ကို အဲဒီ Ring Tone နဲ့ ဖုန်းခေါ်ဆိုသူဟာ ဘယ်သူလဲ။ ဘွဲ့သည် အဲဒီသီချင်းသံကို ကြားယောင်ရင်း ရင်ထဲမှာ နာကျင်လာသည်။ သူ့စကားကို နားမထောင်မိလို့ ခုလိုဖြစ်ရတာလား။ သူ့ရဲ့စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတွေကို စော်ကားလို့ ခုလို ဖြစ်ရတာလား။ ဘာမှမသိတော့။ ခုချိန်မှာ ဘွဲ့ သိတာသည် တစ်ယောက်တည်း ထိတ်လန့်အားငယ်ကာ သူ့ကို ဘွဲ့အနားမှာ ရှိစေချင်တာပဲ ဖြစ်တော့သည်။

"ရောက်ပြီ ... ဆင်းတော့"

ကားရပ်ခိုင်းပြီးတာနှင့် တခြားလူတွေပါ ရောက်လာကာ ဘွဲ့ကို အိမ်ထဲသို့ ဆွဲခေါ်ကြသည်။ ယခင်က ကြားဖူးနားဝရှိခဲ့သော မှုခင်းသတင်းများကို ကိုယ်တိုင်ကြုံရတော့မယ်ဟုသော စိတ်သည် ဘွဲ့ကို ဒူးတွေတောင် မခိုင်စေချင်တော့ပါ။

ဂိုဒေါင်အဟောင်းတစ်ခုလို နေရာမျိုးမှာ ကုလားထိုင်တစ်လုံး၌ ဘွဲ့ကိုထိုင်ခိုင်းသည်။ ပြီးလျှင် ဘွဲ့မသိသော လူတစ်ယောက်က ရောက်လာကာ ...

"သိပ်တော့ စိတ်မပူပါနဲ့။ မင်းကို ဒဏ်ရာအနာတရဖြစ်အောင် ဘာမှမလုပ်ဘူး ...

ငါတို့ အဓိကရည်ရွယ်တာ မင်းရဲ့ခင်ပွန်းကောင်းကြီး အကျော်ဒေယျကိုပါ"

"ရှင်တို့ ဘယ်သူတွေလဲ။ ဒါ ဘာလုပ်ကြတာလဲ"





"ငါတို့က မင်းယောကျ်ားရဲ့ လုပ်ငန်းပြိုင်ဘက်တွေပေါ့။ ဒီကောင်က ငါတို့ခွင်တွေကို အမြဲကျော်ကျော်သွားတာ သုံးခါရှိသွားပြီကွ။ ဒီတော့ သိပ်ခွင့်မလွှတ်နိုင်တော့ဘူး ...

ဒီလိုနေ့ရက်မျိုးကိုရောက်ဖို့ ရက်လရှည်များ စောင့်ခဲ့ရတာ။ ဒေယျဆိုတဲ့ကောင်က သူ့အသက်ကိုတောင် နမြောတဲ့ကောင်၊ တွယ်တာတဲ့ကောင်မျိုး မဟုတ်လို့လေ။ ဒါပေမဲ့ မင်းက သူ့ရဲ့အမြတ်နိုးဆုံးသော သက်ရှိပစ္စည်းလေးလို့ သိလိုက်ရပြီးတဲ့ နောက်မှာတော့ ဒေယျကို ဒုက္ခပေးဖို့ဆိုတာ လွယ်လွယ်လေး ဖြစ်သွားတာပေါ့ ...

ဒီလို ညဥ့်နက်သန်းခေါင်တွေ အပြင်ထွက်ပြီး ကျုပ်တို့လက်ထဲကို လွယ်လွယ်ကူကူ ဆင်းသက်ပေးခဲ့တဲ့ မင်းကိုလည်း ကျေးဇူးအထူးပါ။ ကဲ ... အိုခေ ... နေမထွက်ခင် လုပ်ငန်းစကြရအောင်။ မင်းယောကျ်ားဆီကို ဖုန်းဆက်မယ်။ မင်းဖုန်း ပေး"

ထိုသူက ဘွဲ့ရဲ့အိတ်ထဲမှဖုန်းကို နှိုက်ယူကာ သူ့ထံသို့ ဖုန်းခေါ်သည်။ ပြီးတော့ ဘွဲ့ကို အမြင်ကတ်စရာကောင်းအောင် ကြည့်ရင်းမှ ဖုန်းပြောလေသည်။

"ဟေ့ကောင် ဒေယျ။ ငါပါကွ။ အေး ... ငါ့အသံကို မှတ်မိမှာပေါ့။ မင်းမိန်းမကို ငါတို့ ခေါ်ထားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟိတ်ကောင် ... အဲဒီလောက် ဒေါသမကြီးနဲ့လေ။ အေး ... ငါတို့လိုချင်တာ ပိုက်ဆံမဟုတ်ဘူး။ မင်းကိုပဲ။ အဲဒီတော့ ... အေး ... ရတယ် ... ရတယ်၊ မင်းမိန်းမက ခုထိတော့ အကောင်းပကတိပဲ။ ပြော ... ပြော ... ကဲ ... မင်းရဲ့ ချစ်လင်တော်မောင်ကြီးက ဖုန်းပြောမယ်တဲ့ ... ရော့"

ဘွဲ့ရဲ့လက်ထဲသို့ ဖုန်းရောက်လာလျှင် သူ့ရဲ့စိုးရိမ်တကြီး တုန်လှုပ်ကာ မောဟိုက်နေသောအသံကို ကြားရသည်။ အဲဒီအသံကြောင့် ဘွဲ့ရဲ့မျက်ရည်တွေက အလိုလို စီးကျလာခဲ့ပါသည်။

"မိုးဘွဲ့ ... မင်း ဘာမှမကြောက်နဲ့၊ ကိုယ် အခုပဲ လာခဲ့မယ် သိလား။ မင်း ဘာမှမဖြစ်စေရဘူး၊ ဟုတ်ပြီနော် ... သိလား"

"ဟင့်အင်း ... ရှင် မလာခဲ့နဲ့။ ရှင် လုံးဝမလာခဲ့နဲ့။ ဒေယျှ ရှင် ဒုက္ခရောက်လိမ့်မယ်"

"ကိစ္စမရှိဘူး။ မင်း ဘာမှမဖြစ်စေရဘူး၊ ကိုယ်လာခဲ့မယ်"

"ဟင့်အင်း ... မလာခဲ့နဲ့ ... မလာခဲ့နဲ့"

"ကဲ ... အဲဒီလောက် အလွမ်းသယ်ရ တော်ရောပေါ့။ ဟေ့ကောင် ... ဒေယျှ၊ မိုးမလင်းခင် နေမထွက်ခင်ထိပဲ မင်းကို စောင့်မယ် ...





မဟုတ်ရင် ... ဒါမှမဟုတ် ရဲခေါ်လာရင် မင်းမိန်းမကို နတ်သမီးဖြစ်သွားပြီလို့သာ မှတ်လိုက်တော့ ... ဒါပဲ"

ထိုလူက ဖုန်းကို ပိတ်ချပစ်လိုက်ပြီးနောက် ဘွဲ့ကို မထီတရီကြည့်ကာ ...

"ကဲ ... မင်းယောကျ်ား သိပ်မကြာခင် ရောက်လာတော့မှာပါ"

"တောက် ... ရှင်တို့ ဒါ ဘာလုပ်နေကြတာလဲ။ ဟင် ? ရှင်တို့လုပ်နေတာတွေက ဥပဒေအပြင်က လုပ်ရပ်တွေဆိုတာ သိရဲ့လား"

"ဥပဒေ ! ဟား ဟား ... မင်းက ငါ့ကို လာခြိမ်းခြောက်နေတာလား။ မင်းပါ အဆစ်ပါသွားမယ်။ မင်းယောကျ်ားက တော်တော်တော့ အသက်ပြင်းတဲ့ကောင်ပဲ၊ အရင်တစ်ခါကားဘရိတ်ဖြုတ်ထားတုန်းကလည်း မသေဘူး ...

အင်းလေ ... ဒီတစ်ခါမှ မသေရင်တော့ ဘယ်တော့မှ သေမှာမဟုတ်တော့ပါဘူး ... ဟင်း ဟင်း ဟင်း"

ဘွဲ့က ဘာမှမပြောတော့ဘဲ အံကြိတ်ကာ ကြည့်နေရုံပဲ တတ်နိုင်တော့သည်။ ဒီလိုနှင့် မိနစ်တွေ နာရီတွေ လွန်လာခဲ့ပြီး အချိန်တွေ တရွေ့ရွေ့ကုန်လာခဲ့သည်။ ခဏကြာတွင်တော့ ဝုန်းခနဲ တံခါးဖွင့်သံနှင့်အတူ သူ တကယ်ပဲ ရောက်ရှိလို့လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကွင်း(န်)လေး"

အဲဒီခေါ်သံသည် ဘွဲ့ရဲ့နားစည်ထဲမှတစ်ဆင့် ဟိုးနှလုံးသားထဲအထိ ဖြတ်သန်းစီးဝင်သွားသည်။ ဘွဲ့နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်လာကာ ငိုချင်စိတ်တွေ ပြင်းပြလာသည်။ အဲဒီအခိုက်မှာပဲ တုတ်တွေကိုင်ထားသော လူနှစ်ယောက်က သူ့ကို ဝိုင်းရိုက်ကြတာဖြစ်သည်။ သူ ကိုယ်ခံပညာတတ်မတတ် ဆိုတာတော့ ဘွဲ့မသိပါ။

ဒါပေမဲ့ သူသည် သူ့ကို တိုက်ခိုက်လာသော သူတွေကို ပေါ့ပါးစွာ ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်နိုင်စွမ်းရှိတာကို တွေ့ရသည်။

"ဟား ဟား ... ဒေယျဆိုတာ ဒီလိုပညာတွေလည်း တတ်မှန်းသိလို့ မင်းဘက်မိုက်တဲ့တပည့်တွေကို ငါကမွေးထားတာကွ။ ကဲ ... စွမ်းတယ်ထင်ရင် ဆက်လုပ်ဦး"

အင်မတန်ယုတ်မာသော ထိုလူက နောက်ထပ်ဗလတောင့်တောင့် လူမိုက်များကို သူ့ထံထပ်ပြီး စေလွှတ်သည်။ ဘယ်လောက်ပဲ ကိုယ်ခံပညာတော်တတ်သောလူ ဖြစ်ပါစေဦး။ လက်နက် တုတ် ဓား ကိုင်ဆောင်ထားသော လူလေးယောက်ရဲ့ လက်စွမ်းလက်စကို ပြန်လည်ခုခံနိုင်သည်တောင်မှ တိုက်စစ်အနေအထားတော့ မဟုတ်နိုင်တော့။ ခံစစ်ပဲ ဖြစ်တော့မည်။





သူဟာ ဂျက်လီလည်းမဟုတ်၊ ဂျက်ကီချန်းလည်း မဟုတ်၊ စတီဗင်ဆီးဂဲလ်လည်း မဟုတ်သောကြောင့် အဲဒီလူတွေကို တဖြုတ်ဖြုတ်လဲအောင်လည်း မစွမ်းနိုင်ရာ အသေအလဲတောင် ခုခံကာကွယ်နေရသည့် အနေအထားဖြစ်လေရာ သူ့ကိုကြည့်ပြီး ဘွဲ့ ရင်တွေကွဲထွက်မတတ် ခံစားလာရသည်။

"တော်ပါတော့ ... တော်ကြပါတော့။ ဒီမှာ ... ရှင် ဘာလိုချင်တာလဲ၊ ပိုက်ဆံဘယ်လောက် လိုချင်လဲ၊ မြေတွေယူမလား၊ ကားတွေယူမလား ...

ရှင့်လူတွေ ရပ်နိုင်းပါတော့၊ တော်ကြပါတော့"

ဘွဲ့ရဲ့မျက်ရည်လည်ရွှဲ အပြောကို ထိုလူက တစ်ချက်မှ ဂရုမစိုက်ဟန်ဖြင့် စီးကရက်အသောက်တောင် မပျက်ဘဲ ရှိုးနေကာ မချိုးမချန့် ပြန်ဖြေသည်။

"ဆောရီး မိန်းကလေး။ မင်းယောက်ျားက ငါတို့ကိုလှလည်းလုပ်ပေါင်းများပြီကွ။ ဒီတော့ ငါတို့က သူ့ကိုမှတ်လောက်သားလောက်အောင် ခုလိုဆုံးမချင်နေတာ။ မင်းမကြည့်ရက်ရင် အပြင်ထွက်နေလို့ရတယ်"

"တောက် ... ရှင် ... လူယုတ်မာ။ လူယုတ်မာတွေ"

"နားငြီးတယ် ... မင်းပါ အသားမနာချင်ရင် ငြိမ်ငြိမ်နေ"

ဘွဲ့က အံကိုတင်းတင်းကြိတ်ရင်း သူ့ကိုမကြည့်မိအောင် မျက်နှာလွှဲထားရသည်။ တဖြည်းဖြည်း အချိန်တွေကြာလာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့အမျှ သူ့ အားပျော့လာတာ သိပ်မခုခံနိုင်တော့သဖြင့် အထိနာလာတာ၊ သူ့မျက်နှာမှာ ဒဏ်ရာတွေများလာတာ၊ တလောကမှ ကျောက်ပတ်တီးဖြေထားခါစ သူ့လက်တစ်ဖက်ဟာလည်းကောင်းကောင်း အလုပ်မလုပ်နိုင်တော့တာ စသဖြင့် အားလုံးကို မြင်နေရသော ဘွဲ့မှာလည်း ကိုယ်ကိုယ်ကိုယ် ရင်တွေကွဲထွက်တော့မည်ဟုတောင် ထင်ရလေသည်။

ဒီအချိန်မှာ သူ့ကို ဘွဲ့ ဘာမှလုပ်မပေးနိုင်တော့ဘူးလား။ အဲဒီအတွေးနှင့်အတူ ဘွဲ့ရဲ့မျက်လုံးတွေက တစ်နေရာမှာ ချထားသော သံတုတ်တစ်ချောင်းကို ပြေးမြင်သည်။ ပြီးတော့ သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အဲဒီသံတုတ်ကို ပြေးကောက်ကာ အနီးဆုံးက လူတစ်ယောက်ကို ဝင်ရိုက်မိတော့သည်။ ချိုစောင်းကို မိမိရရ တွယ်ချလိုက်တာမို့ အဲဒီလူရဲ့ခေါင်းမှာသွေးတွေ ဖြာခနဲ။ ထိုလူက လှည့်ကြည့်ပြီး ကြောက်မက်ဖွယ်ကောင်းစွာ ဘွဲ့ကို တိုက်ခိုက်မည်အပြုမှာပဲ သူက အဲဒီလူကို ဝင်ပြီးတိုက်ခိုက်သည်။

ဘွဲ့ကလက်ထဲကတုတ်ကို ပစ်ပေးလိုက်လျှင် သူက လက်နက်ရသွားပြီ ဖြစ်သောကြောင့် ပိုမိုခုခံလာနိုင်သည်။ အဲဒီအချိန်မှာပဲ ဘွဲ့မြင်လိုက်ရတာက သူ့ထံသို့ ပြေးဝင်လာသည့် အသွားထက်ထက် ဓားတစ်စင်းဖြစ်သည်။

"ဒေယျ ... နောက်မှာ"





ဘွဲ့ရဲ့အော်သံကြောင့် သူက ရှောင်တိမ်းလိုက်နိုင်သော်လည်း လက်မောင်းကိုတော့ ပွတ်သပ်ပြီး ရှပ်ထိသွားသေးသည်။ အဲဒီလူကပဲ သူ့ကို နောက်ထပ်ထိုးဖို့ ကြိုးစားသည်။ တစ်ချိန်တည်းမှာပဲ အခြားလူတွေရဲ့ တိုက်ခိုက်ခြင်းကိုပါ ခံနေရသော သူသည် တစ်ချိန်မှာတော့ ဓားသွားသည် သူ့ဝမ်းဗိုက်နားဆီသို့ ...

BURMESE CLASSIC .com

"ဒေယျ"

ရင်ကွဲပြီးထွက်လာသော ဘွဲ့ရဲ့အသံနက်ကြီးသည် ခေါင်းတစ်ခုလုံး ပဲ့တင်သွားသည်ဟု ထင်သည်။ လဲပြိုသွားသော သူ့ရဲ့ဟန်ပန်၊ ဘွဲ့ကိုကြည့်လိုက်သော အကြည့်တစ်ချက်၊ အရာအားလုံးတို့နှင့် ကမ္ဘာကြီးသည် အိုးထိန်းစက်ပမာ ချာချာလည်သွားသည်။ အဲဒီချိန်မှာပဲ ဘွဲ့ရဲ့ခြေထောက်တွေဟာ သူ့ဆီသို့ ဘယ်လိုရောက်သွားမှန်း မသိခဲ့။ ဘွဲ့ရဲ့ရင်ခွင်ထဲသို့ ဆွဲပွေ့လိုက်သော သူသည် ပျော့တော့စွာ ပါလာသည်။

ဒဏ်ရာအလိမ်းလိမ်း သွေးအလိမ်းလိမ်းတို့ဖြင့် သူ့မျက်နှာကို ဘွဲ့ပါးနှင့်အပ်ကာ ရှုးရှူးနမ်းနမ်း အော်ဟစ်မိသည်။

"ဒေယျ ... ရှင် မသေရဘူး။ ရှင် ဘာမှမဖြစ်ရဘူးနော် ဒေယျ။ ရှင် ဒီပုံစံမျိုးနဲ့ ဒီလို အံရှုံးပေးသွားလို့ မဖြစ်ဘူး ဒေယျ"

"အား ... ကျွတ် ... ကွင်း(န်)လေး၊ မင်း ... ကိုယ့်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ရှင် စကားမပြောနဲ့။ ဘာမှမပြောနဲ့ ... ရှင့်ကို ကျွန်မ ... ရှင် အသက်ရှင်စေရမယ် ... ဒေယျရယ် ... ဒါတွေဟာ ကျွန်မကြောင့်ပါ"

သူ့မျက်လုံးတွေက ပုံမှန်မဟုတ်တော့။ ဘွဲ့ရင်ထဲတွင် တုန်လှုပ်ချောက်ချားစ ပြုလာသည်။ ဘုရားရေ ... သူ့ဘာမှမဖြစ်လို့မရပါ။ သူ့ကို ဘွဲ့ လိုအပ်ပါသည်။ ဘွဲ့ရဲ့ဘဝကြီးတစ်ခုလုံး လုံခြုံနွေးထွေးမှု ရစေဖို့အတွက် လိုအပ်ဆဲဖြစ်သည်။

အဲဒီအချိန်မှာပဲ လင်းထိန်လာသော မီးရောင်နှင့်အတူ ပြေးဝင်လာသော ရဲများနှင့် သူ့ပါတနာ ဘိုချမ်း၊ ဆန်းသစ်စတို့ကို တွေ့လိုက်ရလျှင် ဘွဲ့ရင်ထဲမှာ လွင့်ခနဲ ဖြစ်သွားသည်။ လူတွေရှုပ်ထွေးသွားတုန်းမှာပဲ ဘွဲ့ကတော့ သူ့ကို ကားပေါ်သို့ အမြန်တင်စေသည်။ ကားပေါ်မှာ သတိလစ်လျက်ရှိနေသော သူ့လက်ဖဝါးကို ပါးနှင့်အပ်ထားရင်းမှ ဘွဲ့ရဲ့မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ အရင်အချိန်တွေမှာ ဘယ်လောက်ပဲ မာနတွေတင်းထားခဲ့၊ တင်းထားခဲ့၊ ဥပေက္ခာတွေ ဘယ်လောက်ပဲပြုခဲ့ ပြုခဲ့ တကယ်တကယ် သူ့ရဲ့အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး သူ အသက်ရှင်ဖို့ဆိုတာ ငါးဆယ် ငါးဆယ်ဖြစ်နေခဲ့သော အချိန်မှာတော့ ဘွဲ့သည် ကိုယ်ဘာကိုအလိုအပ်ဆုံးလဲဆိုတာ ရှင်းရှင်းလင်းလင်းကြီး သဘောပေါက်ခဲ့ပြီတည်း။

* * *





"ကံကောင်းတယ်လို့ ပြောရမှာပဲ။ ဆေးရုံရောက်မြန်တာရယ်၊ သွေးကြောတွေကိုထိဖို့ နည်းနည်းလေး လိုတော့တာရယ်ကြောင့် အချိန်မီ ကယ်တင်လိုက်နိုင်ပါတယ်။ ခုချိန်မှာတော့ စိတ်ချရတဲ့ အနေအထားကို ရောက်သွားပါပြီ"

ဆရာဝန်ကြီးရဲ့စကားသံအဆုံးတွင် ဘွဲ့တစ်ယောက်ဒူးတွေညွှတ်ခွေကာ လဲကျသွားခဲ့သည်။ သူ့အတွက် တစ်လျှောက်လုံး ပူပင်ခဲ့ရသော စိုးရိမ်မှုများ၊ ငိုကြွေးခဲ့ရသော မျက်ရည်စများနှင့် ခံစားခဲ့ရသော ဝေဒနာများ၊ ဒါတွေအားလုံးသည် တစ်စုဘစ်စည်းတည်း ခန္ဓာကိုယ်ထဲမှ ထွက်သွားသောအခါ ဘွဲ့သည်လည်း ပုံလဲကျသွားတော့တာ ဖြစ်သည်။

သူ ရှင်သန်နိုင်သေးသည်ဆိုသော အသိကို နောက်ဆုံး သိခဲ့ရပြီးနောက် ဘွဲ့ရဲ့ကမ္ဘာဟာလည်း ရုတ်တရက်တော့ အမှောင်ကျသွားခဲ့သေးသည်။ နှစ်ဦးစလုံး ယှဲ့ယှဲ့အနေအထားမှာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူ့ဝိညာဉ်ကလည်း ဘွဲ့ကိုရှာဖွေနေမှာ ဖြစ်သလို၊ ဘွဲ့ရဲ့ဝိညာဉ်ကလည်း သူ့ကိုရှာဖွေနေမှာဖြစ်သည်။ ဒေဃျရေ ... ရှင် ဘယ်မှာလဲ၊ ကျေးဇူးပြုပြီး ကျွန်မခေါ်သံကို ကြားပါရဲ့လား။ ။

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်

30-4-2011

3:30 (A:M)

BURMESE CLASSIC .com

www.burmeseclassic.com